# ကြည်နိုင်

# မနေဖေဒါ၊ အလုဖေဒ



cover · Kaung Htet

(ဒုတိယအကြိမ်)

စာမူခွင့်ပြုချက်အမှတ် - ၂၁၈ / ၂၀၀၂ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၇၁ / ၂၀၀၂ (၈)

❖

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ် - (၂၀၀၃၊ ဇွန်လ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - ကောင်းထက်
ကွန်ပျူတာစာစီ - ***Quality***
အတွင်းဖလင် - ***Quality***

❖

**ပုံနှိပ်သူ**
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**
ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၇၀၀ ကျပ်

# မာတိကာ


| | | |
|---|---|---|
| * | ပွင့်ဖတ်ဝတ်မှုန် | |
| * | တက်တိုးအမှာ | |
| ၁ | သိဒ္ဓိရှိဟောင်းနှင့် ကောက်ကြောင်းသစ် | ၁ |
| ၂ | ကျွန်ုပ်နှင့် စီးပွားရေးပညာရှင်များ | ၁၁ |
| ၃ | ဗျာပါဆုံကလေးနှင့် သူငယ်တော် | ၂၂ |
| ၄ | အိုဘယ့်အမြိုးရှင် | ၂၉ |
| ၅ | ကျွန်တော်လွမ်းမိသော တက္ကသိုလ် | ၃၇ |
| ၆ | စာပြင်ဆရာတစ်ဦး၏ ဘောဂဗေဒ | ၄၅ |
| ၇ | သတိ ကားရှေ့တွန်းမယ် | ၅၆ |
| ၈ | သည်မျိုးရယ် ရေအောင်မှ | ၆၃ |
| ၉ | "စလုံး"နှင့် "ဆာလိမ်"တို့၏ဆက်ဆံရေး | ၇၁ |
| ၁၀ | သာစွ ခေတ်ပုဂံ | ၈၀ |

| | | |
|---|---|---|
| ၁၁ | ကြော်ငြာရေစီး | ၈၈ |
| ၁၂ | လိမ်ဗည်ဖည်တီးပါလို့ | ၉၄ |
| ၁၃ | ဒေဝါမိုးလ၊ ဓနိယနှင့် မြို့ပြအိမ်မြှောင် | ၁၀၂ |
| ၁၄ | စာသင်ကျောင်းက ခေါင်းလောင်းသံ | ၁၁၁ |
| ၁၅ | မြို့အိမ်တောင်နှင့် ဈေးဗေဒ | ၁၁၉ |
| ၁၆ | ငွေသွင် တိမ်ရိပ်ကူးသတည်း | ၁၂၅ |
| ၁၇ | အင်္ဂတေသခါရနယ်မှ အတွေးစများ | ၁၃၃ |
| ၁၈ | သစ်ပင် သစ်တောနှင့် ချစ်သောငယ်ဘဝ | ၁၄၀ |
| ၁၉ | မြန်မာရာဇဝင်ကို အငြင်းသန်ကြသည် အခင်းမမှန်လှပြီ | ၁၄၆ |
| ၂၀ | အချိန်၏ သားကောင်နှင့် သံသရာစုပ်တု | ၁၅၃ |
| ၂၁ | ဒီရေစုန်ဆန်၊ အောက်ရုပ်ငှာန် ချိန်မှန်ဘယ်ကြောင့်ဖြစ်သနည်း | ၁၅၉ |
| ၂၂ | သက်ဗွေ၏ သင်္ကေတ | ၁၆၆ |

# ပွင့်ဖတ်ဝတ်မှုန်

ရေးလိုက်စဉ်က ဟိုတစ်စ သည်တစ်စ။

ပွင့်ဖတ်ကလေးများ ဖွဲ့ခြွေဖြန့်ကြဲရသကဲ့သို့။

တစ်ပိုင်းတစ်စ သတိပြုမိသူများက အကြံပြုမှ ပြန်လည်စုစည်း ဖြစ်တော့သည်။ စာတစ်အုပ် ဖြစ်မြောက်မှုအတွက် တစ်ဦးတစ်ယောက်ကောင်းနှင့် မရ။ ဝိုင်းဝန်းကြရပါသည်။

ဤစာစုကလေးများတွင် အကိုးအကားပြု ဖော်ပြခွင့်ပေးခဲ့ကြသည့် စာပေပညာရှင်ကြီးများအား ဦးထိပ်ထား၍ **'မနေဗေဒ - အလှဗေဒ'** စာအုပ်ကလေး အကောင်အထည်ပုံပေါ်လာရန်အတွက် စာမူအဆင့်မှ စိစစ်ပုံနှိပ်ဖော်ပြပေးခဲ့ကြသည့် မြန်မာ့ခနမဂ္ဂဇင်း၊ စပယ်ဖြူမဂ္ဂဇင်း၊ ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်းများ။

အလေးဂရုပြု ဖတ်ရှု၍ အမှာစာချီးမြှင့်ပေးသော **ဆရာကြီးတက်တိုး**၊ စာအုပ်အမည်မှစ၍ အစစအရာရာ ကူညီစောင်မပေးသော ကဗျာဆရာ မောင်ခိုင်မာ၊ ပန်းချီယဉ်မင်းပိုက်၊ မျက်နှာဖုံးပန်းချီ သန်းမြင့်အောင် သတ်ပုံသတ်ညွှန်းမှစ၍ ဂရုတစိုက်ရိုက်နှိပ်ပေးသော ဆရာ ဦးခင်မောင်ကျော်နှင့် မြန်ကွန်အဖွဲ့သားများ၊ မဂ္ဂဇင်းများမှ ဖတ်ရှု၍ ဝေဖန် အကြံဉာဏ်ပြုကြသည့် ချစ်သောစာဖတ်ပရိသတ်များ အားလုံးအား ကျေးဇူး ဥပကာရ တင်ရှိပါသည်။

ဟိုတစ်စ သည်တစ်စ ပြန့်ကျဲနေသော ပွင့်ဖတ်ကလေးများအား ပြန်လည်စုစည်းကြည့်သည့်အခါ လှပသော ပန်းကလေးတစ်ပွင့် ပြန်ဖြစ်လာမလာ၊ ဝတ်မှုန်ကလေး ပါမပါ၊ ရနံ့ကလေး ရှိမရှိ၊ စာဖတ်ပရိသတ်ကြီးက ကြည့်ရှုဝေဖန် အကဲဖြတ်ကြရန် တင်ပြလိုက်ပါပြီ။

လေးစားစွာဖြင့်

**ကြည်နိုင်**

**၂၁၊ ဇွန်လ၊ ၁၉၉၇ ခု။**

## တက်တိုးအမှာ

အမှာကို ဝန်ခံချက်တစ်ခုနှင့် စပါရစေ။ ကျွန်တော်သည် ငယ်စဉ်ကတည်းက တွေ့သမျှကြုံသမျှ စာတွေကို အားရပါးရ ဖတ်ခဲ့သူ ဖြစ်ပါသည်။ သို့သော်ငြားလည်း ယခုအသက်အတော် ကြီးလာသည့်အခါ နှစ်ပေါင်းများစွာ အခါမလင့်အသုံးတော်ခံခဲ့သော မျက်စိနှစ်လုံးသည် အို၍အို၍ လာသော် ဆက်လက်အသုံးတော်ခံနေရသဖြင့် တဖြည်းဖြည်း မှဲ့လာသည့်အလျောက် မျက်မှန်၊ မှန်ဘီလူး၊ စားပွဲတင်မီးလုံးတို့ ဝိုင်းဝန်း ကူညီကြပါမှ စာကိုအားမရ တရ ဖတ်ရပါသည်။ ထိုအကြောင်းကြောင့် ကျွန်တော်သည် ဆန္ဒရှိတိုင်း စာဖတ်၍မရ ဖြစ်သည့်အလျောက် စာဖတ်နှုန်း တစ်အားလျှော့လိုက်ရပါသည်။

မဖတ်နိုင်သည့်အတွက် စာများစွာ မဖတ်ဘဲ နေရလေရာ မြန်မာ့ဓန၊ ကြော်ငြာလမ်းညွှန် စသည့်မဂ္ဂဇင်းတို့ထဲမှ ဆောင်းပါးတွေ ဖတ်မိသမျှ မျှသာ ရှိပါတော့သည်။ ဖတ်ရန်လိုအပ်သည်တို့ကိုသာ ရွေးထုတ်၍ ဖတ်ရပါတော့သည်။

မကြာသေးခင်က လူတစ်ယောက် ညနေခင်းတွင် ကျွန်တော့်ထံ ရောက်လာပါသည်။ သူနှင့်အတူပါလာသော မြန်မာ့ဓနမှ ချာတိတ်ကလေးက "ဆရာကြီး . . . .သူဆရာကြည်နိုင်လေ"ဟု မိတ်ဆက်ပေးပါသည်။

ဆရာကြည်နိုင်သည် လူလတ်တစ်ယောက် ဖြစ်သည်။ သူကစ၍ ကျွန်တော့်ကို ပြောသည်။ "ဆရာကြီးရဲ့စာတွေ တစ်ပုဒ်မကျန် အားလုံး ဖတ်ပါတယ်။ ဆရာကြီးရဲ့အက်ဆေးတွေကို ကျွန်တော်နှစ်သက် လေးစားပါတယ်။ ကျွန်တော်လည်း ကျွန်တော့်ဆောင်းပါးတွေကို အက်ဆေးပုံစံမျိုးနှင့် ရေးပါတယ်။ အခု ကျွန်တော့်အက်ဆေး(ဆောင်းပါး)တွေကို စုပြီး စာအုပ်ထုတ်ဖို့

စိစဉ်နေပါပြီ။ အခုဆို ကွန်ပျူတာရိုက်ပြီးပါပြီ။ အဲဒါ ဆရာကြီးကအမှာတစ်ပုဒ် ချီးမြှင့်စေချင်ပါတယ်။

သူ့စကား ဆုံးလျှင်ဆုံးချင်း ကျွန်တော်က "ရေးပေးတာပေါ့။ ဒါပေမဲ့ ခင်ဗျားစာတွေ ကျွန်တော်မဖတ်ဖူးသေးဘူး။ စာကော်ပီတွေကို ကျွန်တော့် ပေးပါ။ ဖတ်ကြည့်ပါဦးမယ်။ ပြီးတော့အမှာရေးပေးပါမယ်။ အချိန်တော့ ပေးရပါလိမ့်မယ်။ ကျွန်တော်ဆိုတာက အငြိမ်းစားတဲ့ အငြိမ်းစားကြီးဗျ။ ဆောင်းပါးတွေ နေ့တိုင်းလိုလို ရေးနေရတယ်။ တောင်းသူတွေက တောင်းတယ်၊ ကျွန်တော်ကလည်း မရေးဘဲ မနေနိုင်ပါဘူး။ ကျွန်တော်နဲ့မနုတို့က နေ့တိုင်း စာမရေးဘဲ မနေနိုင်ကြဘူး။ စာရေးရမှ ကျန်းမာတယ်".

ဆရာကြည်နိုင်က သူ့မှာပါလာသော သူ့အက်ဆေးစုကော်ပီ စာအုပ်ကိုပေးပါသည်။ နောက်မကြာမီမှာပင် နှုတ်ဆက်ပြီး ပြန်သွားပါသည်။ ကျွန်တော်က အချိန်ဆယ်ရက် တောင်းလိုက်ရာ သူကနောက် ဆယ်ရက်ကြာမှ လာပြီး ကျွန်တော့်အမှာကို ယူပါမည်ဟုဆို၍ ပြန်သွားခြင်းဖြစ်သည်။

သူပြန်သွားပြီးနောက် သူပေးခဲ့သော စာအုပ်ကလေးကို စာအုပ်စင်မှာ ချိတ်ထားပြီး အနားယူပါသည်။ နောက်နေ့နေ့လယ်မှ ကျွန်တော်ရေးစရာတွေ အတော်အတန် ရေးပြီးသဖြင့် တစ်နာရီနှစ်နာရီလောက် နားချိန်တွင် သူ့ဆောင်းပါး(အက်ဆေး)တို့ကို လှန်လှောကြည့်ကာ မျက်စိကျသည့် အက်ဆေးတစ်ပုဒ်ကို စ၍ဖတ်ကြည့်ပါတော့သည်။

'အိုဘယ့်အပြုံးရှင်'။ ထိုအက်ဆေးမှာ ဆရာကြည်နိုင်က ကာလီဒါသ၏ ကဗျာ(မြန်မာ) အတိုအစကလေးကို ကောက်နုတ်ပြီး ထိပ်မှာတင်ထားသည်။ ထို့နောက် အမေရိကန်စာရေးဆရာ ဒေးလ်ကာနက်ဂျီ၏ -"လူမှုရေးရာတွင် အောင်မြင်မှုရရန် သူ့အပြုံးကိုလိုလျှင် သင့်အပြုံး ကို ချိုလိုက်ပါ" ဟူသောအဆိုကို ဖော်ပြလိုက်သည်။ ထို့နောက် 'မိုနာလီဇာအပြုံး'ကို ညွှန်းပြန်သည်။ ထို့နောက် အပြုံးဇွိကာ ဖွင့်သည်။ မဲ့ပြုံး၊ ထေ့ပြုံး၊ မထီမဲ့မြင်အပြုံး၊ လှောင်ပြုံး၊ သရော်ပြုံး စသည်ဖြင့် ပြုံးစာရင်းချပေးသည်။ ယင်းသို့လျှင် လူမှုဆက်ဆံရေးနှင့် စပ်လျဉ်း၍ အပြုံး၏အသုံးကို သူ့နည်းသူ့ဟန်ဖြင့် ဆက်လက်ဖော်ပြသည်။

ဆရာကြည်နိုင်သည် စာများများဖတ်သူဖြစ်ရမည်။ သူ့အက်ဆေးတွေမှာ ပုဂ္ဂိုလ်ကြီးများ၏ အဆိုအမိန့်တွေ အများကြီးပါသည်။ သူ့ရေးဟန်သည် 'ပုဂ္ဂလိကအက်ဆေး'(Personal Eassay) ရေးနည်းရေးဟန်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ယောက်အနေဖြင့် သူနှင့်ရင်းနှီးသော မိတ်ဆွေ (စာဖတ်သူ)အား အကြောင်းအရာတစ်ခုနှင့် စပ်လျဉ်း၍ စပ်မိစပ်ရာ စကားတန်ဆာ

ဆင်ရာ၌ သူဖတ်ဖူးမှတ်ဖူးသော အဆိုအမိန့်များ ကောက်နုတ်ချက်များကို ဝေဝေဆာဆာထည့်သည်။

စပ်မိစပ်ရာသဘောဖြင့် အလှည့်ကြုံတိုင်း ရည်ညွှန်းချက်များ အတော်များများ ပါရှိသဖြင့် ဖတ်၍ကောင်းပေသည်။ သူ့စာကိုဖတ်လိုက်ရလျှင် စာပေဗဟုသုတစုံသဖြင့် ဖတ်ချင်စဖွယ်ဖြစ်ပေသည်။ သူ့အာဘော်သည် သိမ်မွေ့သဖြင့် စာဖတ်သူနှင့် ပိုမိုရင်းနှီးစေသည်။ သူဆည်းပူးထားသော ဗဟုသုတအစုထဲမှ သူနှစ်သက်ရာ လိုအပ်ရာတို့ကို ကောက်ခါငင်ခါ ထည့်လိုက်သောကြောင့် သူ့အက်ဆေးတို့သည် အက်ဆေးနှင့် တူကြလေသည်။ အက်ဆေးကို အက်ဆေးနှင့်တူသည်ဆိုသော ကျွန်တော့်စကားကို ရှင်းပြဖို့လိုမည်ထင်ပါသည်။ 'အက်ဆေး' ဟုခေါ်သော စာပေပုံစံသည် လွန်ခဲ့သော နှစ်လေးရာကျော်က ပြင်သစ်စာပေ၌ ပေါ်ပေါက်လာသည်။ စတင်ရေးသားသူ **မော်န်တိန်း**သည် သူရေးချင်ရာကို လွတ်လွတ်လပ်လပ် လွယ်လွယ်ကူကူ ရေးသည်။ ရေးသည့်အကြောင်းအရာ တို့သည်လည်း မိုးအောက်မြေပြင် မှာရှိသည့်အရာများ သတ္တဝါများသာမက ကျယ်ဝန်းလှသော စိတ်လောက တစ်ခွင်ရှိအာရုံတွေ၊ ဝေဒနာတွေ၊ စေတသိက်တွေ၊ အကျင့်တရားတွေအားလုံး ရေးချင်ရာရေးနိုင်အောင် ကျယ်ပြန့်လှသည်။ ရေးသူက ရေးတတ်သလို ရေးချင်သလို ရေးဟန်မျိုးနှင့်ရေးသည်။

မော်န်တိန်း၏အက်ဆေးများကို နှစ်သက်သော အင်္ဂလိပ် စာရေးဆရာအချို့က အင်္ဂလိပ်စာပေလောကတွင် ရေးကြသည်။ ထိုစာပေပုံစံ သည် တဖြည်းဖြည်း နယ်ကျယ်လာလေသည်။ အက်ဆေးသည် လွပ်လပ် သဖြင့် အခြားစကားပြေပုံစံများနှင့် တူသလိုလို ရှိသည်။ သို့သော် ရေးနည်း ရေးဟန်၊ တင်ပြပုံ၊ စပ်မိစပ်ရာ အကြောင်းများကို ထည့်သွင်းထားသဖြင့် ဝေဆာမြိုင်ဆိုင်ပေသည်။ **ဖရန်ဆစ်-ဗေကွန်**လို စာရေးဆရာကမူ စရဏ နှင့်သက်ဆိုင်သည့် အကြောင်းများကို များသောအားဖြင့်ရေးသည်။ စာဖတ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ မိတ်သင်္ဂဟများအကြောင်း စသည်ဖြင့် တရားဆန်ဆန် ရေးခဲ့လေသည်။ **ဂိုးလ်စမစ်သ်**က လူအမျိုးမျိုး အကြောင်းတွေကို လေ့လာပြီး လူ့တန်းစားများအကြောင်း ရေးသည်။ **ချားလ်စ်လဲမ်**က အိမ်ထောင်ရေး အကြောင်း မိသားစုအကြောင်း စသည်တို့ကိုရေးသည်။ အက်ဆေးသည် ဖတ်ရပေါ့တန်သည်ဆိုရငြားလည်း ဖတ်ပြီး တွေးတောဆင်ခြင်တတ်သူတို့အဖို့ ဘဝ၏လေးနက်သောအမြင်ကို မြင်နိုင်သည်။

'အက်ဆေး'ဟူသော ပြင်သစ်ဝေါဟာရသည် 'စမ်းသပ်သည်' 'စမ်းကြည့်သည်'စသဖြင့် အဓိပ္ပာယ်ဆောင်သည်။ အင်္ဂလိပ်စာရေးဆရာတို့က

ထို 'အက်ဆေး'ဟူသော ဝေါဟာရကို အင်္ဂလိပ်လို စာလုံးပေါင်း ပြောင်းသော်လည်း အသံတူသည့် ဝေါဟာရပြု၍ လက်ခံသုံးစွဲသည်။ 'အက်ဆေး'သည် ကျွန်တော်တို့တစ်တွေမှာလည်း စိမ်းနေဆန်းနေသည် မဟုတ်ပေ။ အခြေခံပညာ အထက်တန်းကျောင်းသားများမှအစ 'အက်ဆေး' ကိုသိနေကြသည်။

ကျွန်တော်တို့ စာပေလောကကမူ 'အက်ဆေး'ဟူသော ဝေါဟာရကို လက်မခံချင်ကြချေ။ ဂန္ထလောကခေတ်က 'အစမ်းစာ'ဟု ခေါ်သည်။ နောက်ပိုင်း၌ ပျောက်သွားသည်။ ယခုတော့ စာပေပညာရှင်ကြီးတို့ထံ တင်ပြရာ 'စာတမ်းငယ်'ဟု အမည်ပေးလိုက်သည်။ တက္ကသိုလ်ကျောင်း များအတွက် ဘွဲ့ယူရာ၌ ကျမ်း၊ စာတမ်း စသည်တို့ကို ပြုစုကြရသည်။ ယင်းတို့သည် 'အက်ဆေး'တော့ မဟုတ်ပေ။ ထိုထက်ပို၍ ခန့်ညားသော ဝေါဟာရဖြစ်သည့် 'ကျမ်း' စာတမ်းဟု ခေါ်ကြသည့်စာတမ်းသည် အက်ဆေးတော့မဟုတ်ပါ။ အက်ဆေးသည် စာတမ်းတော့ မဟုတ်ပါ။ ဟုတ်သည်ဟု ဆိုချင်ဆိုနိုင်ပါသည်။

သို့သော် တက္ကသိုလ်မှ စာတမ်းကြီး ငယ်တို့နှင့် ကွာခြားလှသည်ထားပါတော့။

ဆရာကြည်နိုင်၏ အက်ဆေးတို့သည် ကျွန်တော့်အနေဖြင့်တော့ အက်ဆေးဟုပင် ခေါ်ချင်ပါသည်။ ဆောင်းပါးဟု အများကခေါ်ကြမှာပါပဲ။ အက်ဆေးနှင့်ဆောင်းပါး အသွင်ချင်းတူ၏။ ရသချင်းမတူပေ။ ဆောင်းပါးသည် စာတမ်းနှင့်တူနိုင်သည်။ အစီရင်ခံစာနှင့်လည်း တူနိုင်သည်။ သတင်းစာ ခေါင်းကြီးပိုင်းနှင့် တူနိုင်သည်။ ထိုနည်းတူသည့်ပုံစံတို့ကို 'ဆောင်းပါး'ခေါ်ချင်လည်း ခေါ်နိုင်သည်။ သို့သော် အက်ဆေးဟု ခေါ်ချင်ကြမည်မဟုတ်ပေ။ အကြောင်းမှာ ကျွန်တော်တို့တစ်တွေသည် အက်ဆေးဟု မည်သည့်စာအရေးအသားမျိုးကိုမျှ ခေါ်ချင်ပုံမရချေ။

အက်ဆေးဟု မခေါ်ချင်သည်မှာလည်း အက်ဆေးကို အက်ဆေးမှန်းမသိ။ အသိအမှတ်လည်း မပြုလိုသောကြောင့် ဖြစ်ချေသည်။ သတိရ၍ ပြောပါရစေ။ နှစ်ဆယ်ရာစု နှစ်ဦးကာလတွင် ပေါ်ထွန်းခဲ့သော မြန်မာစာပေအရေးအသားများတွင် အချို့သည် အက်ဆေးဖြစ်သော်လည်း ဖြစ်မှန်းမသိကြချေ။ ရေးသူကလည်း သူ့စာကို 'အက်ဆေး' ဟုခေါ်ရမှန်းသိဟန်မတူချေ။ အားလုံးကို 'ဆောင်းပါး'ဟု သိမ်းကျုံး၍ ခေါ်နေခဲ့ကြ သည်။

ကျွန်တော့်အနေဖြင့် မှတ်မှတ်ရရရှိခဲ့သော အက်ဆေးများကို ရေးခဲ့သောဆရာကြီးမှာ ဆရာဇေယျ ဖြစ်သည်။ သူသည်နောက်ပိုင်းကာလတွင် ပြန်ကြားရေးဌာန၌ 'သူကြီးဂေဇက်'ဟူသော အပတ်စဉ်ထုတ် စာစောင်၏

အယ်ဒီတာအဖြစ် ဆောင်ရွက်လေသည်။ ယင်းစာစောင်တွင် သူရေးသော 'ဆောင်းပါး' ကလေးများသည် အက်ဆေးစင်စစ် ဖြစ်ပေသည်။

ထိုအက်ဆေးကလေးများကို နောက်ပိုင်းကာလ၌ စုစည်း၍ 'ကောက်ရိုးနွယ်'အမည်တပ်သည့် စာအုပ်ကလေး ထုတ်ဝေဖူးသည်။

အက်ဆေးအကြောင်း ပြောခွင့်သာသည့်အကြောင်းမှာ ယခု ကျွန်တော်ရေးလျက်ရှိသော အမှာသည် ဆရာကြည်နိုင်၏ အက်ဆေးများ စုစည်းထားသည့် စာအုပ်အတွက်ဖြစ်သည်။ ဆရာကြည်နိုင်သည် နှစ်လိုဖွယ် ဖြစ်သော အက်ဆေးကလေးများ ရေးလေ့ရှိသဖြင့် ဝမ်းမြောက်ပါသည်။ ဤစာ အုပ်၌ပါသည့် 'ကျွန်တော်လွမ်းမိသော တက္ကသိုလ်'၊ 'သာစွခေတ်ပုဂံ' စသည်တို့ ဖြစ်သည်။ မှတ်သားဖွယ် အက်ဆေးတို့မှာလည်း များလှပေသည်။ ဖတ်ကြည့် ပါ။ သိပါလိမ့်မည် ဟူ၍သာပြောလိုပါသည်။

အမှာသည်လည်း နိဒါန်းကဲ့သို့ပင် စာဖတ်သူအား မိမိဖတ်ရမည့် စာနှင့် မိတ်ဆက်ပေးခြင်းပင်ဖြစ်သည်။ ဆရာကြည်နိုင်၏ အက်ဆေး များတွင် ပါရှိသောအဆိုအမိန့် ကောက်နုတ်ချက်တို့ကိုပင် သီးသန့်ထုတ်နုတ်၍ စာဖတ် သူက စိစစ်စဉ်းစား၊ ဆင်ခြင်သုံးသပ်၊ ဝေဖန်မှုအစုစုကိုပြုလျှင် စာထဲမှ အလိမ္မာ ကို တွေ့ရပါလိမ့်မည်။ စာဖတ်ရကျိုးနပ်ပါလိမ့်မည်။ ကျေးဇူးတင်ပါသည်။

**တက်တိုး**

၁၉၉၇ ခု၊ ဇွန် ၂၁ ရက်။
၁၃၅၉ ခု၊ နယုန်လဆုတ် ၁ရက်။

# သီအိုရီဟောင်းနှင့် ကောက်ကြောင်းသစ်

**[၁]**

စီးပွားရေးအကြောင်း စဉ်းစားလိုက်တိုင်း ကျွန်တော်သည် ဇာတ်ထဲက သူဌေးကြီးဦးဘောဂ ချောင်းဟန့်သလို ဟန့်လိုက်ချင်၏။

ငယ်ငယ်ကကြည့်ခဲ့ရသော ဇာတ်ပွဲတစ်ခု၌ သူဌေးကြီးဦးဘောဂ ထွက်လာပြီး ကိုယ့်ကိုယ်ကို မိတ်ဆက်သည်။ "အဟမ်း . . . အဟမ်း . . . ကျုပ်ကတော့ မြေပေါ် ကုဋေလေးဆယ်၊ မြေအောက်ကုဋေလေးဆယ်၊ နှစ်ရပ်ပေါင်း ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သူဌေးကြီးဦးဘောဂကိုးဗျ၊ အဟမ်း . . . အဟမ်း . . . "ဟု မိမိကိုယ်ကို မိတ်ဆက်ရင်း ဇာတ်ကြောင်းပြော၊ ဇာတ်ကွက်ဖော်သွားသည်။

ငယ်ငယ်ကတော့ ဦးဘောဂကို တကယ်သဘောကျခဲ့သည်။ သူ့ "အဟမ်း" ကြောင့်ပင် ဦးဘောဂကို တကယ့်သူဌေးကြီးတစ်ဦးလို ထင်ခဲ့၊ သဘောကျခဲ့ခြင်းဖြစ်သည်။ တကယ်က ဦးဘောဂတွင် ဘာဥစ္စာပစ္စည်းမှ ရှိသည်မဟုတ်။ "အဟမ်း" သာရှိခဲ့ခြင်းဖြစ်သည်ကို နောက်မှ သိလာခဲ့ခြင်း ဖြစ်သည်။

ယခုလည်း ကျွန်တော်လိုစာသမားတစ်ဦးက စီးပွားရေး အကြောင်း ပြောမည်ဟု ဟန်ပြင်လိုက်သောအခါ ဦးဘောဂ၏ "အဟမ်း" ကို ပြေးသတိရ လိုက်မိခြင်းဖြစ်သည်။ သို့သော်လည်း အရှိန်နှင့်ဆက်၍ "အဟမ်း" လိုက်ရဦး တော့မည်ပင် ဖြစ်၏။

တကယ်တော့ "စာသမားနှင့်စီးပွားရေး" သည် ဘုန်းကြီးနှင့်ဘီး ဆိုသကဲ့သို့ အလှမ်းဝေးလှ၏။ ဈေးကွက်စီးပွားရေးကိုလည်းမသိ၊ တံခါးဖွင့်ဝါဒ

ကိုလည်း နားမလည်၊ ဖက်စပ်လုပ်ငန်းဆိုတာလည်း သဲ့သဲ့ ကြားမိသလို၊ မိနီမတ်ကက်တဲ့ စူပါမတ်ကက်တဲ့၊ အိတ်စ်ပို့ အင်ပို့ကုမ္ပဏီ၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ ရက်စ်တော့ရင့် စီးပွားနယ်ပယ်တွေ ကျယ်ဝန်း လာသည်ကို အိပ်မက် ပမာအလား သူထင်မှတ်နေ၏။ တစ်ချို့မိတ်ဆွေများ စီးပွားရေး အကြောင်း ပြောကြသည့်အခါ စာသမား သူကောင်းသားမှာ ပါးစပ်အဟောင်းသား။

အများစီးပွားရေးအကြောင်းပြောတိုင်း စာသမားမျက်နှာငယ် ရသည့်အခါ အားပေးသူတစ်ဦး ပေါ်လာသည်။ ထိုပုဂ္ဂိုလ်မှာ ဆရာပီမိုးနင်း ဖြစ်၏။

"ငါ့ညီ မင်းလည်းစာသမား၊ ငါလည်းစာသမား၊ စီးပွားရေး နားမ လည်ဘူးဆိုပြီး အားငယ်နေသလား၊ စီးပွားရေးထက်မြင့်တဲ့ ကြီးပွားရေးကို တောင် ငါတို့ကိုင်လာတာနည်းသလား၊ တစ်ဦးတစ်ယောက်တည်း ကောင်းစား ရေးတောင်မဟုတ်ဘူး၊ အများကောင်းစားရေး၊ အမျိုးသား ကြီးပွားရေးကွ၊ ငါ ကြီးပွားရေးကျမ်းတွေရေးစဉ်က အိမ်လခ ပေးစရာ မရှိဘူး။ ပဲပြုတ်သည် ကတောင် ရန်တွေ့တယ်၊ ဒါပေမဲ့ ငါမမှုဘူး၊ ကိုယ့်အလုပ်ကိုယ် ယုံကြည် ဖို့က အဓိကအရေးကြီးဆုံး"

ဆရာပီမိုးနင်းစကား နားထဲကြားလာရသည့်အခါ အတော်အတန် အားတက်မိလာသည်။ ဆရာပီမိုးနင်းစကားကို ကြီးပွားရေးကျမ်းရေးခဲ့သည့် ဆရာကြီးဦးပကျိုငိုကလည်း ထောက်ခံသည်။ ချွေတာရေးကျမ်း ရေးခဲ့သည့် ဆရာကြီးဦးခကလည်း ထောက်ခံသည်။

ကျွန်တော်အားတက်သော်လည်း ခေါင်းထဲမရှင်းလှသဖြင့် ဆရာ ပီမိုးနင်းထံ ပြန်စောဒကတက်ကြည့်မိ၏။

"ဆရာ၊ ကျွန်တော့်မှာ စီးပွားရေး လုပ်ဖို့ အရင်းအနှီး မရှိပါဘူး"

ကျွန်တော့် စကားသံ ကြားရသောအခါ ဆရာ ပီမိုးနင်း ဟားတိုက် ရယ်တော့သည်။

"ရှော့–ဒါ ဖတ်ကြည့်စမ်းကွာ"တဲ့။

"အရင်းမစိုက် လှေထိုးလိုက်" ဆိုပါလား။

ဟုတ်ပေ့၊ ကျွန်တော့် နှုတ်ဆိတ်ကာ ဇက်ပုသွားသည်။

"လူစုသူစုကြီးကြီးမှာ ကုန်သည်ကြီးယောင်ဆောင်လိုက်၍၊ လူစုသူစု မနီးလျှင် လှေကြီးကို ခေါင်တိုက်၍" ဆိုသည့် ကျည်းကန်ရှင်ကြီးစကား ကြားယောင်မိတော့သည်။

"မင်း စီးပွားရေးလုပ်ဖို့မှာ အရင်းအနှီးဆိုတာက အဓိကမဟုတ် ဘူးကွ၊ စိတ်အားထက်သန်ဖို့ကအဓိက"

"ဟုတ်ပါ့၊ ဟုတ်ပါ့" ဟု ဆရာကြီးဦးပဂျိုင်က ထောက်ခံချက်ပေးရင်း **"ဆန္ဒဝတော ကိ နာမကမ္မံ သမိဇ္ဈတုတဲ့၊ ဆန္ဒရှိသူအား မည်သည့် အရာကမှ တားဆီးနိုင်လိမ့်မည် မဟုတ်တဲ့"**။ ငါတို့မှာ အမွေအနှစ်တွေရှိ တယ်ကွ။ ဘုရားပေးတဲ့အမွေ၊ ပစ္စုပ္ပန် သံသရာကြီးပွားကြောင်း သမ္ပဒါ တရားလေးပါးစီ ရှိကြောင်း ထကြွလုံ့လရှိဖို့၊ မိတ်ကောင်းရှိဖို့၊ မျှတစွာ အသက်မွေးဖို့၊ ဉစ္စာထိန်း သိမ်းစောင့်ရှောက်မှုရှိဖို့ စသည်ဖြင့် ဆရာကြီး ဦးပဂျိုင်ကပြောလိုက်၊ ဆရာ ပီမိုးနင်းက ပြောလိုက်နှင့် ကျွန်တော် ဆင်ခြေလေးမှာ ကြက်ပျောက်ငှက် ပျောက် ပျောက်သွားရသည်။ ကျွန်တော်ဆရာကြီးများနှင့် အခြေအတင် ပြော နေသည်ကို အိမ်ရှင်မက နားမလည်။ စာရေးစားပွဲထိုင် ငိုင်နေသည်ထင်၍လား မသိ၊ တစ်ထောင့်က ဝင်လာသည်။

"ကိုရေ ကြံဦး၊ ဖန်ဦးဟေ့၊ မနက်ဖြန်အတွက် လိုနေပြီ၊ ပေါက်ကန် မောင်ချို စကားပုံလေးများ ကျောင်းတုန်းက မသင်ခဲ့ရဘူးလား၊ 'ဉစ္စာရှာခြင်း၌ အာယုကပ်ပတ်လုံး စားသုံးရမည်ကဲ့သို့' . . . . .တဲ့"

သူ့ကြည့်တော့ သရော်တော်တော် မျက်နှာပေးနှင့် ကျွန်တော် ဒေါသ ထောင်းခနဲဖြစ်သွားသည်။ သို့သော် ပေါက်ကန်မောင်ချိုက သူ့ဘက်က ရပ်နေသည်။

နောက်ဘေးနားမှာ ကျည်းကန်ရှင်ကြီး။

*"စီးပွားဖြစ်ထွန်းမှ လှူစွမ်းရှိရာရောက်သည်။ စီးပွားပျောက်တိမ်၍ ဂုဏ်သိမ်မထွန်းလျှင် လှူစွမ်းညှိုးရာရောက်သည်"* ဟုပြောပြနေသည်။

ကျွန်တော် အသားလွတ်ဒေါကန်၍ မဖြစ်တော့။ သို့သော် ကိုယ့်ဘက် ကလည်း စာသမား၏မာနကို အထိမခံနိုင်။ စီးပွားရေးသီအိုရီဟောင်းကလေး လောက်တော့ ရွတ်ပြနိုင်ရမည်။ ထို့ကြောင့် ကျမ်းရင်းကြီးကို စဉ်းစားကြည့် ရ၏။ စဉ်းစားမရတော့ ကျောင်းတုန်းက ဆရာကြောက်၍ အလွတ်ကျက်ခဲ့ရ သည့် ဆုံးမစာများပြန်နွှေးရသည်။

"လယ်လုပ်ကုန်သွယ်၊ ရောင်းဝယ်မြီချ၊ တွက်ဆစိတ်ပြား၊ အပွား အရင်း၊ လဲတွင်းတက်တိုး၊ ထပ်ပိုးနှစ်လီ" တဲ့။

ကန်တော်မင်းကျောင်းဆရာတော်၏ 'လောကသာရပျို့'မှ တစ်ပိုင်း တစ်စပေါ်လာသည်။ သို့သော် လက်ာအရှည်ရွတ်ပြနေလျှင် အိမ်ရှင်မ နားမဝင် မှာ စိုးရသည်။ ထို့ကြောင့် စီးပွားရေး၏ သော့ချက်လိုရင်းအချက်ကို ထပ်စဉ်း စားကြည့်မိပြန်သည်။

ဟုတ်ပြီ၊ တကယ့်အချက်ပေါ်လာသည်။

"စီးပွားကိုလိုသော် . . . . . .ကုန်သွယ်"တဲ့။

စီးပွားရေး၏ တကယ့်သော့ချက်ပေပဲ။ သို့သော် မည်သူရေးခဲ့ပါလိမ့် စဉ်းစားမရ။ ကျည်းကန်ရှင်ကြီးလား၊ ရှင်မဟာရဋ္ဌသာရလား၊ လုံးတော်ဆရာတော်လား အတိအကျစဉ်းစားမရ။ နောက်မှ သုတေသနလုပ်ရတော့မည်။ ကမ္ဘာ့ကုန်သွယ်မှုများ၌ ထူးခြားမှုတစ်ရပ်မှာ နည်းပညာ ရောင်းစားမှုများ ပေါ်ပေါက်လာခဲ့သည်။

• ကျွန်တော် ယခုတွေ့ရှိထားသည်မှာ တကယ့်အဖိုးတန်နည်းပညာဖြစ်နေသည်ဟု ယူဆမိ၏။ ထိုသီအိုရီဟောင်းကို ကောက်ကြောင်းသစ်လိုက်နိုင်လျှင် တကယ့်စီးပွားရေး ပါရဂူတစ်ဦးပင် ဖြစ်လာနိုင်သည်။

အိမ်ရှင်မစကားထဲ၌ ဒီနေ့အတွက်ရှိသေးသည်ဆိုသဖြင့် အနည်းငယ်စိတ်အေးနေမိကာ ဓာတ်ထဲမှ ဦးဘောဂစတိုင်"အဟမ်း . . . .အဟမ်း"ဟု ချောင်းဟန့်လျက် ကျွန်တော်တွေ့ရှိချက်ကို အပိုင်နိုင်ဆုံး ပြောချလိုက်မိသည်။

အိမ်ရှင်မသည် ခပ်စိမ်းစိမ်း ငေးကြည့်နေရာမှ ပထမ နှုတ်ခမ်းလေးရွဲ့၊ တစ်ချက်မဲ့ချေ၏။ မသိမသာ မျက်စောင်းချိတ်ရာမှ သူ့မျက်လုံးအရောင်ဝင်းလက်လာသည်။

"ဟာ တကယ့်အဖိုးတန်တဲ့အဆိုပဲ၊ စီးပွားကိုလိုသော် ကုန်သွယ်တဲ့လား၊ စားရေးမယ့်အစား အရောင်းအဝယ်လေးတစ်ခုခု လုပ်ပါလားကိုရယ်"တဲ့။

ဗုဒ္ဓေါ ကိုယ့်ကြိုးနှင့်ကိုယ် ပြန်အတုပ်ခံလိုက်ရပြီ။

ကျွန်ုပ်သည် ကျွန်ုပ်အိမ်၏ဦးစီး 'အိမ်ဦးနတ်'ဖြစ်၏။ ထိုရာထူးနှင့်ထိုက်တန်အောင်တော့ ကျွန်ုပ်၏လုပ်ဆောင်ချက်ကို ပြရပေလိမ့်မည်။

နို့မဟုတ်က စာသမားတို့အစဉ်အဆက်၊ အနုပညာသမားတို့ အစဉ်အဆက်သည် ယောက္ခမတို့၏ စီးပွားရေးမျက်စိရှေ့ကွက်၌ မျက်နှာငယ်ခဲ့ရသည်။ စာသမားတစ်ယောက်ထက် သဘော်သားတစ်ယောက်က ပိုအရေးပါတန်ဖိုးရှိနေ၏။

ကျွန်တော်တို့ဝန်းကျင်၌ တပည့်မရှား၊ တစ်ပြားမရှိသည့် ကျောင်းဆရာကြီးများ မျက်နှာငယ်လှသည်။ ဆရာကြီး၏ အညံ့ဆုံးတပည့်တစ်ဦးက ကန်ထရိုက် လုပ်ငန်းဖြင့် ကြီးပွားနေပြီး ခပ်ထောင်ထောင်ဟန်ပန်နှင့် ကျောင်းတုန်းကဆူခဲ့သည့်ဆရာအိုကို သရော်တော်တော် ဆက်ဆံသည်ကို ကြုံခဲ့ရဖူးသည်။

"အိုဘယ့်စီးပွားရေး"ဟု ကျွန်တော်ညည်းသမိသည်။

ခေတ်ဥစ္စာနှင့် ပညာရေး နှိုင်းရမှုဖြစ်လာသည့်အခါ "မဟော်သဓာကယ်တော်မူပါ"ဟု တမိတော့သည်။

[၂]

"ငွေသည် ပြိုင်စံရှားသည့်အရာဖြစ်သည်။ မေတ္တာနှင့်တန်းတူ လူတို့အားပျော်ရွှင်မှုပေးနိုင်သည့် အကြီးမားဆုံးအရာဖြစ်သကဲ့သို့ သေခြင်းတရားနှင့်တန်းတူ ပူပင်သောကပေးနိုင်သည့် အကြီးမားဆုံးအရာလည်းဖြစ်သည်"ဟု စီးပွားရေးပညာရှင် **ဂေါလ်ဘရိတ်သ်**၏အဆိုကို ကြားရသည့်အခါ ကျွန်တော်မခံချိမခံသာဖြစ်မိသည်။

ငွေကို ဤမျှအမွှမ်းတင်လှချည်လားဟု မခံချင်စိတ်ဖြစ်မိခြင်း ဖြစ်သည်။ ကျောင်းတုန်းက စကားရည်လုပွဲ ဆင်နွှဲခဲ့ရသလို "ငွေသည် မေတ္တာနှင့်တန်းတူ လူသားတို့အား ပျော်ရွှင်မှုပေးနိုင် သည့်အရာ ဟုတ် . . .မဟုတ်" ဂေါလ်ဘရိတ်သ်ကို စိန်ခေါ်၍ "မေတ္တာတရား" ဘက်ကနေပြီး ကျွန်တော် စီးချင်းထိုးကြည့်ချင်မိသည်။

ပရိသတ်၏ အားပေးမှုရေချိန်အင်အားကို မျှော်ကြည့်လိုက်သည့်အခါ ကျွန်တော့်ဘက်မှ တပည့်မရှား တစ်ပြားမရှိသည့် ဆရာအိုကြီးများ အပါအဝင် ကျောင်းဆရာ၊ ဆရာမများကရှိနေ၍ ဂေါလ်ဘရိတ်သ်ဘက်က ဆရာကြီး၏ အညံ့ဆုံးတပည့်မှစ၍ စီးပွားရေးသမားအများစု ရှိနေကြလိမ့်မည် ထင်သည်။

ဂေါလ်ဘရိတ်သ်၏ ပရိသတ်များကို ခပ်ထေ့ထေ့ မထီတရီ ကြည့်၍ ကျွန်တော်သီချင်းတစ်ပုဒ် စဟစ်ရလိမ့်မည်။

"ငွေ . . . . . ငွေ၊ လောကမှာငွေဟာလေ လူအတန်းစား မခွဲခြားဘဲ ဖျက်ဆီးတတ်ကြပေ၊ အပေါင်းအသင်းဖျက်တာငွေ . . . . . မကောင်းသတင်းထွက်တာငွေ . . . . . အကျင့်စာရိတ္တပျက်ပြားအောင်လည်း သူပဲ လုပ်တတ်ပေ"ဟု မင်းသားကြီးမြတ်လေးစတိုင်ဖမ်းကာ ဟစ်လိုက်ချင်သည်။

**"ငွေကို အလွန်အမင်းတပ်မက်ခြင်းကြောင့် လူတို့သည် တရားမျှတခြင်းကို ဖျောက်ဖျက်ခဲ့ကြသည်။ မိတ်ဆွေများအပေါ် သစ္စာဖောက်ခဲ့ကြသည်။ အမှန်တရားကို မှောက်လှန်ခဲ့ကြသည်သာမက လူသတ်မှုပင် ကျူးလွန်ခဲ့ကြသည်**"ဟု 'Awake!' စာစောင် ဆောင်းပါးရှင်တစ်ဦးက တင်ပြခဲ့သည်။ ကျွန်တော့်ဘက်မှ ပရိသတ်တစ်ဦး တိုးလေပြီလားဟု အားတက်မိသည်။

"ကနေ့ကမ္ဘာ့လူဦးရေ ၅၀၀ ကျော်ရှိပါတယ်။ ဒီကုဋေ ၅၀၀ မှာ သုံးပုံနှစ်ပုံကျော်က ဆင်းရဲကြတယ်။ ကုဋေ ၁၀၀ က မဝရေစာနဲ့ ငတ်မွတ်နေကြတဲ့ လူသားတွေ၊ လူသန်း ၇၈၀ က အာဟာရဓာတ် ပြည့်ဝအောင်တောင်

မစားကြရလို့ မသေမရှင်ဘဝပါ။ လူသားသန်း ၈၅ဝက ခုထိ သေစာ ရှင်စာ မဖတ်နိုင်ကြသေးတဲ့ သူတွေပါ။ လူသား ကုဋေ ၁၅ဝက မကျန်းမာရင် ဆေးဝါးမှီဝဲနိုင်တဲ့ အဆင့်မှာမရှိပါဘူး။ အမိုးအကာနဲ့ ပြည့်စုံလုံခြုံတဲ့အိမ်မျိုးနဲ့ မနေနိုင်သူတွေက ကုဋေ ၁ဝဝလောက်ရှိသေးတယ်" ဟု လူထုဒေါ်အမာ တွက်ပြခဲ့ဖူးသည်။ ကမ္ဘာ့လူသား အများစုကြီးသည် ငွေကြေးပူပင်သောက ကပ်ငြိနေကြရ၏။ သူတို့၏အပူမီးကို မည်ကဲ့သို့ ငြိမ်းသတ်နိုင်ပါမည်လဲ။ သမိုင်းကြောင်းကို ပြန်၍ ငုံ့စောင်းကြည့်သည့်အခါ –

"စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလောကမှ ဝိသေသလက္ခဏာအချို့မှာ လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက ဗာဗုလုန်မြို့ကို တည်ထောင်ခဲ့သူ နိမ်ရောဒ လက်ထက်တိုင်အောင် ခြေရာခံ၍ ရနိုင်သည်" ဟု ကမ္ဘာ့ဦးကျမ်းက ထောက်ပြသည်။

ရှိနာလွင်ပြင်(နောင် ဗာဗီလုန်) မြို့တွင် ရှေးအခါက နေထိုင်ခဲ့ကြသူတို့သည် "ငွေထုတ်ချေးခြင်း၊ ငွေချေးငှားခြင်း၊ ငွေအပ်နှံခြင်းနှင့် ငွေထုတ်ပေးရန် အမှာစာများနှင့် စပ်လျဉ်း၍ မယုံကြည်နိုင်လောက်အောင် ရှုပ်ထွေးလှသည့်စနစ်မျိုးကို ကျင့်သုံးခဲ့ကြောင်း" အမေရိကားစွယ်စုံကျမ်းကြီးက ဆိုထားသည်ကို တွေ့ရသည်။

ထိုသို့ဆိုလျှင် လူတို့သည် ရှေးရှေးကတည်းက ငွေကြေးပူပင်သောက ဖြစ်ခဲ့ကြရသည်။ ငွေကြေးကြောင့် ရှုပ်ထွေးပွေလိမ်သည့် လုပ်ရပ်များ ပေါ်ပေါက်ခဲ့ကြသည်မှာ ထင်ရှားသည်။

ငွေကြေးလောကသည် ရှေးအစဉ်အလာတစ်ခုကဲ့သို့ အရိုးစွဲ အကျင့်ပါကာ ယနေ့မျက်မှောက်တိုင် ငွေကြေးပူပင်မှုသောကပင်လယ် ဝေနေကြရသည့် ကမ္ဘာ့လူဦးရေ အများစုကြီးအား ကျွန်တော်သည် မေတ္တာတရားဖြင့် သူတို့အပူကို ငြိမ်းအေးစေနိုင်ပါမည်လား။ ထိုကမ္ဘာ့လူသားထု ၃ ပုံ၂ပုံအတွက် အပူငြိမ်းရန် ကမ္ဘာ့အဖွဲ့အစည်း အသီးသီးကလည်း တတ်စွမ်းသမျှ ကြိုးပမ်းကူညီနေကြ၏။ နည်းလမ်းများရှာဖွေကြ၏။

"လူသားတို့ပျော်ရွှင်မှုအတွက် မေတ္တာတရားနှင့်တန်းတူ ထားနိုင်သော ငွေကြေး"ဟု စီးပွားရေးပညာရှင် ဂေါလ်ဘရိပ်သ်ဆိုခဲ့သည်။ ကျွန်တော်သည် တမျှော်တခေါ် စဉ်းစားရင်း အသက်ရှုကျပ်လာ၍ စီးပွားရေးပညာရှင်များကို အားကိုးရမလို ဖြစ်လာတော့သည်။

ကျွန်တော်သည် ကိန်းဘရစ်တက္ကသိုလ် ကင်းသုခမိန်အဖွဲ့ဝင် "ငြိမ်းချမ်းရေး၏ စီးပွားရေးအကျိုးတရားများ" စာအုပ်ရေးခဲ့သူ ဘောဂဗေဒပညာရှင် ကိန်းစ်နှင့်တွေ့ဆုံကာ သူ့ဆီမှ အကြံဉာဏ်တောင်းခံရ ကောင်းမလားဟု

စဉ်းစားခဲ့သေး၏။ နောက်မှသူ၏ (How to pay for the war) "စစ်အတွက် မည်သို့ငွေရှာမည်နည်း" စာအုပ်ကိုတွေ့မိရာ ကိန်းစ် နှင့်တွေ့ဖို့ စိတ်ပျက်သွားမိသည်။ ယခုနောက်ပိုင်း (ကမ္ဘာတွင် အထူးသဖြင့် ၁၉၆၀ နောက်ပိုင်း) မှစ၍ နိုင်ငံကြီးများသည် သူ့ထက်ငါ လက်နက်ဆန်း၊ လက်နက်ကြီးတွေ စုဆောင်းကာ စစ်ရေးအတွက် အသုံးစရိတ် ပိုသုံးခဲ့ကြသည်။ တစ်နှစ်ထက် တစ်နှစ် ပိုလို့သာနေသည်၊ လျော့သည်ဟုမရှိ။

ယနေ့ဂျပန်သည် ဘာကြောင့် စီးပွားရေးတွင် ခေါင်းအမတ်ဆုံးဖြစ်နေပါသလဲ။ ဂျပန်ဟာ သူ့နိုင်ငံကရှာဖွေနိုင်တဲ့ ငွေကြေးပမာဏရဲ့ ၁ ရာခိုင်နှုန်းသာ စစ်ရေးမှာသုံးနေတယ်။ အမေရိကန်က ၇ ရာခိုင်နှုန်း၊ ဆိုဗီယက်ယူနီယံက ၁၄ ရာခိုင်နှုန်း သုံးနေတယ်။ အဲဒီလိုကွာခြားနေကြတော့ ဂျပန်ဟာ စစ်ရေးအတွက် အသုံးကြီးတဲ့ နိုင်ငံကြီးနှစ်နိုင်ငံထက် သာချင်တိုင်းသာနေတယ်ဟု ပညာရှင်တစ်ဦး တစ်ခါက သုံးသပ်ပြခဲ့ဖူးသည်။

ကျွန်တော်သည် ကမ္ဘာ့လူသားတို့၏ ငွေကြေးပူပင်သောကကို ဆန်းစစ်ကြည့်ရင်း ပညာရှင်များ၏ သုံးသပ်ချက်များကို ခြေရာခံကြည့်လာမိသည်။

စီးပွားရေးပညာရှင် ဂေါလ်ဘရိုက်သ်နှင့် စီးချင်းထိုးပွဲတွင် ကျွန်တော့်အားပျော့လာပြီလားဟု မိမိကိုယ်ကို ပြန်သုံးသပ်လာမိသည်။

"ငွေကြေးသည် သေခြင်းတရားနှင့်အတူ ပူပင်သောကပေးနိုင်သည့် အကြီးမားဆုံးအရာလည်း ဖြစ်သည်"ဟု ဂေါလ်ဘရိုက်သ်က ထောက်ပြခဲ့သည်။

ဆိုမာလီအင်္ဂတ်ဘေး၊ အီသီယိုပီးယား ဒုက္ခသည်များအကြောင်း ကြားဖူးခဲ့ကြသည်။

"အာဖရိကတိုက်ကြီးဆိုရင် ဆာဟာရသဲကန္တာရ ဖြစ်လုနီးပါးအခြေရောက်နေတယ်။ လက်တင်အမေရိကနိုင်ငံတွေကလည်း ရေမြေတောတောင် ဆုတ်ယုတ်ပျက်စီး လိုက်လာနေတယ်။ ဒါကြောင့် တတိယနိုင်ငံတွေအဖို့ လူ့အသက်တွေ ဆက်လက်ရှင်နေစေတဲ့ လမ်းကိုရွေးမလား၊ စစ်လမ်းကို ရွေးမလားလို့ မေးရမယ့်အခြေ ရောက်နေတယ်"ဆိုသည့် နယူးယော့တိုင်းသတင်းစာ အဆိုတစ်ရပ်ကိုလည်း သတိရမိသည်။

ကျွန်တော် ဂေါလ်ဘရိုက်သ်ကို အရှုံးပေးလိုက်ရတော့မလား၊ လူသားတွေရဲ့ပျော်ရွှင်မှုနဲ့ ပူပင်သောကကို ငွေကြေးက အဓိကဆုံးဖြတ်နေပြီလား။

ဘာလဲ ငွေကြေး . . . . . !

ဘာလဲ စီးပွားရေး . . . . . !

## ၃

ကျွန်တော်သည် စီးပွားရေးအကြောင်း စဉ်းစားရင်းက ဘောဂဗေဒပညာရှင် ကိန်းစ်နှင့် တွေ့ဆုံဖို့ကြိုးစားခဲ့သည်။

အစုရှယ်ယာနှင့် ငွေအရောင်းအဝယ်လုပ်ငန်းတွင် ကိန်းစ်စွန့်ရဲသလောက် ငွေရေးကြေးရေးတွင် စေ့စပ်လွန်းသည်။ တစ်ခါတွင် ကိန်းစ် သည် သူ့မိတ်ဆွေ မစ္စတာစပရောနှင့် တူနီးရှား သွားသည်။ တူနီရှားတွင် ကလေးနှစ်ဦးက သူတို့ဖိနပ်ကို တိုက်ပေးသည်။ ကလေးများက သူတို့ပေးသည်ကို နည်းသည်ဟုယူဆ၍ ထပ်တောင်းသည်။ မစ္စတာ စပရောက ၄ဖြူး ထပ်တိုးပေးရန် တိုက်တွန်းသော်လည်း ကိန်းစ်က –"ကျုပ်ဟာ ငွေကြေးကို တန်ဖိုးပျက်အောင် လုပ်တဲ့အဖွဲ့မှာ မပါနိုင်ဘူး" ဟု ခေါင်းမာစွာ ငြင်းပယ်ခဲ့သည်။

ကျွန်တော်သည် ဤတစ်ချက်နှင့်ပင် ကိန်းစ်အား လက်လန်သွားသည်။ တွေ့ဖို့ဆက်မကြိုးစားတော့ဘဲ စီးပွားရေးပညာရှင် ဂေါလ်ဘရိပ်သ်နှင့် ဆုံဖြစ်ခဲ့သည်။ ဂေါလ်ဘရိပ်သ်နှင့် ဆွေးနွေးရာတွင်လည်း အခြေအတင်ဖြစ်ကာ ပြေလည်သလို မပြေလည်သလို မတင်မကျဖြစ်ခဲ့ရ၏။

ဂေါလ်ဘရိပ်သ်နှင့် ဆုံပြီးနောက် ကျွန်တော်တွေ့ဆုံခဲ့ရသည့် ပုဂ္ဂိုလ်မှာ စင်ကာပူအမျိုးသားတက္ကသိုလ် စီးပွားရေးစီမံခန့်ခွဲမှု မဟာဌာန၏ ဒုတိယမဟာဌာနမှူး၊ ဈေးကွက်ဌာန၏ ယာယီအကြီးအကဲ ဒေါက်တာဝီချောင်ဟူး **(Dr. Wee Chow Hou)** ဖြစ်ပါသည်။ သူက စီးပွားရေးစာတမ်းပေါင်း ၁၀၀ ကျော် ပြုစုပြီးပြီ။

ကျွန်တော်က ဂေါလ်ဘရိပ်သ်နှင့် တွေ့ဆုံမိပုံ ဝီချောင်ဟူးအားပြောပြသည့်အခါ "ခင်ဗျားက ငွေကြေးကို ရန်လိုနေတာပဲ၊ တကယ်က ငွေကြေးကို အထင်လည်းမသေးနဲ့၊ အထင်လည်းမကြီးနဲ့" ဟု ဒေါက်တာ ဝီချောင်ဟူးက ကျွန်တော့်ကို ဝေဖန်သည်။

ဒေါက်တာဝီချောင်ဟူးက " စီးပွားရေးလုပ်ငန်းများ၌ ပြိုင်ဆိုင်မှု ပြင်းထန်လာခြင်းကြောင့် စီးပွားရေးမှာ စစ်ရေးမဟာဗျူဟာနည်းများကို အသုံးပြုလာရသည်"ဟု တွက်ချက်ပြသောအခါ ကျွန်တော် အံ့အားသင့်ခဲ့ရသည်။ သူက စီးပွားရေးနှင့် စစ်ရေးသည် သဘောအားဖြင့် ဆင်တူမှုများရှိနေကြောင်း၊ စီးပွားရေး၌'စစ်ထိုးခြင်း'စကားကို သိသိသာသာသုံးလာကြောင်း ပြောပြပြီး ရှေးတရုတ် စစ်ပညာရှင်ကြီး **ဆွန်ဇူး**၏ စစ်ရေးသဘောတရားများကို ပြောပြသည်။

"မိုက်ရူးရဲလုပ်လျှင် အသက်ဆုံးရှုံးနိုင်သည်။ သူရဲဘောကြောင် လျှင် ရန်သူ၏လက်တွင်းသို့ ကျရောက်နိုင်သည်။ ဒေါသထွက်လွယ်လျှင် အလွဲ

အမှားတို့ကို ပြုမူကျူးလွန်မိအောင် အလွယ်တကူ ဖြားယောင်းသွေး ဆောင်၍ ရသောသူအဖြစ်သို့ ရောက်သွားနိုင်သည်။ ဂုဏ်ပြုခံရခြင်းကို မက်မောလျှင် အလွယ်တကူ စော်ကားမော်ကားပြုလာမှုကို ခံရတတ်သည်။ အသနား အကြင်နာလွန်ကဲလျှင် မကြာခဏ စိတ်ညစ်ညူးရတတ်သည်။"

ဆွန်ဇူး၏ အလေးအနက်ဖော်ပြချက်များကို သတ္တိဗျတ္တိရှိသော စစ်သူကြီးတစ်ဦး သတိပြုမှတ်သားရသကဲ့သို့ ကုမ္ပဏီအကြီးအကဲတစ်ဦးသည် လည်း စီးပွားရေးလုပ်ငန်း အုပ်ချုပ်ရေးတွင် သတိပြုဖို့ အထူးလိုအပ်ကြောင်း လေးနက်စွာ နှိုင်းယှဉ်ပြခဲ့သည်။

ကျွန်တော်သည် ထိုဒေါက်တာဝီချောင်ဟူး၏ ထောက်ပြချက်ကို အလေးအနက် မှတ်သားနေမိသည်။ ဆွန်ဇူး၏ သီအိုရီများကား နှစ်ပေါင်းကြာလှပြီ။ သို့သော်မရိုးနိုင်။ ကျွန်တော်တို့၏ စာပေကျမ်းဂန်များတွင် ဘုရားဟောမှအစ ပညာရှိများ၏ ဆုံးမစာများအဆုံး သုံးမကုန်နိုင်သည့် အဖိုးတန် သီအိုရီများရှိနေသည်။ မတူးဖော်ကြဘဲ ဂန္ထဝင်ဟုဆိုကာ ပစ်ပယ်ထားနေခြင်း ဖြစ်သည်။

'ကုန်သွယ်' ဆိုသည့် ဝေါဟာရဟောင်းအား ကောက်ကြောင်း သစ်ဖွင့်ကြည့်သည့်အခါ 'ကုန်လုပ်ဆက်ဆံရေး'ဟု ဖြစ်လာသည်။ စီးပွားရေးသည် ကုန်လုပ်ဆက်ဆံရေး၌ အခြေခံနေသည်မှာ ငြင်း၍မရ။

ကျွန်တော် အလေးအနက် စဉ်းစားနေခိုက် အိမ်ရှင်မပေါက်ချလာသည်။ "ကိုရေ မနေ့ကပြောခဲ့တဲ့ မနက်ဖြန်ဆိုတာ ဒီနေ့ပေါ့"ဟု စာရေးဆရာမတစ်ဦးလေသံဖြင့် ဆိုလာသောအခါ ကျွန်တော်လန့်သွားသည်။

"ငါလည်း ကိန်းစိန်နဲ့ တွေ့ဖို့လုပ်တာ အဆင်မပြေဘူးကွာ၊ ဂေါ်လ်ဘရိပ်သ်နဲ့ ဆွေးနွေးတာလည်းမပြတ်။ အခု ဒေါက်တာ ဝီချောင်ဟူးနဲ့တော့ သဘောကြိုက်ညီမယ် ထင်ပါရဲ့ ဟဲဟဲ . . . . . "

အိမ်ရှင်မက ကျွန်တော့်ကို နားမလည်သလို ကြည့်၏။ တခြားကမ္ဘာက ဂြိုဟ်သားတစ်ဦးပမာပင် သူ့အကြည့်က ခပ်စိမ်းစိမ်း။

သို့သော် သူ့အံ့ဩမှုကို ချက်ချင်းပြန်ချုပ်ထိန်းပြီး မျက်နှာထားပြင်သည်။ ဘယ်နေလိမ့်မလဲ သူလည်းမီးဖိုချောင်ဗေဒ တိုက်စစ်မှူးပေကပဲ။

"ကိုရေ အရမ်းအတွေးတွေခေါင်မနေနဲ့ဦး၊ ဘာတဲ့ ဟိုတစ်နေ့က ကိုပြောတာ စီးပွားကိုလိုသော် ကုန်သွယ်ဆိုတာ တကယ်မှတ်သားဖို့ ကောင်းတယ်နော်"တဲ့။

ကျွန်တော်ပထမတော့ ဦးဘောဂစတိုင် "အဟမ်း . . . အဟမ်း" ဟုချောင်းဟန့်မည်ကြံသေး၏။

သို့သော် အိမ်ရှင်မသည် ယနေ့ပြဿနာကို တင်နေသည်။ ယနေ့ဆိုသည့်အတွက် ပစ္စုပ္ပန်တည့်တည့် ရှုရလိမ့်မည်။

**"ကျွန်ုပ်တို့၏ အကြီးဆုံးသောအလုပ်မှာ မှုန်မွှားမွှားသာ မြင်ရသော အဝေးကအဖြစ်အပျက်ကို လှမ်းမျှော်ကြည့်ရန်မဟုတ်။ ယခု လက်ရှိ ထင်ရှားသော ကိစ္စသာဖြစ်သည်"** ဆိုသည့် စာရေးဆရာကြီး သောမတ်စ် ကာလိုင်း၏ အဆိုလေးကိုသတိရမိသည်။ ထိုအဆိုလေးသည် 'ဆာအော့စ်လာ' ဆိုသည့် ပုဂ္ဂိုလ် ဆေးကျောင်းသားဘဝက ပူပင်သောကများ ပြည့်နှက်နေခိုက် ဖတ်မိ၍ သူ့ဘဝပြောင်းလဲတိုးတက်ကာ အောက်စဖို့တက္ကသိုလ် ဆေးပညာ ပါမောက္ခကြီး ဖြစ်စေခဲ့သည်။

ကျွန်တော်သည် သီအိုရီဟောင်းထဲတွင်သာ ခေါင်းမြှုပ်နေဖို့ မဟုတ်ဘဲ ကောက်ကြောင်းသစ် စရပေလိမ့်မည်။

ထို့ကြောင့် ကြာကြာတွေဆိုင်းမနေဘဲ လက်ငင်းပြဿနာဖြေရှင်းရန် ကျွန်တော့်ကိုယ်ပိုင် စာအုပ်စင်ကလေး မျက်စောင်းလှည့်ထိုးရသည်။

ဆရာပီမိုးနင်းက အားမလျှော့နဲ့ဆိုကာ ကလောင်နှင့် ငွေဖြစ်နည်း 'ငွေကလောင်ကျမ်း' ကို မြှောက်ပြသည်။ ဆရာတင့်တယ်က မဂ္ဂဇင်းထဲမှ ခေါင်းထောင်ကာ "ဒို့တုန်းကတော့ ခါနာတစ်လုတ်အတွက် ဝါစာကမာလုပ်ခဲ့ရတာပဲမောင့် . . . " ဟုဆိုသည်။

ဆရာကြီး ဦးပဂိုဒိုက အမျိုးသားတို့ ကြီးပွားကြောင်းတရားတွေကို ဟောပြသည်။

ဆရာကြီးဦးခက "ချွေတာရေး၊ ချွေတာရေး . . . "ဟု အော်နေသည်။

ကျွန်တော်သည် ထိုဆရာဆရာကြီးများ၏ စာအုပ်ကလေးများ ကို ယုယုယယပင် နှမြောတသစွာ စုထပ်ထုပ်ပိုးလိုက်သည်။ စာသမားတို့၏ ထုံးတီးနည်းနာအဖြာဖြာအတိုင်း ပန်းဆိုးတန်းလမ်းမပေါ်မှ စာအုပ်တန်းသို့ ကျွန်တော့်ရတနာလေးများ ထုခွဲရန် (ဘယ်နကြိမ်မြောက် ရှိသွားပြီမသိ) ခြေလှမ်းကြဲကြီးဖြင့် လှမ်းခဲ့မိတော့သည်။

ထိုအတွေ့အကြုံကို အကြောင်းပြု၍ အိမ်ရှင်မသည် ကျွန်ုပ်အား ထောမနာပြုခဲ့ပေသည်။

"မြန်မာ့စီးပွားရေး . . . .ဦးမော့လာပြီ . . . . "တဲ့။

✸

(မြန်မာ့စနစ် စီးပွားရေးမဂ္ဂဇင်း၊ ၁၉၉၄-ခု၊ စက်တင်ဘာလ)

## ကျွန်ုပ်နှင့်စီးပွားရေးပညာရှင်များ

ကျွန်ုပ်သည် ကာလအတန်ကြာ လျစ်လျူရှု ဥပေက္ခာပြုခဲ့သော 'စီးပွားရေး'ဆိုသည့် သူစိမ်းတစ်ဦးအား ယခုတလောတွင်မှ မိတ်ဖွဲ့ရန် ဆုံးဖြတ်ချက်ချလိုက်ရပေသည်။

ထိုသို့ဆုံးဖြတ်ချက်ချလိုက်သောအခါ အချို့မိတ်ဆွေများက မဲ့ရွဲ့ကြ၏။ အချို့မိတ်ဆွေများက နောက်တောင်ကျနေပြီဟု ကရုဏာဒေါသောဆို၏။ အချို့က အချိန်မနှောင်းသေးပါဟု အားပေးသမှုပြုကြ၏။

မည်သို့ပင်ဖြစ်စေ ထို'စီးပွားရေး' သူစိမ်းအကြောင်း စိတ်ဝင်တစား လေ့လာရန် ကျွန်ုပ်၌ 'လည်းကောင်း' ၃ ရပ်သည် ဖြစ်ပေါ်လာခဲ့ပေသည်။

**တစ်**။ ။ အိမ်ရှင်မ၏ မီးဖိုချောင်ဗေဒ ကွန်တိုဖယားများမြင့်တက်လာမှု အစီရင်ခံချက်ကို အသိအမှတ်ပြု အလေးအနက်ထားသဖြင့်လည်းကောင်း၊

**နှစ်**။ ။ ကျွန်ုပ်၏ အိမ်ဦးနတ်ရာထူး တည်မြဲရေးအတွက် အင်တိုက် အားတိုက် ထောက်ခံမဲပေးခဲ့ကြသည့် ကျွန်ုပ်၏ပုစုခရု လက်အောက်ငယ်သား(သားသမီးများ)၏ ဆန္ဒကို ဖြည့်စွမ်းပေးနိုင်ရန်အတွက် လည်းကောင်း၊

**သုံး**။ ။ ကျွန်ုပ်ရိုသေလေးစားသည့်, ကျည်းကန်ရှင်ကြီး၊ ကန်တော်မင်း ကျောင်းဆရာတော် စသောပုဂ္ဂိုလ်များအား အလေးအမြတ်ထား အားနာသဖြင့်လည်းကောင်း၊

အခိက ထို'လည်းကောင်း' ၃ ရပ်သည် နိစ္စရုဝ နေ့စဉ်မပြတ် ကျွန်ုပ်အား စည်းရုံးလှုံ့ဆော် တိုက်တွန်းနှိုးဆွနေသဖြင့် ကျွန်ုပ်၏ မဖြစ်မနေ ဆောင်ရွက်ရမည့် အရေးတာဝန်သုံးပါးအဖြစ် မှတ်ယူကာ ထို 'စီးပွားရေး' သုစိမ်းအား လေ့လာရန် ဆုံးဖြတ်လိုက်ရပေသည်။

ထိုဆုံးဖြတ်ချက်ကြောင့်ပင် စီးပွားရေးပညာရှင်များ ဖြစ်ကြသော ကိန်းစ်(ဂျင်မေနပ်ကိန်းစ်)၊ ဓဂါလ်ဘရိုပ်သ်နှင့် စင်ကာပူအမျိုးသား တက္ကသိုလ်စီးပွားရေးစီမံခန့်ခွဲမှုမဟာဌာန၏ ဒုတိယမဟာဌာနမှူး ဒေါက်တာဝီချောင်ဟူးစသောပုဂ္ဂိုလ် ၃ ဦးနှင့် တွေ့ဆုံဆွေးနွေးဖြစ်ခဲ့သည်။

ပထမတွင် ကိန်းဘရစ်တက္ကသိုလ် ကင်းသုခမိန်အဖွဲ့ဝင်ကိန်းစ် နှင့် မတွေ့တော့ပါဘူးဟု စိတ်နှလုံးတုံးတုံးချထားခဲ့သည်။ သို့သော် မီးဖိုချောင်ဗေဒမှူး အိမ်ရှင်မ၏ တိုက်တွန်းချက်အရ တွေ့ဖြစ်ခဲ့ရသည်။ တွေ့ဖြစ်ခဲ့သော်လည်း တကယ့်စီးပွားရေး အကြောင်းအချက်များကို မဆွေးနွေးခဲ့ရ။ သံတမန် ဆက်ဆံရေးအဆင့်၌ပင် သဘောထား ကွဲလွဲခဲ့ရသည်။

တကယ်တော့ ကျွန်ုပ်၏မပါးနပ်မှု၊ ဒေးလ်ကာနယ်ဂျီ၏ သင်ကြားချက်များကို မလိုက်နာမှုကြောင့်ပင်ဟု ဝန်ခံရပေတော့မည်။

ကျွန်ုပ်က ကိန်းစ်နှင့် တွေ့တွေ့ချင်း သူ၏ (How to pay for the wȧr) စာအုပ်ကို မကျေနပ်ကြောင်းပြောသည့်အခါ ကိန်းစ် ရှူးရှူးရှားရှားဖြစ်သွားသည်။ ထိုစဉ်က နိုင်ငံတကာစစ်ရေး၊ စီးပွားရေးအခြေအနေများကို ဒေါကြီးမောကြီးနှင့် ရှင်းပြသည်။

ပညာရှင်များသည် တစ်ပါးသူများကိုသာ ဆရာလုပ်လေ့ရှိပြီး သူတို့ကို ဝေဖန်လျှင် မခံနိုင်ပါလားဟု ကျွန်ုပ်သင်ခန်းစာရခဲ့ပေသည်။

တူနီးရှားမှ ဖိနပ်တိုက်ပေးသည့် ကလေးနှစ်ဦးအား ၄၆ ပြား တိုးပေးရန် ကိစ္စကိုလည်း ကိန်းစ်အား အကြင်နာနည်းသူဟု ကျွန်ုပ်ဝေဖန်ခဲ့သည်။ ကျွန်ုပ်တို့မှာ ၄၆ ပြားလောက်ကို စာမဖွဲ့၊ တစ်ကျပ်တစ်ပြား အမြတ်ထား၍ တတ်အားသမျှ လှူတိုင်းလှူဒါန်းကြကြောင်း၊ ငါးကျပ်တစ်ဆယ်မက နမောတသ သုံးကြိမ်ရွတ်၍ သိန်းချီလှူဒါန်း ကြသူများပင် ရှိကြောင်း ရင်ကော့ပြောလာသည့်အခါ အထူးအဆန်း သတ္တဝါတစ်ဦးနှင့် တွေ့ဆုံနေရပြီလားဟု ကိန်းစ်ယူဆသလားမသိ၊ ပြူးတူးပြဲတဲ ကြည့်ချေ၏။

ကိန်းစ်က သူနှင့်တွေ့ဆုံရသည့် အခိကအကြောင်းကို မေးသည့်အခါ ကျွန်ုပ်က အိမ်ရှင်မ တိုက်တွန်းလွန်း၍ လာရကြောင်း၊ မီးဖိုချောင်ဗေဒကွန်တိုဇယားများ အလွန်မြင့်တက်နေမှုကို ထိန်းချုပ်လို၍ ဆွေးနွေးရန် လာကြောင်း ပြောသည့်အခါ ကိန်းစ်ပို၍ မျက်လုံးပြူးအံ့ဩသွားသည်။

သိမ်းနှင့်ချီလှူဒါန်းနိုင်သည့် လူမျိုးလည်းဖြစ်သေးရဲ့၊ မီးဖိုချောင်ဗေဒကွန်တို ထိန်းချုပ်ရေးလည်း ပြောသေးရဲ့၊ ရေ့စကားနောက်စကား မညီဟု ကျွန်ုပ်ကို ပြန်လည်ဝေဖန်သည်။

ကျွန်ုပ်က ကျွန်ုပ်တို့လူမျိုးသည် နမြောတွန့်တိုမှုမရှိ၊ ကိုယ်မှာ စားစရာမရှိသည်ဖြစ်စေ၊ နှစ်ကျပ်ရှိလျှင် တစ်ကျပ်ကို ခွဲလှူဖို့ဝန်မလေးသည်မှာ အမှန်ဖြစ်ကြောင်း ပြောသည့်အခါ ကိန်းစ် ခေါင်းတွင်တွင်ရမ်းတော့သည်။

နိဂုံးချုပ်၌ စီးပွားရေးကို နားမလည်သော သနားကြင်နာတတ်သည့် မြန်မာလူမျိုးတစ်ဦးနှင့် ဆက်လက်မဆွေးနွေးလိုဟုဆိုကာ ကျွန်ုပ်နှင့် ကိန်းစ်တို့ ဆွေးနွေးပွဲကြီး ပျက်ပြားခဲ့ရသည်။

ကျွန်ုပ်တွေ့ဆုံဆွေးနွေးဖြစ်ခဲ့သည့် ဒုတိယပုဂ္ဂိုလ်မှာ စီးပွားရေးပညာရှင် **ဂေါလ်ဘရိတ်သ်**ဖြစ်သည်။ သူနှင့်ကား သံတမန်အဆင့်မှ ကျော်လွန်ကာ အကြိတ်အနယ်ဆွေးနွေးဖြစ်ခဲ့ကြ၏။

ဂေါလ်ဘရိတ်သ်နှင့် ဆွေးနွေးချက်ကို ခြုံငုံသုံးသပ်၍ နိဂုံးချုပ်လိုက်သောအခါ –

ငွေကြေးကို အလွန်မြှောက်စား အရေးထား၍ မေတ္တာတရားကို အထင်သေးသော ဂေါလ်ဘရိတ်သ်နှင့် ကျွန်ုပ်ကား ဘယ်လိုမှ ဆက်ဆွေးနွေးရန် မဖြစ်တော့သည့် အခြေရောက်လာ၏။

သို့သော် ဂေါလ်ဘရိတ်သ်သည် ကိန်းစ်နှင့်စာလျှင် အလွန်စိတ်ရှည်ပါ၏။

ဆိုမာလီအငတ်ဘေး၊

အိန္ဒိယငလျင်ဘေး၊ မိမိကိုယ်မှ ကျောက်ကပ်ထုတ်ရောင်းစားနေရသူများ။

အာဖရိကပြဿနာ၊ ဘော့စနီးယားကိစ္စ၊ ရုရှ၏ပလူတိုနီယံ ရောင်းစားမှုပြဿနာ စသည်စသည်ဖြင့် နိုင်ငံတကာပြဿနာများ အကြောင်းကျယ်ပြန့်လာကာ လိုရင်းမရောက်နိုင်ဘဲရှိခဲ့၏။

"မေတ္တာတရားနှင့် တန်းတူထားနိုင်သော ငွေကြေး"ဟု ဆိုခဲ့သော သူ့အဆိုသည် စီးပွားရေးပညာရှင်တစ်ဦးအနေဖြင့် အလိုက်လျောနိုင်ဆုံးဖြစ်ကြောင်း နောက်ဆုံးတွေ့ရှိချက်အရ စီးပွားရေးလုပ်ငန်းတွင် မေတ္တာတရားဟူသည် မရှိကြောင်းအထိ သူဆက်လက်တင်ပြလာ၏။

ထိုအမြင့်ဆုံးပွိုင့်၌ **ဂေါလ်ဘရိတ်သ်**နှင့် ကျွန်ုပ်တို့ ဆွေးနွေးမှုကို ရပ်တန့်လိုက်သည်။ ဂေါလ်ဘရိတ်သ်သည် ကျွန်ုပ်အား မေးခွန်းတစ်ခု မေးခဲ့၏။

"ဦးမော့လာသည့် မြန်မာ့စီးပွားရေး၌ သင်တင်ပြသည့် မေတ္တာတရား ဘယ်ထောင့်မှာ ကပ်ပါပါသလဲ" ဟူသည့် မေးခွန်းဖြစ်သည်။

ဂေါလ်ဘရိပ်သ်၏ ထိုမေးခွန်းကို ကျွန်ုပ်သည် ဘာကစ၍ ဘယ်လို ဖြေဆိုရမှန်းမသိ။ ထို့ကြောင့် ရက်သတ္တပတ်နှစ်ပတ်မျှ ခွာ၍ ချိန်းဆိုခဲ့ရသည်။ ထိုနှစ်ပတ်အတွင်း၌ ကျွန်ုပ်သည် ကျွန်ုပ်တို့၏ ဘိုးဘွားအမွေဖြစ်သော မှန်နန်း ရာဇဝင်တော်ကြီးကို ပြန်လေ့လာမိ၏။

မြန်မာတို့သည် မေတ္တာတရား အရင်းခံရှိသူမှန်သော်ငြား စီးပွားရေး အမြင် ကြွယ်ဝသူများ ဟုတ် မဟုတ်။ 'သမာအာဇီဝ'ဟူသော မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကို အလေးအမြတ်ထားသော ရှေးဘိုးဘွားတို့၏ စီးပွားရေးအနေ အထား။ ထိုအချက်များကို အလေးထား၍ မှန်နန်းကို လှန်သည့်အခါ-

"ရွှေတွင်း ငွေတွင်း၊ ပယင်းတွင်း၊ ပတ္တမြားဆိုဘဲ၊ ပုလဲ၊ သန္တာ၊ နီလာစိန်ကျောက် စသော အနဂ္ဃဥစ္စာ ရတနာမျိုးများသခင်၊ ရဟတ်စကြာ ကျွန်းလေးဖြာကို အာဏာလွှမ်းပတ်၊ တန်ခိုးလွတ်သော သက်ဦးဆံပိုင် ဧကရာဇ်ဘုရင် ဆဒ္ဒန်ဆင်မင်းသခင်"

ကျွန်ုပ်သည် ထိုစာပိုဒ်ကို ဖတ်မိသည့်အခါ လျှမ်းလျှမ်းတက်လာ သော ဂုဏ်မာနမျက်နှာထားဖြင့် မှန်နန်းကိုကိုင်၍ "ငါကွ" ဟု ထအော်ကာ ခါးတောင်းကျိုက်မည်ပြု၏။

အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုသကဲ့သို့ ကျွန်ုပ်ရှေ့၌ ပုဂ္ဂိုလ် တစ်ဦး မားမားမတ်မတ်ပေါ်လာသည်။ ယောအတွင်းဝန် ရွှေပြည်ဝန်ကြီး အမတ်ကြီးဦးဘိုးလှိုင်ဖြစ်၏။ မိမိလေးစားကြည်ညိုစေသော ပုဂ္ဂိုလ်တစ်ဦး ဖြစ် နေသဖြင့် "ကြွပါမင်းကြီး" ဟု နေရာပေးမိသည်။

ယောအတွင်းဝန်က "ကျွန်ုပ်နှင့် ဂေါလ်ဘရိပ်သ်၏ ဆွေးနွေးပွဲ သတင်းဂယက်ကိုကြားကြောင်း၊ တစ်ချိန်၌ မိမိအကူအညီလိုလိမ့်မည်ဟု ယူဆသဖြင့် ကူညီရန်လာခဲ့ကြောင်း၊ သို့သော် ယခုတွေ့ရသည်မှာ ကျွန်ုပ် လမ်းချော်နေကြောင်း" ဆိုင်းမဆင့် ဗုံမဆင့်ပြောပါလေတော့သည်။

ကျွန်ုပ်က မှန်နန်းကိုကိုင်၍ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ၊ ရတနာ ခုနစ်ပါး စသည်ဖြင့် ကျွန်ုပ်တို့သည် ရှေးရှေးကတည်းက ကြွယ် ဝသည့်လူမျိုးဖြစ်ကြောင်း၊ ဇာတိပုညာ၊ ဂုဏ်မာနဖြင့် ရင်ကော့သည့်အခါ ယောအတွင်းဝန်က ခပ်တွေတွေပြုံးသည်။

ဦးဘိုးလှိုင် ထိုသို့ပြုံးသည်ကို ကျွန်ုပ်မခံနိုင်။ ကိန်းစိန်နှင့်ဆွေးနွေးပွဲ ပျက်သည်မှာ မထောင်းသာ။ မေတ္တာတရားကို အဆင့်နိမ့်သော ဂေါလ်ဘရိပ်သ် နှင့် မျက်မှောက်ရေးရာ ဆွေးနွေးပွဲမဆက်ဖြစ်လျှင်လည်း အကြောင်းမဟုတ်။

သို့သော် ကျွန်ုပ်ကြည်ညိုလေးစားသော ယောအတွင်းဝန်၏ သရော်ပြုံးနှင့် ရင်ဆိုင်ရသည့်အခါတွင်တော့ ကျွန်ုပ် နာလည်းနာ၊ ရှက်လည်းရှက်။

မင်းကြီးက ကျွန်ုပ်အဖြစ်ကို ချက်ချင်းသိသည်။ ရှေ့လောမကြီး ပါနှင့်၊ ရှေးရှေး မဟာသမ္မတမင်းတို့ ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုတ္တာ၊ ရတနာ ခုနစ်ပါးတို့ ကြွယ်ဝသည်မှာ မှန်ပါသည်။ သို့သော် . . . . "မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်လို့" ဟု စကားတစ်ပိုင်းဖြတ်ကာ ရပ်သည်။

ကျွန်ုပ်လည်း ပါးစပ်အဟောင်းသား ဖြစ်သွားမိ၏။ ထို့နောက် ယောအတွင်းဝန်နှင့် ကျွန်ုပ်တို့ မှန်နန်း၏ စီးပွားရေးဝိနည်းအကြောင်း တို့ကို ဆက်ဆွေးနွေးဖြစ်ကြသည်။ ပြီးမှ ဦးဘိုးလှိုင်က သူ့အတွေ့အကြုံတစ်ရပ်ကို ပြောပြသည်။ အထူးသဖြင့် သူ၏ 'ရာဇဓမ္မသင်္ဂဟကျမ်း' အကြောင်း အရင်း ခံသည်။

သင်္ဂဟတရားလေးပါးအကြောင်း ဆက်လက်ဆွေးနွေးကြပြီး ကုန်သည် လယ်လုပ်တို့ အကူးအသန်း အလုပ်အဆောင်အားကြီးအောင် မစ ကြည့်ရှုရမည်ဖြစ်ကြောင်း သို့မှ နိုင်ငံကြီးပွားမည့်ဖြစ်ကြောင်း ဦးဘိုးလှိုင်က ပြောပြသည်။ မင်းကြီးနှင့်ဆွေးနွေးရာတွင် ကျွန်ုပ်သည် အားတက်သရော ဖြစ်လာ သည်။ ယောအတွင်းဝန်၏ နိုင်ငံအပေါ် စေတနာကိုလည်း ပိုမိုသိမြင် လာသလိုရှိ၏။

"သိပ်လည်းအားမတက်နဲ့ဦး– မောင်ရင်၊ သီပေါဘုရင်လက်ထက် မှာ ဘုရင်ကအစ မောင်းမ၊ မိဿံ၊ ခြွေရံသင်းပင်း၊ မင်းမှုထမ်းများအဆုံး လစာ ချေတာယူဖို့ လျှောက်ခဲ့လို့။

'ရှင်ဘုရင်လုပ်ရတာ လှိုင်ပေးသစွေ့နဲ့ စားရမှာတဲ့လား၊ ဒီလိုဖြင့် ရှင်ဘုရင်တောင်မလုပ်ချင်တော့ဘူး' ဆိုပြီး စုဖုရားအထင်မှားတောင် ခံခဲ့ရပါ ရောလားကွယ်ရို့ . . ."

ယောမင်းကြီး ပြန်ကြွသွားသောအခါ ကျွန်ုပ်ရင်သည် လှုပ်ခတ်ကျန် ခဲ့၏။ နိုင်ငံအပေါ် စေတနာထားသူ၊ နိုင်ငံကြွယ်ဝအောင် ဆောင်ရွက်လို သူသည် အထင်မှားခြင်းသာ အဖတ်တင်ခံရပါကလား ... ဟု တွေးတောမိရင်း ဂေါလ်ဘရိုပ်သ်နှင့် ရက်ချိန်းကို ပြန်သတိရမိ၍ တွက်ကြည့်သည့်အခါ ကျွန်ုပ် ဘက်က ရက်ချိန်းကျော် လွန်သွားခဲ့သည်။

ကိုယ့်ဘက်က ရက်ချိန်းလွန်သဖြင့် ကတိမတည်သည့် လူမျိုးဟု မှချ ကျွန်ုပ်ကို ရှုတ်ချပေမည်ဟု နလုံးမသာ ဖြစ်မိ၏။ ထို့ကြောင့် ယောမင်း ကြီး၏ အကြံပေးချက်အတိုင်း ကျွန်ုပ်နှင့် ဂေါလ်ဘရိုပ်သ် ဆွေးနွေးပွဲ၌ ကျွန်ုပ် ဖြေဆိုရမည့် ဂေါလ်ဘရိုပ်သ်၏ မေးခွန်းအား ယခုမျက်မှောက်ခေတ် စီးပွားရေး

အနေအထားအရ 'မေတ္တာ'အစား 'ရိုးသားမှု'ဟူသော စကားလုံးကို ပြောင်းလဲ သုံးစွဲရန် ကိုယ့်ဘက်က တစ်ထစ်လျှော့လိုက်ရ၏။

မြန်မာ့စီးပွားရေး ဦးဆောင်လာရေးဟူသော လမ်းကြောင်းတွင် 'မေတ္တာ' အစား"ရိုးသားမှု"စကားလုံး အစားထိုးရေးကိုပင် ဂေါလ်ဘရိုက်သ် လက်ခံသည် ဆိုပါက မြန်မာလူမျိုးတစ်ဦးအနေဖြင့် မောင်ရင် လက်ခမောင်းခတ်ပါဟု ယောအတွင်းဝန်က တိုးတိုးကျိတ်ကျိတ် အကြံပြုခဲ့ပေသည်။

✸

"စီးပွားရေးတွင် "ရိုးသားခြင်း" ဟူသော ဂုဏ်သည် တန်ဖိုးမဖြတ် နိုင်ကြောင်း . . ."ကျွန်ုပ်သည် ထိုအဆိုကို စီးပွားရေးပညာရှင် ဂေါလ်ဘရိုက်သ် ထံ ကြေးနန်းရိုက်လိုက်ပါသည်။

ဂေါလ်ဘရိုက်သ်ထံမှ ပြန်ကြားချက်ကို ရင်တမမ စောင့်ရင်းကပင် စီးပွားရေးပညာရှင် ဒေါက်တာဝီချောင်ဟူးနှင့် တွေ့ဆုံခဲ့ရလေသည်။

ဒေါက်တာဝီချောင်ဟူးသည် အမြင်ကျယ်သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ဟန်တူ၏။ စာနာစိတ်လည်း ရှိပုံရသည်။

ဂေါလ်ဘရိုက်သ်နှင့် ကျွန်ုပ်၏ စီးချင်းထိုးပွဲကို ကြိုဟ်တုသတင်းမှ အမြဲစောင့်နားထောင်သည်ဟု ဆိုသဖြင့် ကျွန်ုပ်အံ့အားသင့်ခဲ့ရသည်။

ဒေါက်တာဝီချောင်ဟူးက ဂေါလ်ဘရိုက်သ်ထံမှ ကျွန်ုပ်နှင့် ပတ်သက် သောမှတ်ချက်ကိုလည်း သယ်ဆောင်လာ၏။

"မြန်မာလူမျိုးတစ်ဦးနှင့် စီးပွားရေးအကြောင်း ဆွေးနွေးရသည်မှာ အားကြီးခက်ခဲကြောင်း" ဟူသတည်း။

သို့သော် ဒေါက်တာဝီချောင်ဟူးကား စိတ်မပျက်၊ ယခုလို စာသမား တစ်ဦး စီးပွားရေး၌ စိတ်ပါဝင်စားလာကာ နိုင်ငံတကာ စီးပွားရေးပညာရှင် များနှင့် တွေ့ဆုံကာ အချေအတင်ဆွေးနွေးမှုသည်ပင် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း ပြောဆိုသည့်အခါ ကျွန်ုပ်တို့၏ ဇာတိပုည ဂုဏ်မာနကလေး အုံကြွလာ သေး၏။ ယောအတွင်းဝန်၏ သရော်ပြုံးကို ပြန်လည် မြင်ယောင်မိသဖြင့်သာ မိမိကိုယ်ကို ထိန်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာဝီချောင်ဟူးက စီးပွားရေးအကြောင်း ဆွေးနွေးရာတွင် 'မေတ္တာတရား'အစား 'ရိုးသားမှု'ကို တစ်ထစ်လျှော့လာသည့်အတွက်လည်း ကျွန်ုပ်နှင့် ဆွေးနွေးမှာဖြစ်ကြောင်း ပလ္လင်ခံသည်။ သို့သော် 'စီးပွားရေးနှင့် စစ်ရေး'ဟု ထပ်တူပြု ပြောဆိုလာသောအခါ ကျွန်ုပ်ငယ်ထိပ် သို့ တက်ဆောင့် ၏။ ပြင်းထန်လွန်းလှပါကလားဟု ခံစားလိုက်ရသည်။

ကျွန်ုပ်ဘက်မှ မှန်နန်းရာဇဝင်တော်ကြီးကို ပြုစုခဲ့ကြသော ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိများ၊ ယောအတွင်းဝန်၊ ကျည်းကန်ရှင်ကြီး၊ ကန်တော်မင်းကျောင်းဆရာတော်၊ လောကီသိပ္ပံကြီးပွား လုပ်ဆောင်သင့်ကြောင်း သင်ကြားခဲ့သည့် ရှင်မဟာရဋ္ဌသာရအပါအဝင် အားလုံးသော ရှေးမြန်မာကြီးများ မားမားမတ်မတ် ရှိနေကြ၏။

ကျွန်ုပ်နှင့် ဒေါက်တာဝီချောင်ဟူးတို့၏ စီးပွားရေး ဆွေးနွေးပွဲကြီးသည် ပုဂ္ဂလိကအကျိုးစီးပွား မဟုတ်တော့မှန်း ကျွန်ုပ်သိရှိလာရသည်။

ဒေါက်တာဝီချောင်ဟူးကလည်း ပါးနပ်သည်။ ဇာတိပုည၊ ဂုဏ်မာနအရင်းခံလျှင် ကျွန်ုပ်တို့ဆွေးနွေးပွဲ အောင်မြင်မည် မဟုတ်ပါဟု ဆိုလာသည်။

ယောအတွင်းဝန်က သူလက်ခံကြောင်း ကျွန်ုပ်ကို ခေါင်းညိတ်ပြသည်။ အခြားပုဂ္ဂိုလ်များကား မျက်နှာထား တည်နေကြသည်။

ကျွန်ုပ်က ဒေါက်တာဝီချောင်ဟူးအား ကျွန်ုပ်တို့တွင် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဟူသော အဂတိတရားလေးပါးပြဋ္ဌာန်းချက်ရှိကြောင်း၊ ထိုအဂတိတရားလေးပါးကို မလိုက်စားဘဲ သမာသမတ်ရှိရကြောင်း ပြောပြသည့်အခါ ဒေါက်တာဝီချောင်ဟူး မျက်နှာသည် အလွန်တည်ကြည်၍ ကျွန်ုပ်အားလေးစားရိုသေမှု ပြုသည့်အနေဖြင့် ဦးခေါင်းဆတ် ဂါရဝပြု၏။ ဒေါက်တာဝီချောင်ဟူးက ယနေ့ နိုင်ငံတကာစီးပွားရေးသည် စစ်ရေးအသွင် ဆောင်လာကြောင်း၊ စစ်ရေးတွင်ပြောင်းလဲတတ်သကဲ့သို့ စီးပွားရေးအခြေအနေသည် တစ်သမတ်တည်းမရှိ ပြောင်းလဲတတ်ကြောင်း စစ်ရေး၌ ပြိုင်ဆိုင်မှု ရှိသကဲ့သို့ စီးပွားရေး၌လည်းရှိသည်။

- ပြိုင်ဆိုင်မှုနှင့်ပတ်သက်သော အပြောင်းအလဲ၊
- စားသုံးသူ၏အကြိုက် ဝယ်လိုအားအပြောင်းအလဲ၊
- နည်းပညာနှင့် တီထွင်မှုဆိုင်ရာ အပြောင်းအလဲ၊
- အစိုးရဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း အပြောင်းအလဲ၊
- လုပ်ငန်းနှင့်ဆက်နွယ်သော ဝန်းကျင်၊ ငွေကြေးသုံးစွဲမှု အခြေအနေ အပြောင်းအလဲ . . . . ၊

စသည်ဖြင့် စီးပွားရေးအခြေအနေသည် အကြီးအကျယ်ပြောင်းလဲတတ်သော သဘောရှိကြောင်း စတင်ဆွေးနွေးသည်။

ဒေါက်တာဝီချောင်ဟူးက ဤသို့စနစ်တကျ တင်ပြဆွေးနွေးလာသည့်အခါ ထိုအချက်များကို ကျွန်ုပ်လက်မခံ၍မရ။ တစ်ချက်ချင်း စိစစ်၍ လက်ခံလာရသည်။

ဤသို့ဖြင့် 'စီးပွားရေးနှင့်စစ်ရေး' သဘောတရားတို့တန်းတူ ပခုံးယှဉ်ဘက်ဖြစ်ကြောင်း လက်ခံလိုက်ရသည့်အခါ ကျွန်ုပ်တင်သည့် 'ရိုးသားမှုဂုဏ်'၏ အခန်းကဏ္ဍသည် မေးမှိန်လာသဖြင့် ကျွန်ုပ် နလုံးမသက်မသာ ဖြစ်သကဲ့သို့ ကျွန်ုပ်နောက်မှအားပေးကာ မားမားမတ်မတ် ရပ်နေကြသည့် ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဂ္ဂိုလ်တို့လည်း ကျွန်ုပ်နည်းတူပင် ခံစားကြရ လိမ့်မည်ဟု ခန့်မှန်းမိ၏။

သို့သော် ကျွန်ုပ်အား အားမလျှော့ရန်၊ စီးပွားရေးနှင့် စစ်ရေးသဘော တရားကို ဆက်လက်ဆွေးနွေးရန် အားပေးတိုက်တွန်းနေသူမှာ ယောမင်းကြီး ပင်ဖြစ်သည်။

စီးပွားရေးနှင့်စစ်ရေးသဘောတရားကို ဆက်လက်ဆွေးနွေး မည်ဟု ကျွန်ုပ်လက်ခံသဘောတူလိုက်သည်နှင့် 'သမ္မာအာဇီဝ'အရင်းခံချက်ကို ထိပါး လာတော့မည်။ 'စစ်'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပြဿနာများကို လက်နက် ဖြင့်ဖြေရှင်းသည့် အမြင့်ဆုံးသဏ္ဍာန်ဖြစ်သည်။ စစ်ဆိုသည်မှာ စလုံးကို စလုံး သတ်ရသည့်ပွဲ ဖြစ်သည်ဆို၍ ကျွန်ုပ်ကို အားပေးခဲ့ကြသည့် ရဟန်းပညာရှိ ပုဂ္ဂိုလ်များ ဖယ်ကြဉ်သွားကြ၏။

ယောမင်းကြီး ဦးဘိုးလှိုင်ကတော့ မားမားမတ်မတ် ရပ်တည်ဆဲ၊ အားပေးသူနည်းလျှင် ကျွန်ုပ်အားလျော့မည်ဟုဆိုကာ ယောမင်းကြီးသည် အင်အားဖြည့်တင်းလိုက်၏။ မြဝတီမင်းကြီးဦးစ၊ စစ်သူကြီးမဟာဗန္ဓုလ၊ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံတို့ပါလာ၏။ ထိုပုဂ္ဂိုလ်ကြီးများအား မေတ္တာရပ်ခံ၍ ပင့်ဆောင်ခဲ့ရကြောင်း ဒါတောင်စာဆိုတော်နဝဒေးကြီးနှင့် နတ် သျှင်နောင်တို့က လိုက်ပါချင်ကြကြောင်း၊ မလိုအပ်သေးသဖြင့် စာဆိုကြီးများ အား ဒုက္ခမပေးလိုဟု တောင်းပန်ခဲ့ရကြောင်း ယောမင်းကြီးက ပြောပြ၏။

ထိုသို့ကိုယ့်ဘက်က ပရိသတ်အင်အား တောင့်တင်းလာသည့် အပြင် တကာယ်နိုင်ငံသိ၊ ကမ္ဘာသိ၊ အတိုင်းတိုင်းအပြည်ပြည်က လေးစားသည့် ပုဂ္ဂိုလ် ကြီးများ ပါလာသဖြင့် ကျွန်ုပ်များစွာ အားတက်မိသည်မှာ ဖော်မပြတတ် တော့ပေ။

ထ၍ လက်ခမောင်းခတ်မည်ပင် ပြုမိသေး၏။ ယောမင်းကြီးက ကျွန်ုပ်ကိုထိန်းသည်။ မူလသဘောတူညီချက်ကို မမေ့ပါနှင့်။ ဇာတိပုည ဂုဏ် မာနကို မသုံးပါ။ အဂတိကင်းစေရပါမည်ဟု ဆွေးနွေးပွဲ သဘောတူညီချက်ကို လေးစားဖို့ သတိပေးပေ၏။

ထို့ကြောင့် ကျွန်ုပ်အားပင်တက်သော်လည်း ပြန်လည်၍ ကိုယ်ရှိန် သတ်လိုက်ရပါသည်။

ဒေါက်တာဝီချောင်ဟူးသည် ပါးနပ်သူဖြစ်၏။ ကျွန်ုပ်ဘက်မှ ပရိသတ် အပြောင်းအလဲကို အတိအကျ မသိသော်လည်း အပြောင်းအလဲ ရှိလာကြောင်းကိုမူ သူရိပ်မိပုံရသည်။

စီးပွားရေး၌လည်းကောင်း၊ စစ်ရေး၌လည်းကောင်း တစ်သမတ်တည်း တရားသေမရှိ၊ ပြောင်းလဲတတ်သော သဘောအခြေအနေရှိနေကြောင်းကို နှစ်ဦးလက်ခံပြီးဖြစ်၍ ကျွန်ုပ်ဘက်မှ ပရိသတ်အပြောင်းအလဲကို ရိပ်ပင်ရိပ်မိသော်လည်း တစ်စုံတစ်ရာ ကန့်ကွက်ခြင်း မပြုခဲ့ပေ။

ကမ္ဘာ့ဘောလုံးပွဲတွင် နိုင်ငံတကာပရိသတ်ကြီး စိတ်ဝင်စားကြသကဲ့သို့ ကျွန်ုပ်နှင့် ဒေါက်တာဝီချောင်ဟူးတို့၏ ဆွေးနွေးပွဲကိုလည်း နိုင်ငံတကာပရိသတ်က စောင့်ကြည့်နေကြကြောင်း ကျွန်ုပ်တို့၏ ပရိသတ် အပြောင်းအလဲမှစ၍ ကျွန်ုပ်တို့ ပြောဆိုဆွေးနွေးမှု စကားလုံးလေး တစ်လုံးမှအစ ကမ္ဘာပရိသတ်က နားစွင့်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တင်ပြသည့် 'ရိုးသားမှုဂုဏ်' သည် ကမ္ဘာ့ပရိသတ်အလယ်၌ ဝင့်ထည်မည် ဖြစ်ကြောင်း ဒေါက်တာဝီချောင်ဟူး ပြောလာသည့်အခါ ကျွန်ုပ်အံ့အား သင့်ရတော့သည်။ အူကြွချင်ချင်လည်း ဖြစ်လာပြန်၏။

ယောမင်းကြီးက ထိန်းသည်။ ဒေါက်တာဝီချောင်ဟူးသည် ကျွန်ုပ်ဘက်မှ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်ကြီးများ ပါဝင်လာမှုကြောင့်ပရိသတ်အင်အား ကြီးမားလာသဖြင့် သူ့ဘက်မှမဲသာရန် တစ်နည်းအားဖြင့် ပရိသတ်ကို စည်းရုံးလိုက်ခြင်းပင်ဖြစ်ကြောင်း ကျွန်ုပ်သဘောပေါက်မိ၏။ ဒါကြောင့်လည်း စီးပွားရေးပညာရှင် ဖြစ်ပေတာပဲ။ စီးပွားရေး၌ မိမိဘက်ပါအောင် မိမိကုန်စွဲအောင် ပရိသတ်အား စည်းရုံးနိုင်မှုသည် အရေးပါသည် မဟုတ်ပါလား။ သူတင်ပြချက်သည် ပရိသတ်အား ဒိုင်လူကြီးအနေဖြင့်ထား၍ ဦးတည်ထားသဖြင့် ကျွန်ုပ်အသိအမှတ်ပြုကြောင်း ကြီးမားသောဏ္ဍွေဖြင့် ကျွန်ုပ် ခေါင်းဆတ်ပြလိုက်ရပေသည်။

အမှန်ပြောရလျှင် စီးပွားရေးနှင့်စစ်ရေး ပခုံးယှဉ် သဘောတရားကြောင့် 'ရိုးသားမှုဂုဏ်' ပျောက်ဆုံးတော့မည်လောဟု စိုးရိမ်နေခိုက် ရိုးသားမှုဂုဏ်ကို ပြန်လည်အမွှမ်းတင်လာသည့်အခါ ကျွန်ုပ်မှာ လက်ခမောင်းသင်ထခတ်ချင်ချင် ဖြစ်လာတော့သည်။ ယောမင်းကြီးက အစဉ်သတိပေးနေ၏။ ဒေါက်တာဝီချောင်ဟူးကို လျှော့မတွက်ပါနှင့်၊ ရှေ့တစ်လှမ်းတိုးချင်၍ နောက်နှစ်လမ်းဆုတ်ခြင်း ဖြစ်မည်ဟု သတိပေး၏။

"ဒေါက်တာဝီချောင်ဟူး 'ရိုးသားခြင်းဂုဏ်'၏ ကဏ္ဍကို ဘယ်လိုမြင်ပါသလဲ၊ လက်ခံ၊ မခံ" ကျွန်ုပ်ရှင်းလင်းစွာပင် ပြန်လည်မေးခွန်းထုတ်လိုက်၏။

ဒေါက်တာစီချောင်ဟူးက ကျွန်ုပ်ဘက်မှ မြဝတီမင်းကြီးဦးစ စသော ပုဂ္ဂိုလ်ကြီးများ အားပေးကြသည်ကို သိ၍လား မသိ၊ သူ၏ တင်ပြချက် စီးပွားရေးသဘောတရားကို တရုတ်စစ်ပညာရှင်ကြီး 'ဆွန်ဇူး'၏ 'စစ်ပညာ' ကျမ်းကို အရင်းခံပြု၍ သူ၏ သဘောတရားကို တင်ပြလာသည်။

စီးပွားရေး၌ ဆောင်ရန် ရှောင်ရန်တို့ ရှိကြကြောင်း၊ ပထမ စစ်ရေးကို တင်ပြလိုကြောင်း၊ ဆောင်ရန်အချက်တို့တွင် –

(၁) စစ်တိုက်ရာ၌ သတိရှိမှု
(၂) စစ်ပွဲ၌ ရဲစွမ်းသတ္တိရှိမှု
(၃) စိတ်ဓာတ်တည်ငြိမ်နိုင်ခံ့မှု
(၄) လက်တွေ့အကျိုးအပေါ် အခြေခံ၍ ဆုံးဖြတ်ချက် ချနိုင်မှု
(၅) ရိုးသားဖြောင့်မတ်မှု

စသဖြင့်တင်ပြ၏။

ထိုအချက် ငါးချက်တွင် နံပါတ်ငါးအချက်သည် ရိုးသားဖြောင့်မတ်ခြင်းဖြစ်၍ သင်၏တင်ပြချက်ကို အစိတ်အပိုင်းလေးတစ်ခုအဖြစ် လက်ခံနိုင်ပါသည်ဟုဆို၏။ "စစ်ရေး၌ ရိုးသားဖြောင့်မတ်ခြင်းဟူသည် ရှိပါသလော"ဟု ကျွန်ုပ် ပြန်လည်မေးခွန်းထုတ်လိုက်၏။

ကျွန်ုပ်၏မေးခွန်းကို ရုတ်တရက်ကြားလိုက်ရသည့်အခါ ဒေါက်တာစီချောင်ဟူး အံ့အားသင့်သွားသည်။ ဤသို့သော မြားတစ်စင်း လာလိမ့်မည်ဟု သူထင်ထားပုံမရ။ သူခေတ္တငိုင်သွားခိုက် ကျွန်ုပ်၏ ရာဇဝင် ဗဟုသုတများကို ခင်းကျင်းပြမိ၏။ (ကြွားဝါသည်ဟု မထင်မှတ်စေလိုပါ၊ ကျွန်ုပ်တို့သည် ကြွားဝါတတ်သူများမဟုတ်ပါ။)

မင်းခေါင်နှင့် ရာဇာဓိရာဇ်တို့ စစ်ခင်းကြသော ရာဇာဓိရာဇ်အရေးတော်ပုံနှင့် မင်းနှစ်ပါး မီးမသေရေမနောက်ညီညွတ်ရန် သစ္စာပြု အချိန်းအချက်လုပ်ကြရာ၊ ရာဇာဓိရာဇ်ဘက်မှ အမတ်ကြီး မြင်စိုင်းစည်သူ၊ အမတ်ငယ် သတိုးစသည်ဖြင့် တစ်ဖက် ၃၀ သစ္စာပြုကြမည်ဟု ပန်းကျော်ချောင်းသို့ သက်ကြ၏။ တစ်ယောက်ချင်း ၃၀ သားသွားကြ၏။ အငယ် လဂွန်းအိမ်နှင့် သတိုး အဖက်ပြု၏။ လဂွန်းအိမ်က လက်ခွင်၊ သတိုးက ပေါင်ခွင်၊ နှစ်ယောက်နီးလျှင် သတိုးက "ယခုပြုမည့်သစ္စာ မှန်သလော"ဟု မေးရာ လဂွန်းအိမ်က "စစ်တွင်းကို သစ္စာမှန်ဖူးသလော"ဟုပြော၍ ထိုပွဲ ပျက်သွားခဲ့ကြောင်း ကျွန်ုပ်ကတင်ပြသည်။

ဒေါက်တာစီချောင်ဟူး ခေါင်းကုတ်၏။ စစ်၌ ရိုးသားမှုမရှိ ဆိုသည်မှာ မှန်ပါသည်။ သို့သော် သူတင်ပြသည့် နံပါတ် ၅ အချက်သည် စစ်သူကြီးတစ်ဦးရှိရမည့် အရည်အချင်းဖြစ်ကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြရာ၏။

ကျွန်ုပ်ကလည်း စစ်ရေး၌ ဘက် နှစ်ဘက် ရှိကြောင်း၊ မိမိ ပြိုင်ဘက်အပေါ်သဘောထားနှင့် စစ်သူကြီး၏ အရည်အချင်းကို ခွဲခြမ်း စိတ်ဖြာ၍ ရှင်းစေလိုကြောင်း။

ဒေါက်တာဝီချောင်ဟူး ထပ်မံခေါင်းကုတ်ပြန်၏။ ခပ်လှမ်းလှမ်းကို မျှော်ကြည့်ဟန်ပြု၏။ စစ်ပညာရှင်ကြီး 'ဆွန်ဇူး'ကို အကူအညီ တောင်းပန်ဟန်ဖြစ်၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်ဘက်သို့ ပြန်ကြည့်ရာ စစ်သူကြီး မဟာဗန္ဓုလသည် လက်ပိုက်ကာ ခပ်ခန့်ခန့်ရပ်နေ၏။ လက်ဝဲသုန္ဒရ အမတ်ကြီးက ဘာမျှမပူနှင့်ဟူသော အမူအရာဖြင့် 'နန္ဒီသေနပျို့' 'သေနင်္ဂ ဗျူဟာပျို့' 'ဗျူဟာစက္ကိပျို့'များကို မြှောက်ပြနေသည်။ ကျွန်ုပ်နားထဲ၌ "မြန်မာပြည်သား၊ မြန်မာပြည်သား" ဟူသော အားပေးသံများ ကြားနေရသည်။

ကျွန်ုပ်နှင့် ဒေါက်တာဝီချောင်ဟူး၏ ဆွေးနွေးပွဲအခြေအနေသည် တစ်စထက်တစ်စ မြင့်မားလာပြီဟု ယူဆမိ၏။ စီးပွားရေးသဘောတရားဆီမရောက်ခင် စစ်ရေးသဘောတရား၌ပင် ပြဿနာတက်နေတော့သည်။

ဆွေးနွေးပွဲအချိန်ကာလသည် ကြာညောင်းလာပြီ ဖြစ်သဖြင့် နိုင်ငံတကာ အာရုံစိုက်နေသည့်ကြားထဲ၌ပင် ကျွန်ုပ်နှင့် စီးပွားရေးပညာရှင် ဒေါက်တာဝီချောင်ဟူးတို့၏ ဆွေးနွေးပွဲကို ထပ်မံရွှေ့ဆိုင်းလိုက်ရပါသည်။

ကျွန်ုပ်နှင့် ဒေါက်တာဝီချောင်ဟူးတို့၏ စီးပွားရေးသဘောတရား နှီးနှောဖလှယ်ပွဲကြီးသည် တက်သာဆုတ်သာ အခြေအနေသို့ ရောက်ရှိနေသည်။ ဤအခြေအနေ၌ပင် အနိုင်နှင့်ပိုင်းကာ ရပ်ဆိုင်းလိုက်ရမလားဟု မြန်မာပီပီ စဉ်းစားမိသေး၏။

ကျွန်ုပ်တင်ခဲ့သော "စီးပွားရေးတွင် မေတ္တာထားရေး" သည် တစ်ထစ် လျှော့လိုက်ရကာ 'ရိုးသားခြင်း' သို့ပြောင်းခဲ့ရသည်။ ယခုအခြေ အနေအရ ကျွန်ုပ်၏အဆိုဘက်မှ သိပ်အားမရှိလှ။ "စီးပွားရေးတွင် ရိုးသားခြင်းဂုဏ်၏ နေရာသည် ရှိပါမည်လား" ကျွန်ုပ်၏အဆိုကို ကျွန်ုပ် ပြန်သံသယရှိလာသည်။

ထိုသံသယဖြင့်ပင် ကျွန်ုပ်တို့၏ စီးပွားရေးဆွေးနွေးပွဲကြီးကို ဆက်ရလိမ့်မည်ဟု ယူဆမိပါတော့သည်။

❋

**၁။ ဘောဂဗေဒ လက်ရွေးစင်(မောင်စူးစမ်း)**
**၂။ စီးပွားရေးနှင့် စစ်ရေးဗျူဟာ(နန္ဒသိန်းဇံ)**
**(ခံပယ်ဖြူမဂ္ဂဇင်း၊ ၁၉၉၅ ခု၊ ဖေဖေါ်ဝါရီလ)**

# ဗျာပါဆံကလေးနှင့်သူငယ်တော်

[၁]

"ခြေကလေးက ကား . . . ကား
လက်ကလေးက ကား . . . ကား
ရွှေခြေချင်းကလေးနဲ့ သူကကြွား . . .။
ပါးကလေးက ပူ . . . ပူ
အသားကလေးက ဖြူ . . . ဖြူ
ဗိုက်ကလေးက စူ . . . စူ
အလိုဗျာ ဖိုးဝရုပ်ကလေး . . . နဲ့တူ . . ."

နိုင်ငံကျော်ရှာစား စိန်စတင်း၏ ဆိုင်းဧည့်ခံဖျော်ဖြေပွဲကို အင်းစိန် အနေးယာဥ်လုပ်သားများ၏ ဘုံကထိန် အလှူပွဲတစ်ခုတွင် တစ်ခါက နားထောင်လိုက်ရသည်။ ထိုအခါက ရှာစားစိန်စတင်း၏ ပုံဟန်ကို ဖိုးဝရုပ်ကလေးနှင့် နှိုင်း၍ အဆိုတော်ကြီးဦးပြေဟန်က သီဆိုထားခြင်းဖြစ်သည်။ အဆိုနှင့်အတီး ဆိုဟန်တီးဟန် တစ်ပြန်တစ်လှည့်စီ။ ဆိုင်းအထာနှင့် အဆိုအထာ အပေးအယူ အချိတ်အဆက် ချက်ကျလက်ကျရှိလှသည်။ နားထောင်လို့မငြီး . . .။

ကျွန်တော်တို့ ငယ်ငယ်ကပင် ရင်းနှီးခဲ့ချစ်ခင်ခဲ့သည့် ဖိုးဝရုပ်ကလေး။ ဗျာပါဆံကလေးက တစ်ဖက်တစ်ဆုပ်။

ပြုံးချိုချိုမျက်နှာပေးလေးနှင့် ဝိုင်းစက်စက် မျက်နှာပေါ်က ပါးဖောင်းဖောင်းကလေးနှစ်ဖက်ပေါ်မှာ ရှုမဝနိုင်သည့် ပါးကွက်ကျားကလေးက တစ်ဖက်တစ်ခု။ မျက်လုံးကလေးက ဝင်းလို့၊ မျက်ခုံးကလေးက ထင်းလို့၊ လက်ကောက်

ကလေးကလည်း တစ်ဖက်တစ်ကွင်း၊ ခြေကျင်းက လေးကလည်း တစ်ဖက်တစ်ချင်း၊ ဒေါ်လာပြားဝိုင်းဝိုင်း အကွင်းကြီးက လည်ပင်းမှာ ဆွဲလို့၊ ကြိုးကြီးချိတ်တောင်ရှည်ပုဆိုး ခါးတောင်းကျိုက်လိုက် လို့ . . . ။ ကျားကျားလျားလျားလည်းရှိ၊ ကလေးငယ်၏ သန့်စင်သော အပြုံးကလေးနှင့် ပကတိချစ်ရော့အပြည့် . . . ။ ကလေးတို့ရဲ့အချစ်တော် ဖိုးဝရုပ်ကလေး . . .။

သူနှင့်ငယ်စဉ်ကပင် တရင်းတနှီးရှိခဲ့ရသည်။

ကျွန်တော့်ဦးလေးကြီးသည် ဆယ့်နှစ်ပွဲဈေးသည်တစ်ဦး ဖြစ်၏။ ကျောင်းပွဲ၊ ဘုရားပွဲ၊ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ဘုန်းကြီးပျံပွဲ၊ မယ်တော်ပျံ၊ ဘတော်ပျံ၊ ဘောလုံးနိုင်အောင်ပွဲ၊ ပြည်ထောင်စုပွဲ၊ ရာသီစွင်လှည့်လည်လျက် ပွဲဈေးထွက်မြဲ . . . . ။

ဦးလေးကြီး၏ အဓိကရောင်းကုန်မှာ ကလေးကစားစရာ ရိုးရာအရုပ်ကလေးများဖြစ်၏။ နွားရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ခါးကွက်ရုပ်၊ ဖိုးဝရုပ်၊ ဗန္ဓုလဦးထုပ်၊ မျက်နှာဖုံးစွပ်အရုပ်၊ စသည်ဖြင့် ကလေးတို့လိုချင်စရာ မျက်စိ ကျစရာ အရုပ်ကြီး၊ အရုပ်ကလေး စုံတကာနေ့နေတော့သည်။ ဦးလေးကြီးမှာ ကလေးတွေကိုလည်း ချစ်တတ်သည်။ ကလေးကစားစရာ လေးတွေကိုလည်း ပုံစံထုတ်၊ စက္ကူကော်ကပ်၊ ရုပ်လုံးဖော်၊ နေလှန်း၊ ဆေး ခြယ်စသဖြင့် . . . သူ့လုပ်ငန်းများ ဇယ်စက်နေသည်။

အခြားကလေးများ ရောင်းကွက်ဈေးခင်းကျမှ မြင်ရသော အရုပ်ကလေးများကို ဈေးခင်းမရောက်ခင် သန္ဓေတည်နေစဉ်၊ အစပြု ပြုလုပ်စဉ်ကတည်းမှ ကျွန်တော်ထိတွေ့ခွင့်ရခဲ့သည်။

ကျွန်တော်ချစ်သော ဖိုးဝရုပ်ကလေးကို ပုဆိုးအင်္ကျီမဆင်ခင် ဗလာကိုယ်ထီးဘဝကပင် ကျွန်တော်ရင်းနှီးခဲ့ပါသည်။

ဖိုးဝရုပ်ကလေး ဆေးခြယ်သကာ ပါးကွက်ကလေးနှင့် နှုတ်ခမ်းနီနှင့် မျက်ခုံးထင်းထင်းကလေးနှင့် ပိုးလည်တွန့်အင်္ကျီကလေးနှင့် လှတပတ ပွဲခင်းဆီပါသွားတော့လည်း . . . သူနှင့်အတူ ကျွန်တော်ပါခဲ့သပေါ့ . . . ။

ဖိုးဝရုပ်ကလေးရဲ့အလှကိုလည်း ဈေးခင်းသူ ဦးလေးကြီးထက် ဘယ်တယ အတူနေ-ဘဝချင်းလည်းဖြစ်သည့် ဖိုးဝအချစ်တော် ကျွန်တော်ကပိုမြင်ခဲ့သပေါ့ . . . ။

[၂]

"ရွှေလရယ်သာသာ . . . ငွေလရယ်သာသာ . . .
ဘုရား၁ကာ . . . ဘယ်ကိုသွားတယ် . . .

ကျောင်းဒကာ . . . ဘယ်ကိုသွားတယ် . . .
အလို . . . ဆေးတံတိုနဲ့လား . . .
အလို . . . ဆေးတံတိုနဲ့လား . . . "

ကျွန်တော်အကြီးအကျယ် အံ့ဩမိတော့သည်။ ပွဲဈေးခင်းတွင် ကျွန်တော်နှင့်အတူ ရှိခဲ့သော ဖိုးဝရုပ်ကလေးသည် ဇာတ်စင်ပေါ်ရောက်နေပါပြီကော . . . ။

ဦးလေးကြီးကို ဈေးခင်းတွင်ထား၍ အဘွားနှင့်အတူ ပွဲကြည့်ရသောရက်များကို မှတ်မိနေသည်။ ထိုစဉ်က ဇန္နုလကျော်စိန်ဇာတ်ဟု ထင်သည်။

ကျွန်တော်ချစ်သော ဖိုးဝမှဖိုးဝအစစ်ဖြစ်ပါ၏။ ပွဲဈေးခင်းထဲက ဖိုးဝရုပ်ကလေးသည် ဇာတ်စင်ပေါ်၌ တစ်သွေးတစ်မွေးလှနေသည်။

ခေါင်းပေါ်တွင် စည်းကြက်တောင်နှစ်ဖက်နှင့်၊ သနပ်ခါးဘဲကျားကွက်(ဗေဒါကွက်)ကို ပါးနှစ်ဖက်လုံးနှင့် နဖူးတွင်ကွက်၍၊ စက,လက်တိုပိုးအင်္ကျီနှင့် ပုဆိုးခါးတောင်းကျိုက်လျက်ပင်။ လည်ပင်းတွင် ဒေါ်လာပြားအဝိုင်း၊ ရွှေဒင်္ဂါးပြားကြီးဆွဲလျက်၊ လက်ကောက် တစ်ဖက်တစ်ကွင်း။ ခြေချင်းကြီးကလည်း တဝင်းဝင်း . . . တစ်ဖက်စီ။

အဘွားက "သူငယ်တော်" ဟု ပြောပြ၏။

ပွဲဈေးခင်းထဲက 'ဖိုးဝရုပ်'ကလေးသည် ဇာတ်စင်ပေါ်တွင် သူငယ်တော်ဖြစ်နေပါပေါ့လား . . . ။

သူငယ်တော်ကလေးသည် လိုက်ကာတွင်းမှ လက်ညှိုးကလေးထောင်ကာ က,ရင်းပြေးထွက်လာသည်။ စည်းသုတ်ကလေးနှင့် က,ရင်း ပြေးထွက်လာပုံကလေးကို ယခုပင်မျက်စိထဲမြင်ယောင်နေမိပါသည်။ တီးချက်အချိုးဆုံးသည့်အခါ ဆိုင်းအဖွဲ့သားများက 'ရွှေလရယ်သာသာ' အစချီ သီချင်းကို ဆိုကြသည်။

သီချင်းအဆုံးတွင် အတောတစ်ခု၏ သီချင်းကို ဆိုင်းဖြင့်ပြန်ကောက်၍မတီးမီ နဲဆရာက အစိမ်စမ်းကြားဖြတ်မှုတ်လိုက်၏။ ပြီးမှ အဆိုမပါဘဲ သီချင်းကို ပြန်ကောက်တီးသည်။

သူငယ်တော်အက တီးချက်များ နားထဲကြားယောင်နေမိသည်။ ဝါးလတ်စည်းဖြင့် တီးချက်တစ်ခုကို နှစ်ကျော့ပြန်တီးပြီး အချိုးတစ်ခုကိုချိုးလိုက်သည်။ ပြီးလျှင် ဆိုင်းဝိုင်းထဲမှ အဖွဲ့သားတစ်ဦးက သံချပ်စ,တိုင်လိုက်သည်။

တိုင်။ ။ဘုန်းတော်ကြီးပါလို့ . . . (သက်တော်ရှည်)၊
ဖောက်။ ။တို့တစ်တွေ . . . (ရေချမ်းအိုးကြီး)၊

သံချပ်ပြီးဆိုင်းက ချီးပေးလိုက်ကာ မွန်သီချင်းတစ်ပုဒ် (စိန်ခြယ်ညီလင်း) တီးပြန်၏။ တေတျာသပ်ပြီး . . . .သံချပ်ဆက်တိုင် ပြန်၊ တီးချက်ချီးပြန်၊ မွန်သီချင်းတီးပြန်၊ သံချပ်တိုင်ပြန်နှင့် မြိုင်ဆိုင်လှ၊ နားဆင်မငြီးလှ၊ သူငယ်တော်အကကို ကြည့်၍မဝ၊ ရှု၍မဝဖြစ်ခဲ့ရသည်။

**ဆရာပန်းတျာမြင့်အောင်** ပြောပြခဲ့သည်တို့ကို အမှတ်ရမိပါသေးသည်။ သူငယ်တော်အကကို ကပြသူမှာ မင်းသားသင်စ အချိန်အရွယ်၊ အဝတ်အစားယဉ်ကျေးစေသည်။ ဇာတ်တွင် ရှင်ဘုရင်မထွက်မီ ကြိုထွက်ရသော အကကို ကပြရသော အစဉ်အလာရှိသည်။ ဇာတ်သဘင်တွင် မင်းသားအဖြစ်စ,သင်ရသော အက,တစ်မျိုးလည်းဖြစ်သည်။ ဘုရင်ထွက်လျှင် နေရာ အသင့်ရှိစေရန် အမှုထမ်းတို့အား ညွှန်ကြားပြသပေးသည့်သဘောဖြင့် လက်ညိုးညွှန်ကာ က,ပြရသည်ဟုဆိုသည်။

အရွယ်ရောက်စ ကလေးသူငယ်များသာ က,ပြရသဖြင့် 'သူငယ်တော်အက'ဟုခေါ်သည်။ သူ့အကတွင် အယိုင်က၊ အစိမ်က၊ ဗျောက၊ စည်တော်က၊ အပြောင်က၊ အဘိုးကြီးက စသောအကမျိုးများ ပါဝင်သဖြင့် ကြည့်ရသူလည်း ရွှင်မြူးနေသည်။ အာရုံတစ်မျိုးပြီးတစ်မျိုး လန်းဆန်းစေသည်။ သူငယ်တော်၏ နပျိုမှုသည် သူ့ကကြိုးကကွက်၊ တီးချက် တီးကွက်များနှင့် လိုက်ဖက်ကာ ကြည့်သူကိုလည်း နပျိုလန်းဆန်း စေသည်။

သူငယ်တော်သည် ကုန်းဘောင်ခေတ်ကစ၍ ဘုရင့်အချစ်တော် အမှုထမ်းကလေးဖြစ်သည်ဟု ပညာရှင်များက ဆိုကြသည်။

သူငယ်တော်အက တီးချက်အပြီးတွင် မောင်း၊ ကြေး၊ နဲ့က သီချင်းတစ်ပုဒ်တီးရာ ထိုသီချင်းဖြင့် ဆိုင်းဝိုင်ကြီးတီးချက်၊ ပတ်မကြီးတီးချက်၊ စည်တိုရိုက်ချက် စသည်ဖြင့် တစ်ဘာသာစီ (လေးဆိုင်းသံ)တီးကာ စမှတ်ခံပြီး ထွက်စည်ရှမ်းရင်း ဘုရင်ကိုကြိုတော့သည်။ လေးဆိုင်းတွင် 'ဘုံပျံနေနန်း ပတ်ပျိုး'မှ သီချင်းပိုဒ်ကို တီးတတ်ကြသည်ဟု **ဆရာပန်းတျာ မြင့်အောင်** ပြောပြချက်ကို မှတ်သားခဲ့ရဖူးသည်။

"သော်တာပေါ်လာ . . . ရောင်ဖြာယှက်ကွန့်

စကြာစုံစုံရွှေ . . . သီဝေ . . . မျှော်ကာ . . . "

မည်သို့ပင်ဖြစ်စေ . . .၊ ကျွန်တော့်အချစ်တော် ဖိုးဝလေးကို စင်ပေါ်တွင် သူငယ်တော်အဖြစ် တင့်တင့်တယ်တယ် မြင်ရ၍ ကျွန်တော်ပျော်ခဲ့ပါသည်။

[၃]

"သစ်ရိပ်ညိုမှ၊ စခန်းထသည့်
ရှင်ပြသာကြည်၊ ခရီးသည်လည်း
ဖြိုးစည်သစ်ပွား၊ စွမ်းအင်အားနှင့်
'ယောကျ်ားငါကိုယ်' မြွက်ဟဆို၍
မိုးကိုမျှော်မှန်း၊ ရှေ့ဆီလှမ်းသည် . . .
နှုတ်ခွန်းနှုတ်ခွန်း နှသို့ ဆက်မည်တည်း . . .။ ။

(မင်းသုဝဏ်)

ငယ်ဘဝက ဖိုးဝရုပ်ကလေးနှင့်ပွေ့ပိုက်၊ ပါးကလေးအပ်၊ အရုပ်ကလေး နားနားကပ်၊ စကားတီးတိုးဆိုနှင့် ကစားရင်းပျော်ခဲ့ရသော ကလေးဘဝမှ . . . ကျောင်းနေစသူငယ်ဘဝတွင် ဇာတ်စင်ထက်၌ သူငယ်တော်လေးနှင့် ရင်းနှီးခဲ့ရပြန်သည်။

ထိုထိုသော လွမ်းမောဖွယ် ကျေးလက်ငယ်ဘဝ၊ ရွယ်ဘဝတို့ကို ဖြတ်သန်းပြီး မြို့ကြီးပြကြီးရောက်ခဲ့ကာ မယားကျွေးမှ သားကျွေးမှုဖြင့် အိမ်ဦးနတ်ရာထူး၍ မိသားစုဗေဒ–ငါဒေဝ–အာဂယောကျ်ား ငါတကားဟု ဟစ်ကြွေးရင်း ဘဝအမောလှိုင်းထဲ လိမ့်ချည်မျောချည်နှင့်၊ မြုပ်ချည်ပေါ်ချည်နှင့်။

ဤသို့နှင့် တစ်နေ့တွင် မမျှော်လင့်ဘဲ . . . ကျွန်တော့်ငယ်ချစ်ကလေးကို သတင်းစာမျက်နှာစာတွင် တွေ့လိုက်ရသည်။

"များများလာ၊ များများသုံး၊ ကြာကြာနေ . . ."

ဟူသော ဆောင်ပုဒ်လက်ကိုင်ဖြင့် . . .။

အလို . . .ကျွန်တော့်ဖိုးဝလေး၊ ကျွန်တော့်သူငယ်တော်လေးသည် တစ်မူထူးခြားကာ . . . .ဥရောပဖာ(အက်တာရီကေ့စ်)ကြီးဆွဲလျက် မြန်မာ့ခရီးသွားနှစ်ကို ကြိုဆိုသည့်အထိမ်းအမှတ်အဖြစ် တွေ့လိုက်ရသည်။

သူ့ဆီမှ ခါတိုင်းလို "ရွှေလရယ်သာသာ" သီချင်းသံကလေးကို မကြားရ "များများလာ၊ များများသုံး၊ ကြာကြာနေ"ဆိုသည့် ဂါထာရွတ်သံကိုသာ ကြားရသည်။ သူသည် ကျွန်တော့်ကို အလေးမထား၊ ငယ်သူငယ်ချင်းဟု သိပုံမရတော့၊ တိုးရစ်၊ တိုးရစ်နှင့် အဖိုးအသစ်ပေးမည့် သူကိုသာ ကြိုဆိုနေဟန်တွေ့ရသည်။

**"ဒင်္ဂါး . . . ဒင်္ဂါးနှင့် အရင်းစကားမှာ– ဘင်္ဂလားအခေါ် လူတကာအရေး သူပါလျှင်အေးစေတတ်တာမို့ အနဆေးလို့လည်း ...ခေါ်ကြ..."**

–ဟု ဘိုးသူတော်ဦးနုက ဆိုခဲ့သည်။ ယခုလည်း ပုံစံသစ်နှင့် ကျွန်တော့် 'သားတော်ရုပ်' ကလေးသည်–

"ဒေါလာ–ဒေါလာနှင့် နိုင်ငံတကာ အဖော်သဟာများကို ကြိုဆို ချိုကိုတိုမျက်နှာပေးနှင့် အနဆေးကို လက်ယပ်ခေါ်နေဟန်"တူ၏။

သူ့ကိုနားလည်အောင် ကျွန်တော်ကြိုးစားရတော့သည်။ သူ့ကို နားမလည်လျှင် ပင်လယ်ငါးမစားဖူးသူကဲ့သို့ ဖြစ်ချေ တော့မည်။ ထို့ကြောင့် သူ့ကိုကပ်ရသည်။ အကြောင်းအကျိုးမေးရသည်။ ယခုတော့သူသည် စင်တော်ကကောက်သဖြင့် ထင်ပေါ်ကာမြောက်၍နေပြီ။ "ကျုပ်ပုံကိုခင်ဗျား အရမ်းသုံးဖို့ မကြိုးစားနဲ့၊ ကျုပ်နဲ့အရမ်း ရင်းနှီးဖို့ မကြိုးစားနဲ့ မှတ်ပုံတင်ပါ။ ငွေသွင်းပါ . . ."တဲ့။ ကျွန်တော်အံ့သြပြီးရင်း အံ့သြမိသည်။

ဟိုစဉ်က ငယ်သူငယ်ချင်း ကျွန်တော့်ကို သူမေ့လေပြီ။ သို့သော် သူ့ကိုအရင်းခံချစ်စိတ်ဖြင့်ပင် ကျွန်တော်ချဉ်းကပ်မိပါသည်။

■ ဒီမှာ ကိုယ့်လူ၊ အိပ်ပျော်မနေနဲ့။

□ မြန်မာ့ခရီးသွားနှစ်(VISIT MYANMAR YEAR 1996)သိရဲ့လား။

■ ခရီးသွားစက်ရုံ (TOURISM INDUSTRY) ဆိုတာ သိရဲ့လား...။

□ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုခေါ်တာ၊ ကမ္ဘာမှာ တတိယ အကြီးကျယ်ဆုံးလုပ်ငန်းလေ . . . ။ ရေနံတို့၊ မော်တော်ကားလုပ်ငန်းတို့ပြီးရင် အကြီးဆုံးစီးပွားရေးလုပ်ငန်းပေါ့ . . . ။

■ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအားလုံးက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို နိုင်ငံတော်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ် သဘောထားကြတယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ အရင်းအနှီး နည်းနည်းနဲ့ ဝင်ငွေများများရနိုင်တဲ့ လုပ်ငန်းပေါ့. . .။

□ ကျုပ်တို့နိုင်ငံမှာ ဟိုတယ်တွေ၊ မိုတယ်တွေ၊ အင်းတွေ၊ ဧည့်ဂေဟာတွေ၊ အပြိုင်အဆိုင်ဆောက်လုပ်ပြီး ကမ္ဘာ့အဆင့်မီစတိုင်ကျတဲ့ အဆောက်အအုံတွေ ရှိလာပြီ။ ကုမ္ပဏီ ငါးရာကျော်၊ ခြောက်ရာနီးပါး– ဖွံ့ဖြိုးလာကြပြီ။ ခရီးသွားလမ်းညွှန်လိုင်စင် ထုတ်ပေးပြီးသူ သုံးရာကျော် ရှိနေပြီ။နောက်ထပ် ဟိုတယ်တွေဆောက်နေဆဲပဲ။

■ ခရီးသွားနှစ်ကို ကြိုဆိုရမယ်ဗျ၊ အနောက်နိုင်ငံသားတွေက ရိုးရာယဉ်ကျေးမှုတို့၊ ရှေးဟောင်းအမွေအနှစ်နဲ့ သဘာဝတရားကို ချစ်တယ်။ ဒါကျုပ်တို့သိထားရမယ် . . . ။

□ အရှေ့တိုင်းသားတွေက မြို့ပြစနစ်နဲ့ ဘာသာရေးကို စိတ်ဝင် စားတယ်။ အရင်းခံသိထားရမယ် . . . ။

■ ကားနံပါတ်တွေ၊ ဆေးရုံ၊ ရဲစခန်း၊ ကြက်ခြေနီ၊ မီးသတ် . . .စသည်တို့ကို အင်္ဂလိပ်လို ရေးထားရမယ် . . .

□ **နိုင်ငံခြားသား သွားလာခွင့်ရှိတဲ့ လမ်းမှန်သမျှ ကျေးရွာတိုင်းမှာ ယင်လုံအိမ်သာ ရှိရမယ်။ ဘိုထိုင်အိမ်သာရှိရမယ်။**

ထိုအချက်ကို သူပြောပြသောအခါ ကျွန်တော်ထိတ်ခနဲ ဖြစ်သွားမိသည်။ ကျွန်တော့်ဇာတိရွာတွင် အဓိကအရေးကြီးသော အိမ်သာကောင်းကောင်း မရှိပါတကား။ ဒါကြောင့် . . . ကျွန်တော်တို့ရွာကလေး မဖွံ့ဖြိုးပေတာဘဲဟု တွေးတောမိသည်။ သားတော်ရုပ်ကလေးဆီမှ အသံများဆက်ကြားနေရသည်။

■ **ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အလေးထားပြီး မြန်မာ့ခရီး သွားနှစ်ကို ကြိုဆိုရမယ်။ မဟာဗျူဟာသုံးရပ်ရှိတယ် . . .။ "ပြည်သူ လူထု-လက်ခံရမယ်။ ပါဝင်ရမယ်၊ လက်လှမ်းမီရမယ် . . ."။**

□ **အခု နိုင်ငံခြားဟိုတယ် ၁၇ ခုက နေရာယူထားပြီးပြီ။ မြန်မာပိုင်-ဟိုတယ်၊ မိုတယ်၊ အင်းလေးတွေက ချောင်ကပ်နေရတယ်။ ဒါလည်း မဟုတ်သေးဘူး . . .။**

**မှတ်ထား မြန်မာ . . .တဲ့၊ ကမ္ဘာမှာကျော်ကြားစေရမယ်။**

**မြန်မာ့အားကစား ကမ္ဘာမှာလွှမ်းစေရမယ်။ မြန်မာ့ခရီးသွားနှစ် ကမ္ဘာမှာ သစ်လွင်စေရမယ်။**

အတာချိကျေ့စ်ကိုင် သားတော်ရုပ်ကလေး၏ အားပါးတရ တက်တက်ကြွကြွ ဟန်ပန်လေသံသည် ကျွန်တော့်ကိုကူးစက်ကာ ကျွန်တော် ပင်ယောင်၍ လက်သီးဆုပ်မြှောက်ပြမိသည်။

ကစားစရာ ဖိုးဝရုပ်၊ နေရာတော်ခင်း၊ ရှေ့တော်ပြေးက ,ခဲ့သည့် သူငယ်တော်၊ အက်တာချိကျေ့စ်ကလေးကိုင်၍ မြန်မာ့ခရီးသွားနှစ်ကို ကြိုဆိုသည့် အထိမ်းအမှတ်၊ သားတော်ရုပ်ကလေးတို့ကား ကျွန်တော့်ရင်ကိုကိုင်လှုပ်နေကြသည်။

နိုင်ငံကျော်စိန်စတင်းဆိုင်းမှ အဆိုတော်ကြီး၏ သီချင်းသံကလေးလည်း . . . ကျွန်တော့်နားထဲတွင် ပြန်ကြားလာမိသည်။

"ခြေကလေးက . . . ကား . . . ကား . . .
လက်ကလေးက . . . ကား . . . ကား . . .
ရွှေခြေချင်းကလေးနဲ့ . . . သုကကြွား . . ."

✺

## အိုဘယ့်အပြုံးရှင်

**"အမျိုးမတွေရဲ့ ဣန္ဒြေနဲ့**
**အပြုံးရဲ့အနက်ကို**
**ကွယ်ဝှက်နေလေရဲ့**
**ရှက်တတ်တဲ့ အချစ်ဆိုတာရယ်**
**ဘယ်လိုပင် ဖုံးကွယ်ထားပေမယ့်**
**ကွာကျတတ်ပါတယ် . . . . ."**

**(သက္ကတကဗျာဆရာ ကာလိဒါသ)**

လေးရာစုနှစ်က သက္ကတ ကဗျာဆရာတစ်ဦးဖြစ်သည့် ကာလိဒါသသည် သူ့အထင်ရှားဆုံးဖြစ်သည့် 'သကုန္တလပြဇာတ်'တွင် သကုန္တလနှင့် ဒုသျန္တဘုရင်တို့ မျက်လုံးချင်းစကားဆိုနေကြပုံကို လှပသိမ်မွေ့စွာ ဖွဲ့ခဲ့သည်။ ထိုကဗျာလေးတွင် အသိရခက်သော 'အပြုံး'၏ အနက်ကို ခံစားပြီး ဖော်လှစ်ရန်လည်း ကြိုးစားထားလေသည်။

ကျွန်တော်သည် 'အပြုံး'ကို ချစ်တတ်သူတစ်ဦးဖြစ်ပါသည်။

အများအားဖြင့် အပြုံးကို မနှစ်သက်သူရယ်လို့ ရှိမည်မထင်။ နှစ်လိုစွာပြုံးသောအပြုံး၊ အထူးသဖြင့် အပြစ်ကင်းစင်သော ချစ်စဖွယ် အပြုံးကို ကုန်လုပ်ဆက်ဆံရေးအတွက် အသုံးချရန် တိုက်တွန်းသောအခါ တိုက်တွန်းသူရော .... လိုက်နာသူပါ သဘာဝပျက်သွားသည်ဟု ခံစားမိလေသည်။

**"လူမှုဆက်ဆံရေးတွင် အောင်မြင်မှုရရန် သူ့အပြုံးကိုလိုလျှင် သင့်အပြုံးကို ချိုလိုက်ပါ. . ."**တဲ့။

Quality Publishing House

တိုက်တွန်းသူမှာ ကမ္ဘာကျော်တက်ကျမ်းဆရာကြီး ဒေးလ်ကာနယ်ဂျီဖြစ်၍ လိုက်နာကြသူတွေမှာ အောင်မြင်လိုသူ ကမ္ဘာလူသားအများစုဖြစ်လေသည်။

ကျွန်တော်သည် ဒေးလ်ကာနယ်ဂျီကို ဆန့်ကျင်၏။ ကိုယ့်ရင်ထဲကမပါဘဲ မပြုံးချင်ပဲ ပြုံးရမည်လော။ ထိုသို့ပြုံးသော အပြုံးသည်လည်း နှစ်လိုဖွယ်ရှိပါမည်လော . . . ပြုံးခြင်းသည် ပြုံးသည်မမည်ဘဲ မဲ့သလိုဖြစ်နေမည် . . . မုချ။

မဲ့ပြုံး၊ ထေ့ပြုံး၊ မထီမဲ့မြင်အပြုံး၊ လှောင်ပြုံး၊ သရော်ပြုံးစသည်ဖြင့် အပြုံး၏မူလ သကာသဘောတွင် တမာရောကာ အပြုံးခါတ်ကလေးပျက်ချေရှာမည် မဟုတ်လော . . . ။

ထိုအခါ ဒေးလ်ကာနယ်ဂျီသည် ခပ်ပြုံးပြုံးဖြင့်ပင် ကျွန်တော့်စောဒကကို ခေါင်းယမ်းငြင်းပယ်ခဲ့လေသည်။

"မိုနာလီဇာရဲ့ အပြုံးကိုကော သင်ဘာပြောမလဲ"

ကမ္ဘာကျော် ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီ၏ ကမ္ဘာကျော်ပန်းချီကားကို ထောက်ပြကာ သူပြန်လှန်မေးခဲ့သည်။

ထိုအခါ ကျွန်တော့်တွင် သူ့အားပြန်ပြောရန် အဖြေမရှိ။ ထို့ကြောင့် သူ့နည်းတူပင် ထေ့ပြုံးကလေးတစ်ချက်ပြု၍ ခေါင်းယမ်း ပြလိုက်သည်။ ကျွန်တော်နှင့် ဒေးလ်ကာနယ်ဂျီတို့ ဤသို့အပြုံး စစ်အေး တိုက်ပွဲ ဆင်နေကြစဉ် ကျွန်တော့်ဘက်မှ ထောက်ခံသူတစ်ဦး ပေါ်လာ၏။

**"မှန်တယ် သင်ပြုံးချင်မှ ပြုံးပါ၊ မပြုံးချင်လျှင် မပြုံးပါနဲ့၊ သဘောမကျလျှင် ရှုတ်ချ၊ သို့သော် စေတနာပါပါစေ . . . "**

ထိုသူမှာ ကမ္ဘာကျော် ပြဇာတ်ရေးဆရာကြီး အိုင်ယာလန်လူမျိုး ဓဆရာကြီး ဂျော့ဘားနဒ်ရှောဖြစ်သည်။ သူ့ကို အင်္ဂလိပ်နဲ့ကြီးလို့လဲ သမုဒ်ကြသပေါ့။

ကျွန်တော်ပြုံး၍ ဘားနဒ်ရှောကို လက်မထောင်ပြလိုက်ပါသည်။ ထိုအပြုံးသည် ဒေးလ်ကာနယ်ဂျီ ပြုံးခိုင်းသော ကုန်သွယ်ဆက်ဆံရေး အပြုံးတော့ ဟုတ်မည်မထင် . . . ။

✹

"ဘဝဆိုတဲ့ ပေါင်းသင်းဆက်ဆံမှုကို နားလည်နိုင်စွမ်းရှိလာအောင် ဘယ်လိုလုပ်ရမှာလဲ၊ ပေါင်းသင်းဆက်ဆံမှုဆိုတာ လူသားတွေနဲ့ ဆက်သွယ်

နီးနေသမျှလောက်ကိုတင် ဆိုလိုတာမဟုတ်ပါဘူး၊ သက်ရှိသက်မဲ့ အရာဝတ္ထု တွေနဲ့ရော အတွေးအခေါ်၊ အယူအဆတွေနဲ့ပါ ရင်းရင်းနှီးနှီး ဆက်သွယ်မှု ကိုလည်း ဆိုလိုတာဖြစ်ပါတယ် . . . "

(ဂျေ-ဒု-ကရိရှနမူရတီ)

ဘဝဆိုတာ ပေါင်းသင်းဆက်ဆံမှု အတွေ့အကြုံဖြစ်တယ်ဟု တွေးခေါ်ရှင် ကရိရှနမူရတီက ဖွင့်ဆိုခဲ့သည်။ လူမှုဆက်ဆံရေးကိုလည်း အလေးအနက် အဓိပ္ပာယ် ရှင်းလင်းခဲ့သည်။

တစ်လောက ကျွန်တော်သည် နိုင်ငံတကာ လှည့်ခဲ့ဖူးသည့် မိတ်ဆွေ တစ်ယောက်နှင့် ဆုံခဲ့ရသည်။

သူကသူ့အတွေ့အကြုံတွေကို အားပါးတရပင် ပြောပြခဲ့သည်။

– ၁၉၉၀ ခုနှစ်ကို မလေးရှားသို့လာရောက် လည်ပတ်ရေးနှစ် (Visit Malaysia Year 1990) အဖြစ် သတ်မှတ်လိုက်ပြီးကတည်းက မလေးရှားမှာ တိုးရစ်နဲ့ အပန်းဖြေလုပ်ငန်း (Industry related of Tourism and Leisure) ဟာ အကြီးအကျယ် တိုးတက်လာသတဲ့။

"ကျွန်တော် ကမ္ဘာအနှံ့ ရောက်ဖူးပါတယ်။ သူတို့အနေနဲ့ ကမ္ဘာမှာ အသာယာဆုံး တိုးရစ်တွေအလာဆုံးဆိုတဲ့ နေရာတွေပါ ရောက်ဖူးပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ် မြစ်ဆုံတို့၊ ပုပ္ပါးတို့၊ ငပလီတို့၊ တောင်ကြီး၊ ကလော၊ ပြင်ဦးလွင်မြို့၊ ချောင်းသာ၊ လက်ခုပ်ကုန်း . . . စတဲ့ နေရာ တွေကို မီတဲ့နေရာခပ်ရှားရှားပါ။

"ဒီနေရာတွေကိုသာ ဖွံ့ဖြိုးအောင်လုပ်၊ အဆင့်မီဟိုတယ်တွေ၊ မိုတယ် တွေဖွင့်ပေးလိုက်ရရင် မြန်မာလူထုအတွက် အလုပ်သစ်တွေ သန်းချီပေါ်လာပြီး ကျွန်တော်တို့နိုင်ငံဟာ အသာယာဆုံး အပန်းဖြေလို့ အကောင်းဆုံးဆိုပြီး ကမ္ဘာမှာကို ထိပ်ဆုံးကလိုက်နိုင်ပါတယ်။

"ဟိုတယ်တိုးရစ်လုပ်ငန်းမှာ ဝန်ဆောင်မှု (Service) က အဓိကပဲ ဗျ။ ကျွန်တော်တို့ နိုင်ငံက ပြည်သူ့ဆိုင်ဝန်ထမ်းတွေ နှစ် ၃၀ လောက် ဒီဘက် မှာ အကြီးအကျယ် ပြုပြင်ရလိမ့်မယ်။ သင်တန်းတွေအထပ်ထပ် ပေးပြီး ပုံကျ လာအောင် ပထမလုပ်ရလိမ့်မယ်။ မျက်နှာပုပ်သိုးသိုးနဲ့ မရှိဘူး၊ မသိဘူးဂိုက် နဲ့တော့ ဝန်ဆောင်မှုဆိုတဲ့ စကားရပ်နဲ့ တခြားစီပဲ . . . "

ကျွန်တော်သက်ပြင်းရှိုက်လိုက်မိသည်။ သူကဆက်ပြောသည်။

"ဂျပန်ကုန်တိုက်ကြီးတွေက အမျိုးသမီးတွေကို တင်ပြဦးမယ်၊ ဘယ် သူဝင်လာလာ၊ ဘာမှဝယ်ဝယ် မဝယ်ဝယ် အချိန်မရွေးပြုံးပြီး ခေါင်းလေးညိတ် ကြိုဆိုကြတယ်။ တစ်နေ့လုံး လှုထောင်သောင်းချီပြီး ဝင်နေတဲ့နေရာဖြစ်တော့၊

လူတိုင်းကို ဒီလို မျက်နှာချိုသွေးကြဖို့ဆိုတာ အလွန်ကို စိတ်ရှည်ရမှာပါ။ ကျွန်တော် ဂျပန်မှာရှိစဉ် ကုန်တိုက်ကြီးတွေကို အခေါက်ခေါက် ရောက်ဖူးပါတယ်။ အမျိုးသမီးလေးတွေက အချိန်မရွေးဝင်လာသူ တိုင်းကို ပြုံးပြီး ခေါင်းညိတ်ကြိုဆိုကြတာပဲ . . .။

"ဒါကြောင့် အမေရိကန်က မက်ဒေါနယ်စားသောက်ဆိုင်ကြီး ရုရှသွားဖွင့်တော့ ရုရှားအမျိုးသမီးတွေကို ပြုံးပြပြီး မျက်နှာပေးတတ်အောင် ပထမဦးဆုံး လေ့ကျင့်ပေးရတယ်ဆိုတာ မကြာမီလေးကပဲ ဖတ်လိုက်ရပါတယ်။

"ကျွန်တော်တို့ မြန်မာလူငယ် အမျိုးသမီး၊ အမျိုးသားများ တိုးရစ်အပန်းဖြေလုပ်ငန်းတွေအတွက် ခုကတည်းက လေ့ကျင့်ပြင်ဆင်ထားရမယ်ဗျ။ သက်ဆိုင်ရာကလည်း လိုအပ်တဲ့ကျောင်းတွေ အချိန်မီဖွင့်ပြီး သင်ကြားပေးရမယ်ဗျ"

"ဗျာ"

ကျွန်တော့်ထံမှ အာမေဍိတ်သံ ထွက်လာသည်ကို ထိုမိတ်ဆွေက နည်းမလည်နိုင်ဘဲ ကျွန်တော့်အား မျက်လုံးပြူးကြည့်ချေသည်။

သူတင်ပြချက်တွေကို နားထောင်ပြီး ကျွန်တော်သည် သကုန္တလ ပြဇာတ်မှ သကုန္တလာ နှင့် ဒုသျန္တဘုရင်တို့ မျက်လုံးချင်းပြူးကြည့်၍ ချစ်စကားဆိုပုံကို လှပစွာ သိမ်မွေ့စွာဖွဲ့ခဲ့သည့် သက္ကတစာဆို ကာလီဒါသကို အားနာနေမိသည်။ တစ်ချိန်တည်းတွင် ကျွန်တော့်ကို အားပေးခဲ့သည့် ကမ္ဘာကျော် ဂွဆရာကြီး ဘားနဒ်ရှောကိုလည်း ရှာကြည့်မိသည်။

* * *

"မျိုးသားဘာသာ၊ လက်မြှောက်ကာများနှင့်
ကောင်းစွာ နှုတ်ခွန်းဆက်ရှင့်၊
အုတ်အုတ်ကျက်ကျက် တစ်ပြည်လုံး
ကောင်းကြီးနှင်းအပ်၊ တော်ပုံတင်ထပ်ရှော့ . . . "

(မင်းကြီးဦးခြိမ့်)

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မင်းကြီးဦးခြိမ့်ခေါင်းဆောင်သော သံအဖွဲ့ကို အီတလီနှင့်တကွ ဥရောပနိုင်ငံများသို့ စေလွှတ်ခဲ့သည်။ အီတာလျံမင်း ရှေ့သို့ဝင်ထွက်သော အကြောင်းအရာကို အီတာလျံသွားမှတ်တမ်းတွင် ရကန်သွားဖြင့် မှတ်တမ်းတင်ခဲ့သည်။

သက္ကရာဇ် ၆၄၇ ခုနှစ်တွင် နရသီဟပတေ့မင်းသည် ကူဗလိုင်ခန်ကြီး မှူးသော တရုတ်တို့ ပုဂံပြည်တိုက်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရ၍ ရှင်ဒိသာပါမောက်ကို ငြိမ်းချမ်းရေး ချစ်ကြည်ရေးအတွက် စေလွှတ်ခဲ့သည်။

ထိုမှနောက်ပိုင်း ခေတ်များတွင်လည်း နိုင်ငံတကာနှင့် ကူးလူးဆက်ဆံမှုရှိခဲ့သည်။ ပုဂံပျက်လုနီးအချိန် ကူဗလိုင်ခန်၏တပ်များ မြန်မာတို့နှင့် တိုက်ခိုက်ခဲ့သည့် ငဆောင်ချမ်းစစ်ပွဲ အကြောင်းကို မာကိုပိုလို၏ မှတ်တမ်း၌ တွေ့ရသည်။ မာကိုပိုလို၏ မှတ်တမ်းကြောင့်ပင် ဥရောပသားတို့ ကမ္ဘာ့အရှေ့များကို စိတ်ဝင်စားလာကြသည်ဟု ဆိုပါသည်။

လူ့ယဉ်ကျေးမှုကြီး တိုးတက်လာခဲ့ခြင်းသည် လူသားတို့၏ သွားပါများ ခရီးရောက်ခဲ့သော အောင်ပွဲ၏ရလဒ်ဟု ဆိုကြပါသည်။ ခရီးသည်တို့၏ ခရီးလှည့်ရခြင်းအကြောင်းမှာ ရည်ရွယ်ချက် အမျိုးမျိုး ရှိကြပါလိမ့်မည်။

မြန်မာအမျိုးသားထဲမှ ပထမဆုံး ကမ္ဘာလှည့်ပုဂ္ဂိုလ်ဟု ဆိုနိုင် သည့် ကမ္ဘာလှည့်မောင်ခင်က သူ့မှတ်တမ်းတွင် တင်ပြထားပုံကို ကြည့်ပါ။

(၁) ဒေသန္တရဗဟုသုတနှင့် ဘာသန္တရဗဟုသုတရှာဖွေရန်
(၂) ယဉ်ကျေးရဲရင့်သော မြန်မာကို ကမ္ဘာကသိစေရန်
(၃) မြန်မာပြည်ထွက်ကုန်များကို ကြော်ငြာရန်
(၄) မြန်မာကုန်သည်ကြီးများနှင့် နိုင်ငံခြားဆက်သွယ်ပေးရန်
(၅) အခြားနိုင်ငံရပ်ခြား၏ ကြီးပွားရေးစုံစမ်းရန်
(၆) လွယ်ကူစွာရအပ်သော ပညာရပ်များသင်ယူရန်
(၇) လူမျိုးများနှင့် ဓလေ့ထုံးစံများဆင်ခြင်ရန်
(၈) နိုင်ငံပေါင်းစုံနှင့် မိတ်ဖွဲ့ရန်
(၉) တတ်နိုင်က ဗုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် ဆောင်ရွက်ရန် ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်သည် ကမ္ဘာလှည့်မောင်ခင်၏ မှတ်တမ်းကို ဖတ်ရသောအခါ သူ့ရည်ရွယ်ချက်ကို ကြည်နူးမိ၊ ချီးကျူးမိ၏။

သူ့ခမျာ ရေကန်အသင့် ကြာအသင့် သွားရသည်မဟုတ်၊ ကျရာကြုံရာ အလုပ်များလမ်းတွင် လုပ်သွားရသည်။ မော်လမြိုင်တွင်း ဘိုးစိန်ကြီး ဇာတ်၌ ကားဆွဲဝင်လုပ်ရသည်။ ထားဝယ်၊ မြိတ်မြို့များတွင် သတ္တုမိုင်းတွင် ဝင်လုပ်ရသည်။ ပီနန်သွားကတ္တူတစ်စင်းတွင် ထမင်းချက်လုပ်ရသည်။ အချို့တောလမ်းခရီးတွင် ကျားလိုက်ခံရသေးသည်။ ဤသို့ဖြင့် ကမ္ဘာလှည့်ခဲ့ရသည်။

**ယခုနောက်ပိုင်း ကျွန်တော်တို့ဆီမှ နိုင်ငံတကာ ခရီးဆန့်သူများသည် မောင်ခင်၏ ရည်ရွယ်ချက်မျိုး ဘယ်နှစ်ဦး ပါကြပါသနည်း။**

**နိုင်ငံတကာမှ မြန်မာပြည်သို့ ခရီးဆန့်နှင်လာကြသော နိုင်ငံခြားသားများတွင်ကော– မောင်ခင်ကဲ့သို့ အလားတူရည်ရွယ်ချက်မျိုးပါသူ ဘယ်နှဦးရှိနိုင်ပါမည်နည်း။**

ဟိုးယခင်ခေတ်များက မြန်မာနိုင်ငံရောက် နိုင်ငံခြားသားတို့၏ မှတ်တမ်းများ၊ မြန်မာပြည်အကြောင်း စာအုပ်များတွင်တော့ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု၊ ဓလေ့၊ ဇာတိမာန်၊ မြန်မာဘုရင်များ အကြောင်းစသည့် ဖော်ပြချက်များ တွေ့ရှိရပါ၏။

အင်္ဂလိပ်အုပ်ချုပ်ရေး ဝန်ထမ်းတစ်ဦးဖြစ်သည့် ရာဇဝင်ဆရာ ဂျီ–အီးဟာဗေး၏ 'Outline of Burmese History' စာအုပ်တွင်–

**"နှစ်ရာချီ၍ လောကခံကို ရင်ဆိုင်ခဲ့ပြီးနောက် ထိုအရည်အသွေးများကို ဆက်လက်သိမ်း ထားနိုင်ခြင်းသည် ဤလူမျိုးအဖို့ နှမျိုဆဲရှိသည့် ခံနိုင်ရည်ရှိသည့် သာဓကပင်ဖြစ်တော့သည်"** ဟုဖော်ပြထားသည်ကို တွေ့ရသည်။ ဤသို့ မှတ်တမ်းများတွေ့ရသကဲ့သို့ မြန်မာ့တစ်ခွင်ကို ပြုပြစင် ခရီးဆန့်လေ့ရှိသော ဆရာမောင်မဲ၏ ခရီးသွားဆောင်းပါးများတွင် ကချင်ပြည်နယ် အစပ်ရှိ နာဂရွာကလေးများသို့ သွားရောက်ရာ၌ တွေ့ကြုံခဲ့ရသော သူ့အတွေ့အကြုံကို ဤသို့တင်ပြထားသည်ကို တွေ့ရသည်။

**"ဝင်ငွေမရှိသော ဒေသ၊ ထွက်ကုန်မရှိသေးသောဒေသ၊ ပညာမဲ့သော ဒေသ၊ မဖွံ့ဖြိုးသေးသောဒေသ၊ ခေတ်၏အာရုံခံစားမှုပစ္စည်းများ ဥဒဟို ဖြတ်သန်းသွားလာနေသည်ကို မြင်နေရသောဒေသတွင် အဘယ်မိန်းကလေးသည် လုံချည်တစ်ထည်ဖြင့်လည်းကောင်း၊ လက်ကိုင်ပဝါတစ်ထည်ဖြင့် လည်းကောင်း အညံ့စားပေါင်ဒါတစ်ဘူးဖြင့်လည်းကောင်း မပျက်စီးဘဲ ခံနိုင်ပါမည်နည်း။ ယခု အချိုးအတိုင်းသာ ရှေ့ကိုသွားပါက နဂိုကမှ ဆင်းရဲမွဲတေ ငတ်ပြတ်နေသည့်ကြားတွင် ဆစ်ပလစ်ပိုးများ ကုဋ္ဌနူနာရောဂါများပါ ထပ်ဆင့် တိုးလာမည်မှာ လွဲနိုင်မည်မဟုတ် . . . "**ဟု

နာဂရွာကလေးများ၏ ဆင်းရဲမှုအပေါ် ဒုက္ခဆင့်မည့် စိုးရိမ်ဖွယ်ဖြစ်ရပ်များကို ကာကွယ်တင်ပြခဲ့သည်။ ဤတင်ပြချက်များသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅ နှစ်ခန့်က တင်ပြချက်များဖြစ်ပါသည်။

ကျွန်တော်သည် နိုင်ငံတကာ လှည့်ခဲ့သည့် ကျွန်တော့်မိတ်ဆွေ နှင့် စကားလက်ဆုံကျမိရာမှ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ကူးလူးဆက်ဆံရေးကို ပြန်လည်တွေးတော ကြည့်မိခြင်းဖြစ်သည်။

ဆရာဇော်ဂျီသည် "ကောက်ရိုးသင်္ချိုင်း၊ သံသင်္ချိုင်း" ဆောင်းပါးဖြင့် ဘီလပ်နိုင်ငံတို့ကို အတုယူရန်တင်ပြခဲ့သည်။ ကိုယ့်လူမျိုး၏ ခေတ်နောက်

ကျမှုကို စေတနာရှေ့ထား၍ ထောက်ပြခဲ့သည်။ ကျွန်တော့်မိတ်ဆွေက သူ့အတွေ့အကြုံတွေကို အားပါးတရ ပြောပြခဲ့သည်။ နိုင်ငံတကာ အတွေ့အကြုံတွေရှိသဖြင့် မျက်စိကြီး၊ နားကြီးဖြစ်ပေမည်။

"ကျွန်တော်တို့နိုင်ငံဟာ (Tourism and Leisure)လုပ်ငန်းစု ကြီးတစ်ခုတည်းနဲ့ကို ထောနိုင်တယ်ဗျ . . ."ဟု အားပါးတရ ပြောနေသည်။

"အပြုံးတွေ လေ့ကျင့်ပေးရမယ်ဗျ"ဟုလည်း ဆက်ပြောနေပြန်သည်။

ကျွန်တော်ကား ကျွန်တော့်မိတ်ဆွေကဲ့သို့ နိုင်ငံတကာလည်း မရောက်ဖူး၊ ပြည်တွင်းကိုပင် ခပ်ဝေးဝေးသိပ်ရောက်ဖူးသည်မဟုတ်၊ တောင်ဥက္ကလာနှင့် မြောက်ဥက္ကလာကိုပင် မျက်စိလည်ချင်ချင်။

"မြန်မာ့ခရီးသွားနှစ်ကို ကြိုဆိုရမယ်ဗျ . . . "

သူက အားတက်သရောပြောနေပြီး ကျွန်တော်က မတုန်မလှုပ်ရှိနေသည့်အခါ သူအားမလိုအားမရ ဖြစ်နေဟန်တူသည်။

"ဒီမှာ ကိုယ့်လူ . .ခင်ဗျားရော . .ပြုံးတတ်ရဲ့လားဗျ . . .ဟင်"

သူကပြုံးစေ့စေ့ဖြင့် ကျွန်တော့်ကို ကြည့်မေးနေသည်။ ကျွန်တော်ဘာပြန်ပြောရမှန်းမသိ။ ရသစာပေကိုသာ ချစ်တတ်သူတစ်ဦး၌ ကုန်လုပ်ဆက်ဆံရေး အပြုံးပညာသည် အလွယ်တကူ ဝင်ရောက်ခိုတွယ်နိုင်မည်ဟုမထင်။

"မြန်မာ့ခရီးသွားနှစ်မှာ ကိုယ့်လူ အပြုံးပညာမတတ်ရင် ခေတ်နောက်ကျ ကျန်လိမ့်မယ် . . . "

သူသည် ထေ့တေ့တေ့ ပြုံးပြောပြီး ကျွန်တော့်ကို နှုတ်ဆက်ထွက်ခွာသွားသည်။

သူထွက်သွားမှ သူကျွန်တော့်ကို ပြုံးကြည့်သည့်အပြုံးကို ဖျတ်ခနဲသတိရလိုက်သည်။ ထိုအပြုံးမျိုးကို ကျွန်တော်ရင်ဆိုင်ခဲ့ရသည်။ ဘယ်မှာပါလိမ့် . . . ။

ဟုတ်ပြီ . . .၊ ဒေးကာနယ်ဂျီ အပြုံးပေကပဲ၊ ကျွန်တော်ပြန်သတိရ၏။ ဒေးကာနယ်ဂျီနှင့် ရန်ဖြစ်ခဲ့သည်မှာ ကျွန်တော်မှားပြီလော၊ မပြုံးတတ်ရင် ခေတ်နောက်ကျမတဲ့။ မိတ်ဆွေစကားသံ ပြန်ကြားပြီး မခံချင်စိတ်လည်း ဖြစ်ပေါ်လာသည်။

အိမ်ရောက်ရောက်ချင်းပင် ကျွန်တော်သည် အဘိဓာန်အပြေးအလွှားလှန်မိ၏။ ရှာသည် . . .ရှာသည် . . . တွေ့ပါပြီ။

**အပြုံး . . .။ ။လူတစ်ယောက်ပြုံးရယ်သည့်အခါ မျက်နှာတွင်ရှိသော အကြောပေါင်း ၁၅ ခု ကြုံ့သွားပြီး အသက်ရှုဟန်လည်း အနည်းငယ်ပြောင်းသွားသည်။ အသေးစိတ်လေ့လာကြည့်လျှင် –**

**(၁) ပါးစပ်ထောင့်များ အနည်းငယ် နောက်ဆုတ်သွား၍ပါးစပ်ပိုကျယ်လာ။**

**(၂) အထက်နှုတ်ခမ်း မြင့်တက်သွား၍ သွားများပေါ်လာခြင်း။**

**(၃) နှာခေါင်းနှင့် နှုတ်ခမ်းကြားရှိ အသားများကွေ့ကောက် တွန့်လိမ်ခြင်း။**

**(၄) မျက်စိများ အရောင်တောက်လာခြင်း။**

**(၅) အောက်မျက်ခမ်းအသားကလေးများ တွန့်လိမ်ခြင်း။**

ကျွန်တော်ဖျားသွားပါသည်။ ဤမျှတိကျစွာ သရုပ်ခွဲမှုမျိုး တွေ့ရလိမ့်မည်ဟု မထင်ခဲ့။

"မြန်မာ့ခရီးသွားနှစ်ကို ကြိုဆိုရမတဲ့။ ခေတ်နောက်ကျ သွားမယ်" မိတ်ဆွေအသံက နားထဲ ပဲ့တင်ရိုက်ခတ်နေသည်။

ကျွန်တော်မှန်တစ်ချပ်ယူလိုက်၏။ အဘိဓာန်၏ အဆိုဟုတ် မဟုတ် လက်တွေ့စမ်းသပ်ရမည်။ အကြောပေါင်း ၁၅ ခု၏ လှုပ်ရှားမှုကို လေ့လာရမည်။ ကျွန်တော်မှန်ကြည့်၍ ဖြည်းဖြည်းချင်းစပြုံး၏။ ပါးစပ် ထောင့်များ အနည်းငယ် နောက်ဆုတ်သွား၏။ ပါးစပ်ပိုကျယ်လာ–နံပါတ်(၁)အချက် မှန်ကန်ပါပေ၏။ နောက်တစ်ကြိမ် နံပါတ်(၂)အချက် . . . အထက်နှုတ်ခမ်း အခြေအနေ . . . ဟုတ်ပြီ . . . ပိုသိသာအောင် . . . ။

ကျွန်တော်သည် မိမိကိုယ်ကို အားပေးပြီး ထပ်ပြုံး၏။ ပတ်ဝန်း ကျင်ကို သတိမထားမိ . . . ။

အသံတွေကြားလိုက်ရသည်။

"ဖေဖေကြီး . . . ပေါက်နေပြီကွ . . ."

နားထဲစူးခနဲ ကြားလိုက်ရသဖြင့် လန့်ဖျပ်ကာ ဝန်းကျင်ကို ကြည့်မိ၏။ ဘယ်အချိန်က ကျွန်တော့်လုပ်ဟန်ကို အကဲခတ်နေကြသည် မသိ။ ကျွန်တော့်ကလေးများ၏ စူးစမ်းဟန် မျက်လုံးများကို ရင်ဆိုင်လိုက်ရသည်။ ကျွန်တော့်အဖြစ်ကို ဘားနဒ်ရှောသိလျှင် မည်သို့ဆိုလေဦးမည်မသိ။

✹

**(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၅–ခု၊ ဩဂုတ်လ)**

# ကျွန်တော်လွမ်းမိသော တက္ကသိုလ်

- ကုန်းမိုမို မြင့်တန်းက
  မြစ်ဝှမ်းကိုကာရံ
  နတ်ဖန်သို့လေး . . . ။
- တန်ဆောင်းလျှိုလျှိုနဲ့
  ကျောင်းရိပ်သူခိုလို့
  တက္ကသိုလ် ကမ္ဘာဇာတိ
  သုံးသပ်တယ်လေး . . . .။

မင်းသုဝဏ်

ရော်ဝါနေသော ဂန္ထလောကမဂ္ဂဇင်း အဟောင်းလေးတစ်အုပ်မှ ဆရာမင်းသုဝဏ်၏ 'တက္ကသိုလ်'ကဗျာလေးကို ဖတ်မိသောအခါ တက္ကသိုလ်ဆိုသည့် ပညာရင်နို့သောက်စို့ရာ ကျောင်းတော်သာကြီးကို လွမ်းမောစွာ မျှော်မှန်းကြည့်မိပေသည်။

ကျောက်အုတ်ဖြင့် တည်ဆောက်ထားသည့် ကျောင်းတိုက်ကြီးများပေါ်သောမြို့။ တောတွေ၊ တောင်တွေ၊ မြစ်တွေကလည်းပေါပါဘိ။ မြစ်ရေကြည် ကြည်ငြိမ်ငြိမ်ထဲမှာ ရောင်စုံသစ်ရွက်ရဲ့ အရိပ်ကလေးတွေ ကျလို့။ အောက်တိုဘာကန်သာလို့–အိပ်ချ်အီးဘိစ်က အက်ဆေးတစ်ပုဒ် ရေးဖူးသည်ကို သတိရမိ၏။

"မိုးမခပင်ကလေးတွေ တန်းစီစိုက်ထားတဲ့ မြစ်ဘေးမှာ အပျင်း ပြေ ငါးမျှားနေတဲ့ ပုဂ္ဂိုလ်တွေကလည်း မလှုပ်မရှားနဲ့ တစ်မျိုး စိတ်ရွှင်စရာပါပဲ။ မြစ်ထဲမှာ ငန်းကြီးတွေ ကူးနေကြတာကလည်း ကျက်သရေတစ်ခုပါပဲ။ ရေကြက်ကလေးတွေကလည်း လူမြင်ရင်ရှက်ပြီး ချုံထဲဝင်ပြေးကြ၊ အဲဒီလို လေကြမ်းကြီးတိုက် သစ်ရွက်တွေရော်၊ မြစ်ထဲမှာ ငါးမျှားကြ၊ သာယာတဲ့ နွေလရဲ့ နောက်ပိတ်ခွေး သရဒရာသီအတွင်းမှာပဲ တက္ကသိုလ်ကြီးဖွင့်ပါတယ်"

အောက်စဖို့ဆိုသည့် ကမ္ဘာကျော်တက္ကသိုလ် ကျောင်းတော်ကြီးသို့ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်စသော ဆရာများတစ်ခါက ရောက်ခဲ့ကြဖူးပါသည်။ အသီးသီးပင် အောက်စဖို့အကြောင်း ဖောက်သည်ချဖူးကြ၏။ ဆရာမင်းသုဝဏ်၏ အထက်ပါဟောပြောချက်ကိုကြားရသောအခါ ထိုကျောင်းတော်ကြီးဆီမျှော်မှန်း၍ ရော်ရမ်းကြည့်မိပြန်၏။

တကယ်တော့ တက္ကသိုလ် ကျောင်းတော်ကြီးနှင့် ကျွန်တော်သည် သူစိမ်းတစ်ရံဆံများ မဟုတ်ကြပါ။

ကျွန်တော်ငယ်စဉ်ကပင် တက္ကသိုလ်နှင့် ရင်းနှီးခဲ့ရသည်။ ပွဲဝါသနာပါသော အဘွားနှင့် ဘုရားပွဲများ ရောက်ခဲ့ဖူးသည်။ တက္ကသိုလ်ပြည်တွင် ဒိသာပါမောက္ခ ဆရာကြီးထံ၌ သုံးနှစ်သုံးမိုး အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော ပညာ ရပ်များ သင်ကြားပြီးသကာလ ပညာတော်သဖြင့် ဆရာကြီး၏ သမီးနှင့် လက်ဆက်ကာ ပညာပါမက ကြင်ယာပါရခဲ့သည့် ပြည်တော်ပြန် မင်းသား လေးနှင့် ဆုံခဲ့ရသည်။

နေပြည်တော်မှ ဖခင်ဘုရင်ကြီးကလည်း သားတော်ပြန်ချိန် ရောက်ပြီဖြစ်၍ အကြိုတော် အထောက်တော်များ လွှတ်၊ မင်းသားမင်းသမီးတို့နှင့် တောလမ်းခရီးတွင် ဆုံကြ၊ လက်စွဲတော်ငယ်ကျွန်များက မပျင်းရအောင် ပျော်တော်ဆက်လို့၊ ဗုံထောက်သံတွေဆိုလို့။

ထိုစဉ်ကတည်းက ကျွန်တော်သည် တက္ကသိုလ်ပြည်ကိုလည်းကောင်း၊ ဖော့လုံးဖြူယုန်နားရွက်ခေါင်း စွပ်ထားသည့် ဒိသာပါမောက္ခဆရာကြီးနှင့် လည်းကောင်း၊ မြန်မာဆန်ဆန် နွဲ့နွဲ့နှောင်းနှောင်း၊ ယဉ်စစနှင့် ချစ်စရာကောင်းသော ဆရာကြီး၏သမီး မင်းသမီးကလေးနှင့်လည်းကောင်း ရင်းနှီးခဲ့ပါသည်။

စာတော်သော ကျောင်းသားသည် ဆရာကြီး၏သမီးနှင့် လက်ဆက်ရရိုးဓလေ့ရှိသည်ဟု စွဲမှတ်ခဲ့ဖူးပါသည်။ အထူးသဖြင့် "ပညာပါမက ကြင်ရာ

ပါစုံခဲ့သည်”ဆိုသည့် စကားရပ်ကလေးကို အထူးသဘောကျမိပြီး စာဖိကြိုးစားခဲ့ဖူးပါသည်။

ယခုအချိန်တွင် ထိုကာလကလေးများကား လွမ်းစရာဖြစ်ကျန်ရစ်ပါ၏။

“ပညာပါမက ကြင်ရာပါစုံခဲ့သည်”ဆိုသည့် စကားရပ်ကလေးကို သဘောကျခဲ့သော်လည်း တကယ့်အဖြစ်မှာ “ပညာမစုံခင် ကြင်ရာစုံ” ခဲ့ရသည့်အခြေ ဖြစ်ခဲ့ရပေသည်။

“ပုစုဓရုဗေဒ ငါဒေဝ”ဟု အိမ်ဦးနတ်ရာထူး တင်မြှောက်သူ မရှိဘဲ ခပ်တည်တည်ဦးပြီး လောကထဲ ယောင်ချာချာနှင့် ကျင်လည်နေရ သော်လည်း ပညာကို ခုံမင်သည့်စိတ်ကဖြင့် ဘယ်တော့မှ မပျောက်နိုင်။ ဟိုစာအုပ်ကလေးတွေ့ ကောက်လှန်လိုက်၊ သည်စာအုပ်ကလေးတွေ ကောက်ဖတ်လိုက်ဖြင့် ပညာရှာပမာသူဖုန်းစားလုပ်လျက် စာအုပ်တန်းမွေ၊ နေ့စဉ်ရွှေရှာရင်း တော်ရာမလုပ်ဘဲ ပျော်ရာရှာမိ၊ လုပ်မိပြန်တော့ ဘုတ်အုပ်သည်ဘဝ ကျင်လည်ခဲ့ရပြန်သည်။

စာအုပ်အဟောင်းရောင်းသမား၏ဘဝ၌ စာအုပ်မျိုးစုံနှင့် ကြုံတွေ့ခဲ့ရသည်။ အငမ်းမရဖတ်၊ အငမ်းမရမှတ်ဖြင့် သညာက္ခန္ဓာ ခြင်းတောင်းကြီး အပြီးမောက်ကရော . . .ဟု စု-တု-ပြုဖို့ ကြိုးစားရင်း မဏိဒ္ဓိ ဆံဖြူပုန်းတောကြီး ပွင့်ပေါက်ခဲ့တော့သည်။

ထိုကာလတွင် ဘဝတက္ကသိုလ် ကျောင်းတော်ကြီးထွက် စာအုပ်သမားကြီးများနှင့် ဆုံခဲ့ရသည်။ သူတို့ထံမှ အံ့မခန်းအတွေ့အကြုံများကို ကြားနာခဲ့ရသည်။ စာအုပ်သမားကြီးတစ်ဦး၏ မှတ်တမ်းတွင်–

“တက္ကသိုလ်မှ ညီငယ်၊ ညီမငယ်တို့သည် ငါတို့ထံရောက်၍ သူတို့၏လိုအင်ကို မြွက်ဟ၏။

“ပိုင်းစသညာ၏ကွက်လပ်ငယ်တို့ကို ငါတို့ကား ဖြည့်စွမ်းကူညီရန် အသင့်ပင်တည်း”

ဟု ရေးသားထားသည်ကိုတွေ့ရသောအခါ ဆရာဇေယျ၏ မြန်မာ့ချက်ပွင့် (စာမလေ့)မှ–

“ခမ်းနားလှသော ကောလိပ်တက္ကသိုလ် ကျောင်းတွင် စာမသင်နိုင်ခဲ့သော်လည်း လူမွဲတက္ကသိုလ် ဘားနဒ်ကျောင်းထွက် ဖြစ်ရသည်ကို ကျွန်တော့်အဖို့ ဂုဏ်ငယ်သည်ဟု မထင်။

"ဘားနဒ်က ဖွင့်ပြသွားသော မြန်မာမှုလောက ကျယ်ဝန်းပုံ၊ ကမ္ဘာ့စာပေဇာဟုသုတ ကျယ်ဝန်းပုံများကို မြင်လိုက်ရဖူးသည်နှင့်ပင် ကျွန်တော်တို့မှာ ပီတိသောမနဿဖြစ်လျက် ဂုဏ်တက်မိပါသတည်း . . ." ဟူသော ဘားနဒ်စာကြည့်တိုက်အကြောင်း ရေးသားချက်ကို အမှတ်ရမိပေ၏။

✸

"သင်၏ စီရင်ခြင်းသည် ငါ၏စိတ်၌
ကာရန်အလှ၏ ပိုက်ကွန်ရက်နေပါသည်။
သင်၏ ကြည်နူးဖွယ်အတိ အချစ်သည်
ထိုကာရန်တို့၏ ဂီတကိုဖြည့်နေပါသည်။
ယင်းဖြင့် ငါ၏ ဂီတဖွင့်ရပါသည်။

(တဂိုး၏ဂီတဉ္စလိ)

ကျွန်ုပ်တော်လွမ်းမိသော တက္ကသိုလ်ထဲတွင် စာဆိုတော်ကြီး တဂိုး၏ စန္တိနိကေတန်ကျောင်းလည်း တစ်ခုအပါအဝင်ဖြစ်ပါ၏။ တဂိုး၏ ကဗျာများကို မည်သည့်အခါတွင် ဖတ်သည်ဖြစ်စေ နှစ်သိမ့်ကြည်နူးမှု ရမြဲဖြစ်သကဲ့သို့ တဂိုးတည်ထောင်ခဲ့သော စန္တိနိကေတန်ကျောင်းအကြောင်း ကြားရလျှင်လည်း အမြဲပင် ကြည်နူးနှစ်သက်ခြင်းဖြစ်မိပါ၏။

ပန်းချီအောင်စိုးသည် တဂိုး၏ စန္တိနိကေတန်ကျောင်းထွက်ဖြစ်ပါသည်။ တဂိုး၏ တစ်သက်တာတွင် ထင်ရှားသော အမှတ်လက္ခဏာနှစ်ခုရှိသည်ဟု ကမ္ဘာ့စာပေပညာရှင်များ မှတ်ချက်ပြုခဲ့ကြသည်။ တစ်ခုမှာ ဂီတဉ္စလိစသော တဂိုး၏ ကဗျာစာပေများဖြစ်၍ တစ်ခုမှာ တဂိုးတည်ထောင်ခဲ့သော စန္တိနိကေတန် တက္ကသိုလ်ကျောင်းကြီးဖြစ်၏။

ထိုကျောင်းကြီးတည်ထောင်ခဲ့သဖြင့်လည်း တဂိုးအား ပညာရေးပါရဂူကြီးတစ်ဦးဟုအသိအမှတ်ပြုခဲ့ကြသည်။ တဂိုးငယ်စဉ်က အမြဲ ကျောင်းပြေးခဲ့သဖြင့် ကလေးများကျောင်းမပြေးချင်သည့် ကျောင်းမျိုး တည်ထောင်ရန် အမြဲလိုလားခဲ့၏။

ကျောင်းစာသင်ခန်းထဲ၌ ရုပ်သေကဲ့သို့ထိုင်ပြီး ဆရာသင်ကြားသည်ကို စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ နားထောင်ရသည်မှာ ပန်းများပေါ်သို့ မိုးသီးကြီးများကို တအားရွာချလိုက်သည်နှင့် တူသည်ဟု တဂိုး ထုတ်ဖော်ပြောပြဖူး၏။

ဤသို့ဖြင့် တဂိုးသည် သစ်ပင်ရိပ်များအောက်၌ သင်ကြားရသည့် ဂုရုကုလ(တပေါဝန) ခေါ် စာသင်ကျောင်းကို ကျောင်းသား ၅ ယောက်နှင့် စတင်ဖွင့်လှစ်ခဲ့၏။

ထိုအခြေအနေမှ နောက်ဆုံးတွင် ကမ္ဘာ့တက္ကသိုလ်ကြီး တည်ထောင်နိုင်သည်အထိ တိုးတက်ခဲ့၏။

တဂိုး၏ ယူဆချက်အရ **ဆရာဆိုသည်မှာ သူရဲကောင်းလည်းဖြစ်၊ လောကအကြောင်းကို ပန်းချီကားချပ် ရေးခြယ်သကဲ့သို့ ရေးခြယ်ပြနိုင်စွမ်း ရှိသူလည်းဖြစ်ရမည်။** စိတ်ဓာတ်နှင့် အသိဉာဏ် ရင့်သန်မှုကို ပေးစွမ်းနိုင်သည့် ပညာသင်ကြားမှုမျိုးမှသာ တကယ့်အစစ်အမှန် ပညာဟု ခေါ်ဆိုနိုင်မည်။

တဂိုး၏ ပညာသင်ကြားမှု စနစ်တွင်အဓိက အချက်ကြီး ၄ ခု ပါဝင်၏။

**(၁) လွတ်လပ်မှုရှိရေး**

**(၂) ပင်ကိုဉာဏ်ရင့်သန်ရေး**

**(၃) သဘာဝနှင့်ဆက်စပ်မှုရှိရေး**

**(၄) လူ့လောကနှင့် တိုက်ရိုက်ဆက်စပ်မှုရှိရေး** တို့ပင်ဖြစ်၏။

စာဆိုတော်ကြီးတဂိုး၏ ကြိုးပမ်းမှုနှင့်ရည်ရွယ်ချက်၊ သူ၏ လုပ်ဆောင်ချက်များကို သတိရရင်းကပင် . . . ကျွန်တော်တို့၏ တက္ကသိုလ်ကျောင်းတော်ကြီး အစပြုခဲ့ရပုံကိုလည်း ပြန်ပြောင်းသတိရမိ၏။ ဆရာကြီး ဦးဖေမောင်တင် ပြောပြခဲ့ဖူးသည်။

"၁၉၂၀ ခုနှစ်မှာ တက္ကသိုလ်ကျောင်းကို တည်ထောင်ခဲ့တယ်။ တည်တည်ချင်းပဲ တစ်ခါတည်း သပိတ်မှောက်လိုက်ကြတာ စာမသင်ရသေးဘူး။ ကျောင်းပိတ်ရက်နဲ့ စတွေ့ရပါတယ်။

"၁၉၁၁ ခုမှာ ဆရာ အမ်အေ အောင်ပါတယ်။ ကာလကတ္တား ယူနီဗာစတီကပါ။ ဆရာ ပါဠိပရော်ဖက်ဆာ ဖြစ်လာပါတယ်။ ကာလကတ္တား ယူနီဗာစတီလက်အောက်ခံဖြစ်တဲ့ ရန်ကုန်ကောလိပ်မှာအမှုထမ်းခဲ့ရတယ်။ အင်္ဂလိပ်တွေကြားထဲမှာ ဆရာတစ်ဦးတည်း မြန်မာလူမျိုး ပါမောက္ခအဖြစ် ရှိခဲ့တယ်။ မြန်မာစာ ပါမောက္ခရယ်လို့ မရှိသေးဘူး။ ပါဠိ ပါမောက္ခရယ်လို့ ခေါ်ပါတယ်။ အဲဒီတုန်းက ဆရာ့အသက် ၂၄ နှစ်ပဲရှိပါသေးတယ်"။

"နောက်ကျတော့ ဆရာတို့ ရန်ကုန်တက္ကသိုလ် တည်ထောင်ပေးဖို့ ဆူလားပူလား လုပ်ကြတဲ့အတွက် အစိုးရက ရန်ကုန်တက္ကသိုလ် တည်ထောင်

ပေးဖို့ အလျှော့ပေးပါတယ်။ 'University Standing Committee' ဆိုတဲ့ အဖွဲ့တစ်ဖွဲ့ အစိုးရကခန့်ပါတယ်။ ဒီအဖွဲ့က တက္ကသိုလ်ဖွင့်ရင် သင်ကြားရမယ့်ဘာသာရပ်တွေ စီစဉ်ပါတယ်။ မြန်မာထဲက ဆရာတစ်ယောက်ပဲ ပါရပါတယ်။ ဆရာက ပါဠိဘာသာရပ် ကိုင်ရတယ်။ အဲသည်အခါက မြန်မာစာရယ်လို့ ပြဋ္ဌာန်းချက်မရှိသေးပါဘူး။

"ဒါကြောင့် ဆရာကိုင်ရမယ့် ဌာနကို အရှေ့တိုင်းဌာနလို့ ခေါ်ကြပါတယ်။ ဆရာက ပါဠိပရော်ဖက်ဆာ ဖြစ်နေလို့ ဆရာကိုပဲ ခန့်ရတယ်။ အဲဒီမှာ အိုင်အေမှာ ဘာတွေသင်မယ်၊ ဘီအေမှာ ဘာတွေသင်မယ်၊ စီစဉ်ခဲ့ရတာပေါ့။ ဒီကိစ္စပြီးတော့ အင်္ဂလိပ်တွေက ဆရာ့ကို ဘိလပ်လွှတ်ပါတယ်။ ကာလကတ္တားက အောင်တဲ့ အမ်အေနဲ့ မတော်သေးဘူး။ အဲဒီအခါက ကုန်တွေမှာ Made in England ဆိုတဲ့ အမှတ်အသားပါမှ အဖိုးတန်သလို ဆရာ့ကိုလည်း Made in England လုပ်ဖို့ စေလွှတ်ခြင်းဖြစ်ပါတယ်"

ဆရာကြီးဦးဖေမောင်တင်က ရယ်မောပြောပြခဲ့သည်။

ထို့နောက် အောက်စဖို့ယူနီဗာစတီတွင် လေးနှစ်ကြာခဲ့ပုံ (B,Litt) ဘွဲ့ရခဲ့ပုံ။ ပြန်အလာတွင် အရှေ့တိုင်းဌာန (Oriental Studies) ကို ဆရာကာဆင် ကြီးမှူးလုပ်ဆောင်နေပုံ၊ ဆရာပွားကို မြန်မာစာဆရာအဖြစ်ခန့်ပုံ၊ မြန်မာစာသင်ကြားမှုစနစ် ချဲ့ထွင်ပေးဖို့ အရေးဆိုရပုံ။

"အဲဒီတုန်းက ကျောင်းအုပ်ဆရာကြီး မစ္စတာစလော့က တက္ကသိုလ်တွင် သင်ထိုက်သော မြန်မာစာ စာအုပ်တွေမရှိတဲ့အတွက် မြန်မာစာပေအနေနဲ့ မသင်ရဘူး၊ စာစီစာကုံးသာ သင်စေတယ်။ ဆရာ့မှာလည်း မြန်မာစာပေ သင်စရာစာအုပ်တွေ မရှိလို့ သူတို့ပြောသမျှ ခေါင်းငုံ့ခံခဲ့ရတယ်"

ထို့နောက် ဆရာကြီးဦးဖေမောင်တင်က ပညာမင်းကြီးငွေတစ်ထောင်ပေး၍ မြန်မာစာအုပ် ရှာရပုံ၊ ရှာလို့မလွယ် အလွန်ဆုံးတစ်ရာဖိုးလောက်သာရပုံ၊ ရသည့်စာအုပ်ကလည်း ဗုဒ္ဓဘာသာကျမ်းစာတွေ၊ ထေရုပ္ပတ္တိတွေ၊ ဘာသာပြန်တွေသာရပုံ ပြောပြပါသည်။

"အဲဒီအခါက– မြန်မာနိုင်ငံ သုတေသနအသင်းဆိုတာ ရှိနေပြီ၊ မြန်မာစာပေထုတ်ဖို့ ၄ နှစ်ရှိပြီး စီစဉ်တာ မထုတ်ဖြစ်သေးဘူး။ ဒေဝကုမ္ဘာန် ပြဇာတ်ထုတ်တာတောင် ဆရာကြီးတွေအချင်းချင်း သဘောကွဲလွဲနေကြလို့ ဦးဖိုးစိန်ဆိုတဲ့ ဆရာကြီးက ဘကုန်းအစား ဖဦးထုပ်သာ သုံးရမယ်၊ မသုံးရင် ဒီစာအုပ်မထွက်ရဘူးလို့ဆိုတယ်။ ပုဂံဝန်ထောက်မင်း ဦးတင်ကလည်း နောက်

ဖစ်ရင် ၃၈နှစ်လုံးပေါက် ထည့်ရမယ်လို့ ဆိုပြန်တယ်။ ဒီတော့ သူမှားတယ်၊ ငါမှားတယ်ဖြစ်ပြီး စာအုပ်ဟာလည်း မထွက်ဖြစ်တော့ဘူး"

ထို့နောက် ဦးမေအောင်နှင့် တိုင်ပင်ရပုံ၊ ဆရာကြီးတွေ ဖဦးထုပ်သုံးချင်သူကသုံး၊ ဝစ္စပေါက်ထည့်ချင်သူကထည့် လိုက်လျောရပုံ၊ ဒါနဲ့ မပြီးသေး နိဒါန်းရေးပြန်တော့လည်း အချင်းချင်းငြင်းကြခုန်ကြ ရန်ဖြစ်ပုံ၊ နိဒါန်းဖြုတ်လိုက်မှ စာအုပ်တွေထွက်လာရပုံတွေ ပြောပြပါသည်။ ဆရာပွား၊ ဆရာလင်း၊ ဆရာလွန်း၊ ဆရာရိတ်တို့ ပိုင်းဝန်းကူညီ ကြပုံတွေလည်း ပြောပြပါသည်။

ဆရာလွန်း၏ ထက်သန်ပုံတွေ ပြောပြသည့်အခါ မျောက်ငိုကာသစ်မှ– "သြော် . . . အမြွှောက်ကြိုက်ကြိုက်ပြီး

အခြောက်တိုက်နဲ့ လူမညီပါလျှင်ဖြင့်

မှားကြလိမ့်မထင့်၊

အနောက်ဂိုက်နဲ့အတူ တညီမကွာ ကွားကြစေဖို့

(အို–ဗေဒါရိုရဲ့) မြွှောက်လိုက်မဟဲ့၊ မောက်လိုက်မဟဲ့လို့

ဆောက်လိုက်မယ့် ယူနီဗာစတီတွေ အများ . . .။"

ဆိုသည့် ယူနီဗာစတီဘွဲ့ လေးချိုးကြီးကို သတိရမိတော့သည်။

ထို့နောက် ဆရာကြီး ဦးဖေမောင်တင်က ထိုခေတ်တွင် မြန်မာစာဆရာကို အထင်သေးကြပုံ၊ မြန်မာစာကို မသင်မနေရ လုပ်လိုက်မှ လေးစားလာကြပုံ၊ ဝေါဟာရများ မြန်မာအမည်ကြံဆရပုံ၊ တိရစ္ဆာန်အမည်ကအစ မြန်မာအမည် ပြောင်းယူရပုံ၊ သိပ္ပံစာအုပ်တွေ ဘာသာပြန်ပုံတွေ ပြောပြသည်။

"ဆရာ့အယူက သူတို့အင်္ဂလိပ်လို ပြောနိုင်သမျှ

မြန်မာလိုပြောနိုင်ရမယ်ဆိုတဲ့အယူပါပဲ"

ထို့နောက် ဖာနီဗယ်ခေါင်းဆောင်၍ စာအုပ်ထုတ်ပုံ ဂန္ထလောကစာအုပ်ကလေးထုတ်ပုံ၊ အင်္ဂလိပ်ကဗျာတွေကို မြန်မာဘာသာ ပြန်ဆိုပုံစုံနေတော့သည်။

အစိုးရကျောင်းများတွင် မြန်မာစာ တိုးတက်ရေးအတွက် စာအုပ်များ ဖြန့်ခဲ့ရပုံတွေလည်း ဆရာကြီးက မှတ်သားစရာ ပြောပြပါသေးသည်။

"မြန်မာစာကို သင်ယူရာမှာ မြန်မာစာတစ်ခုတည်း

မလုံလောက်ဘဲ ရှေးရင်းစာပေကိုပါ သင်ယူရ

တယ်။ ပျူစာ၊ မွန်စာ၊ ကျောက်စာတွေ သင်ရပြန်တယ်။

ဘာသာဝေါဟာရတွေကိုပါ သင်ယူရတဲ့ သဘောဖြစ်တယ်။
ဒီလိုအားဖြင့် ဘာသာ စာပေဘက်ပါ လေးစားရအောင်
ဆရာတို့လုပ်ခဲ့တယ်"

ထို့နောက် ခေတ်စမ်းစာပေ ပေါ်ထွန်းလာပုံအကြောင်းစုံနေတော့သည်။ တက္ကသိုလ်၏ မြစ်ဖျားကို စူးစမ်းကြည့်ရင်း . . . မြန်မာ စာပေအတွက် ဆရာကြီးများ ကြိုးပမ်းခဲ့ကြပုံများကိုပါ ကြားသိရပါသည်။ ထိုဆရာကြီးများ၏ ကျေးဇူးကား ကြီးမားလှပါဘိ၏။

ကျွန်တော်သည် ကျွန်တော်တို့ ဆရာများပညာသင်ကြားခဲ့ဖူးသည့် အောက်စဖို့တက္ကသိုလ်၊ စာဆိုတော်ကြီး တဂိုး၏ ရှန္တိနိကေတန် တက္ကသိုလ်တို့ကို မှန်းမျှော်ကြည့်ရင်း ကျွန်တော်တို့၏ တက္ကသိုလ် မြကျွန်းသာ ကျောင်းတော်ကြီး၏ မြစ်ဖျားအစကို စူးစမ်းကြည့်မိကာ ရင်ဝယ်တသိမ့်သိမ့်မျှ ခံစားလာရ၏။

တက္ကသိုလ်သည် ခေတ်များစွာ ဖြတ်သန်းလျက် အနာဂတ်မျိုးဆက်သစ်များကို မွေးဖွားပေးနေပါ၏။

အိုဘယ့် . . .တက္ကသိုလ်

၇၅နှစ်ပြည့် စိန်ရတုသို့ပင် တိုင်ခဲ့ပြီ။ သင်၏ ဖြတ်သန်းမှုတို့သည်အံ့မခန်းဖြစ်ပါပေ၏။

စာဆိုတော်ကြီး တဂိုး၏ဂီတဥ္စလိမှ ကဗျာတစ်စကို သင်နားဆင်ပါဦးလော့။

**"သင်သည် ငါ့ကို တန်ဆာဆင်ဖြီး**
**ဤပွဲ၌ ပါဝင်စေခဲ့ပါသည်၊**
**ထို့ပြင်ငါ၏ အသည်းနှလုံး၌လည်း**
**သင်၏မပျက်သော နှစ်သက်ခြင်း စံပယ်နေသည်၊**
**အမျိုးမျိုးသော အမည်ရုပ်သွင်တို့ တည်ရာယူပြီး**
**ငါ့ဘဝ၌လည်း သင့်ဆန္ဒ လှိုင်းထနေပါသည်" တဲ့။**

✹

**(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၅ ခု၊ စက်တင်ဘာလ)**

•

# စာပြင်ဆရာတစ်ဦး၏ ဘောဂဗေဒ

*"ခွဲမှတ်ပညာ၊ ဝိဇ္ဇာသိပ္ပ၊ တတ်စွမ်းကမူ*
*ဓနဥစ္စာ၊ ရတနာကို၊ ရှာလည်းရလွယ်*
*ပြည့်စုံကြွယ်၏ . . ."*

*စာတော်ပြင်ဆရာကြီးဦးပညာ*
*(သားရွှေဥဆုံးမစာ)*

ကျွန်တော်သည် စာပြင်ဆရာ တစ်ဦးအဖြစ်လည်းကောင်း၊ စာစောင်တစ်ခုကို စီစဉ်၍တည်းဖြတ် လုပ်ကိုင်ပေးရသော အယ်ဒီတာတစ်ဦးအဖြစ်လည်းကောင်း ဖြတ်သန်းခဲ့ရ၊ ဖြတ်သန်းနေရဆဲ ဖြစ်ပါ၏။

စာပြင်ဆရာတစ်ဦးအနေဖြင့် သတ်ပုံသတ်ညွှန်းများနှင့် နပန်းလုံးရခြင်းသည် မလွဲမရှောင်သာ ကြုံတွေ့ရမည့်ပွဲ ဖြစ်သည်။ (တ)လား (တစ်)လား၊ လွှင့်စင်လား၊ လွင့်စဉ်လား ...။ အိ .... တစ်ကြောင်း၊ ယား... တစ်ကြောင်း၊အိ ..... ကိုအပေါ်တင်မလား၊ အောက်ချမလား၊ သတ်ပုံမှားတာရားဖြစ်သတဲ့။

'မြို့ဝန်'ဟုရေးရမည့်အစား သေးသေးတင်နှင့်'ဝံ'ဟု ရေးမိသဖြင့် လူစင်စစ်က ဝက်ဝံဖြစ်ပြီဟုဆိုကာ တောသို့နှင်ထုတ်ဖူးကြောင်း ဖတ်ခဲ့ရဖူးသေသည်။

ထို့ကြောင့် ကျွန်တော်သည် သတ်ပုံများနှင့် နပန်းလုံးရသော စာပြင်ဆရာတစ်ဦးအနေဖြင့် သက်လုံကောင်းရန် အမြဲလေ့ကျင့် အားမွေးနေရပေ၏။

ထိုသို့ ပဲ၊ ဘဲ၊ ဖူး၊ ဘူးတို့နှင့် နပန်းလုံးကာ ခေတ်သစ်သတ်ပုံတို့နှင့် ရင်းနှီးမှုရရန် ကြိုးပမ်းရင်းဖြင့်ပင် မိမိကိုယ်ကို စိတ်မရှည်နိုင် ဖြစ်လာပြန်သည်။ စာပြင်ဆရာ၏အလုပ်သည် ဒါပဲလား။

အလွယ်ကူဆုံးအလုပ်ဖြစ်ရန်မှ သတ်ပုံလက်စွဲကို သုညွှန်းပြသည့်အတိုင်း ကောက်ပြင်လိုက်ရုံသာ။ ဘာမှုပြဿနာမရှိ။ သို့သော် ကျွန်တော်ကား ဤမျှဖြင့်မရပ်ချင်။ ဘာကြောင့် ဘယ်လို၊ ဘယ်နည်းစသော စူးစမ်းစိတ်များဖြင့် ကျော်အောင်စံထားဆရာတော်၏ ဝေါဟာရတ္ထပကာသနီ၊ လက်ဝဲနော်ရထာ၏ မြန်မာသံယောဂဒီပနီ၊ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ဦးအုန်းရွှေ၏ သတ်ပုံအဘိဓာန်မိတ်လင်စုံ၊ မင်းသုဝဏ်၏ မြန်မာသတ်ညွှန်းကျမ်းသည် စသည်များကို စိတ်ရှိသမျှ လျှောက်လှန်လှောချင်လာသည်။ ဤသို့ဖြင့် နပန်းလုံးရခြင်းဖြစ်၏။ စိတ်ရှည်စွာ ရှင်းလင်း ရေးသားထားသည့် မောင်သုတ၏ 'မြန်မာစာ မြင့်ချင်လွန်းလို့'ကို ပြန်လွမ်းမိသည်။

ကျွန်တော် ဤသို့ခုနစ်စဉ်အမျှင်တန်းနေသဖြင့် အလုပ် မဖြစ်။ စာဖောင်မကျလျှင် ဖိုမင်နှင့် စာစီများက စုပွကြမည်။ ဖောင်စား စာပြင်ဆရာ၏ မီးဖိုချောင်ဗေဒမှူး အိမ်ရှင်မကလည်း စူပွဦးမည်။ ပျား ရည်တစ်စက်ကြောင့် ပြည်ပျက်သည့်ထုံး ပုံပြင်ပမာ ဖြစ်ချေတော့မည် ဟုယူဆပြီး ကျွန်တော့် သုတေသနနယ်ကို မချဲ့နိုင်ဘဲ ပြန်ပြန်ချုံ့နေရတော့သည်။

ကျွန်တော့်ရှေ့က စာပြင်ဆရာကြီးများကော မိမိကဲ့သို့ပင်လောဟုလည်းဆန့်လည်ပြန် ငုံ့စောင်းကြည့်မိပြန်၏။ ဆရာကြီးသခင် ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဟံသာဝတီဦးဘရင်၊ ဒဂုန်နတ်ရှင် စသော ပုဂ္ဂိုလ်များ . . . ။

အာရိုရို . . . ကျွန်တော်လို ပေါက်စနနှင့် ဘာမှုမဆိုင်ပါကလား။ ရှေးက စာပြင်ဆရာဟူသည် မြန်မာပညာရှိ ပုဂ္ဂိုလ်များပင်ဖြစ်၏။

ကျွန်တော်သည် မိမိကိုယ်ကို အားမရနိုင်ဘဲ လောက်လောက်လားလား စာပြင်ဆရာ၊ မြန်မာပညာရှိမဖြစ်နိုင်လျှင် စီးပွားရေးဘက် အချိန်မနှောင်းမီ အာရုံစိုက်ဦးလှည့်မှ ဖြစ်တော့မည်ဟု စိတ်ကူးရမိတော့၏။

ထိုအခါ ကျွန်တော့်ကို အားပေးသူပေါ်လာသည်။ ထိုပုဂ္ဂိုလ်မှာ သားရွှေဥ ဆုံးမစာရေးခဲ့သည့် စာတော်ပြင်ဆရာကြီး ဦးပညာဖြစ်သည်။သူက "ငါတို့စာတော်ပြင် ဆရာများဟာ စာကိုသာသိ၍ စီးပွားရေးမသိဘူး မထင်ပါနှင့်"ဟုဆိုကာ –

"ပညာမြော်မြင်၊ အတတ်လျှင်ကား
ဆွေစဉ်ပွန်းစစ်၊ မှီရာဖြစ်ရှင့်
အသစ်ဘဝ၊ ပြောင်းလေကလည်း
သုစဝတာ၊ မြတ်ချမ်းသာကို
ကောင်းစွာလျှောက်ပတ်၊ ဆောင်ပေတတ်၏။"

ဟု သင်ကြားပေးသည်။ ဝိဇ္ဇာ၊ သိပ္ပ တတ်စွမ်းလျှင် ဓနဥစ္စာရှာ၍ ရလွယ်သည်ဟု ညွှန်ပြသည်။

ထို့ကြောင့် စာပြင်ပေါက်စ ကျွန်တော်သည် စာတော်ပြင်ဆရာကြီး ဦးပညာ၏ သင်ကြားချက်များကို မြေဝယ်မကျ မှတ်သား၍ နားမျက်စိဖွင့် လိုက်သည့်အခါ –

"အသိပညာသည် စွမ်းအားဖြစ်၏"ဆိုသော ကြွေးကြော်သံကို ကျယ်ကျယ်လောင်လောင် ကြားလိုက်ရသည်။

ထိုကြွေးကြော်သံကို နယူးယောက်စတော့ ဈေးကွက်တွင် မကြာသေးခင်က ထုတ်ဝေခဲ့သည့် စီးပွားရေးကျမ်းတစ်စောင်၌ တွေ့လိုက်ရခြင်း ဖြစ်သည်။

ကျွန်တော်ပြုံးလိုက်မိ၏။ သူတို့က ယခုမှ အသိပညာသည် စွမ်းအား ဖြစ်ကြောင်း ကြွေးကြော်သည်။ ကျွန်တော်တို့သည် ရှေးပဝေသဏီကတည်းက သိခဲ့ကြ၏။

"သိပညာဖြစ်ပွားအောင် ချစ်သားတို့သင်ကြပါ၊
မိဘဆရာတို့၊ ဖန်ခါခါ တပည့်သားကို
ထောင်နားဆန်မငြင်းအောင်၊ သွင်းကြပေရာ . . . "

စဥ့်ပါဆရာတော်သည် ဓမ္မနီတိချိုးဖြင့် သွန်သင်ခဲ့၏။

"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ
အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို
သိကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့ . . . " ဟု ရှင်မဟာရဋ္ဌသာရက စာစာကာပင် ဆုံးမခဲ့ဖူးသည်။

| | |
|---|---|
| သုဏေယျ | = နာကြားရာ၏။ |
| စိန္တေယျ | = ကြံစည်ရာ၏။ |
| ပုစ္ဆေယျ | = မေးမြန်းရာ၏။ |
| ဘာသေယျ | = ပြောဆိုရာ၏။ |

ဝိစာရေယျ = စူးစမ်းဆင်ခြင်ရာ၏။
လိခေယျ = ရေးမှတ်ရာ၏။
သိက္ခေယျ = လေ့ကျင့်ရာ၏။
ဓာရေယျ = နှုတ်ငုံဆောင်ရာ၏။

အဘယ်မျှ မှတ်သားဖွယ်ကောင်းပါသနည်း။ ဤသို့ ဤသို့ အသိပညာကို ညွှန်ပြသော လေးစားလိုက်နာဖွယ်ရာ စာပေ ရတနာများကျွန်တော်တို့ မြန်မာစာပေ ဘဏ္ဍာတိုက်ထဲ၌ များစွာရှိပေသည်။

စီးပွားရေးကျမ်းက ဆက်လက်ဖော်ပြထားပြန်၏။

"လွန်ခဲ့သော ဆယ်စုနှစ်များ၏ စီးပွားရေးလောက၌ ကုန်ထုတ်လုပ်ရေးဖွံ့ဖြိုးမှု၏ ငါးပုံတစ်ပုံမှသည် နှစ်ပုံတစ်ပုံ(ဝါ) ငါးဆယ်ရာခိုင်နှုန်းသည် လုပ်ငန်းကျွမ်းကျင်မှု အသိပညာပေါ်တွင် မူတည်ကြောင်း တွေ့ရပါသည်" ဟုဖော်ပြထားသည်။

"နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် အသိတရား (အသိပညာ)နှင့် သတင်းသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ နိုင်ငံ အများအပြားကပင် သိရှိခံယူထားကြသည်"တဲ့ ။ အသိပညာနှင့်တွဲလျက် သတင်းသည် ကပ်ပါလာ၏။

စီးပွားရေးနယ်ပယ်တွင် သတင်းသည်လည်း အရေးကြီးလှသည်။ အပြိုင်အဆိုင်ခေတ်ထဲတွင် သတင်းနောက်ကျပါက စီးပွားရေးလည်း နောက်ကျလိမ့်မည်။

မည်သည့်နိုင်ငံက မည်သည့်ကုန်ပစ္စည်းထုတ်မတဲ့၊ မည်သည့်ကုမ္ပဏီက မည်သည့်ပစ္စည်း တွင်ကျယ်နေသနည်း။ မည်သူတွေက မည်သည့်ကုန် လှောင်နေသနည်း။ မည်သည့် ကုမ္ပဏီက မည်သို့သုတေသနပြုနေသနည်း။

သုတေသနတန်ဖိုးသည်လည်း အရေးပါအရာရောက်လှသည်။

တစ်လောက မြန်မာနိုင်ငံသို့ ဒေါ်လာတစ်သန်းတန်စက်ရုံတစ်ရုံ တည်ဆောက်ချင်သူတစ်ဦးသည် တစ်ရာခိုင်နှုန်း(ဒေါ်လာတစ်သောင်း) အကုန်အကျခံ၍ သုတေသနစရိတ်သုံးသတဲ့။ သုတေသနကပေးသော သတင်းအရ ဒေါ်လာတစ်သန်းတန်စီမံကိန်း နောက်ဆုတ်သွားသတဲ့။ သတင်းသည် အရေးကြီးလှပါကလား။ ဒေါ်လာတစ်သန်း ဆုံးရှုံးမည့်အစား တစ်သောင်းသာ ဆုံးရှုံးလိုက်ရသည်။ အလားတူပင် ဒေါ်လာတစ်သောင်း အဆုံးရှုံးခံ သုတေသနပြု၍

ဒေါ်လာတစ်သန်းမက အမြတ်အစွန်းရှိသော စီမံကိန်းများ အကောင်အထည် ဖော်ကောင်းဖော်လာနိုင်ပေမည်ဟု ကြောင်းကျိုးဆက်နိယာမပညာဖြင့် ကျွန်တော်သုံးသပ်မိပေ၏။

မြန်မာနိုင်ငံနှင့် ပတ်သက်သော သတင်းအချက်အလက်များ လိုချင်ပါသလား။ ပြည်ပနိုင်ငံတစ်ခုရှိ လုပ်ငန်းနှင့်ဆက်သွယ်ပါဟု ဆရာခင်မောင်ညို (ဘောဂဗေဒ) က အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြောပြသည်ကို သဘောကျမိ၏။

ကျွန်တော်တို့သည် အသိပညာတန်ဖိုးကို စောစီးစွာသိသူများ ဖြစ်သည်ဟု လက်မ ထောင်ရန် ကြံဆဲ . . .။ သတင်းကဏ္ဍ ကပ်ပါလာသဖြင့် ကျွန်တော်၏ လက်မကို ပြန်ဝှက်လိုက်ရသည်။

သတင်းအရေးကြီးသဖြင့် ကျွန်တော်သည် တစ်ရက်က နိုင်ငံတကာ သတင်းဂျာနယ်တစ်စောင်ကို လမ်းဘေးက ၁၅ ကျပ်တိတိပေး၍ စွန့်စားဝယ်လိုက်၏။ ဈေးကြီးလှသည်ဟု စိတ်ထဲအောက်မေ့ဆဲ ဆရာခင်မောင်ညိုက ပြောပြန်၏။

အင်းဝတိုက်မှာ ဘစ္စနက်တိုင်း သတင်းစာတွေ တစ်စောင်နှစ်ရာဗျ။ လပေးယူရင် ကျပ် ၁၆၀ နှင့် ပို့ပေးမတဲ့ဆိုသည့်အခါ ကျွန်တော်လည်း ဇက်ပုသွားရပြန်ချေ၏။

ဩော်. . .ဈေးကွက်စီးပွားရေးသတင်း တန်ဖိုးတယ်ကြီးပါလား။

သတင်းမှန်နှင့် တိုးပါစေဟုသာ ဆုတောင်းရ၏။ သတင်းဖွံ့ဖြိုး မှ ဈေးကွက်ဖွံ့ဖြိုးပေမပေါ့။ မှန်ပါပေ၏။ သတင်းတန်ဖိုးကြီးလွန်းသဖြင့် ကျွန်တော်သည် အိမ်မှုစလောင်းကြီးကို မကြာခဏ ပြုပြင်ရန် စိတ်ကူးရ၏။ အိမ်ရှင်မက ပုစွန်ငါးပိ စလောင်းကပ် မီးဖုတ်နေသဖြင့် မအားကြောင်း ပြောသဖြင့် လက်လျှော့ကာ မိမိနားမျက်စိသာ အစွမ်းကုန်အား ပြုရတော့၏။

ထပ်မံနားစွင့်သည့်အခါ သတင်းတစ်ပုဒ် ကြားရပြန်သည်။

–ဂျပန်တို့သည် ယခုအခါ အံ့ဩဖွယ်ရာ ကုန်ပစ္စည်းတစ်မျိုးထုတ်ရန် ကြံစည်နေကြောင်း၊ ၎င်းပစ္စည်းသည် သူတို့၏ လယ်ကွင်း၊ သတ္တုတွင်း၊ ပင်လယ်တို့မှမဟုတ်၊ သူတို့၏ ဦးနှောက်များမှ ထွက်ပေါ်လာသည့် ကုန်ပစ္စည်း ကား အသိပညာ။

အဆင့်သင့်ပြုပြင်ထားသည့် အသိပညာဖြစ်သတဲ့။

'အသိပညာ'ဆိုသည့်စကားလုံး ထပ်ထပ်ကြားရပြန်သည့်အခါ ကျွန်တော်တို့၏ မျက်လုံးလည်း ပိုပိုကျယ်ကျယ်သွားရသည်။ အသိပညာ မိုင်း

ယဉ်ကြစို့ဆိုလျှင် မြန်မာသည်မည်။ ကမ္ဘာကို ရင်ပေါင်တန်းနိုင်ရုံမက ကျော်လွှားရှုံးပင် သွားနိုင်သည်။ ကျွန်တော်တို့သည် မဟောသဓ ဇာတ် တော်ကြီးဖတ်၍ ကြီးပြင်းခဲ့သူများဖြစ်သည်။ ပညာကို အလေးအမြတ်ထားသည့် ပုဂ္ဂိုလ်များဖြစ်သည်။ ဆရာဇော်ဂျီသည် ပဏ္ဍိတ ဝေဒနိယ ဒီပနီကျမ်းကြီးကို အိပ်ရာဘေးအမြဲထားအိပ်သူကပဲ။

'အသိပညာ' ဟု အသံကြားရတိုင်း ကျွန်တော်မခံချင်စိတ် ဖြစ်မိ၏။ ကျမ်းရင်းကြီးကို လှန်လှောရပေလိမ့်ဦးမည်။

အသိတရား(၆)မျိုး

၁။ အနုဿဝအသိ = ဆရာသမားစသူတို့၏ အဆင့်ဆင့်ဟောပြောသံဖြင့်သိခြင်း။

၂။ သဒ္ဒါအသိ = ရတနာသုံးပါးတို့၏ ဂုဏ်ကိုယုံကြည်စွာ မှတ်၍သိခြင်း။

၃။ အာကာရပရိဝိတက္ကအသိ = ခြင်းရာသွင်ပြင်ကို ဆင်ခြင်ကြံစည်၍ သိခြင်း။

၄။ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိအသိ = မိမိသဘောဖြင့် လိုက်လျောညီစွာ စွဲမြဲသိခြင်း။

၅။ ပိဋကသမ္ပဒါအသိ = စာပေဖတ်၍ တတ်မြောက်သောအခါ စာပေလာ အသိ။

၆။ ပစ္စက္ခအသိ = (ဆိုပြီး)အသိ ငါးပါးတို့ကို လွန်မြောက်၍ကိုယ်တိုင်တပ်အပ်သိခြင်း။

သံယုတ်နှင့်ပဏ္ဏာသမှ ထုတ်နုတ်၍ ရှင်ဩဘာသာဘိဝံသ၏ သုတေသနသရုပ်ပြ အဘိဓာန်က ဆိုထားသည်။

ကျွန်တော်၏လက်မသည် ပြန်ထောင်လာပြန်၏။ ပဋိသမ္ဘိဒါမဂ်၌ အသိဉာဏ်ပညာကို အနုစိတ်ခွဲခြမ်းစိတ်ဖြာ ပြထားသည်မှာ အံ့မခန်းဖြစ်သည်။

ကျွန်တော်သည် လက်မသာမက ရင်ပါ ကော့မိလာမိ၏။ "I am Myanmar" ဟုပင် နှုတ်က ရွတ်ချင်လာသည်။ သို့သော် သတင်းကဏ္ဍကို ဆက်လက်နားစွင့်ရပေဦးမည်။

ဂျပန်တို့သည် အသိဉာဏ်ရှိမည့် စက်ပစ္စည်းဖြစ်သည့် ပဉ္စမမျိုးဆက်ကွန်ပျူတာများ ထုတ်လုပ်ပြီး ကမ္ဘာသို့ ဈေးကွက်တင် ရောင်းချတော့မတဲ့။

အချက်အလက်စုဆောင်း စိစဉ်တွက်ချက်နိုင်စွမ်း အလွန်မြင့်မား မြန်ဆန်လှသည့် စက်များဖြစ်သည်။

အသိပညာသတင်း စီစဉ်ဆောင်ရွက်မှုစနစ် (Knowledge Information Processing System) KIPS ဟူသော ပဉ္စမမျိုးဆက် ကွန်ပျူတာများဖြစ်သတဲ့။

ပထမမျိုးဆက်မှ စတုတ္ထမျိုးဆက်ထိ ကွန်ပျူတာစက်များကို (ဗွန်နွမန်က စတင်တီထွင်ခဲ့သဖြင့်) ဗွန်နွမန်စက်ဟု ခေါ်ခဲ့သည်။ ယခု ပဉ္စမ မျိုးဆက်စက်များသည် ဗွန်နွမန်စက်ပုံစံမှ လမ်းခွဲထွက်မတဲ့။ ပုံစံသစ်ဖြင့် တည်ဆောက်မတဲ့။

၁။ မှတ်ဉာဏ်ဖွဲ့စည်းမှုအသစ်

၂။ ဘာသာစကား စီစဉ်ကွပ်ကဲမှုအသစ်

၃။ လုပ်ငန်းလည်ပတ်မှုအသစ်

ကိန်းဂဏန်းများကိုသာမက သင်္ကေတများကိုလည်း ကိုင်တွယ်အသုံးပြုလိမ့်မည်ဟု ဆိုသည်။

ယခုစက်သည် စက်မှုနည်းပညာသာမဟုတ်၊ အသိတရားပိုင်း ဆိုင်ရာနှင့် လုပ်ငန်းဆောင်တာပိုင်းဆိုင်ရာတို့တွင်ပါ ယခင်စက်များနှင့် ခြားနားသတဲ့။ စီစဉ်နိုင်မှုစွမ်းအားပေါ်မှုတည်၍ ဉာဏ်တုလုပ်ငန်းများ မြန်မြန်ဆန်ဆန်တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နိုင်ရန် ရည်ရွယ်သတဲ့။

ဉာဏ်တုဆိုသည့် အသုံးတွေ့လိုက်ရသည့်အခါ ကျွန်တော်ထခုန်လိုက်မိသည်။ ကျွန်တော်တို့ကား ဉာဏ်တုမဟုတ်၊ ဉာဏ်စစ်ဖြစ်၏။ ကျွန်တော်တို့၏ စာပေကျမ်းဂန် အဋ္ဌုပ္ပတ္တိများကို လှန်လှောလိုက်လျှင် မ,ကာရလောပ (မသိတာမရှိ)ဘွဲ့ခံပညာရှိ အမြောက်အမြား ပေါ်ထွက်လာနိုင်သည်။

**"မာန်မလုပ်ချင်ဘူး.**

**မာန်လုပ်လျှင် အလွယ်သာပ**

**ငယ်မည်မှာ နကိုသတ်ရုံပဲ** " ဆိုသည့် မန်လည်ဆရာတော်ကြီးကိုလည်း သတိရနေမိသည်။

သတင်းကို ဆက်လက်နားစွင့်မိပြန်၏။

– ထိုပဉ္စမမျိုးဆက် ကွန်ပျူတာလုပ်ငန်းဖြင့် ကမ္ဘာ့စီးပွားရေး အင်အားပြိုင်ပွဲတွင် ဂျပန်တို့များစွာ အသာစီးရပေလိမ့်မည်။

– မျိုးဆက်သစ် ကွန်ပျူတာနည်းပညာ မဟာဌာန (အိုင်ကော့)

သည် ငွေကြေးမ,တည်မှု ပြည့်စုံ၊ သိပ္ပံပညာရှင် အလုံအလောက်၊ အခြား ပံ့ပိုးမှု အစုံအလင်ဖြင့် တိုကျိုတွင် အခြေတည်မည်တဲ့။

ကျွန်တော့်ခံစားမှုသည် မိုးထဲလေထဲ ကျရောက်နေပြီလားဟု တွေးမိတော့၏။ တိုင်းမ်နှင့် လိုက်ဖ်မဂ္ဂဇင်းများကို စတင်တည်ထောင်သူ ဟင်နရီလုစ် (Henry Luce)သည် ၁၉၃၀မှာ ဖော်ကျူးန် (Fortune) ဆိုသည့် စီးပွားရေးမဂ္ဂဇင်းကိုလည်း စတင်ထူထောင်ထုတ်ဝေခဲ့၏။ ဟင်နရီလုစ်နှင့် ကျွန်တော်တိုင်ပင်ရလျှင် ကောင်းမလားဟု စဉ်းစားမိပြန်၏။

တစ်လောက စင်ကာပူနိုင်ငံ အဆင့်မြင့်ဝန်ကြီး လီကွမ်ယူနှင့် ဗီယက်နမ်သမ္မတ လီဒတ်အန်တို့ စီးပွားရေးအမြင် ဖလှယ်ခဲ့ကြသည်။

လီဒတ်အန်က သူတို့မှာ ဆိုရှယ်လစ်ဝါဒ၊ လူမှုဖူလုံရေးစနစ်ကို နှစ်ရှည်လများ ကိုင်စွဲခဲ့၍ ယခုမျက်မှောက် နိုင်ငံတကာအဆင့်မီ အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် အခက်အခဲရှိသည်ဟု ရိုးရိုးပင်ဝန်ခံခဲ့သည်။

ထိုအခါ လီကွမ်ယူက ပြည်တွင်းငွေကြေးတည်ငြိမ်ရန် နှစ်စဉ်ငွေဖောင်းပွမှုနှုန်းကို ထိန်းချုပ်နိုင်ရန်လိုကြောင်း၊

ကုန်ဈေးနှုန်းတက်လျှင် ငွေကြေးတန်ဖိုး(ဝယ်အား)ကျမည်။

ကုန်ဈေးနှုန်းကျလျှင် ငွေတန်ဖိုးတက်မည်။ အထူးသဖြင့် ဗီယက်နမ်ငွေ(ဒေါင်)၏ တည်ငြိမ်မှုအပေါ် ပြည်သူများ ယုံကြည်စိတ်ချလာစေရန် လိုကြောင်း တင်ပြခဲ့သည်။

သူတို့နှစ်ဦး၏ ဆွေးနွေးပွဲသည် ရိုးသားမှုအပြည့်၊ စေတနာ အပြည့်ဖြင့် အနှစ်သာရရှိပေသည်ဟု ကျွန်တော်မှတ်ပိုက်၏။

ကျွန်တော်တို့မှာ စား၊ ဝတ်၊ နေရေးနှင့် အရေးသုံးပါးဖြင့် ဦးနှောက်များ လည်လျက်ရှိစဉ် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ International Monetary Fund (IMF) က အရေးလေးပါးတိုးသည်။

စား၊ ဝတ်၊ နေရေးနှင့် ခရီးသွားလာရေး (Food, Clothing, Shelter and Transport)ဖြစ်ပါသတဲ့။ ကျွန်တော်တို့ထက် ခရီးသွားလာရေးတစ်ခု ပိုဆောင်းထားသည်။

ယခုကျွန်တော်တို့က တံခါးဖွင့်ထားသည်။ မြန်မာ့ခရီးသွားနှစ် (1996) ကို ဖွင့်လှစ်သည်။

တစ်ဖန် ကျွန်တော်တို့က ခရီးဆန့်ဖို့ကော။

ကျွန်တော်သည် စာတော်ပြင်ဆရာကြီး ဦးပညာ၏ သွန်သင်မှုဖြင့် "အသိပညာရှိကြွယ်ဝလျှင် နေဥစ္စာ ရလွယ်သည်"ဟူသော အဆုံးအမကို နာခံလျက် စီးပွားရေးနယ်ဘက် ငဲ့စောင်းကြည့်မိ၏။

ထိုအခါတွင် အသိပညာသာမက သတင်း၏အရေးပါပုံ၊ တန်ဖိုးကြီးပုံတို့ကိုပါ သိမြင်လိုက်ရသည်။ ထိုအခါ နှစ်စောင်တည်းသော ကျွန်တော်တို့၏ သတင်းစာနှင့် ကျွန်တော်တို့၏ နှစ်ကျပ်တန်တီဗွီကို အားကိုးပြုရသည်။

(မှတ်ချက်။ ။ နှစ်ကျပ်တန်တီဗွီဆိုသည်မှာ မြန်မာကျေးရွာနှင့် ဆင်ခြေဖုံးမြို့ကလေးများတွင် တစ်ဦးလျှင် နှစ်ကျပ်နှုန်းနှင့် တီဗွီရုံမှာ ကြည့်ကြရသည်ကို ဆိုလိုပါသည်။)

ကျွန်တော်သည် ကျွန်တော်တို့၏ မီးဖိုချောင်ဗေဒ စလောင်းဖုံးကြီးကို အရင်ပြုပြင်ရလိမ့်မည်။ သို့မှသာ ဈေးကွက်စီးပွားရေးစနစ်ထဲ ဝင်ဆံ့၍ သတင်းခေတ်မီနိုင်ပေမည်။ သတင်းခေတ်မီမှ ကျွန်တော်တို့၏ စီးပွားရေးခေတ်မီတိုးတက်လာပေမည်ဟု မှတ်ယူမိ၏။

ကျွန်တော်တို့တွင် အသိပညာနှင့်ယှဉ်သော နည်းပညာများ မရှိသလော။ ထိုအမေးဝင်လာသည့်အခါ "ရှိပါသကော . . . မောင်ရယ်" ဆိုသည့် ကျည်းကန်ရှင်ကြီးအသံ ကြားလိုက်ရသည်။

**"မြင်းမိုရ်ရောင်ရှိန်၊ တောင်ဂီရိန်
ကျပ်ချိန်ဘယ်မျှရှိသနည်း"**

ဟူသည့် ကျည်းကန်ရှင်ကြီးအမေးကို ကျီးသဲလေးထပ် ဆရာတော်ကြီး ပြန်ဖြေဖူးသည့် 'စွယ်စုံကျော်ထင်'ကျမ်းကြီးကို ညွှန်ပြသည်။ မြင်းမိုရ်တောင်ကြီးကို ချိန်ကြည့်လျှင် ကျပ်ချိန် ဘယ်မျှရှိမည်နည်းဟူသောအမေးကို သင်္ချာနည်းဖြင့် ပြေလည်အောင်ဖြေပြထားသည်။ ကျွန်တော်သည် ဇာတိပုညာ်မာနစိတ်ထားကလေး အူကြွလာမိပြန်၏။

သို့သော်စိတ်တွင်းမှ "အဦး"အပြင်"အဲ"မရှိဘူးလား ...... ယခုခေတ်မှောက်ခေတ်သစ်နည်းပညာများကော ကျွန်တော်တို့မှာ မရှိသလောဟု တွေးခွင့်လိုက်မိသည့်အခါ–

"ဟောဒီမှာ သိပ္ပံနည်းကျ လက်တွေ့သုံးစွဲနည်းတွေ တစ်အုပ်မှ (အဲ... တစ်ရွက်)မှ ငါးကျပ်တည်း" ဆိုသည့်အသံကြားလိုက်ရ၏။

"ဒီမှာ . . . မိတ်ဆွေ . . . သင့်ဟင်း . . . ဆားလေးသွားပါသလား၊ စွယ်ပါတယ်။ မီးသွေးခဲကို ရေစင်စင်ဆေး ဟင်းအိုးထဲပစ်ထည့်လိုက်၊ အငန်ဓာတ် စုပ်ယူလိမ့်မယ် . . ."

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားမိ၏။

"လက်တွေ့ဝယ်ဖတ်ပါ၊ အဲဒီလို နည်းကောင်းတွေ။

– ခရမ်းချဉ်သီးကို နှစ်ရှည်လများခံအောင် ထားသိုနည်း။
– ဘောလ်ပင် မင်မလိုက်ဘူးလား၊ တစ်ခဏအတွင်း မင်လိုက်လာစေသောနည်း။
– ရေခဲတုံး ကြာရှည်ခံစေသောနည်း၊
– သင့်လက်တွင် ဆူးစူးနေပါသလား၊ ခဏတွင်း ဆူးထွက်စေသောနည်း။
– ဖယောင်းတိုင်အတိုကလေးဖြင့် မီးကြာရှည် ထွန်းနည်း။
– ဆန်တစ်ပြည်ကို တစ်လလုံးစား၍ရသောနည်း။

ထိုနည်းကို ကြေညာလိုက်သည့်အခါ ကျွန်တော့်ဆံပင်မွေးများ ထောင်ထလာ၏။ မျက်လုံးလည်း ပြူးကျယ်လာပါသည်။ ဤမျှတန်ဖိုးကြီးသော နည်းပညာများကို ငွေငါးကျပ်နှင့်ရမည်ဆိုသည်မှာ ဈေးနှုန်းချိုလွန်းလှသည်။ ကျွန်တော်တို့မှတစ်ပါး . . .အခြားမရှိနိုင်။

ထို့ကြောင့် ကျွန်တော်သည် အသပြာ ငါးကျပ်ကို မတွန့်တိုဘဲ နည်းပညာစာရွက်ကလေးကို ဝယ်လိုက်၏။ မဟုတ်မဟပ် လုပ်ဇာတ်ခင်း၍ လိမ်လည်ပါက ထိုက်သင့်သောပြစ်ဒဏ် သကောင့်သား ခံစေရမည်ဟု စိတ်ထဲကလည်း ကြိမ်းဝါးမိသေး၏။

ငွေငါးကျပ်နှင့် နည်းပညာကို လဲလှယ်၍ ကမန်းကတန်း ကြည့်မိ၏။ လိမ်လည်ခြင်းမဟုတ်။ အစစ်အမှန်ဖြစ်ပါသည်။

ဤနေရာတွင် အများပြည်သူအတွက် ကျွန်တော်ရရှိသော နည်းပညာကို ဒါနပြုလိုက်ပါမည်။

**ဆန်တစ်ပြည်ကို တစ်လလုံးစား၍ ရသောနည်း။**

ဆန်ကြမ်းထမင်း တစ်ပြည်ချက်ကို ရေစင်စွာဆေး၍ နေပူမှာလှမ်းရမည်။ ခြောက်လျှင် မီးနှင့်လှော်ပြီး ဆား၊ ငရုတ်ကောင်း၊ ချင်း၊ သင့်တော်အောင်ထည့်၍ ညက်ညက်ပါအောင် ထောင်းပါ။ ထို့နောက် ဝါးကျည်တောက်နှင့်ထည့်ထားပါ။ ခုံညင်းလုံးခန့်မျှစားက တစ်နေ့လုံး အဆာခံနိုင်ပါသည်။

"ကဲ . . . .မနိုင်လား မိတ်ဆွေ"

ကျွန်တော်သည် အဖိုးတန်နည်းကောင်းကို ပိုင်ဆိုင်ထားသူဖြစ်၍ လောကကြီးအား ဝံ့စားစွာရှုလျက် တက်ကြွနေမိ၏။ဆက်၍နားစွင့်မိပြန်သည်

"သင့်စီးပွားရေး နိမ့်ကျနေပါသလား . . . ကိုကြီးကျော်မ,မည် ဟောဒီမှာ ရိုးရာနတ်များ ပူဇော်ပသနည်း"

ကျွန်တော်ကြက်သီးမွေးညင်း ထသွားပြန်၏။ နားထဲတွင်လည်း-

"ရွှေလမ်းငွေလမ်း ခင်းလို့ထားမယ်၊ ရွှေလမ်းငွေလမ်း ခင်းလို့ထားမယ် . . .ကျော် . . ကျော် . . .ကျော် . . .တို့ကိုကြီးကျော်"ဆိုသည့် သီချင်းသံများ နားထဲညံလာနေသည်။

ကျွန်တော်သည် ဘတ်စ်ကားပေါ်မှ နည်းပညာအရောင်းသမား၏ အသံကို နားစွင့်မိရင်း အသိသစ်များ တိုးတိုးလာတော့သည်။ ကျွန်တော်တို့၌ သယံဇာတများကား ကြွယ်ဝလှပါတကား။

ကောင်းပါပြီ။ သတင်းပိုင်းတွင်ကော . . . .

ကျွန်တော်တို့၏ မိုးလေဝသသတင်းသည် ရှာရန် ရာနှုန်းပြည့်ဖြစ်ကြောင်း ကြိုတင်အသိပေးနိုင်သည်။

ထိုမျှမက ထူးခြားဆန်းကြယ်သော အံ့ဖွယ်သတင်းများကိုလည်း ကြားရပေလိမ့်မည်။

"ဟောဒီမှာ သတင်းထူးတွေ . . .

ငှက်ပျောတုံးတစ်တုံးထဲက ဆယ်နိုင်ထွက်ပြီ။

ကြောင်မကြီးက ခွေးကလေးတွေကို နို့တိုက်တဲ့သတင်း

မြို့တော်တွေ၊ မြို့တော်တွေ လာပြီခင်ဗျ . . ."

အသံများကို ဆက်လက်နားစွင့်ရင်း ကျွန်တော်၏ လက်မ,သည် ပိ‌ုရှ်ပို့ရှ် . . . ။ ကျွန်တော်၏ရင်သည် ပိုရှ်ပိုရှ် . . . ။

✹

**(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း။ ၁၉၉၅ ခု၊ အောက်တိုဘာလ)**

## သတိ ကားရှေ့တွန်းမယ်

***" စီးပွားရေးလုပ်ငန်းမှာ တိုးတက်တယ်ဆိုတာ ဆယ့်နှစ်နှစ် ကြာပြီ ဖြစ်တဲ့ မော်တော်ကားတစ်စင်းကို ပိုင်သလိုပါပဲ။ အရေးကြီးဆုံးကတော့ တွန်းပေးဖို့ပါပဲဗျာ "***

***(စီးပွားရေးပညာရှင် ရောဘတ်အိုဝဲန်)***

ထိုအဆိုကလေးကို ဖတ်မိသည့်အခါ ကျွန်တော်ပြုံးလိုက်မိပေသည်။ မိမိကိုများ တည့်တည့်စောင်းပြောနေသလားဟု ထင်မိကာ ပြုံးလိုက်မိခြင်းလည်း ဖြစ်ပါသည်။

မိတ်ဆွေ- သင်ကော ဘယ်လိုထင်မိပါသလဲ။

'ဈေးကွက်စီးပွားရေး' ဟူသည့် အသံလှိုင်းများ ကျယ်လောင်သည်နှင့် အမျှ ကျွန်ုပ်၏ အိမ်ရှင်မသည် ကျွန်ုပ်အား တတွန်းတည်း တွန်းနေလေသည်။ သူများတကာတွေ ရင်းနှီးမြှုပ်နှံနေသတဲ့။ ကျွန်ုပ်တို့ ၌ ဘာများရင်းနှီးမြှုပ်နှံစရာ ရှိပါသနည်း။ ပြည်သူ့ငွေချေးဌာန၌ ပေါင်နှံခြင်းဖြင့် ရင်းနှီးမြှုပ်နှံထားသော မိန်းမနားကပ်ကလေးပင် အတိုးတက်၍ ဆုံးခါနီးပေပြီ။

သို့သော် မိမိ မိသားစု၏ ဤအခြေအနေများကို မသိကျိုးကျွန်ပြု၍ အိမ်ရှင်မသည် ရသစာပေထဲ ခေါင်းမြှုပ်ထားသော ကျွန်ုပ်အား ဝေဖန်ရေးမြားဖြင့် ပစ်ခတ်ကာ မြည်တွန်တောက်တီးရင်း တွန်းအားပေးနေတော့သည်။

ကျွန်ုပ်မိသားစုနိုင်ငံငယ်၌ လူဦးရေစုစုပေါင်း ရှစ်ဦး ရှိပါသည်။ အိမ်ရှင်မ ၁ ဦး-မှိုနို၊ ကျောင်းသား ၄ ဦး-မှိုနို၊ အငယ်ဆုံးသမီး လေးလ မှိုနို၊

စုစုပေါင်း မိုနိုခြောက်ဦးဖြစ်ပါသည်။ အကြီးဆုံးသားမှာ စက်ရုံလုပ်သား။ သူ့ ခန့်ထမ်းလစာမှာ သူတစ်ဦးအတွက်ပင် မဖူလုံ၍ မိုနိုတစ်ပိုင်း စာရင်းဝင်ဖြစ်နေ၏။ သူသည်ဂစ်တာကလေး တဒေါင်ဒေါင်နှင့် သူ့ ဝါသနာကလေးကို တယုတယလုပ်နေသူဖြစ်ရာ သူ့မိခင်၏ မြည်တွန်မှုကို အမြဲခံရသူဖြစ်၏။ တစ်လောက စတီရီယိုတေးလောက ဝင်ငွေမျက်မျက်ကလေး ရသူများ သတင်း အိမ်ရှင်မကြားမိရာ မည်သို့ စိတ်ပြောင်းသွားသည်မသိ၊ အကြီးကောင် ဂစ်တာ သမားကို သိပ်မဆူတော့ပေ။

နောက်တစ်ဖန် Visit Myanmar Year (မြန်မာ့ခရီးသွားနှစ်) အသံလှိုင်းများ ကျွန်ုပ်တို့ မိသားစု နိုင်ငံငယ်အတွင်း ရိုက်ခတ်လာပြန်ရာ အိမ်ရှင်မသည် သမီးလတ်အား အင်္ဂလိပ်စကားပြောသင်တန်းသို့ တက်ရန် တိုက်တွန်းနှိုးဆော်တော့၏။

မိုနိုကျောင်းသားများက သူတို့ဘက် ဘာလှည့်လာမလဲဟု မျက်နှာ ငယ်ဖြင့် နားစွင့်ရင်း သူတို့အရေးကိစ္စကို တင်ပြလာသည်။ အားကစားကြေး၊ ဆရာကန်တော့ပွဲ၊ အသင်းဝင်ရေးစာတ်ပုံကိစ္စ၊ ကျူရှင်ကြေး၊ ကျောင်းလခ စသည် စသည်တင်ပြလာသောအခါ အိမ်ရှင်မသည် သူတို့ထိပ်ကို နာနာခေါက် လေသည်။

နာနာခေါက်ခြင်းဖြင့် ကိစ္စမပြီးသောအခါ အိမ်ဦးနတ်ရာထူးကြီး ယူထားသည့် ကျွန်ုပ်ခေါင်း လာဆောင့်တော့၏။

ဤသို့သော ကျွန်ုပ်၏ မိသားစုနိုင်ငံငယ်အတွင်းရေးများ ရှုပ်ထွေး နေစဉ် နိုင်ငံ၏ ဈေးကွက်စီးပွားရေးအသံလှိုင်းကြီးသည် ကျွန်ုပ်၏ အိမ်ရှင်မ အား ကြီးစွာရိုက်ခတ်လေတော့၏။ ထိုရိုက်ခတ်မှု ပယောဂသည် နောက်ဆုံး ဘုတာဖြစ်သည့် အိမ်ဦးနတ်ကျွန်ုပ်ထံ မလွဲမသွေ ရောက်ရှိလာတော့သည်။ ထိုအခါ ကျွန်ုပ်သည် မျက်စိပိတ်၊ နားပိတ်၊ ပါးစပ်ပိတ် မျောက်ကလေး သုံး ကောင်ဓာတ်ချည်း ခင်းနေလို့မဖြစ်တော့။ ရသစာပေ ပန်းခင်းမှ ရတ်ခြည်းထ ကာ ဝန်းကျင်အသံလှိုင်းများကို နားစွင့်မျက်စိဖွင့်ရတော့သည်။ မျက်စိဖွင့်ဖွင့် ချင်း စီးပွားရေးပညာရှင် ရေဘာတ်အိုဝဲန်အဆိုနှင့် တိုးရ၏။

စီးပွားရေးလုပ်ငန်းမှာ ဆယ့်နှစ်နှစ်လောက်က ကားဟောင်းကို ပိုင်ရ သလို အရေးကြီးဆုံးက တွန်းနေရမတဲ့။ ကျွန်ုပ်၌ ကားဟောင်းလေး တစ်စီးပင် မရှိ။ ကလေးကစားသည့် စက်ရုပ်ကားဟောင်းလေး တစ်စီးပင် ဓာတ်ခဲကုန် နေ၍ ချောင်ထိုးထားရသည်မှာ ကြာပြီ။

သို့သော် ကျွန်ုပ်၏ ဆင်ခြေဆင်လက်များအား အိမ်ရှင်မသည် ဗီတို အာဏာဖြင့် ပယ်ချလိုက်လေ၏။ ထိုအခါ ကျွန်ုပ်ဘက်ကလည်း ကိုယ့်ရာထူးကြီး အာဏာကို ရုတ်တရက်အထိပါးမခံနိုင်ဘဲ တန်ပြန်ထိုးစစ်ပြုရန် ပြင်မိ၏။ မိန်းမသည် ဘာကြောင့် စီးပွားရေးကို လောကဓာတ်တိုက်နေသနည်း။ တံခါးမှူး ဒဏ္ဍာတ်ထဲမှ အသံလှိုင်းများ ကျွန်ုပ်နားတွင်း ဝင်ရောက်လာကြသည်။

"မောင်ရယ် . . . မောင်ရယ် . . . ထမီအင်္ကျီ နည်းတယ် များများဝယ်ပေးကွယ် . . . "တဲ့။ ဒါကြောင့်များလား . . .

ကျွန်ုပ်သံသယအား ဖွင့်ဟသည့်အခါ အိမ်ရှင်မ ဒေါသဖြစ်လွန်း၍ အသားဆတ်ဆတ်တုန်နေသည်။

"တခြားဟာတွေ ဘာမှပြောမနေနဲ့၊ ဆန်ဈေးဘယ်လောက်ဖြစ်နေပြီလဲ သိရဲ့လား"

ဟု ဧကဝစန် တစ်ခွန်းတည်းသော မေးခွန်းကို မေးချေ၏။

ကျွန်ုပ်သည်လည်း ဤမေးခွန်းမျှဖြင့် တုန်လှုပ်လိမ့်မည် မထင်ပါနှင့်။ နားကြီးမျက်စိကြီး စာပေပညာရှင် (အဲ . . . အဲ) စာပေ သမားပေကပဲ။

"ဒီလောက်မစိုးရိမ်ပါနဲ့၊ ငါတို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံပါ၊ ဆန်စပါးအဓိက အ. . . အ"ကျွန်ုပ်၏ ချေပစကားမဆုံးမီပင် အိမ်ရှင်မ၏ လှောင်ရယ်သံကြီး ထွက်ပေါ်လာတော့၏။ ကျွန်ုပ်အံ့အားသင့်သွားမိ၏။

ကျွန်ုပ်တို့မိသားစု နိုင်ငံငယ်၏ ပြည်တွင်းရေးအသံလှိုင်းများသည် မည်မျှကျယ်လောင်သွားသည်မသိ၊ အိမ်နီးဝန်းကျင်မှ အိမ်ရှင်မများ လာရောက်လေ့လာနားစွင့် အကဲခတ်နေကြသည်ကို ထပ်မံသတိပြုလိုက်မိပြန်သည်။

"ကျွန်တော်တို့ရပ်ကွက်ထဲမှာ . . . .ဒီလိုပဲ . .ရှိတယ်"တဲ့။ ကျွန်ုပ်၏ မိသားစုဝင် မှီခိုကျောင်းတော်သူ ကျောင်းတော်သားများထံမှ သံပြိုင်သီဆိုမှုကို ကြားလိုက်ရသည်။

ကျွန်ုပ်သည် အခြေအနေ အရပ်ရပ်ကို အပြေးအလွှားသုံးသပ် အကဲခတ်လိုက်ပြီး နောက်ဆုံးတော့ ရောဘတ်အိုဝဲန်၏ အကြံပေးချက်အတိုင်း မိမိကိုယ်ကို တွန်းရပေတော့သည်။

ဤနည်းလုံးသွင်းချက်ဖြင့် အလံဖြူတင်ကာ အိမ်ရှင်မနှင့် ငြိမ်းချမ်းရေး ကမ်းလှမ်းရပေတော့သည်။

ထိုအခါမှ အိမ်ရှင်မသည် ဒီလိုမှပေါ့ လိမ္မာသားနဲ့ဟူသော အဓိပ္ပာယ်ဆောင်သည့် မျက်နှာပေးသို့ တဖြည်းဖြည်း ပြောင်းလာကာ နိုင်ငံတော်၏

ဈေးကွက်စီးပွားရေးသတင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသတင်းကို မစားရဝခမန်း ပြောပြတော့၏။

'နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု' ဆိုသည့်အသံ ကြားရသည့်အခါ ကျွန်ုပ်၏ မျက်လုံးကျယ်ခဲ့ရသည်။ မကျယ်၍လည်းမရ။ ကျွန်ုပ်၏ မျိုးဆက်ကလေးများကပါ ကျွန်ုပ်အား ခေတ်နောက်ကျသူဟု အထင်မခံနိုင်။

ကောင်းပြီ၊ မည်သူတွေ ရင်းနှီးမြှုပ်နှံနေကြသနည်း။

ဈေးကွက်စီးပွားရေးကာလ ၁၉၉၄–၉၅ ဘဏ္ဍာရေးနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဆိုပါလား။ စီမံကိန်းသုံးခုအတွက် အမေရိကန်ဒေါ်လာ သန်းတစ်ထောင် ဟိုဘက်လွန်နေပတဲ့။ ဗြိတိန်နဲ့ ပြင်သစ်နိုင်ငံက အဓိက ရင်းနှီးမြှုပ်နှံခဲ့တယ်ဆိုပဲ။

ရောဘတ်အိုဝဲန်၏ အဆိုကို ပြုံးမိသကဲ့သို့ . . .ကျွန်ုပ်ပြုံးလိုက်မိပြန်၏။ ထိုအပြုံးသည် ကျွန်ုပ်၏မိသားစု ဘောဂဗေဒနှင့်တော့ မဆိုင်ပါ။

ကျွန်ုပ် ရှင်းပါအံ့ . . .။

ကျွန်ုပ်တို့နိုင်ငံသည် ဆန်စပါး၊ ကျွန်းသစ်၊ ရေနံတို့ အဓိကထွက်ရှိပြီး သယံဇာတ ကြွယ်ဝလှသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အားလုံးအသိပင်ဖြစ်သည်။

သမိုင်းစာမျက်နှာများအား ပြန်လှန်ကြည့်လျှင် ရှေးယခင် ကတည်းကပင် နိုင်ငံခြားသားများ မျက်စိကျခဲ့ကြသည်။

စီးပွားရေးနှင့် နိုင်ငံရေးသည် ဆက်စပ်ယှက်လိမ်လျက်ရှိသည်။

နိုင်ငံတကာတွင်ပါ ဈေးကွက်အခန်းကဏ္ဍ မည်မျှရှိသင့်သည်၊ နိုင်ငံတော်ပိုင်းက မည်သည့်အတိုင်းအတာအထိ ပါဝင်သင့်သည်ဆိုသော ကိစ္စများကို နှစ်ပေါင်းများစွာ ငြင်းခုံနေဆဲဖြစ်သည်။ ဈေးကွက်စီးပွားရေး စနစ်၏ စီးပွားရေးနိုင်ငံရေး အကြောင်းတရားများနှင့် အကျိုးတရားများအပေါ် ဝိဝါဒကွဲပြားလျက်ရှိသည်။

သယံဇာတများကို ခွဲဝေအသုံးချရာ၌ဖြစ်စေ၊ ထုတ်ကုန်များကို ခွဲဝေရာ၌ဖြစ်စေ၊ ဈေးကွက်နှင့်အစိုးရတို့က ဆုံးဖြတ်ချက်ရှိကြသည် ဆိုသည့် ဘောဂဗေဒ အဆိုတစ်ရပ်ရှိသည်။

ဈေးကွက်စီးပွားရေးစနစ်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်အတွက် အရေးကြီးသကဲ့သို့ သတိကြီးစရာလည်းဖြစ်သည်။ နိုင်ငံခြား ရင်းနှီး

မြှုပ်နှံမှုများသည် မြန်မာလုပ်ငန်းရှင်များ မျက်လုံးကျယ်စရာလည်းဖြစ်သည်။ အင်အားကြီးမားသော ပြိုင်ဘက်ဖြစ်သကဲ့သို့ အင်အားကြီးမားသော မဟာမိတ်လည်းဖြစ်သတဲ့။ ထိုအဆိုနှစ်ရပ် အားပြိုင်နေသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး စီမံကိန်းသုံးခုမှာ ရင်းနှီးမြှုပ်နှံမှုအများဆုံးပဲတဲ့။

အိမ်ရှင်မ၏ ခေတ်မီသော သတင်းပေးချက်ကို ကျွန်ုပ်ပြက်ရယ် ပြု၍ မဖြစ်တော့။

ကျွန်ုပ်တို့ ရေနံ၏သမိုင်းသည် နယ်နယ်ရရမဟုတ်။ ကမ္ဘာ့ရေနံသမိုင်းနှင့် ယှဉ်နိုင်သည်။

၁၃ ရာစုနှစ်က ရေနံချောင်းရောက်ခဲ့သည့် တရုတ်ခရီးသည်များက မြန်မာ့ရေနံအကြောင်း မှတ်တမ်းရေးထိုးခဲ့သည်။ ပုဂံခေတ်–စလေငခွေးမင်းလက်ထက်က စတင်ခဲ့သည်ဟု ခန့်မှန်းကြသည်။

ကမ္ဘာ့တွင် ၁၈၅၈ ခု၌ အမေရိကန်ပြည်၊ ပင်ဆီဗေးနီးယားပြည်နယ်တွင် (ပထမဆုံး)ရေနံစက်တွင်းကို တူးဖော်သည်ဟု ဆိုသည်။ ဦးဆောင်သူမှာ အက်ဒွင်ဒရိတ်ဆိုသူဖြစ်၍ ၁၈၅၉ ခု၊ ဩဂုတ်လ ၂၈ ရက်တွင် အနက်ပေ ၆၉ ပေမှ ရေနံထွက်ရှိပြီး ထိုနေ့ကို ကမ္ဘာ့ရေနံလုပ်ငန်း၏ မွေးနေ့အဖြစ် သတ်မှတ်ခဲ့ကြသတဲ့။

မြန်မာ့ရေနံကား ၁၈၅၇ ခုနှစ်ကတည်းကပင် အင်္ဂလန်ထွက်ကုန်ပစ္စည်းအဖြစ် ရောက်ရှိနေပြီဟု မှတ်တမ်းများတွင်တွေ့ရသည်။

စက်တွင်းများ မပေါ်မီက မြန်မာ့ရေနံတွင်းများမှာ လက်တွင်းများသာ ဖြစ်ကြသည်။ မြန်မာတို့ ရေနံလက်တွင်းတူးကြသည်မှာလည်း ကမ္ဘာ့အံ့ဖွယ်ရာဖြစ်ခဲ့သည်။ ရေနံတွင်းတူးဖော်ရာမှာ အလွန်အန္တရာယ် များလှသည်။ သံတူရွင်းများဖြင့်တူး၍ မြေပြိုမကျရန် သစ်သားပေါင်ခတ်ရသည်။ အနက်တစ်ဖောင်ကျော်သည့်အခါ လေ့ကားဖြင့် တက်ဆင်းရသည်။ ပိုနက်လာသည့်အခါ ကြိုးဖြင့်တက်ဆင်းရသည်။ မြေစာ မြေခဲများကို ဒလိမ့်စက်သီးနှင့်ကြိုးကိုသုံးပြီး သယ်ထုတ်ရသည်။ မာကျောသော ကျောက်လွှာကျောက်သားတွေ့လျှင် အဖျားချွန်ထက်သော အရှိန်ပိဿာ ၅၀ ခန့်ရှိ သံတုံးကြီးကို ကြိုးဖြင့်ဆွဲတင်ပြီး ပစ်ချရသည်။ သံတုံး၊ သံချွန် အလေးချိန်ကြောင့် ကျောက်များပွဲထွက်ရသည်။ ဤသို့ ခဲရာခဲဆစ်တူးဖော်ပြီး ရေနံလက်တွင်းများ ပေါ်ပေါက်ခဲ့သည်။

ထိုရေနံလက်တွင်းများကို တွင်းရိုးတွင်းစားများကလည်းကောင်း၊ မြန်မာဘုရင်များကလည်းကောင်း ပိုင်ဆိုင်ခဲ့သည်။

မင်းတုန်းမင်းကြီးလက်ထက်တွင် မြန်မာ့ရေနံစိမ်းများကို ဘုရင့်အမှုထမ်းများ ကွပ်ကဲပြီး အင်္ဂလိပ်တို့ထံ ရောင်းချခဲ့သည်။ ကြေးမျှင် မိဖုရား၏ တွင်းများက အများဆုံးထွက်ခဲ့သည်ဟု ဆိုသည်။

မြန်မာ့ရေနံကို ၁၈၈၈ ခုတွင် ဘီအိုစီကုမ္ပဏီက စက်တွင်းများ ဖြင့် စတင်တူးဖော်ခဲ့သည်။

ဆရာသိန်းဖေမြင့်၏ ၁၉၃၈ ခုနှစ်က ရေးခဲ့သော'ရေနံ'ဝတ္ထု ကလေးကို သတိရမိသည်။ ရေနံမြေတွင်နေ၊ ရေနံလုပ်ငန်း လုပ်နေပါလျက် ရေနံလုပ်သားကြီး၏အိမ်၌ မီးခွက်ထွန်းစရာ ရေနံမရှိ။ တန်းလျားဆောင် အခန်းချင်းကပ်နေကြရ၍ ညားစလင်မယားကလည်း စကား ကျယ်ကျယ်မပြောရဲ၊ သားကလေးအား စာတတ်စေချင်သော ရေနံလုပ်သားကြီးမှာ ရေနံကို ပြန်ခိုးရ၊ သူ့အတွက်ကြောင့် အစောင့်လုပ်သားကြီး ဒဏ်တပ်ခံရ။ ရေနံရောင်းပြီး ဒဏ်ကြေးပေးရမလား အမျိုးမျိုးစိတ်ဒုက္ခဖြစ်ကာ နောက်ဆုံး သွန်ပစ်တော့သည်။

သိန်းဖေမြင့်၏ 'ရေနံ' ဝတ္ထုသည် ဖတ်သူကို ရယ်ချင်သလို ငိုချင်သလို ဖြစ်စေသည်။

ယခုဈေးကွက်စီးပွားရေးစနစ်ကာလတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ဖြစ်နေသတဲ့။ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား မိသိန်းကြည်ဟု မေးရပေလိမ့်မည်။

မြန်မာ့ရေနံ သမိုင်းကြောင်းကို ပြန်ကြည့်မိသည့်အခါ ရယ်ချင်သလို ငိုချင်သလို ဖြစ်လာမိသည်။ များစွာစိတ်ဝင်စားဖွယ် ကောင်းသည်။ ရေနံမြေအရေးတော်ပုံ၏ ပုံရိပ်များ မျက်စိထဲမြင်လာမိသည်။

ကောဇာသက္ကရာဇ် ၂၆၇ ခုနှစ်မှ စတင်ရေတွက်လျှင် နှစ်ပေါင်း ဘစ်ထောင်ကျော် သက်တမ်းရှည်ကြာခဲ့သော မြန်မာ့ရေနံလုပ်ငန်းသည် ကြွန်ဘဝက (၁၂၄၇ ခုနှစ်မှ ၁၃၀၉ ခုနှစ်အထိ) ၅၂နှစ်တိုင်တိုင် သူတစ်ပါး သက်တွင်း သက်ဆင်းခဲ့ရသည်။

မြန်မာ့ရေနံစာအုပ်ကို ပြုစုခဲ့သော ပုဂံဦးခင်မောင်ကြီး၏ အဆိုဘစ်ရပ်ကို နှစ်သက်မိ၏။

"လူသားတို့၏ စားဝတ်နေရေးတွင်သာမက လှုပ်ရှားသွားလာမှုတွင်လည်း လွန်စွာအရာရောက်သော ရေနံမှာ မြေတွင်းထဲမှာ ရှိတိုင်းလည်း ရာ၍

ရတာတ်သည်မဟုတ်ပေ။ ရပါမူလည်း လူတစ်စုအတွက် မဟုတ်မူ၍ လူသား များတို့၏ အကျိုးအတွက်ဖြစ်ပါမှ တွေ့ရှိရကျိုးနပ်ပေမည်။ ရေနံနှင့်လူသား များ မိတ်တွနံ့တူဖြစ်၍ သစ္စာရှိရှိ၊ တာဝန်သိသိ ပညာမျက်စိဖြင့် ရှာမှ ရကောင်း သော အမြဲတေမျိုးပေတည်း"တဲ့။

မြန်မာ့ရေနံလုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြီးများပြုကြသော ကျွန်ုပ်တို့၏ ပြိုင်ဘက်မဟာမိတ်များသည် ဤအဆိုကို မည်သို့ သဘောထား ကြလေမည်မသိ။

ဈေးကွက်စီးပွားရေးစနစ် အသံလှိုင်းကြောင့် ရင်းနှီးမြှုပ်နှံရန် ကျွန်ုပ် အား တွန်းအားပေးနေသော ကျွန်ုပ်၏ အိမ်ရှင်မကမူ ကျွန်ုပ်အား မျက်စောင်း တခဲခဲနှင့်ရှိချေ၏။ကိုယ့်ကိုယ်ကို မတွန်းဘဲသူများကို တွန်းနေရသလားဟု ငြူစူ နေချေ၏။

"စီးပွားရေးလုပ်ငန်းမှာ တိုးတက်တယ်ဆိုတာ ဆယ့်နှစ်နှစ်က မော်တော်ကားတစ်စီးကို ပိုင်ရသလိုပါပဲ"ဟု ဆိုခဲ့သည့် စီးပွားရေးပညာရှင် အို . . . ရောဘတ်အိုဝဲန် . . . သင့်အဆိုအား ကျွန်ုပ်လေးစားပါ၏။

ကျွန်ုပ်၏ မိသားစုဘောဂဗေဒအား တိုးတက်ရန် မိမိကိုယ်ကို တွန်းအားပေးရမည့်အစား မျက်လုံးပိုပြူးခဲ့မိသဖြင့် ကျွန်ုပ်မှာ အိမ်ရှင်မ၏ ငြူစူမှုကို ခံနေရပါ၏။

အို . . .စီးပွားရေးပညာရှင် ရောဘတ်အိုဝဲန်က ကျွန်ုပ်အား ခြောက် လှန့်နေသလိုရှိပြန်၏။

"သတိ . . . ကားနောက်ဆုတ်မယ်
သတိ . . . ကားနောက်ဆုတ်မယ်"တဲ့။

ထိုအသံသည် မည်သူ့အသံပေနည်း။ ထိုအသံကိုအံတု၍ ကျွန်ုပ် ကလည်း ပြန်လှန်အော်ဟစ်ပစ်ချင်၏။

"သတိ . . . ကားရှေ့တွန်းမယ်
သတိ . . . ကားရှေ့တွန်းမယ် "

✹

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း။ ၁၉၉၅-ခု၊ နိုဝင်ဘာလ)

# သည်ပျိုးရယ် ရေအောင်မှ

[၁]

*"ကောက်တီနဲ့မယ်စော*
*ရောနှောပါလို့ ပျိုးထောင်*
*မိုးလေကခေါင်။*
*သည်ပျိုးရယ် ရေအောင်မှ*
*မယ်နှင့်မောင် အလှူပေးမယ်'*
*မိုးကူပါလေး . . .။"*

*(ကျေးလက်တေး)*

ကျွန်တော်သည် ယခုတလော ကျေးလက်ကို အထူးလွမ်းဆွတ်နေမိ၏။

ကျေးလက်တွင်ဖွား၊ ကျေးလက်လေကိုရှူကာ၊ ကျေးလက်သဘာဝ ရေမြေတောတောင်တို့ကို ချစ်ခဲ့သူတစ်ယောက်သည် ကျေးလက်ကို လွမ်းသည်မှာ အဆန်းတော့မဟုတ်။

လယ်သမား သားသမီးဖြစ်လျက် လယ်မလုပ်တတ်ဘဲ မြို့ကျောင်းလေးတက်ကာ ကျေးလက်ကခွာခဲ့သော မိမိ၏ ဘဝဆယ်ပိုင်း ရုပ်ပုံကားချပ်ကလေးကို ပြန်သတိရမိရင်း မြို့ပြလေပွေထဲမှ လွန့်လူးထကြည့်မိ၏။

ကျောင်းမှထွက်၊ အလုပ်အကိုင်လေးရ၊ မြို့ပြတွင်အခြေ မကျတကျ ငြိဆဲ၌ပင် ကျေးလက်မှ မိဘတို့အား မြို့ကြီးပြကြီးတွင် လာရောက်နေထိုင်ရန် ကျွန်တော်သည် ဟန်တစ်လုံးပန်တစ်လုံးဖြင့် သွေးဆောင်ခေါ်ငင်ကြည့်ဖူး၏။

မိခင်ရော ဖခင်ကပါ ခေါင်းယမ်းသည်။

"မကြီးပွားချင် နေပါစေ၊ တို့အရပ်ကိုမခွဲနိုင်၊ တို့လယ်ကလေးကို တို့ချစ်သကွဲ့"ဟု ပြောခဲ့သည်။

ထိုစဉ်က ကျွန်တော်သည် သဘောမပေါက်၊ ဇာတိခင်လွန်းသည့် မိဘတို့ကို သရော်ချင်ခဲ့သည်။

ရသစာပေတွင် ဝါသနာထုံ၍ စာပေမွေ့လာသည့် အခါတွင်တော့ ဇာတိကိုပြန်လွမ်းကို ပြန်လွမ်းလာခဲ့သည်။ ထနောင်းပင်ညီနောင်က လွမ်းအောင်ကူခွဲသည့် ချိုးကလေးနှစ်ကောင်ကို လွမ်းတတ်လာခဲ့ပြီ။

"ကောက်ပင်စိမ်းလဲ့၊ ယိမ်းနွဲ့နွဲ့နှင့် တာဖွဲ့ကျယ်ဝန်း၊ လယ်မြေခင်းကား နတ်မင်းမချို့၊ ဖန်၏သို့ပင်"တဲ့။

လေလာတိုင်း နွဲ့နွဲ့ယိမ်းကနေသည့် မြစိမ်းကမ္ဗလာ လယ်ကွင်းပြင်ကြီးကို ချစ်တတ်လာခဲ့သည်။

**"တို့နန္ဒာ လယ်တော်တိုက်**
**ညည်းစိုက်တဲ့ ကောက်ပင်ငယ်**
**မှန်း . . . .ဘယ်မျှကြီး။**
**ဟောကြည့်စမ်းမွန်**
**တစ်နံ့ကို ဆယ်ပြည်ထွက်တယ်**
**ဖြိုးအက်လို့သီး။"**

ကောက်စိုက်တေးကလေးများနှင့် ထိတွေ့လာရသည့်အခါ ငယ်ဘဝက စည်းခေါင်း(သုတ်သူကြီး)အမေ၏ လယ်စိုက်ကွင်းဆီလိုက်ကာ အငွေ့တထောင်းထောင်း ကောက်ညှင်းပေါင်းနှင့် နှမ်းထောင်းရှရှလေး လွေးခဲ့ရပုံကို သတိရမိတော့သည်။

ထိုသို့သော ကျေးလက်သဘာဝကို ချစ်ခဲ့သူတစ်ယောက်အနေနှင့် ယခုတလော အလွမ်းပိုကဲ လာရပြန်သည်မှာ သိပ်တော့မဆန်းလှပါ။ သို့သော် ယခုအလွမ်းကား ယခင်ကကဲ့သို့ သွေးရိုးသားရိုး အလွမ်းမဟုတ်။ကောက်စိုက်တေးမှ "တစ်နံ့ကို ဆယ်ပြည်ထွက်" ကလေးကို လွမ်းလို့ဖြစ်သည်။

မီးပိုချောင်ဗေဒရပ်ဝန်းမှ နေ့စဉ် ဆန် . . . ဆန် . . . ဆိုသည့် သတိပေး သံညံလာသဖြင့် မိမိအလွမ်းသည် ကျေးလက်ဘက် ဦးပြန်လှည့်ခဲ့ရတော့သည်။ ဆန် . . . ဆန် . . . အိုဘယ့် . . . ရွှေဝါဆန် . . . ဟု ညည်းမိပေ၏

## ၂

"လယ်ထွန်နွားကျောင်း . . . .စပေါင်းလို့သာ . . . .တို့ကျေးရွာ . . .လယ်ပုစွန်တုပ်နဲ့ ဆူးပုပ်ပါ . . . .ထမင်းကြမ်းလည်း . . .မျိုစားမှာ "

ဇဝန၏ 'ရွှေဝါဆန်' ဝတ္ထုကလေးထဲမှ တေးသံလေးသည် ဆွတ်ပျံ့ထွက်လာ၏။ ၁၉၄၅ ခုနှစ်၊ ဇဟန်း ၃ လမ်း၊ မြန်မာ့သိပ္ပံပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့သည့် ၁ ကျပ်တန် ဝတ္ထုကလေးကို ယခုပင်ပြန်လွမ်းမိသည်။

'ရွှေဝါဆန်'သည် ကျေးလက်ရနံ့ သင်းပျံ့နေ၏။

ဂျပန်အပြေး၊ အင်္ဂလိပ်အဝင် ခေတ်ပျက်ကာလ လယ်သမားတို့လယ်မလုပ်၊ ဂျင်ဝိုင်းရောက်၊ ကြားပေါက်စားသာရာ ကုမ္ပဏီပွဲစား အလုပ်လုပ်သူလုပ်၊ ဖဲဝိုင်းတွင် အချိန်ကုန်သူကကုန် ဖြစ်နေချိန်တွင် တစ်သက်လုံး လယ်မြေကိုဖက်၍ အလုပ်လုပ်ခဲ့သည့် လယ်သမားကြီး ဦးရန်ရှင်းနှင့် သားချစ်ခိုင်။

ချစ်ခိုင်ကတစ်ဖက်၊ ပွဲစားတင်မောင်ကတစ်ဖက်၊ ဝိုင်းဝန်းပိုးပန်းခံရသူ ရွာသူကလေးညွန့်မေ . . . စသော ဇာတ်ကောင်များဖြင့် တောရနံ့သင်းနေသည့် 'ရွှေဝါဆန်'ကို ဖတ်ခဲ့ရသည်။

"မဟုတ်ဘူးအမေရ၊ အခုကုမ္ပဏီကြီးတွေ ဖွင့်တော့မယ်။ ဖွင့်ရင်အဝယ်တော်ပွဲစားကန်ထရိုက် အလုပ်တွေ ပေါ်လာတယ်ဆိုရင် ပေါ့ပေါ့ကလေးနဲ့ ငွေရတာပေါ့၊ ဒါမှမဟုတ်လို့ ဟိုကကုန်ဒီကူး၊ ဒီကကုန်ဟိုကူးနဲ့ ပန်းပြောင်းအလုပ်၊ စားသာတဲ့ အလုပ်တွေရှိတာပဲ"ဟု ချစ်ခိုင်က ပြောခဲ့သည်။"

"အေး . . .မင်း ဟိုယောင်ယောင် ဒီယောင်ယောင် အချိန်ကုန်နေတာပဲ။ ဟိုသူဖြင့် ဘယ်လောက်ပွနေပြီ၊ ဒီသူဖြင့်ဘယ်လောက် ဟန်နေတာပဲဆိုပြီး အားကျမနေနဲ့၊ ခေတ်ပျက်သူဌေးဆိုတာ မလိမ္မာရင် တစ်အိုးစားသမားချည်းပဲ၊ မင့်ကိုငါ လုပ်ကျွေးလာတာ ဘာလုပ်ကျွေးလာသလဲ၊ လယ်လုပ်ပြီးကျွေးလာတာမဟုတ် လား၊ မင်းဟာ လယ်သမားသား လယ်ပဲလုပ်ရမယ်"

ချစ်ခိုင်အဖေ လယ်သမားကြီး ဦးရန်ရှင်းက ပြန်ပြောခဲ့သည်ကို ယခုတိုင် မှတ်မိနေ၏။

"စစ်ပြီးလျှင် ရွှေမိုးငွေမိုးရွာမည်ဟု ထင်သူတို့ရှိမည်။ သို့ရာတွင်အမှောင်နှင့်ချီ၍ ကျောက်ခဲမိုးရွာနေပြီ၊ မြန်မာပြည်တွင် အရေးကြီးဆုံး ပြဿနာကိုအရေး ကြီးဆုံးဖြစ်မှန်း သိအောင်လုပ်သူကား ဇဝနပင်ဖြစ်၏။"

"ရွှေလား၊ ဆန်လားဟု ပြဿနာကို ဇဝနသည် ထုတ်ပေးခဲ့၏။"

ဟု ၁၉၄၅ ခုနှစ်က လေ့လာသူတစ်ဦးက 'ရွှေဝါဆန်' ကို မှတ်ချက်ပြုခဲ့သည်။ထိုစဉ်က မှတ်ချက်ကလေးသည် ယခုကျွန်တော်တို့ ရင်တွင်းလာရိုက်ခတ်နေသည်။ မီးဖိုချောင်ဗေဒ အသံလှိုင်းများ ညံလာသည့်အခါ ၄၅-ခုက လေ့လာသူတစ်ဦးမေးသည့် ရွှေလား၊ ဆန်လားသည် ကျွန်တော့်ရင်တွင်းပြောင်း၍ "ဒေါ်လာ လား၊ ဆန်လား"ဟု ဖြစ်လာသည်။

ငယ်စဉ်က ဆန်ထုပ်ထမ်းရမှာ ရက်သူသည် ယခုအခါ ဆန်ထုပ်ထမ်းရန် တောင့်တလာရ၏။ လုံထမ်းလာတာမမြင်ရ၊ ဆန်ထမ်းလာတာ မြင်ရသည်ဟု ဆိုရ လေမလားမသိ။ ဝန်ထမ်းများကို ဆန်ထုပ်ကလေးများနှင့် တွေ့ရတတ်သည်။

ယခုအခါ ကျွန်တော်သည် ဆန်၏ဇာတ်ပွတ်ကို စူးစမ်းကြည့်ချင်လာ၏။ ငယ်စဉ်လယ်ကွင်းစပါးခင်းကြား ကြီးပြင်းခဲ့စဉ်က စိတ်မဝင်စားခဲ့၊ ယခုမှ ခံလုတ်ထိမှအမိတဆိုသလို ကိုယ့်နိုင်ငံ၏ အရင်းခံအကျဆုံး ထွက်ကုန်ကို မျက်လုံးပြူး ပြန်ကြည့်ရချေတော့မည်။

**[၃]**

**"မိုးသားကျူးစ၊ တန်ခူးလက**
**ထွန်ချကြလေ**
**ကဆုန်နွေတွင်၊ ကွက်ခြေခန်းဖွဲ့၊**
**စိုက်ခဲ့သမျှ**
**ဝါခေါင်လနှင့် မာသတော်သလင်း**
**ရှင်းရှင်းရိတ်ဖြတ်"**

**(စိန္တကျော်သူ–မဟာအဓိကရကန်တော်မော်ကွန်း)**

ကုန်းဘောင်ခေတ်တွင် ထင်ရှားသည့် စာဆိုစိန္တကျော်သူသည် မြန်မာ့စပါးကို အလေးထားခဲ့၏။

(၁) ကောက်ကြီး၁၂၆မျိုး (၂) ကောက်လတ်၁၀မျိုး (၃) ကောက်လျင် ၁၁မျိုး (၄)မုရင်းစပါး ၁၁မျိုးစသည်ဖြင့် ခွဲခြားကာ သူ့စိုက် ရက် လရာသီများကို မှတ်တမ်းပြုခဲ့ပေသည်။

ထိုကောက်မျိုးများအပြင် မြန်မာတို့၏ ရိုးရာလေ့ဘုရားပွဲ၊ နတ်ပွဲ၊ ၁၂ရာသီပွဲများတွင် သုမပါလျှင်မပြီး အဆာခံသရေစာအဖြစ် ကောက်ပန်းဟုခေါ်ထိုက်သည့် ကောက်ညှင်းကို ဇာတ်လိုက်လုပ်ကာ မုန့်အမျိုးမျိုး စီမံခဲ့ကြသည်။

"မြတ်ဖျားသဃ်ာ၊ သုမ္မာဝယ်၊ ရွှေစာမေးခိုက်၊ ပျိုးကြဲလိုက်၍ စိုက်ကြဝါဆို၊ ပြာသိုမှည့်ဝင်း၊ တလင်းပဲကူ၊ တက်သည်ဟူရှင့်"ဟု ကောက်ညှင်းနှင့် ပတ်သက်၍ စိန္တကျော်သူ ဖွဲ့ခဲ့သည်။ ယခုအခါတွင် ကျွန်ုပ်တို့၏ ဆန်အနေအထား ဘယ်သို့ရှိလေ သနည်း။

ဒေသအလိုက် အခေါ်အဝေါ်ကွဲပြား၊ မျိုးကွဲပြား၍ တစ်နှစ်ပြီးတစ်နှစ် စပါးအမျိုးအစားသစ်များ ပေါ်ပေါက်လျက် ရှိသော်လည်း (၁) ညှော်မထ (၂)

မြီးတုံး (၃) ငစိန် (၄) ကျွဲ ဟူ၍ အုပ်စုလေးမျိုးသာ ယေဘုယျ ခွဲခြားခဲ့ပေသည်။

ကျွန်တော်ဆန်စပါးများကို စိတ်ဝင်စားနေခိုက်တွင် မိတ်ဆွေ စာရေးသူတစ်ဦးနှင့် ဆုံဖြစ်၏။ သူက . . .

"ဘာမှမပူပါနဲ့၊ ကျွန်တော်တို့မှာ ရှေးစကားရှိတာပဲ . . . 'ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ'

"ဆိုတဲ့ အဆိုကို ကြားဖူးရဲ့မဟုတ်လား . . . ဟောဒီမှာကြည့်၊ ဒါခင်ဗျား အိမ်မှာကပ်ထား . . . "ဟု ဆိုပြီး မဂ္ဂဇင်းတစ်အုပ်ထဲမှ သူဆုတ်ဖြဲထားသည့် ပန်းချီကားပုံတစ်ခုကို ထုတ်ပေး၏။ အထက်ပါအဆိုကို သရုပ်ဖော်ထားပုံဖြစ်၏။

မီးဖိုချောင်ဗေဒမှ ဆန် . . . ဆန်ဟု အသံများညံလာခိုက် ထုံးစံအတိုင်း ဘာလုပ်ရမှန်းမသိဘဲ ဟိုမြစ်ဖျားစမ်းကြည့်လိုက်၊ သည်မြစ်ဖျားခမ်းဝါးလိုက် လျှောက်လုပ်နေရာမှ မိတ်ဆွေစာရေးသူက ယုံကြည်ချက် အပြည့်ဖြင့် ဆိုလာခြင်းဖြစ်သည်။

ရုတ်တရက် မီးဖိုချောင်ဗေဒမှူးအား ဤနည်းနာကလေးဖြင့် နှစ်သိမ့်ရကောင်းလေမလားဟု ဇဝေဇဝါတွေးတောမိကာ လှသည်ယောင်ချာချာ ဖြစ်လာ၏။

"အကြဲကုန် ဂျုန်ဆားချက်"သတဲ့။ ဆားချက်သောဂျုံနှင့်ဆားရရဲ့လား မသိ။

"ဆန်ဈေး ဒီလောက်ကောင်းနေရင် လယ်သမားကြီးတွေ ပွပြီပေါ့"ဟု တွေးမိ၍ မေးကြည့်ရာ ခရမ်းသုံးခွဘက်မှ လယ်သမားကြီးက–

"တစ်ဧက စပါး ငါးတင်းနှုန်းကြဲရတယ်၊ လူတစ်ယောက် နွားနှစ်ကောင် မနက်ကမွန်းတည့်ထိ သုံးရာပေးရတယ်။ နှစ်တုံးထွန် ခြောက်ရာ။ ပျိုးထောင်ဖို့ တစ်ဧက ငါးရက် လုပ်ရတယ်။ အဲဒီမှာ သုံးထောင်။ မျိုးစပါးကြဲခ တစ်တင်း ကျပ် ၁၀၊ ငါးတင်း။ တစ်ဧက စိုက်ဖို့ပျိုး သုံးဧကခွဲလောက်ကြဲရ။ စပါး ၁၇ တင်းခွဲ၊ တစ်တင်း ကျပ် ၄၀၀ ဆိုတော့ ကျပ် ၇၀၀၀ လောက်ကျ။ ရက် ၃၀ ၄၅ ရက် ကြာတော့ ပျိုးနှုတ်၊ ပျိုးပေါ ၁၀၀ကို ကျပ် ၅၀နှုန်း။ ၁၀ ဧက ပျိုးနှုတ်ခကျပ် ၄၀၀၀၊ သယ်ခ တစ်ရက် ကျပ်၁၀၀ နောက် ကောက်စိုက်ခ တစ်ရက် တစ်ယောက်ကို ကျပ် ၅၀။ လယ် ၁၀ဧက၊ လူ ၅၀၊ နှစ်ရက်ဆိုပြီးရော။

"နောက် မြေသြဇာဈေး တစ်ဧကတစ်အိတ်နှုန်း ၁၁၂ပေါင်အိတ်က ကျပ် ၂၀၀၀ ကျော်နေလို့ မကပ်နိုင်။ သူရင်းငှားခ စပါးရာသီပြီးချိန်ထိ ၁၂၅ တင်းပေးရ။ နေ့စား ကျပ် ၇၀ ကောက်ရိတ်ခ တစ်ရက် တစ်ယောက် ကျပ် ၅၀။ စပါးထွက်ချိန်မှာ တစ်ဧက စပါးတင်း ၃၀ ကျော် ၄၀ ပဲ။ မြေဆီနိုင်ရင်တော့

၅၀ လောက်ရ။ ၁၀ ဧကေ စပါး ၄၀၀၊ ဒိုင်ကို တင်း ၁၂၀ ပေးရ။ ကိုယ့်အတွက် တင်း ၂၈၀ ကျန်။ သူရင်းငှား ၁၂၅ တင်း နုတ်၊ ၁၅၅ တင်းပဲ ကျန်တော့"

လယ်သမားကြီးက အသေးစိတ်ရှင်းပြသည်။ နားထောင်ရသူပင် မောလာ၏။ "ကဲ . . . စပါးပေါ်ချိန် ကိုယ့်စပါးက နှစ်သောင်းခွဲဈေးရှိရင် ကုန်ကျစရိတ်ဖယ်မှ နှစ်သောင်းလောက်ကျန်။ ခင်ဗျားတို့ ဝယ်စားနေတာ စပါးဟောင်း၊ ရောင်းရတာက စပါးသစ်၊ ဒီတော့တစ်မိသားစုလုံး မိုးထဲရွံ့ထဲ ခုနစ်လကြာတဲ့အထိကို နှစ်သောင်းလောက်ပဲဝင်။ တစ်လမှ တစ်မိသားစုလုံး လုပ် ကျပ် ၃၀၀၀ လောက်ဝင်။ ဒါတောင်ရေလွှမ်းလို့ပျက်၊ မျိုးထောင်တုန်းပျက် တာတွေ မပါသေးဘူး"

စပါးဈေး ဘယ်လောက်တက်တက် လယ်သမားဟာ လုပ်ရင်းနဲ့ကျပ် လာသတဲ့။

ကျွန်တော်သက်ပြင်းချပြီး လယ်သမားကြီးကို ရီဝေဝေကြည့်နေမိ၏။ သူကဆက်ပြောသည်။

"အဲ . . . အခုဈေးကွက် စီးပွားရေးစနစ်ကြောင့် ပဲဈေးကောင်းလာ၊ ပဲတီစိမ်း၊ ပဲလွန်းဖြူစိုက်လို့ နည်းနည်းအဆင်ပြေ"လာသတဲ့။

လယ်သမားကြီးတို့ ပဲဘက် ဦးလှည့်မည်ရှိသောအခါ ကျွန်တော် မျက်လုံးပြူးသွားမိသည်။

**"ပဲနောက်နှင့် ပြောင်းဆန်၊ ကောက်သားငယ်ရုံ၊ ဝေဖန်နှောယှက်၊ ရော ကာချက်လို့၊ ပြောဘက်ကယ်မမြင်၊ ညြစာပြွမ်းတဲ့၊ သုံးလွန်းတင်ကို ခင်မင်ဖွယ်ရာ၊ သည်အချိန်ကို လာခဲ့ပါ"**

ဆိုသည့် ဦးကြီး၏ လွမ်းချင်းလေးကို သတိရမိသည်။

သုံးလွန်းတင် ဆန်ကိုစားနေကြရဦးမည်လားဟု စိုးရိမ်စိတ်ပင် ဖြစ်မိသည်။

[၄]

**"ခါးပုံကိုမောင်ဖြုတ်လို့ ချွေးသုတ်ဇာတ်ပေး . . .**
**စီးပလေစေ မောင်မသုတ်နဲ့ တုတ်တုတ်ကျချွေး"**

**(ကောက်စိုက်တေး)**

ကျွန်တော်သည် ခရမ်းဘက်မှ လယ်သမားကြီးနှင့် တွေ့ဆုံပြီး သက်ပြင်း ချခဲ့ကာ ကျွန်ုပ်တို့၏ဆန်ကို မျှော်ရှုမိပြန်သည်။ ထိုအခါတွင် ပြည်မြို့ကို မြင်မိ၏။

ပြည်မြို့တွင် ဆန်ပွဲရုံများလှသည်။ အထက်မြန်မာပြည် ဆန်ဈေး

ကွက်ကို 'ပြည်'က ချုပ်ကိုင်နိုင်သည်ဟု ဆို၏။ ပြည်မှ ကုန်းလမ်း၊ ရေလမ်းဖြင့် နှစ်သွယ်ထွက်၊ ကုန်းလမ်းမှ အောင်လံ၊ တောင်တွင်းကြီး၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ မြင်းခြံထိရောက်။ မြင်းခြံရောက်ဆန်ဟာ ဒေသတွင်းဖြန့်ပေမဲ့ ပခုက္ကူထိတက်တဲ့ဆန်ကတော့ အိန္ဒိယထိတက်သွားသတဲ့။

မန္တလေးရောက်ဆန်ဟာ တောင်တွင်းကြီး၊ လားရှိုးထိ ခရီးဆက်။ ပြည်ဟာ ကုန်စည်စခန်းထောက်မြို့ဖြစ်ပါသတဲ့။

မြန်မာနိုင်ငံရဲ့ ဆန်အိုး၊ ဧရာဝတီတိုင်းက ဆန်ရောပြည်ဝင်ရဲ့လား။ ဘုရင့်နောင်ပွဲရုံဘက်လှည့်လို့ အိတ်စ်ပို့ဖြစ်သွားလို့ ပြည်အဝင်ခက်နေသတဲ့။ ရခိုင်ဆန်က ဘဂ်လားဒေ့ရှ်ဘက် ထွက်သတဲ့။

အခြေခံလူတန်းစားကတော့ စပါးသစ်ပေါ်ချိန်မှာ ဆန်ဈေးကျမလား မျှော်လင့်နေရဲ့။ စပါးအထွက်တိုးဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းနေတာ သိပါသတဲ့၊ ဒါကြောင့် . . . ဒါကြောင့် . . . ။

ဆန်သစ်ပေါ်ရင် ဆန်ဟောင်းဈေးအေးနေတတ်၊ ဆန်သစ်ဈေးကျတတ်ပါတယ်။ အသစ်က အစိုဓာတ်ရှိတော့ ပိုးလိုက်မှာစိုးလို့ အမြန်ကြိတ်အမြန်ရောင်းရကိုး။

ဒါပေမဲ့ ပွဲရုံများဘက် အသံနားစွင့်လိုက်တော့-

အသစ်ပေါ်ချိန်နီးတာတောင် အဟောင်းကို သုံးသောင်း၊ သုံးထောင်ပေါက်ဈေးကနေ သုံးသောင်းခွဲ လိုချင်နေသတဲ့။ ရိတ်သိမ်းချိန် နောက်ကျတော့ အောင်အရေအတွက် စိုးရိမ်ရ၊ အောင်ရေမရရင် ထွက်နှုန်းကျသတဲ့။

ဆောင်းရာသီမှာ ရခိုင်ဆန်မဆင်းတော့ပါ။ ဧရာဝတီဆန်အထက်ကို အဆန်နည်း အောက်ကို စုန်၊ ရန်ကုန်-ပြည် ကားလမ်းတစ်လျှောက် ဆန်တွေ အဝင်မမှန်ဖြစ်နေပါသတဲ့။

အဲဒီလိုအနေအထားတွေ သုံးသပ်ပြီး ဆန်ပွဲရုံပိုင်ရှင် တစ်ဦးက နိဝင်ဘာမှာ ဆန်ဈေးတက်ဖွယ်ရှိတယ်လို့ သုံးသပ်ပါသတဲ့။

ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ။

မှန်ကန်စွာ သတင်းပို့သည့် ကိုထွန်းဇော်ဦး၊ ကိုမြင့်စိုး(Emperor) တို့ကို ကျေးဇူးတင်ရှိပါ၏။

၆။

**"ရွှေမြောင်းရှာ သာဝပါသေးလား**

**ရွှေမြို့နေမေး။**

**သာဝပါရဲ့ ရှာနံဘေးမှာ**

ရိုးရေကဖွေး။

(ကျေးလက်တေး)

ရွှေမြို့ရောက် သူကောင်းသားကြီးက ရွှေမြောင်းရှာဟာ ယခင်ကလို သာယာပါသေးသလား မေးပါသတဲ့။ ဆွတ်ပျံ့ဖွယ် ကျေးလက်တေးကလေးများ ရင်ထဲစိမ့်ဝင်နေပါသည်။

ကျွန်တော်သည် ယခုတလော ကျေးလက်ကို အထူးလွမ်းဆွတ်နေမိ၏။ ကျေးလက်တေးကလေးများ ကောက်စိုက်တေးကလေးများနှင့် ကျေးလက်သဘာဝ ရေမြေတောတောင် မိဘဆွေမျိုးသားချင်းတို့ကို လွမ်းလို့လား . . . ။

မိမိကိုယ်ကို အားမနာတမ်း ပြန်မေးမိသည့်အခါ မဟုတ်ရေးချ မဟုတ်ပါ . . . တဲ့။

မီးဖိုချောင်ဗေဒမှုုး၏ ဆန် . . . ဆန် . . . အိုဘယ့်ဆန် . . . ဟူသော အသံများကြောင့် ကျေးလက်မှ အမေ့အိမ်ပြန်၍ တစ်စိတ်တစ်ပိုင်း ဆန်သယ်ရန် ဖြစ်ပါကြောင်း . . . ဗျာ။

သုခိ အတ္တာနံ ပရိဟရန္တု။

✹

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၅-ခု၊ ဒီဇင်ဘာလ)

## 'စ'လုံးနှင့် 'ဆလိမ်'တို့၏ ဆက်ဆံရေး

***စာပေဝတ္ထု၊ ရတုကဗျာ၊ မျိုလင်္ကာနှင့်၊ သာသည့်သီချင်း၊ အဲစောင်းညင်းနှင့် မကင်းမပြတ်၊ ရွတ်ဖတ် လေ့ကျက် တီးမှုတ်လျက်သာ၊ နေကောင်းစွာ။***

**ဝန်ကြီးပဒေသ်ရာဇာ**

**[၁]**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာပေပြိုင်ပွဲနှင့် စာအုပ်ဈေးပွဲတော်ကြီး ကျင်းပနေသတဲ့။

သတင်းစာတွေမှာ အဲဒီသတင်းတွေ့ရတော့ ကျွန်တော်တို့ စာသမားတွေ အားကြီး အူမြူးမိပါတယ်။ တစ်ခါဖြင့် စာအုပ်ကောင်းတွေ ဈေးနှုန်းချိုသာစွာနဲ့ ဖတ်ကြရတော့မယ်ပေါ့။

အဲဒီလို အူမြူးလို့မှ မဆုံးသေးဘူး၊ မီးဖိုချောင်ဗေဒ အသံလှိုင်းတွေက ဆောင့်တက်လာလို့ ကိုယ့်ဝင်ငွေကလေးထဲက ကပ်ဖဲ့ဂုက်ချန်ထားတဲ့ ငွေစကလေး အိမ်ရှင်မလက်ထဲ ပါသွားပါရော။

လူ့ရှင်တော်ကြီးတစ်ဦးရဲ့ အဖြစ်ကို သွားသတိရမိပါတယ်။ ထိုလူ့ရှင်တော်ကြီး (ဦးအုန်းသီးလားမသိ) ဟာ သူ့ကျပ်စေ့လေးတွေကို အိမ်ရဲ့ရက်မပေါ် မှာ စီစီပြီး ဆင့်ဆင့်တင်ထားလေ့ရှိသတဲ့။ သူ့အိမ်ရှင်မက ဈေးဖိုးလိုတော့ နေ့စဉ် ယူယူသုံးရတာပေါ့။လူ့ရှင်တော်ကြီးက သူ့ကျပ်စေ့လေးတွေ ပြန်ကြည့်တဲ့အခါ လျော့နေတာ တွေ့ရတာကိုး။

"မိန်းမရေ ငါ့ကျပ်စေ့လေးတွေ လျော့လျော့ သွားသလိုပဲ"လို့ ပြောသတဲ့။

ဒီအခါ သူ့မိန်းမက–

"တော့်ဟာ လေတိုက်လို့နေမှာပေါ့တော်"လို့ ပြောသတဲ့။

အခုလည်းဒီလိုပါပဲ၊ စာသမားဟာ ခြိုးခြံစုကပ်ထားလိုက်၊ မီးဖိုချောင် အသံလှိုင်းများက သိမ်းယူလိုက်နဲ့ စာအုပ်ခန်းတော်တော်နဲ့ မရောက်နိုင်ပါဘူး။

ဒါ့ကြောင့် စာပေပြပွဲနဲ့ စာအုပ်ဈေးပွဲတော်ကြီးရဲ့ သတင်းကြားပြီး လူဟာ မရှိမဆုံဖြစ်နေမိပါတယ်။ မည်သူ့ မည်သူကိုမှ အပြစ်မတင်မိပါဘူး။ မိမိရဲ့ဝင်ငွေရယ်၊ မိမိရဲ့ပုစုခရုအဖွဲ့ဝင်တွေရယ်၊ မိမိရဲ့ မိုခိုကျောင်းတော်သား တွေရယ်၊ သတ္တုချကြည့်တော့ မိမိရဲ့ကံကြမ္မာကိုပဲ မိမိအပြစ်တင်မိပါတယ်။

စဉ်းစားကြည့်တော့ စာသမားတို့ရဲ့ ဧည့်ခန်းနဲ့ မီးဖိုခန်းဟာ နီးမလို နဲ့လှမ်း၊ လှမ်းမလိုနဲ့နီး ဆိုသလိုပါပဲ။ နီးမလိုနဲ့လှမ်းဆိုတာက စာသမား အိမ်ဦးနတ်ကြီးဟာ သူ့ဧည့်ခန်းမှာ စနစ်တကျ သူ့စာအုပ်စင်ကို ကြက်မွေးလေး နဲ့သပြီး စာအင်အားဖြည့်ဖို့ ကြိုးပမ်းနေချိန်မှာ မီးဖိုချောင်ဗေဒမှူး အိမ်ရှင်မက အိမ်ဦးနတ်ကို မြည်တွန်ပါတယ်။

"တော့်အလုပ်က ဒါပဲလား"တဲ့။

အဲဒီအခါမှာ ဧည့်ခန်းနဲ့ မီးဖိုဟာ ဆက်ဆံရေးမပြေပြစ်ဘဲ နီးမလိုနဲ့ အလှမ်းကွာဝေးနေပါတယ်။

တစ်ခါလှမ်းမလိုနဲ့နီးဆိုတာကတော့ အိမ်ရှင်မက မြည်တွန်လွန်း အားကြီးလို့ စာသမားခေါင်းဖြူကြီးဟာ ကြံရာမရဘဲ သူ့စာအုပ်စင်က သင့်နိုး ရာစာအုပ်လေးတွေ ရင်နာနာနဲ့ ရွေးထုတ်ပြီး စာအုပ်တန်းမှာ သွားရောင်း၊ မီးဖိုချောင်ဗေဒမှူးလက်ထဲ ထည့်လိုက်တဲ့အခါ ပြန်လည်ညီညွတ်ပြီး ချစ်ကြည် ရေးရသွားပါတယ်။ အဲဒီအခါမှာ ဧည့်ခန်းနဲ့မီးဖိုဟာ လှမ်းမလိုနဲ့ နီးသွား ပြန်ပါရော။

ဒီလိုနဲ့ပဲ စာသမားရဲ့ မခမ်းနားတဲ့ စာအုပ်စင်က စားအုပ်စင်ဖြစ်၊ တရိရိခြစား၊ ပင့်ကူမျှင်ရှုပ်ထွေး၊ ကလေးကငို၊ သေးပေါက်၊ ဆေးတံပျောက် ရှာရင်းနဲ့ မဏိမှာ ဆံဖြူပန်းတွေ ပွင့်ပွင့်လာပါရော။

အခုတလော အိမ်ရှင်မဆီက အဓိကကြားကြားနေရတဲ့ သတင်းပို့ ချက် အသံလှိုင်းကတော့ "ဆန်–ဆန်–ဆန်"ဆိုတာ ပါပဲ။ လယ်သမားတွေရဲ့ စိုက်ကွင်း မြစ်ရေလျှမ်း၊ မြေဆီဈေးကကြီး၊ စိုက်စရိတ်၊ ပျိုးစရိတ်၊ အထွေထွေ ဝန်ဆောင်စရိတ်တွေနဲ့ အချိန်တန် ပွဲရုံတွေကဈေးကစား၊ လမ်းပန်းဆက် သွယ်ရေး၊ အိတ်စ်ပို့၊ အင်ပို့ကိစ္စတွေ၊ ပင်ထောင်ဈေး၊ ကောက်ဈေး၊ ပေါက်ဈေး၊ ပွဲစားတွေ ခြေချင်းလိမ်ရင်းတက်ဈေး၊ တက်ဈေးတွေနဲ့ တိုးပြီးရင်းတိုး၊ လက်လီ ရောင်းသူတွေထံကမှ လေးလုံးစ၊ တစ်ပြည်စ နေ့စဉ်ဝယ်ရတဲ့ စားသုံးသူခမျာ

မျက်ဖြူဆိုက်ပြီး မီးဖိုချောင်ဗေဒ အသံလှိုင်းများမှာ ဆန်-ဆန်-ဆန်နဲ့ နေ့စဉ် မြည်ဟိန်းသံများ ကြားလာရတာပါပဲ။

ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်၊ ဗျိုင်းနားလို့ကိုင်းရတယ်ဆိုပြီး အစရှာရင်း ရှာရင်းက ဘဲဥအစရှာမရသလို ဖြစ်လာတာပါပဲ။အဲဒီလို စာသမား ကြီး ခေါင်းခြောက်နေချိန်မှာပဲ စာသမားတို့ အားထားမျှော်လင့်တဲ့ စာဆိုတော် ရာသီ ရောက်ခဲ့ရပါတယ်။

**"နတ်တော်ဆန်း၍ မြတ်ပန်းသဇင်**

**မွှေးပျံ့လွင်လျှင်၊ ရွှေရင်မပူ**

**အားသစ်လူမည်၊ ဘယ်သူညီညို**

**ဘယ့်နှယ်ဆို"**

လို့ တစ်ခါကစာဖွဲ့ခဲ့တဲ့ ခနေဖြူကျော်ထွန်းတစ်ယောက် အသံလည်း နောက်ထပ် ဆိတ်သက်လို့ နေပြန်ပါတယ်။ စာဆိုတော်ရာသီမှာ အမျိုးသား စာပေဆုသတင်း၊ စာပေဗိမာန်ဆုသတင်းများလည်း ဝေဝေဆာဆာ ဖတ်ရ ပါတယ်။ ဆုကြေးတွေ မြင့်တက်လာတယ်လို့ ကြားရသိရတာလည်း ဝမ်းသာ ရပါပဲ။

ဆုရစာအုပ်တွေ တစ်လှေကြီးဝယ်၊ တစ်ဝကြီးဖတ်လိုက်ချင်တာပါပဲ၊ သို့သော်လည်းပေါ့လေ၊ အဲပေါ့လေ . . . ။

စာသမားရဲ့ အရင်းခံ အရိုးခံစိတ်ကလေးကနေ တစ်ဆင့်တက်ပြီး ဆန်းစစ်ကြည့်ချင်စိတ်ကလေးလည်း ပေါ်လာပြန်ပါတယ်။ ဟိုစဉ်ကတော့ ဆရာသိန်းဖေမြင့်တို့ ရေးခဲ့ဖူးပါတယ်။ စာပေဆုရ ဝတ္ထုများအား ကြည့်ရှုချက် အသဖြင့် ဆရာကြီးများရဲ့ အမြင်ကို သိခွင့်ရပြီး ယှဉ်တွဲလေ့လာခွင့်ရခဲ့ပါ တယ်။ အခုခါမှာတော့ အဲဒီလို ယှဉ်တွဲလေ့လာခွင့် နည်းပါးလာတယ်လို့ ယူဆမိပါ တယ်။

မည်သို့ပင်ဖြစ်စေ စာသမားတစ်ဦးအနေနှင့် စာပေဆုသတင်း၊ စာပေ ပွဲနှင့် စာအုပ်ဈေးပွဲတော်သတင်း၊ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ သတင်းတွေဟာ မုဒိတာပွားစရာများ ဖြစ်ပါတယ်။

စာအုပ်ဈေးပွဲတော့် သတင်းကြားရတော့-

**"ဘုရားပွဲတော် သွားစို့နော်**

**နွားလှည်းလေးနဲ့ တူပျော်ပျော်"** ဆိုတဲ့

ဟိုတုန်းက သီချင်းလေး ပြန်လည်ကြားယောင်မိပါရဲ့။ အခုတော့

**"စာအုပ်ဈေးပွဲတော် သွားစို့နော်**

**ကားတိုးစီးစို့ တူပျော်ပျော်"**လို့ ဆိုရမလိုပါပဲ။

ကားတိုးစီးရတာ ပျော်စရာဟုတ်ပါ့မလားလို့ မိတ်ဆွေစာဖတ်သူက တက်ချင်နေတာ ကျွန်တော်သိပါတယ်။ ကျွန်တော်တို့က စိန်ရတုအခါသမယမှာ စာအုပ်ဈေးပွဲတော် သွားမှာလေ။

ဒါကိုလည်းမမေ့နဲ့ဦး။

အိတ်ကပ်စမ်းကြည့်ပါဦးတဲ့၊ စာအုပ်ဝယ်ဖို့။

သြော်–မဟုတ်သော်လည်း အပျင်းပြေပေါ့ဗျာ။

စာအုပ်ဝယ်ဖို့ သိပ်မပါတော့လည်း ကားတိုးစီး ခါးပိုက်နှိုက်မှာ သိပ်မစိုးရိမ်ရတော့ဘူးပေါ့ဗျာ။

ဒါကြောင့် တူပျော်ပျော်လို့ သုံးရတာပေါ့။

၂။

**"လောကကြီးမှာ မိတ်ဆွေသုံးဦး**
**လိုပါတယ်၊**
**မေတ္တာစိတ်၊ မိတ်ဆွေကောင်းနဲ့**
**စာအုပ်များဖြစ်ပါတယ်"**

**(မွန်တိန်း)**

ပြင်သစ်စာရေးဆရာကြီး မွန်တိန်းက အဲဒီလိုပဲ ဝန်ခံရေးသားခဲ့ဖူးပါတယ်။ တကယ်တော့ စာအုပ်ကောင်းတစ်အုပ်ဟာ နူးညံ့သိမ်မွေ့တဲ့ မေတ္တာစိတ်ကို မွေးမြူပေးနိုင်သလို အဖော်ကောင်းတစ်ဦးလည်း ဖြစ်နိုင်ပါတယ်။

ကျွန်တော်တို့ စာသမားများဟာ စာအုပ်ကောင်းလေး တစ်အုပ်တွေ့ရင် မနေနိုင်ပါဘူး၊ ကိုယ်မဝယ်နိုင်ရင်တောင် ဝယ်နိုင်တဲ့မိတ်ဆွေကို လက်တို့ဝယ်ခိုင်းပြီး ငှားဖတ်ရတာပေါ့လေ။

အရင်တုန်းကတော့ လောကကြီးကို စိတ်နာဖူးပါတယ်။

လင်ကွန်းကလေးဟာ စာတစ်အုပ်ဖတ်ရဖို့အရေး မိုင်တော်တော်ဝေးတဲ့နေရာသွားငှား၊ ဓာတ်မီးတိုင်အောက်မှာ ဖတ်ခဲ့ရတဲ့အကြောင်း၊ လင်ကွန်းအတ္ထုပ္ပတ္တိမှာဖတ်ရပါတယ်။

ဘာလဲဗျာ၊ သူ့လိုပါပဲ ကျွန်တော်တို့လည်း စာတစ်အုပ်ကို ခက်ခက်ခဲခဲနဲ့ ကြိုးကြိုးကုတ်ကုတ် ဖတ်ခဲ့ရသပေါ့။ ဒါပေမဲ့ လင်ကွန်းလေးကျတော့ သမ္မတကြီး ဖြစ်သွားသတဲ့ဗျာ။ လောကကြီးက မတရားပါဘူး။

ဒါ–ဟိုတုန်းက တွေးတာပါ။ အခုတော့လည်း လောကြီးကို စိတ်နာရမလား၊ ဘဝကိုစိတ်နာရမလား၊ ဈေးနှုန်းကိုစိတ်နာရမလား၊ ဈေးကွက်

စီးပွားရေးစနစ်နဲ့အညီ မလိုက်နိုင်တဲ့ မိမိကိုယ်ပဲ စိတ်နာရမလား၊ ဒီလိုနဲ့ လူလည်းထုံတုံတုံ ဖြစ်လာတာပေါ့လေ။

ကျွန်တော်ဟာ မွန်တိန်းရဲ့မိတ်ဆွေ သုံးဦးကို စဉ်းစားရင်နဲ့ မနက်ပြန် စာအုပ်ဈေးပွဲတော်သွားဖို့ စဉ်းစားရင်း အိပ်ရာဝင်ခဲ့မိတယ်။ ညကျတော့ အိမ်မက်မက်တော့တာပါပဲ။

အိမ်မက်ထဲမှာ 'စလုံး'နဲ့ 'ဆလိမ်' ရန်ဖြစ်နေပါပေါ့လား။ စလုံးက ဆလိမ်ကိုပြောတယ်။

"မင်းဟာ ချိန်ဆနေရတာနဲ့ ပြီးရော"တဲ့

ဆလိမ်က စလုံးကိုပြန်ပြောတယ်–

"မင်းလည်း အစတော့ ဟုတ်မလိုလိုနဲ့ပဲ၊ ရယ်မောစနောက်နဲ့၊ နောက်ကျ အဖျားရှူးသွားရော"တဲ့။

ဒီတော့ စလုံးက ပြန်ပြောတယ်–

"ဗျည်း ၃၃ လုံးမှာ မင်းနေရာကခုနစ်မှာရှိတယ်။ ငါ့နေရာက ခြောက်၊ မင်းအထက်က၊ ပြန်မပြောနဲ့" တဲ့

ဆလိမ်ကမဲ့တယ်၊ အက္ခရာငါးလုံးတစ်စု ဝဂ်တစ်ခုတည်းမှာ မင်းက အိန်းတစ်လုံး ပိုရှုချင်သလားတဲ့။

ကျွန်တော်လည်း မျက်လုံးပိုကျယ်လာပြီး နားပိုစွင့်ထားမိတယ်။

စလုံးကပြောပြန်တယ်။

"မင်းဟာ ဆလိမ်ဆိုတဲ့အတိုင်း လိမ်ချင်ကောက်ချင်တယ်။ မင်းဟာ ငါ့လို စာနဲ့ပေနဲ့လည်း မနီးစပ်၊ တစ်ခုခုလုပ်မယ်ဆို ခန့်မှန်းနေရတာနဲ့ နှိုင်းဆနေရတာနဲ့ပဲ အချိန်ဖြုန်းနေတယ်"တဲ့။

စလုံးဆီက စာသံပေသံ စကားကြားလိုက်ရတဲ့အခါ စာသမားသူကောင်းသားကြီး ထိတ်ခနဲ ဝမ်းသာသွားတယ်။

ယှဉ်ပြိုင်မှုတစ်ခုခုဖြစ်ရင် တစ်ဖက်ဖက်က အားပေးချင်တဲ့ လူတို့ရဲ့ ဓါသနာခံမှုတာသဘောအတိုင်း စလုံးဘက်က ကျိတ်ပြီးအားပေးနေမိတယ်။

ဆလိမ်ကလည်း သူ့လိမ်ကောက်တယ်ပြောရမလားဆိုပြီး ဒေါသအကြီး ပြန်အော်တယ်။

"ဒီမှာ စလုံး၊ မင်းဟာ လုံးတုံးတုံးနဲ့ ငါချိန်ဆနေတာ ပညာရှိသက္ကဏာတစ်ခုပဲ။ မင့်စာချည်းပဲဖတ်နေလို့ပြီးမလား၊ ဆန်မရှိရင် မင့်စာ အရာရောက်ပါ့မလား"တဲ့ ပြန်တွယ်တယ်။ အဲဒီအခါမှာ လက်ခုပ်သံများ ကြားလိုက်ရတယ်။ အလိုလေး၊ ကြည့်လိုက်တော့ ကျွန်ုပ်၏ အိမ်ရှင်မနဲ့ အိမ်နီးနားချင်း အိမ်ရှင်မများ ဆလိမ်ဘက်က အားပေးနေပါပေါ့လား။

အဲဒီအခါမှာ ကျွန်တော်ဟာ ရုတ်တရက် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၏ ကျေးဇူးကြောင့် ကျွန်တော့်စလုံးလေး မရှုံးပါစေနှင့် ကူသူပေါ်ပါစေဆိုပြီး ဆုတောင်းမိတယ်။ မကြာပါဘူး ပေါ်လာပါတယ်။

ပုဗ္ဗဂန္ထခေါ် ပထမဆုံး မြန်မာသင်ပုန်းကြီးကျမ်းပြု ရှင်ဒိသာပါမောက် ဆရာတော် စလုံးနဲ့ ဆလိမ်ကို ဖျန်ဖြေရင်း တရားပြပါတယ်။

ပုဂံ၊ ပင်းယ၊ အင်းဝ မြန်မာကြီးတို့ဟာ ပါဠိ၊ သက္ကတ၊ တိဗက်နဲ့ မွန်ဘာသာတို့ကို အခြေခံပြီး မြန်မာစာပေ အရေးအသားကို တီထွင်ခဲ့ကြပါသတဲ့။

ထိုအခြေခံ ဘာသာကြီးများနှင့် မြန်မာစာပေ တီထွင်မှုကို ဆက်စပ်မလေ့လာလျှင် ပုဂံခေတ်မြန်မာကြီးတို့ရဲ့ အာဘော်ကို သိနိုင်မှာ မဟုတ်ပါဘူးတဲ့။ ပုဂံခေတ်မှာ စလုံးနဲ့ဆလိမ် စည်းလုံးညီညွတ်စွာနဲ့ ပေါင်းဆုံကြတဲ့အကြောင်း ဆရာတော်က တရားပြရှာပါတယ်။

ဒီအခါမှာ ကျွန်တော်ဟာ ရှင်ဒိသာပါမောက် ဆရာတော်ကြီးကို ကျိတ် ကျေးဇူးတင်မိပြီး–

"မှတ်ထား– အဲဒါ စာပေပညာရှင်မို့ ပြောနိုင်တာ၊ ဈေးကစားနေတဲ့ စီးပွားရေးဘက်တော်သားများ ပြောနိုင်ပါ့မလား" လို့ ရင်ထဲက ကျိတ်ပြောပြီး လက်မလေးဝှက်ထောင်ကာ အိမ်ရှင်မများဘက် မရဲတရဲ ကြည့်မိပါတယ်။

တစ်ချိန်တည်းမှာပဲ ကိုယ့်ဘက်က စာပေသုတေသီ အဖော်သဟဲများကို တောင့်တမိပါတယ်။ အဲဒီအချိန်မှာ အသံများဆူညံလာပါတယ်။

"အရှင်ဘုရား–မြန်မာစာပေဖွံ့ဖြိုးပုံအကြောင်းပြောရင် အပြည့်အစုံ ပြောပါဘုရား၊ မြန်မာစာပေဟာ ၁၁ ရာစုမှာ အခိုင်အမာပေါ်နေပါပြီ။ ၁၂ ရာစုနောက်ပိုင်း ခေတ်အဆက်ဆက် ကျော်ဖြတ်ပြီး ဖွံ့ဖြိုးလာပါတယ်။ ဗြာဟ္မီအက္ခရာကို မြစ်ဖျားခံပြီးမှ မွန်အက္ခရာနဲ့ ပုံသဏ္ဌာန်တူ၊ ပါဠိ၊ သက္ကတ၊ မွန်တို့နဲ့ နီးနွယ်သော်လည်း မြန်မာဟန် မြန်မာမှုဖြစ်အောင် တီထွင်ခဲ့ရတာပါဘုရား"

"မြန်မာဗျည်းဟာ ၃၂ လား၊ ၃၃ လား၊ ၃၄ လား၊ ၃၅ လား ရှင်းပေးပါဘုရား"

- မြန်မာသရ ၈ လား၊ ၁၀၊ ၁၁၊ ၁၂လား ရှင်းပေးပါဘုရား။
- ငကြီးနောက်က 'အ'လား 'အံ'လား ရှင်းပေးပါဘုရား။
- အ–ရှိတယ်ဆိုရင် အ–ဟာ သရလား၊ ဗျည်းလားရှင်းပေးပါဘုရား။

- အဲ-ရှိတယ်ဆိုရင်လည်း သရလား၊ ဗျည်းလားရှင်းပေးပါဘုရား။
- အို-ဟာ သရတစ်လုံး ဟုတ်ပါသလား ဘုရား။
- ဝိသဇ္ဇနီ အောက်မြစ်တို့ဟာ သရ၊ ဗျည်း မည်ပါသလား၊ မြန်မာသက္ကရာဇ် ၁၀၀၀ ကျော်မှ ရောက်ရသည်မှာ ဘာကြောင့်ပါလဲဘုရား။
- အဲနဲ့ ဩော်တို့ဟာ မူလသရများ ဖြစ်ပါသလား၊ ဘယ်အချိန် ဘယ်ရေးထုံးက ပြောင်းခဲ့ပါသလဲ။
- မြန်မာအက္ခရာများတွင် ဘာ့ကြောင့် ဂ-ဃ၊ ဓ-ဈ၊ ဍ-ဎ၊ ဒ-ဓ၊ ဗ-ဘ အသံတူ အက္ခရာတို့ ရှိနေရပါသလဲ ဘုရား။
- မြန်မာအက္ခရာတို့ကို ပါဠိ၊ သက္ကတ၊ သဒ္ဒါနည်းအရ ဌာန်၊ ကရိုဏ်းခွဲမှုသည် ဘာ့ကြောင့်မမှန်ပါသနည်းဘုရား။

အို မေးခွန်းများ စုံလို့ဆင့်လို့နေပါပေါ့လား။

ကျွန်တော်သည် ကိုယ့်ဘက်က စာပေပညာရှင်များ ပေါ်ပေါက်လာသဖြင့် ဝမ်းသာမည်ကြံကာရှိသေး မေးခွန်းများဆင့်ကာ တစ်ယောက်တစ်မျိုးငြင်းခုံနေကြပါပေါ့လား။

ရှင်ဒိသာပါမောက် ဆရာတော်အား အားကိုးတကြီး မျက်လုံးလှန်ကြည့်မိ၏။ ဆရာတော်သည် ခေါင်းတစ်ချက်ကုတ်ပြီး ဖြည်းညင်းစွာ ခေါင်းယမ်းတော်မူ၏။ ဘုရား-ဘုရား၊ ဆရာတော် စိတ်ရှုပ်သွားပြီလား။

ကျွန်တော်စလုံးလေးကို ကြည့်လိုက်ရာ မျက်နှာလေးဆီးရွက်လောက်သာရှိချေ၏။

"ဟား-ဟား-ဟား"

အို-ဘယ်ကရယ်သံပါလိမ့်၊ အောင်ပြီ အောင်ပြီဆိုသည့် အသံများလည်း ကြားရသည်။

ဆလိမ်သည် ရင်ကော့လက်မထောင် နေပါပေါ့လား၊ ရယ်သံကြီးသည် သူ့ဆီမှဖြစ်၏။

ကျွန်တော်သည် ကျွန်တော်တို့၏ စာပေသုတေသီများအား ညီညီညွတ်ညွတ်နှင့် ညှိနှိုင်းကြရန် အော်ပြောနေမိ၏။ သူတို့ ငြင်းခုံသံကြားကျွန်တော့်အသံ တိုးမပေါက်။

"ဟေ့-ဖဦးထုပ်ကွ၊
မဟုတ်ဘူး ဘကုန်းကွ၊
ဒီနေရာမှာ တစ်ကွ၊
မဟုတ်ဘူး တ-ကွ"

ကျွန်တော်ဘယ်လိုမှ ထိန်းလို့မရတော့ပေ၊ ဆရာတော်အား ရှာကြည့်မိ၏။ ဆရာတော် ဘယ်ပျောက်သွားမှန်းမသိ။

ထိုအချိန်တွင် ကျွန်တော်သည် အိမ်ရှင်မများအား အားကိုးတကြီးဖြင့် ကူညီပြီး စာပေသုတေသီများအား ဖျောင်းဖျဖို့၊ ကူညီဖို့၊ သူတို့ကိုနားလည်ဖို့ အကျိုးအကြောင်း ပြောမည်ကြံမိ၏။

ဆလိမ်သည် "ဆန်-ဆန်"ဟု အော်ကာ ခုန်ပေါက်ထွက်သွား၏။ သူ့နောက်မှ အိမ်ရှင်မများ တစ်ပြုံကြီးလိုက်သွားကြတော့သည်။

စလေအညာက ပလွေဆရာကို သတိရမိ၏။

ပလွေဆရာနောက် ကလေးများတစ်ပြုံကြီးလိုက်သွားသလို ဆလိမ်ကြီးနောက် အိမ်ရှင်မများ လိုက်ပါသွားကြ၏။

"နေပါဦး ဆလိမ်ကြီး၊ ဒီလိုမလုပ်ပါနဲ့၊ ဆလိမ်ကြီး ဒီလိုမလုပ်ပါနဲ့"

**[၃]**

**"လူသားတွေဟာ စကားကိုမှတ်သားထားဖို့ ကြံဆရာက စာဖြစ်လာပါတယ်။ စာရယ်လို့ပီပီသသ မပေါ်ခင် အရုပ်ကလေးတွေနဲ့ ပြတာပြောတာ အရင်ပေါ်လာပါတယ်။**

**ခရစ်မပေါ်ခင် ၂ ရာစုအလယ်ပိုင်း အယ်လိတ်စင်းဒရီးယန်းခေတ်မှာ စာအုပ်ဟာ လူတို့ရဲ့ နေ့စဉ်အသုံးအဆောင်ဖြစ်လာပါတယ်။ အယ်လိတ်စင်းဒါးဘုရင်စစ်နိုင်ပြီး ယဉ်ကျေးမှုတိုးတက်တာတွေနဲ့ ဆက်စပ်နေပါတယ်။ စာအုပ်ခေတ်ရဲ့အစက အဲဒီအချိန်ပိုင်းဖြစ်ပါတယ်"**

ကျွန်တော် ဆလိမ်ကြီးနောက် လိုက်အော်ပြောနေစဉ် စလုံးသည် သူ့သမိုင်းခေတ်ကို ခင်းကျင်းပြနေ၏။

သို့သော် ကျွန်တော့်မှာ မောဟိုက်ပြီး စိတ်သောက ရောက်နေသဖြင့် စလုံး၏ ခေတ်သမိုင်းကို အပြည့်အဝ အာရုံ မရောက်မိတော့ပါ။ကျွန်တော့် တစ်ကိုယ်လုံးလည်း ချွေးများရွှဲနစ်နေသည်။

ကျွန်တော်စာသမားမိတ်ဆွေက လာနှိုးပါ၏။ သူခေါ်ရာကျွန်တော် ခေါင်းယမ်းမိသည်။ မိတ်ဆွေက အားပေး၏။

"မင်း နိုင်ငံတကာမှာ စာအုပ်တွေ လူတွေလက်ထဲရောက်အောင် စာအုပ်တိုက်ကြီးတွေက နည်းမျိုးစုံနဲ့ ကြိုးပမ်းနေကြတယ်ကွ။ တို့ဆီမှာ ဒါအစပြုလာတာ အားပေးရမယ်။ အဲ-တစ်ခုတော့ရှိတယ်။ လူတွေ စာဖတ်နိုင်ဖို့ဟာ

(၁) အချိန်အားရှိရမယ်။

(၂) ဝယ်အားရှိရမယ်၊ တကယ်တော့ တစ်ဦးချင်း ဝင်ငွေနဲ့

တိုင်းပြည်ဝင်ငွေဆက်စပ် – – ”

သူငယ်ချင်းက အားပေးပြုံးပြီး တွဲခေါ်ပါသည်။

ကျွန်တော်သည် အိမ်ရှင်မနှင့် ဆလိမ်ကြီးနောက် ဖောကပ်နေခိုက် သူငယ်ချင်းခေါ်ရာ မူလဝါသနာ မစွန့်နိုင်ဘဲ ခြေတစ်လှမ်းကြွမိခဲ့၏။ နောက်မှ နောက်ပြဿနာ ကြည့်ရှင်းတော့မည်။

“စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့ကလက်ာနှင့် သာသည့်သီချင်းအဲဆောင်း ညင်းနှင့် မကင်းမပြတ်၊ ရွတ်ဖတ်လေ့ကျက် တီးမှုတ်လျက်သာ၊ နေကောင်းစွာ”တဲ့။

ဩော်–အဟောဝတ ကောင်းလေစွ ကောင်းလေစွ။

✹

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၆၊ ဇန္နဝါရီလ)

## သာစွ ခေတ်ပုဂံ

[၁]

*ပုဂံပတ်ကုံး၊ ရှမဆုံးတည့်*
*ထုံးဖြူညစ်ရောင်၊ အုတ်နီရောင်နှင့်*
*ရွှေရောင်တစ်မျိုး၊*
*ပုထိုးဘုရား၊ ဂူဘုရားတို့*
*ကွက်ကျားထင်ထင်၊ မြေညီပြင်ဝယ်*
*ပြင်နှံ့လုံးစုံ၊ ဖူးမကုန်သည်*
*မြို့ငုံမြင်ရ ပုဂံအလှ။*

*ဇော်ဂျီ*
*(သံဇွဲညှာမှာ တွေးစရာ–ကဗျာမှ)*

၁၉၉၆ ခုနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ထားသည်။ နိုင်ငံ ခြားခရီးသည်များ အများအပြား လာကြလိမ့်မည်။ ကမ္ဘာလှည့် ခရီးသည်များ အဝင်အထွက် များသည်နှင့်အမျှ နိုင်ငံဝင်ငွေလည်း တိုးပွားလာမည်။ နိုင်ငံဝင်ငွေ တိုးပွားရန် လုပ်ဆောင်မှုအသီးသီးတွင် ကမ္ဘာလှည့် ခရီးသည် လုပ်ငန်းသည် ကမ္ဘာတွင် တွင်ကျယ်လာသည့်လုပ်ငန်းတစ်ခုဖြစ်လာခဲ့သည်။

ကမ္ဘာလှည့်ခရီးသည်များ နိုင်ငံတကာ ခြေဆန့် ခရီးလှည့်လည်ရာတွင် ရည်ရွယ်ချက် အမျိုးမျိုးရှိကြသည်။ ထမင်းစားရေသောက် အပျော်တမ်း ဒေသန္တရ ဗဟုသုတရှာမှီးသူများ ပါသလို သုတေသီပညာရှင်များလည်း ပါသည်။ သမိုင်းဆရာများ သတင်းစာဆရာများ စသည့် ယဉ်ကျေးမှုလုပ်သား များလည်း ပါနိုင်သည်။

မြန်မာ့ခရီးသွားနစ်ကို နိုင်ငံစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ဆောင်သော်လည်း ယဉ်ကျေးမှုကိစ္စ နိုင်ငံရေးကိစ္စများ ဆက်နွယ်နေသည်။ ဧည့်သည်ကို ဖိတ်ခေါ်ပြီး ကော်ဖီတစ်ခွက်နှင့် ပစ်ထားလျှင်မကောင်း၊ အိမ်ရှင် ဧည့်ဝတ်ကျေဖို့လိုသည်။ ကျွန်ုပ်တို့၌ ဧည့်ခံရန်ဘာရှိပါသနည်း . . . ။

ပျူပျူငှာငှာ ဆက်ဆံရန်သာမက ဧည့်သည်စိတ်ဝင်စားမှုကို ထိန်းနိုင်ရန် လိုအပ်သည်။ သို့မှသာ ဧည့်ဝတ်ကျေပွန်ရာရောက်မည်။ နောက်တစ်ခေါက် လာလည်ချင်မည်။ အိမ်သာမှ ဧည့်လာမည်မဟုတ်ပါလား . . . ။ ထိုသို့သော အတွေးများဖြင့် ကျွန်တော်သည် တောင်စဉ်ရေမရ အတွေးဆန့်မိသည်။

မြန်မာနိုင်ငံနှင့် ပတ်သက်၍ မြန်မာအကြောင်းကို နိုင်ငံခြားသားပညာရှင်များ စာအုပ်များ များစွာပြုစုခဲ့ကြသည်။ တကယ့်စိတ်ရင်းစေတနာဖြင့် မြန်မာ့ ချစ်စရာစရိုက်အလှကို ဖော်ကျူးသူများရှိသကဲ့သို့ အမြင်တိမ်းစောင်းစွာ သမိုင်းအမြင်မှားဖြင့် ရေးဖွဲ့ခဲ့ကြသော ဂျီအီးဟာဗေးတို့လို ပုဂ္ဂိုလ်များလည်း ပါရှိသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် မြန်မာနိုင်ငံသား အိမ်ရှင်တစ်ဦးအနေဖြင့် စဉ်းစားနေမိသည်။ စဉ်းစားရင်း "စာကလေးသည် ဒေါင်းအတွက် အမြီးလေးလှချည့်ဟု ဘာကြောင့်ပူပန်နေရပါသနည်း" ဆိုသည့် တဂိုး၏ ကဗျာတစ်စကို သတိရမိကာ မိမိကိုယ်ကို ပြုံးချင်မိပြန်၏။

ထိုအတွေးဝင်လာသည့်အခါ အတာချိကျော့စ်ကိုင် ဗျာပါဆံကလေးနှင့် သူငယ်တော်သည် ကျွန်တော့်အား သတင်းစာ စာမျက်နှာပေါ်မှနေ၍ စိမ်းစိမ်းကြည့်ချေ၏။

သင်မြန်မာနိုင်ငံသား မဟုတ်သလောဟု မေးသယောင်ထင်ရ၏။

ထို့ကြောင့် ကျွန်တော်မနေသာပါ။ "I am Myanmar" ဟု သူလိုပင် ခပ်ကြွားကြွား ပြန်လက်မထောင်ပြလိုက်မိ၏။

ငယ်စဉ်က ရင်းနှီးခဲ့သော ဖိုးဝရုပ်ကလေးသည် ဓာတ်စင်ပေါ်ရောက် သူငယ်တော်ဖြစ်၊ တသွေးတမွေးနှင့် သားတော်ရုပ်ဖြစ်၊ မြန်မာ့ခရီးသွားနစ်၏ အထိမ်းအမှတ် ဓာတ်ကောင်တစ်ဦး ဖြစ်လာတော့ ငယ်မူကို သူမေ့ကာ စကားဆိုလာသည်။ ထိုအခါ ကျွန်ုပ်သည် ငယ်မူမမေ့သော်လည်း သူ့နည်းတူ ရောင်းသူ ဝယ်သူ အသံတူဖြင့် ကြီးမှုဟန်ဆင်လိုက်ရပေသည် . . . ။

"အဟမ်း အဟမ်း . .

"အိုဘယ့်သူငယ်တော် . . . ကျွန်ုပ်တို့နိုင်ငံသည် သယံဇာတ ကြွယ်ဝသော၏ ။ မြန်မာ့ယဉ်ကျေးမှု မြန်မာ့အမွေတို့ကို ထုတ်ဆောင်ပြရန်ရှိပါသည်။ ဆေ့ တည်ဆောက်ပြီး တည်ဆောက်ဆဲ မိုးထိ (အဲ . . အဲ . . .မိုးမှော်) တိုက်တာ

ကြီးများသည် နိုင်ငံခြားဧည့်သည်များအတွက် အဆန်းတကြယ်မဟုတ်မှန်း ကျွန်ုပ်သိပါ၏။ သူတို့ အတွက် ဤအရာများသည် ဘာမျှမဆန်း"

"ပန်းခြံ၊ ခုံးကျော်တံတား၊ လမ်းမကျယ် . . . "

သားတော်ရုပ်က လေသံဖြင့်ပြောသည်။

ကျွန်ုပ် ခေါင်းယမ်းမိ၏။ ဤအရာများသည်လည်း သူတို့အတွက် ဘာမျှဆန်းကြယ်သည်မဟုတ်။ ဤအရာများဖြင့်လည်း ဂုဏ်ယူစရာဂုဏ်တက်စရာ မဟုတ်ပါ။

"အိုဘယ့် . . . သူငယ်တော် . . .

-လန်ဒန်က သျှင်ပေါလုဘုရားကျောင်း၊

-အာဂရမြို့က တဇ်မဟာလ်သင်းချိုင်းတော်၊

-ရောမမြို့က အီဖယ်ညျုရယ် အထိမ်းအမှတ်၊

-ဗင်းနစ်မြို့က ရှင်မာကုဘုရားကျောင်းတို့

တင့်တယ်အံ့ဖွယ် ဖြစ်ပါပေသည် . . . ဟု ကမ္ဘာက အသိအမှတ်ပြုထား၏။ ထိုအရာ ထိုအဆောက်အအုံများ တင့်တယ်သကဲ့သို့ . . .ကျွန်ုပ်တို့တွင်လည်း ကမ္ဘာ့အလယ် ဂုဏ်ယူဖွယ်ရာ အတင့်အတယ်လက်ရာများ ရှိသည် . . . သင်သိရှိပါသလော . . ."

ကျွန်ုပ်သည် အတည်ပြောသည်ဟု သိသည့်အခါ သူငယ်တော်ရုပ်ကလေး ပါးစပ်အဟောင်းသား ဖြစ်ချေ၏။ စာစောကလို သူ၏ မောက်မာဟန်များ ပျောက်ကွယ်သွားကာ ကျွန်ုပ်အား လေးစားဟန်ပြ၏။

"အဟမ်း . . . အဟမ်း"

ဤအဟမ်းသည် ကျွန်ုပ်တမင်သက်သက် သူငယ်တော်ကို အကဲစမ်းလိုက်ခြင်းဖြစ်သည်။ သူငယ်တော်မှာ ကျွန်ုပ်အား မဲ့ရွဲ့ဟန်မပြ၊ တကယ့်ကို လေးစားရိုကျိုးဟန်တွေ့ရ၏။ သို့ဖြင့် ကျွန်ုပ်လည်း ဇာတိပုည ဂုဏ်မာနဖြင့် အုကြွလာတော့သည်။

**"ဓစေတီနဲ့တန်ဆောင်း၊**

**ဆည်မြောင်းနဲ့ ချောင်းကန်**

**ပြည်ပေါ်ကွဲ နယ်တကြောမှာ . . . "တဲ့။**

ကျွန်တော်သည် မြန်မာ့ဂုဏ်ယူဖွယ်ရာ ကမ္ဘာ့အံ့ဖွယ် အဆောက်အအုံများနှင့် နှိုင်းယှဉ်ဖွယ်ရာ ဖြစ်သည့် ပုဂံနန္ဒာကို ညွှန်ပြလိုပေသည်။ "စိမ်းလန်းသော ယာခင်းများအကြား ဝါဂွမ်းစိုင်ကြီးကဲ့သို့ ဖွေးဖွေးဖြူဖြူ ကြော့ကြော့ မော့မော့ ချွန်းချွန်းမိုးထိုးလျက်" ဟု ဆရာမင်းသုဝဏ်ဖွဲ့ခဲ့သည့် အာနန္ဒာ။ ကျန်စစ်မင်းကောင်းမှု ဖြစ်သည့် ဘုဏ်တော် အတောင် ၁၂၀ မြင့်

သည့် အာနန္ဒာစေတီ၏ စိတ်ကြည်နူးဖွယ်ရာ ဖြစ်ပုံကို သူငယ်တော် ရုပ်ကလေးအား ပြောပြချင်မိသည်။ မြန်မာပြည် ရောက်ခဲ့ဖူးသည့် မာရှယ်ချင်ယီ၏ ကဗျာကလေးကိုလည်း သတိရမိပေ၏။

"ရွှေလေရာတွင်၊ ဖူးရမြင်သည်
မြတ်ရှင်ကိုယ်စား၊ ဂူဘုရားတည့်
ဤမျှကြီးပမ်း၊ မြန်မာ့စွမ်းကား
နှိုင်းတန်းပမာ၊ မြစ်ရောသို့
ကမ္ဘာချဉ်းအောင်၊ စီးအုံ့သောဝ် . . . ။

"ပုဂံမြို့ဟောင်းတွင် ကြည်ညိုစရာ၊ ကြည်နူးစရာ များပါပေသည်။ ကြည်ညိုစရာဆိုသည်မှာ နိုင်ငံသစ်တည်ခဲ့သော ရှေးခေတ်ပုဂံသားတို့ ဖြစ်သည်။ ကြည်ညိုစရာကို ဖူး၍ ကြည်နူးစရာကို တွေးရသည်မှာ ဖူး၍တွေး၍ ကျန်နိုင်ပါတော့မည်လားဟု ကျွန်တော်အောက်မေ့မိသည် . . . ."

ဇော်ဂျီ
(ပုဂံမြို့ဟောင်းနှင့်ကျွန်တော်)

သတင်းစာဆရာ ဦးညိုမြသည် ကုန်းဘောင်ခေတ်ကို လွမ်းလို့ဟု ဆိုသော ကုန်းဘောင်ရှာပုံတော်ကို ရေးခဲ့သည်။

အကယ်၍ တစ်စုံတစ်ယောက်က မြန်မာ့သမိုင်းခေတ်များတွင် မည်သည့် ခေတ်ကို လွမ်းပါသနည်းဟု မေးလျှင် ပုဂံခေတ်ကို လွမ်းပါသည်ဟု ဆိုင်းမတွ ဖြေလိုက်ချင်၏။

ပုဂံ၏ ဇာတိမာန်၊ ပုဂံအလှ၊ ပုဂံ၏ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှု အမွေအနှစ်များအကြောင်းကို ဆရာများစွာ ရေးဖွဲ့ခဲ့ကြဖူးပါ၏။

အမှန်ပင်လည်း ကျွန်ုပ်တို့၏ ပုဂံသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အဆိုင်းကို အစဉ်ထွန်းပြနေသည်ဟု မှတ်ယူမိ၏။

နိုင်ငံတစ်နိုင်ငံ၌ အခြေခံစီးပွားရေး ဖွံ့ဖြိုးမှ သူ့ယဉ်ကျေးမှုလည်း ရေမြင့် ကြာတင့် မြင့်မားလာရသည့်သဘော ရှိပေသည်။

ပုဂံပြည်သည် သမုတိရာဇ်မင်း လက်ထက်ဝယ် တစ်ဆယ့်ကိုးရွာမျှ ပေါင်းချုပ်၍ အုပ်စိုးရသော်လည်း အနော်ရထာမင်းစော လက်ထက်ဝယ် အရှေ့ဘက်၌ ထိုအခါတွင် အကြီးဆုံးတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ရှေးအခါက လူအများ အစုစုအကွဲကွဲရှိသည်။ အနော်ရထာမင်းလက်ထက်ကျမှ တစ်နိုင်ငံ

တည်းသားဟူသော စိတ်နှင့်တကွ ဓာတိမာန် ဓာတိသွေးတို့ ဖြစ်ပေါ်လာကြသည်ဟု မြန်မာရာဇဝင်က ဖွင့်ဆိုခဲ့သည်။

ပုဂံ၏ အထက်အောက်တစ်ခွင်တွင် ရခိုင်ဘက်၌ ပျူ မွန်၊ သက်တို့ အနံ့အပြားရှိကြသည်။

တူရွင်းတောင်ခြေ တောင်ခါးပန်းတို့ဘက်တွင် သက်လူမျိုးများ၊ မူးမြစ်ဝှမ်း တကောင်းဘက်တွင် ကဒူးလူမျိုး၊ ချင်းတွင်းမြစ်ဝှမ်းဘက်တွင် ချင်း၊ ယောလူမျိုးများ မင်းဘူး ခြောက်ခရိုင်ဘက်တွင် စကြော(ကရင်)တို့ နေထိုင်ကြ၍ တောင်သူလူမျိုး၊ ရှမ်းလူမျိုးတို့လည်း နေရာအနှံ့ပင်။ ကျောက်ဆည် အရှေ့တစ်ခွင်တွင် လဝလူမျိုး တို့ရှိကြသည်။

ပုဂံသားတို့သည် ပန်းလောင်၊ ဇော်ဂျီမြစ်များမှ ဆည်ဟောင်းများကို ပြုပြင် ဆည်သစ်ဆောက်ကြသည်။

ဆည်ကြပ်၊ ဆည်ကဲ လက်အောက်ပင်သား (ဆည်လုပ်သား) များထားကာ ရေရှည်ခံအောင် ပြုလုပ်ကြသည်။

မိုးကောင်းရာအရပ်တွင် စပါးအဓိကစိုက်၍ ခြောက်သွေ့အရပ်တို့တွင် လူး၊ ဆပ်၊ ပဲ၊ ပြောင်း၊ နှမ်းတို့ စိုက်သည်။ ကိုင်းလုပ်ငန်း၊ ဥယျာဉ်လုပ်ငန်းတို့ရှိသည်။

မဇ္ဈိမဒေသနှင့် ပလ္လဝါဒေသ တိုင်းပြည်တို့မှ ဝါမျိုးစေ့ရကာ ဝါစိုက်ကြသည်။

အနော်ရထာမင်း လက်ထက်မှစ၍ စိန့်ပြည်(တရုတ်)၊ ဂျွန်းလူမျိုးတို့ ကမ္ဘောဇပြည်၊ မာလာယု (ပသျှူး)ပြည်၊ သီဟိုဠ်ကျွန်း၊ မဇ္ဈိမဒေသ၊ ပလ္လဝါတိုင်းပြည် စသည့် အိမ်နားနီးချင်း တိုင်းပြည်များနှင့် သင့်တင့်ခဲ့သည်။ အထူးသဖြင့် မဇ္ဈိမနှင့် ပလ္လဝါတိုင်းပြည်တို့နှင့် အဆက်အဆံများခဲ့သည်။ ထိုတိုင်းပြည်များသို့ ဆေးကျမ်း နက္ခတ်ကျမ်း၊ ဓမ္မသတ်ကျမ်းအတတ်များ၊ လောကုတ္တရာပညာ၊ ပိဋကတ်စာပေတို့ သင်ရန် စေလွှတ်နိုင်ခဲ့သည်။ လက်မှုပညာ၊ အနုပညာရပ်များလည်း သင်ကြားဖွံ့ဖြိုးခဲ့သည်။

လောကုတ္တရာစာပေ သင်ကြားသည့် အရညဝါသီ–ကျောင်းများနှင့် လောကီရေးရာ ဦးစားပေး–ပွဲကျောင်းတို့သည် ပုဂံခေတ်တက္ကသိုလ်များပင် ဖြစ်ကြ၏။

အထူးသဖြင့် ရှင်အရဟံရောက်လာပြီးနောက်ပိုင်း ပိုဖွံ့ဖြိုးခဲ့သည်ဟု ဆိုရသည်။ ပါဠိ၊ သက္ကတ၊ မွန်ဘာသာ၊ ပျူဘာသာ အရေးအဖတ်များအပြင် နောင်အခါ မွန်အက္ခရာကို အခြေပြုပြီး မြန်မာအက္ခရာ တီထွင်ခဲ့ကြောင်း သိရသည်။

ပုဂံသားတို့သည် ဗိသုကာအတတ်၊ ပန်းတမော့၊ ပန်းတော့၊ ပန်းချီ၊ ပန်းရန် စသည့်အတတ်များလည်း ဆည်းပူးတတ်မြောက်ကြသည်။ အနော်ရထာသည် ၃၃ နှစ်မျှ အုပ်ချုပ်ခဲ့ပြီး အထက်တစ်ခိုင်၌ နန်းချောင်မင်းတို့ကို နှိမ်နိုင်ခဲ့သည်။ နိုင်ငံစည်းလုံးကျယ်ဝန်းအောင်သာမက စီးပွားရေး၊ ယဉ်ကျေးမှုမြင့်မားအောင် ဆွမ်းဆောင်နိုင်ခဲ့သည်။

ပုဂံခေတ်၏ သာယာဝပြောမှုသည် မင်းတစ်ဦးတည်းကြောင့်တော့မဟုတ်၊ ရှင်အရဟံ၏ ပညာဉာဏ်၊ ဝီရိယတို့ကြောင့်လည်းပါသည်။ ပုဂံသားတို့၏ လုံ့လကြောင့်လည်း ပါပါသည်။

ကျန်စစ်မင်းလက်ထက်တွင် သက်မင်းကတုံ အရေး၌ ရှင်အရဟံ၏ ဆွမ်းဆောင်ချက်ကြောင့် ငြိမ်းချမ်းမှုရခဲ့သည်။ ကျန်စစ်မင်း နန်းသစ်တည်အခမ်းအနားတွင် ရှင်အရဟံကိုယ်တိုင်ဦးစီး ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားလူမျိုးစုံ တက်ရောက်ခွင့်ပြု၍ ဘာသာလွတ်လပ်ခွင့်၊ ယဉ်ကျေးမှုဖွံ့ဖြိုးခွင့်များပေးခဲ့သည်။ ပြည်ပမင်းများနှင့်လည်း သင့်တင့်ခဲ့၏။

ပုဂံသည် နှစ်ပေါင်း ၁၆၀ မျှ ပြည်ပရန် ကင်းငြိမ်းခဲ့သည်။

ပုဂံခေတ်သည် နေပျော်သည့်ခေတ်ဖြစ်၍ ကျွန်တော်လွမ်းမိသည်။

စီးပွားရေးဖွံ့ဖြိုးမှုရှိသည်။

ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးသည်။

အများအကျိုးဆောင်ရွက်နိုင်ကြသည်။

ဤသုံးချက်ဖြင့်ပင် ပုဂံကိုကျွန်တော် ချစ်မိလွမ်းမိသည်။

[၃]

**"ရွှေတိဂုံသည် ဗိသုကာပညာတွင် အယဉ်အနုသဘောဖြင့် သပ္ပာယ်၍ ရွှေစည်းခုံသည် အခန့်အသန့်သဘောဖြင့် သပ္ပာယ်သည်ဟု မဆိုကောင်းဆိုကောင်း ဆိုလိုက်ချင်ပါသည်"။**

ဇော်ဂျီ

'ပုဂံမြို့ဟောင်းနှင့် ကျွန်တော်'တွင် ဆရာဇော်ဂျီ၏ ဖွင့်ဆိုဖွဲ့ဆိုချက်ကို တွေ့ရသည့်အခါ ကျွန်တော်သည် ပုဂံသို့ ပြေးရောက်ချင်စိတ် တဖွားဖွားမြင်းပြမိသည်။ကျွန်တော်တို့သည် စေတီပုထိုးများကို မိရိုးဖလာ ဦးချဝတ်ပြုကြသည်။

ဆရာဇော်ဂျီ၏ တကယ့် ကြည်ညိုစိတ်ကို ထိတွေ့ရသည့်အခါ ရင်ထဲမှာ ဆရာ့ဆီမှ ကြည်ညိုစိတ်တို့ ခတ်ကူးလာသလို ခံစားမိ၏။ ဘုရားစေတီတို့၏ ဗိသုကာသဘောကို ဆန်းစစ်ကာ ထိုခေတ်ကာလ၏ နိုင်ငံအခြေ

အနေ၊ နိုင်ငံသားနှင့်မင်းတို့၏ စိတ်နေစိတ်ထားစသည်များကို ဖွင့်ပြောပြ ထားပုံမှာ မှတ်သားဖွယ်လည်းဖြစ်သည်။ ဂုဏ်ယူဖွယ်လည်းဖြစ်သည်။

ပုဂံမြေတွင်–

**အနော်ရထာကောင်းမှု–လောကနန္ဒာဘုရား**

**အနော်ရထာနှင့် ကျန်စစ်မင်းကောင်းမှု–မင်္ဂလာစေတီ**

**ကျန်စစ်မင်းကောင်းမှု–အနန္ဒာစေတီ**

**ရာဇကုမာရကောင်းမှု–ဂူပြောက်ကြီးဘုရား**

**အလောင်းစည်သူကောင်းမှု–သဗ္ဗညုဘုရား**

**နရပတိစည်သူကောင်းမှု–ကန်တော့ပလ္လင်**

စသည် စသည်ဖြင့် တည်ရှိပေရာ ပုဂံခေတ်သည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သာသနာရေး၊ ဘာသာရေး၊ အဘက်ဘက်က ထွန်းကားတိုးတက်ခဲ့ကြောင်း ယုံမှားဖွယ်မရှိပါ။

ပုဂံ၏နိုင်မာသော မြန်မာ့ယဉ်ကျေးမှု အုတ်မြစ်ပေါ်တွင် အခြေတည်၍ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ၊ ကုန်းဘောင်ယဉ်ကျေးမှုတည်းဟူသော ကျောင်းကန်မှန်ကင်းတို့ စိုက်ထူကြီးပွားခဲ့ပြီ။

ခေတ်များပြောင်းရွှေ့လာခဲ့သော်လည်း ပုဂံယဉ်ကျေးမှုအုတ်မြစ်မှာ နှစ်ပေါင်းတစ်ထောင်ကျော် ပြီးသည့်တိုင် ယနေ့အထိ အခိုင်အမာ တည်ရှိနေသေးသည်ဟု ဆရာမင်းသုဝဏ် ဖွင့်ဆိုပြခဲ့သည်။

ဤသို့ သမိုင်း၊ ယဉ်ကျေးမှု ဂုဏ်ယူဖွယ်ရာ ကျွန်တော်တို့မှာရှိသည်။ မြန်မာ့ခရီးသွားနှစ်တွင် ပုဂံသည် ကျွန်ုပ်တို့ ဂုဏ်ယူစရာပြစရာ မြန်မာ့အမွေဖြစ်ကြောင်း ယုံးမှားဖွယ်မရှိ။

မြန်မာ့ခရီးသွားနှစ်တွင် ဂိုက်လုပ်လိုသူတို့အား ပုဂံကို လေ့လာပါဟု တိုက်တွန်းချင်သည်။

ဟိုယခင် တဝဂ္ဂုသီချင်း ခေတ်စားစဉ်က ထိုသီချင်းကို အကြောင်းပြုလျက် ပုဂံသို့ခရီးသည်များ လာသဖြင့် အရောင်းအဝယ်ဖွံ့ဖြိုးရကြောင်း ယွန်းအစ်ရောင်းသူ ဦးကြီးတစ်ဦး ပြောခဲ့ဖူးကြောင်း ဖတ်ခဲ့ရသည်။ ပုဂံတွင်ညီညာတိ ရှိသည့် ရှေးဟောင်းပုံပြင် များလည်းရှိခဲ့သည်။

"တဝဂ္ဂုရောက်သူသည် ရွှေစည်းခုံကိုဖူးမည်၊ အာနန္ဒာကို ပတ်မည်၊ သဗ္ဗညုကိုတက်မည်။ ထိုအခါ ဘုရားဒကာများဖြစ်သော အနော်ရထာ၊ ကျန်စစ်မင်း၊ အလောင်းစည်သူတို့ကို သတိပြုမိ၍ ခေတ်ကာလအလျောက် မြန်မာတို့ ကြီးပွားထွန်းကားခဲ့၊ အစွမ်းသတ္တိရှိခဲ့၊ ငြိမ်းချမ်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပုံတို့ကို သဘောပေါက်မိပေသည်။

"ထိုအခါသူသည် အမျိုးဂုဏ်တက်၍ ရှေးလူကြီးများနည်းတူ ကြီးပွားထွန်းကားချင်စိတ်၊ အစွမ်းသတ္တိလိုချင်စိတ်၊ ငြိမ်းချမ်းရေးလုပ်ဆောင်လိုစိတ်တို့ မွေးမိလိမ့်မည်။ တဒင်္ဂမျှ ဤသို့မွေးမိလျှင်ပင် ကျေးဇူးရှိပါပေသည်။"ဟု ဆရာမင်းသုဝဏ် ရေးခဲ့ဖူးပါသည်။

လူကြီးသူမများသည် အမြော်အမြင်ကြီးလှ၏။ နိုင်ငံချစ်စိတ်ဆိုသည်ကို ရင်ထဲမှခံစားလာမိ၏။

သင်သည် ပုဂံသို့ရောက်၍ သဗ္ဗညုဘုရားအပေါ်ထပ်မှနေ၍ လှမ်းမျှော်လိုက်လျှင် တူရွင်းတောင်ကို မြင်ရမည်။ တူရွင်းတောင်မှ ဆုတ်ခွာလာသောအခါ 'နန္ဒပုဓော အာနန္ဒာစေတီကိုလည်းကောင်း၊ ဓမ္မရာဇိကကိုလည်းကောင်း၊ ဓမ္မရံကြီးဘုရားကိုလည်းကောင်း ဖူးမြင်ရလိမ့်မည်။

အရှေ့နှင့် အရှေ့မြောက်ကို မျှော်လိုက်လျှင် ညောင်ဦးဘက်တွင် ရွှေစည်းခုံ၊ ကျွဲနားတောင်းကို သဗ္ဗညုခြေရင်းကပ်လျက် တွေ့ရမည်။ ရွှေဂူကြီးကို အနော်ရထာ ပိဋကတ်တိုက်နှင့် ကပ်လျက်တွေ့ရမည်။

မြောက်စူးစူးတွင် ကန်တော့ပလ္လင်ဘုရားကို ဖြူဖြူဖွေးဖွေး တွေ့ရမည်။ အနောက်ဘက်လှည့်လျှင် နတ်လှောင်ကျောင်းကို တွေ့ရမည်။ တောင်သူကြီးမင်းကောင်းမှု ပုထိုးသားများကိုလည်း တွေ့ရမည်။

မြောက်ဘက်အနည်းငယ်ငဲ့လျှင် အုတ်ခုံမြင့်ပေါ်မှ မီးမလောင်ကျောင်းကို မြင်ရလိမ့်မည်။

ထိုထိုသော ဘုရားတို့ကို လွန်၍ကြည့်လိုက်လျှင် ဧရာဝတီမြစ်ကြီးကို ငြိမ့်ငြိမ့်သာသာ ရစ်ကာဝိုက်ကာ စီးဆင်းနေသည်ကို မြင်ရသည်။ ဧရာဝတီ၏ ဘစ်ဖက်တွင် ညို့ညို့မှိုင်းမှိုင်း မို့မို့မောင်မောင် တန့်ကြည့်တောင်တန်းကို တွေ့ရပါလိမ့်မည်။

ကျွန်တော်သည် ဆရာမင်းသုဝဏ်၏ ပုဂံတစ်နေ့တာကို ခံစားရင်း ရင်ထဲပြင်းပြင်းပြပြ ဖြစ်လာမိသည်။

မြန်မာ့ခရီးသွားနှစ် (Visit Myanmar Year)သည် နိုင်ငံတကာ ခရီးသည်များအတွက် ဖွင့်လှစ်သကဲ့သို့ ကျွန်တော်သည်လည်း မိမိကိုယ်တိုင် အတွက် 'Visit Upper Myanmar Day' ကလေး ဘယ်တော့များမှ ကျင်းပနိုင်ပါ့မလဲ .....ဟု။

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၆-ခု၊ ဖေဖော်ဝါရီလ)

## အိုဘယ့် ကြော်ငြာရေစီး

***"ကြော်ငြာဆိုသည်မှာ ကြော်ငြာရှင်၏ လိုအင်နှင့် ကိုက်ညီသော တုံ့ပြန်မှုရရှိရန် အတွေးအခေါ် အကျိုးဆောင်မှု သို့မဟုတ် ကုန်ပစ္စည်းတစ်ခု နှင့် ပတ်သက်သော အကြောင်းအချက်အလက်များကို အများသိရှိအောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။***

***(အက်ဗာတိုက်စင်းအေ့ဂျ်-ဂျာနယ်မှ)***

စာရေးသူသည် လုပ်ငန်းတစ်ခုကို အကြောင်းပြု၍ မိမိလုပ်ငန်း ကလေး အောင်မြင်ဖွံ့ဖြိုးစေရန် ကြော်ငြာဖို့ စိတ်ကူးရရှိပါသည်။ သို့ဖြင့် ကြော်ငြာများကို စိတ်ဝင်စားလာပါသည်။ စိတ်ဝင်စားလာရာမှ ကြော်ငြာ ဆိုတာဘာလဲဟု သိချင်လာပါသည်။ သိချင်လာသည့်အလျောက် ဟိုစမ်း စမ်း ဒီစမ်းစမ်း ရှာဖွေဖတ်ရှုရာမှ အမေရိကန်နိုင်ငံတွင် ထုတ်ဝေလျက်ရှိ သော 'Advertising Age'ခေါ် အပတ်စဉ်ထုတ်ကြော်ငြာ ဂျာနယ်တိုက် မှ ၁၉၃၂ခုနှစ်က ကြော်ငြာ၏အဓိပ္ပာယ်ဖော်ပြချက်နှင့် ပတ်သက်၍ ပြိုင်ပွဲ ပြုလုပ်ရာ ရောက်ရှိလာသော စာလွှာများထဲမှ ပထမဆုရွေးချယ်ခံရသော အထက်ပါဖွင့်ဆိုချက်ကို တွေ့ရပါသည်။

ထိုဖွင့်ဆိုချက်သည် ပြည့်စုံပါပြီလားဟု တစ်ဖန်ဆင်ခြင်ကြည့် သည့်အခါ အားမရဖြစ်လာရပြန်ပါသည်။ 'Essay'ဆိုသည့် စကားလုံး ကို အဘိဓာန်အသီးသီးက အမျိုးမျိုးဖွင့်ဆိုချက်ပေးသော်လည်း ယနေ့အထိ တိကျလုံလောက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မရရှိသေး။ ကမ္ဘာ့ပညာ ရှင်များက ထပ်မံဖွင့်ဆိုကြဆဲဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကျောင်းသင်ပညာက

'စာစီစာကုံး'ဟု တစ်သွေးတစ်သံတည်း နာမည်ပေးလိုက်သောအခါ ကမ္ဘာ့ပညာရှင်များ မျက်လုံးပြူးသွားကြပါသည်။ထိုသို့ကမ္ဘာ့ပညာရှင်များ အံ့အားသင့်ဆဲတွင်ပင် ကျွန်ုပ်တို့ ပညာရှင်များသည် ကျောင်းသင်ထက်မြင့်သော 'Essay'၏ အဓိပ္ပာယ်ကို ထပ်မံစူးစမ်း ဖော်ထုတ်ကြပြန်ရာ စာမွန်၊ အစမ်းစာ၊ ရသစာတမ်း၊ စာတမ်းငယ်၊ စာတန်း၊ စာတမ်း စသည်ဖြင့် အဓိပ္ပာယ်များ ဖြာထွက်လာပါသည်။

ထိုအခါမှ ကမ္ဘာ့စာပေ ပညာရှင်များသည် သက်ပြင်းချကာ ကဲ-အစက တို့မပြောလားဟူသော အဓိပ္ပာယ်ဖြင့် သက်ပြင်းသံပြိုင်ချကြပါတော့သည်။

အက်ဆေးဖွင့်ဆိုချက်ကဲ့သို့ပင် ယနေ့ ဖွံ့ဖြိုး တိုးတက်ပေါ်လွင်ထင်ရှား ခေတ်စားလာသော ကျွန်ုပ်တို့၏ ဈေးကွက်စီးပွားရေးစနစ်နှင့် ကိုက်ညီစေရန် ကြော်ငြာကိစ္စကို စဉ်းစားရင်း စာရေးသူသည် မနေနိုင်မထိုင်နိုင် ကမ္ဘာ့ပညာရှင်များ မျက်လုံးပြူးမည့် ကြော်ငြာမျိုးတီထွင်နိုင်ရန် ကြော်ငြာများကို လေ့လာနေမိ၏။

မူလက မိမိလုပ်ငန်းကလေး လူသိအောင် လုပ်ရန်သာကြော်ငြာကို ရည်ရွယ်ခဲ့သော်လည်း ကြော်ငြာကိုလိုက်ရင်း၊ လေ့လာရင်းကပင် ကြော်ငြာ၏ နယ်ပယ်သည် ကျယ်ဝန်းလှပါကလားဟု အံ့အားသင့်လာရပါတော့သည်။

**"ကြော်ငြာသည် ကြော်ငြာရှင်၏ စရိတ်ဖြင့် လူတစ်ဦးတစ်ယောက်၊ ကုန်ပစ္စည်းတစ်မျိုး၊ အကျိုးဆောင်မှုတစ်ခု သို့မဟုတ် လှုပ်ရှားမှုတစ်ခုကို ပုံနှိပ်၊ စာရေး၊ နှုတ်ပြော သို့မဟုတ် ပန်းချီဓာတ်ပုံဖြင့် မဲဆွယ် ထောက်ခံမှုရရှိစေရန် အသုံးပြုသော သရုပ်ဖော်ချက်ဖြစ်ပါသည်။**

**(အကဲဖြတ်တစ်ဦး၊ အက်ဗာတိုက်ဇင်းအေ့ချ်ဂျာနယ်)**

ကြော်ငြာဖွင့်ဆိုချက်ကို စာရေးသူ အားမရသကဲ့သို့ပင် ထိုအမေရိကန်ဂျာနယ်မှ အကဲဖြတ်ကိုယ်တိုင် အားမရဖြစ်ပုံ ပေါ်ပါသည်။ ကြော်ငြာအဓိပ္ပာယ်ဖွင့်ဆိုချက် ပြိုင်ပွဲဝင်စာလွှာများထဲမှ အကောင်းဆုံး ဖြေဆိုချက်အနည်းငယ်ကို စုပေါင်းပြီး ပြန်လည်ဖွင့်ဆိုချက်တစ်ခုကို တင်ပြ ပြန်ပါသည်။

တကယ်တော့ သမိုင်းဦးကာလကတည်းကပင် ကြော်ငြာရှိခဲ့ပြီဟု ယူဆရပါ၏။ လူသားသည် မိမိအိမ်ထောင်စုအတွက် အမဲရှာ၊ စိုက်ပျိုးလုပ်ကိုင်ရာမှ ပိုလျှံလာသောအခါ အချင်းချင်း ပစ္စည်းချင်းလဲလှယ် အသုံးပြုကြမည်ဖြစ်၏။

တစ်ဆင့်စကား တစ်ဆင့်နားဖြင့် "ကောင်မရယ် . . .ဘယ်သူ့လည်း အသုံးပြုလိုက်ပါဦး"ဟု မှာကြားလိမ့်မည်။ ထိုမှာကြားချက်သည်ပင် ကြော်ငြာ

ဖြစ်နေ၏။ အမှန်တော့ ကြော်ငြာဟူသည် မိမိရောင်းကုန်စွံစေရန် အစွံထုတ်နည်းတစ်မျိုးသာဖြစ်ပေ၏။

ကြော်ငြာအကြောင်း၊ ကြော်ငြာနှင့်ပတ်သက်ရာတို့ကို ရှာဖွေရင်းမှ ဦးတင်ညွန့်(စီးပွားရေးတက္ကသိုလ်)၏ တင်ပြချက်ကို တွေ့ရှိလာရပါသည်။

**"ကြော်ငြာသည် လူတစ်စု၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းရန် အခြားလူတစ်စုက ရရှိအောင်လုပ်ပေးနိုင်သော ကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုတစ်ခုခုကို အသုံးပြုမည့်လူ၊ လူစုအား ပညာပေးသိစေခြင်းပင် ဖြစ်ပါသည်"**

"တစ်နည်းဆိုရသော် ကြော်ငြာသည် စားသုံးသူများအား ယင်းတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်သော ကုန်ပစ္စည်းနှင့် အကျိုးဆောင်လုပ်ငန်းနှင့် ပတ်သက်၍ ပညာပေးပြီး ယင်းပစ္စည်း (သို့မဟုတ်) အကျိုးဆောင်မှုကို ငွေကြေးဖြင့် ရယူကာ ယင်းတို့၏ဆန္ဒကို ဖြည့်ဆည်းရန် တိုက်တွန်းသော လက်နက်တစ်ခုဖြစ်ပါသည်"

"လူသားတို့သည် ရောင်းသူမှဝယ်သူထံသို့လည်းကောင်း ပစ္စည်းပျောက်သူမှ တွေ့ရှိသူသို့လည်းကောင်း၊ အလုပ်ရှင်မှ အလုပ်ရှာသူသို့လည်းကောင်း၊ တီထွင်သူမှ တီထွင်မှုကို ရယူလိုသူအားလည်းကောင်း ဆက်သွယ်နိုင်ရန်ကြော်ငြာကို တီထွင်ခဲ့ပါသည်။"

ကြော်ငြာနှင့်ပတ်သက်၍ ဖွင့်ဆိုချက်များသည် တဖြည်းဖြည်းများပြားလာပါသည်။ ထို့ကြောင့် အဓိပ္ပာယ်ဖွင့်ဆိုချက်အပိုင်းကို တစ်နံ့တစ်လျားဖြင့် သုံးနှစ်သုံးမိုးကာလဆွဲကာ စာဖတ်ပရိသတ်ကြီးအား မနှိပ်စက်ချင်ပါ။ လက်တွေ့လုပ်ငန်းသို့သာ အကောင်အထည်ဖော်ရန် စိုင်းပြင်းချင်ပါသည်။ လက်တွေ့စခန်း စိုင်းပြင်းသည့်အခါ သမိုင်းကြောင်းလေးပါမှ အခြေအမြစ်စနစ်တကျ ဖြစ်မည်ဟုသဘောရလာပြန်ပါသည်။ တကယ်တော့ စာဖတ်ပရိသတ်ကြီးသည် ကြော်ငြာ၏ တန်ဖိုးကို သိပြီးပင်ဖြစ်ပါသည်။ ကြော်ငြာအကြောင်းထက် ကြော်ငြာခွင့်ကို ပိုလိုချင်ကြမည်ဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် မိမိလုပ်ငန်းကလေး ကြော်ငြာခွင့်ကို မှန်းမျှော်ရင်းနှင့် သတင်းစာတွင်မျှော်ရင်း မျှော်ရင်း မိမိရှေ့မှ ဒေါလာ၊ ဒေါလာ၊ ဒေါလာ မျက်နှာ ပြည့်ကြီးများကို ကြည့်ရင်းဖြင့်သာ သက်ပြင်းချရင်း မိမိ၏ ကြော်ငြာကလေး ပါလာနိုး လည်ရှည်နေမိပါသည်။ ယနေ့တိုင်လည်း လည်ရှည်နေရဆဲ ဖြစ်ပါ၏။ မိမိကဲ့သို့ပင် လည်ရှည်နေသူများ အများအပြားပင် ရှိကြလိမ့်မည်ဟု ထင်ပါသည်။ ဤနေရာတွင် ကြော်ငြာသမိုင်းကြောင်းလေးကို ခေတ္တရပ်၍ သတင်းစာကြော်ငြာနှင့် ပတ်သက်သော မှတ်သားဖွယ်ရာ ဟောပြောချက်တစ်ရပ်ကို တင်ပြချင်ပါသည်။

"သတင်းစာတိုက်များတွင် ကြော်ငြာဌာနကို ကြော်ငြာလက်ခံရုံမျှသာ ထားရှိခြင်းဖြစ်ပါသည်။ မည်သို့မျှ သင်တန်းပေးခြင်း၊ လေ့ကျင့်မှုပေးခြင်းမရှိပေ။ အမှန်ဆိုလျှင် ကြော်ငြာများကို တည်းဖြတ်ရန်လိုပါသည်။ တိုက်ရိုက်ရရှိသော ကြော်ငြာများနှင့် ပတ်သက်၍ အကြံဉာဏ်များ ပေးနိုင်ရန်လိုပါသည်။ ကျော်အောင်ညာသည့် ကြော်ငြာများ ဟုတ်မဟုတ် လေ့လာနိုင်ရန် လိုပါသည်။

"ကြော်ငြာကိုယ်စားလှယ်များသည်လည်း များသောအားဖြင့် ကြော်ငြာပညာတတ်ကျွမ်း၍ မဟုတ်။ ဝင်ငွေကောင်းကိုမက်၍ ကြော်ငြာ လုပ်ငန်းကို ဘည်ထောင်လုပ်ကိုင်ခဲ့ပါသည်။ ပညာမပြိုင်နိုင်သောကြောင့် ဈေးဖြတ်ခြင်းဖြင့် ကြော်ငြာလုယူကြသည်။ စည်းလုံးညီညွတ်မှု မရှိခဲ့ပေ။"

(၁၉၇၅ ခု၊ ဂျူဗလီဟောခန်းမ၊ စာနယ်ဇင်းဟောပြောပွဲ ဦးတင်ညွန့်၊ စီးပွားရေးတက္ကသိုလ်၏ ဟောပြောချက်မှ)

ထိုစဉ်က ဆရာဦးတင်ညွန့်သည် ကြော်ငြာကိုယ်စားလှယ်ဌာနများအကြောင်း ထည့်သွင်းပြောခဲ့ပါသည်။ ကြော်ငြာပညာရပ်သည် သတင်းစာပညာရပ်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့်သော်လည်းကောင်း တိုင်းပြည်စီးပွားရေးအတွက်သော်လည်းကောင်း အလွန်အရေးကြီးသော ပညာရပ် ဖြစ်ပါသည်။ ပြည်တွင်း ဈေးကွက်သာမက နိုင်ငံခြားဈေးကွက် အတွက်လည်း လိုအပ်လှပါသည်။

ကြော်ငြာသဘောသည် ရောင်းသူနှင့်ဝယ်သူကြား ပေါင်းကူးဖြစ်၏။ ရောင်းသူက မိမိကုန် အစွံထုတ်ရန်ကြိုးပမ်းသကဲ့သို့ ဝယ်သူကလည်း ကြော်ငြာကို အရမ်းမယုံဘဲ ဆန်းစစ်ဝေဖန်နိုင်ရန် လိုအပ်ပါလိမ့်မည်။ ကြော်ငြာ၏ အနှစ္စသညာအတိုင်း ကျော်အောင်ညာပါလိမ့်မည်။ ဝယ်သူ၊ စားသုံးသူက ဆင်ခြင်၍ မိမိဝယ်ယူမည့် ပစ္စည်းသည် ကြော်ငြာသည့်အတိုင်း ဟုတ်မဟုတ် ဆန်းစစ်၍ လက်ခံရန်လိုပါလိမ့်မည်။

ဈေးခင်းသူသည် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းတို့တွင် လှုံ့လုံးပြ၊ ဟန်ရေးပြ၍ ကျော်အောင်ညာနေသလားဆန်းစစ်ရပါလိမ့်မည်။ သူ့အပြောသည် သူ့အလုပ်နှင့် ညီညွတ်ရဲ့လား ဝေဖန်ကြည့်ရပါလိမ့်မည်။

ယခုနောက်ပိုင်း၌ ကြော်ငြာနည်းနာများသည် ပို၍လှည့်စားဆန်းပြားလာ၏။

ကံစမ်းမဲ မက်လုံးပြ၍ လည်းကောင်း တန်ဖိုးကြီးပစ္စည်း ဝယ်လျှင် အပိုပစ္စည်း အသေးစားပေး၍လည်းကောင်း ရောင်းကုန်ကို အစွံထုတ်ကြသည်။ ကြော်ငြာသည် ကြော်ငြာရိုးရိုးမဟုတ်တော့ပေ။ လောင်းကစားဆန်လာသည်။

လူ၏သဘာဝသည် မက်လုံးပြ၍ လောဘကို မြှူလျှင်ပါတတ်သည်။

တစ်ခုလျှင် တစ်ဆယ်တန်သော ပန်းကန်လုံးကို နှစ်ကျပ်နှင့် မဲဖောက်သည်။ တစ်ဆယ်တန်ကို နှစ်ကျပ်နှင့်ရမည်ဟု ကိန်းသေတွက်ကာ မဲနှိုက်သူတစ်ယောက် ကျပ်ငါးဆယ်လောက် ကုန်သွားသည်။ ပန်းကန် တစ်လုံးမှမရသေး။

ထို့အတူ တွဲဂဏန်း ပူးလုံးကလေးများနှင့် မလွဲတမ်း မြူးပြူးရန် ချိုင်းကြော်ငြာကြောင့် အိုင်းအိုင်းအော်ရသူများလည်း မနည်းတော့။ထို့ကြောင့် ကြော်ငြာ၏ မာယာကိုမြင်တတ် ဖော်တတ်ရန် လိုသည်။

အချို့ကြော်ငြာများသည် ကြော်ငြာမှန်းမသိရ။တစ်ချို့အဖြစ် အပျက်၊ အမှုအရာ၊ သတင်းသဘောနှင့် ကြော်ငြာသဘော ဆက်စပ်နေသည်များ များစွာရှိပါသည်။

ကြော်ငြာ နည်းလမ်းများစွာထဲတွင် ကဗျာဖြင့်လည်းကောင်း၊ သီချင်းဖြင့်လည်းကောင်း၊ ကာတွန်းဖြင့်လည်းကောင်း၊ အချို့ဇာတ်လမ်း ရုပ်ရှင်လေးဖြင့်လည်းကောင်း အမျိုးမျိုးအဖုံဖုံ ကြော်ငြာကြသည်။ ပြတင်းမှ စီးကရက်ကလေးခဲကာ ကောင်းကင်မျှော်ကြည့်နေရာ အချိန်ကိုက်ပင် ဂြိုဟ်တုတစ်စင်းဆင်းလာတော့သည်။ နာရီကြီးကလည်း အချိန်ကိုက်ထိုးသည်။ ကြည့်လို့ကောင်းနေဆဲ စာတန်းလေးထိုးပြသည်။ "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်"တဲ့။

နောက်ကြော်ငြာတစ်ခု တွေ့ရသေးသည်။"အင်္ဂလိပ်စာဌာနတွင် ကထိကလုပ်ခဲ့သူ၊ ထိုင်း၊ စင်ကာပူ နိုင်ငံတကာလှည့်ခဲ့သူ၊ ကမ္ဘာ့တက္ကသိုလ်ကြီးများမှ ဒေါက်တာဘွဲ့ယူခဲ့သူ၊ ယခုဗေဒင်ဟောပြီ"တဲ့။ ကဲ . . . ကောင်းရော။

ဝန်နှင့်အား၊ လေးနှင့်မြားချိန်ဖို့လိုမည်ထင်ပါသည်။ ကြော်ငြာသည် ပစ်မှတ်ရှိရမည်ဟု ပညာရှင်များဆိုကြပါသည်။ စားသုံးသူထံ တိုက်ရိုက်ရောက်သွားအောင် ကြော်ငြာနည်းကို စစ်ပညာဝေါဟာရဖြင့် 'ပစ်-ပြေးနည်း' (hit and run approach)ဟူ၍ ခေါ်နိုင်ပါသည်။

ကုန်ပစ္စည်းကို ပထမဆုံးဈေးကွက်ဝင်နိုင်ရန်အထူးဂရုစိုက် ကြော်ငြာဖို့လိုသည်။ နာမည်ရပြီး တံဆိပ်တစ်ခုသည် အခြားတံဆိပ်များကိုလည်း တစ်နှယ်ငင်တစ်စင်ပါ အကျိုးသက်ရောက်မှု ပြုနိုင်သည်။ ဥပမာ-မာစီဒီးဘင်း၏ဓိမ်ခံကားကြီးများ နာမည်ရလာသောအခါ အငယ်စား (190-E) ခေါ်ဒယ်ကားကလေးများလည်း အရောင်းသွက်လာသည်။

"ဈေးကွက်စီးပွားရေးစနစ်မှာ အပြိုင်ရောင်းရတော့မှာ နိုင်ငံခြားကနေ ပစ္စည်းကောင်းကောင်းတွေ ဝင်လာလို့ရှိရင် လူဆိုတာ ပစ္စည်းကောင်း

ကြိုက်တတ်တာမို့ သုံးကြမှာပဲ။ သွင်းကုန်အစားထိုးမယ်ဆိုရင် အဲဒီလောက် Quality ကောင်းမှ ကျွန်တော်တို့ ပစ္စည်းက ရောင်းလို့ရမယ်"တဲ့။

ဒေါက်တာမျိုးသန့်တင်က အင်တာဗျူးတစ်ခုတွင် တင်ပြခဲ့သည်။

ကဲ-မိတ်ဆွေ သင့်မှာ ပစ္စည်းကောင်း ရောင်းကုန်ကောင်း ရှိပါသလား။ အများတကာတွေ အစွံထုတ်နေကြပြီ။ ကျော်အောင်ညာနေကြပြီ။

ထိုကြော်ငြာရေစီးတွင် သင်ကော ဘယ်ကဲ့သို့ . . . ။

(ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၆ ခု၊ မတ်လ)

# လိမ်ဖည်ဖည်တီးပါလို့

[၁]

*"စာအုပ်အားလုံးကို ခွဲခြားကြည့်လိုက်ရင် နှစ်မျိုးသာရှိတယ်။ တစ်မျိုးက နာရီပိုင်းခံစာအုပ်များဖြစ်ပြီး တစ်မျိုးကတော့ ခေတ်တိုင်းခံတဲ့ စာအုပ်များဖြစ်တယ်။*

(ရွှန်-ရပ်စကင်း)

စာအုပ်တွေအကြောင်း စဉ်းစားလိုက်တိုင်း အင်္ဂလိပ်အနုပညာနဲ့ သုခုမဝေဖန်ရေးဆရာ ရွှန်ရပ်စကင်းရဲ့ အဆိုအမိန့်တွေကို သတိရမိပါတယ်။

နာရီပိုင်းခံစာအုပ်ကတော့ ဥပမာ-သတင်းစာ၊ မနက်စာစားချိန်မှာ အကောင်းဆုံးဖြစ်ပြီး သူ့ကို တစ်နေ့လုံးဖတ်ဖို့ မဟုတ်တာတော့ သေချာပါတယ်တဲ့။ ခေတ်တိုင်းခံတဲ့ စာအုပ်ကတော့ ရသ(သို့မဟုတ်) အတွေးအခေါ်ကိုပေးတဲ့ စာအုပ်တွေပါ။ သူတို့ကတော့ စာအုပ်ကို ဖတ်ပြီးမှ အလုပ်စပါတယ်တဲ့။

သူတစ်ပါးကို ကျိုးကြောင်း သိရုံရေးထားတဲ့ စာအုပ်မဟုတ်ဘဲ ရေးသူကိုယ်တိုင် ရင်ထဲကခံစားချက်ကို သူမှတစ်ပါး မည်သူမှ မရေးနိုင်ဆိုတဲ့ အဆင်နဲ့ လှပစွာ၊ အသုံးကျစွာ ရေးလိုက်တဲ့စာသာလျှင် 'စာအုပ်' ဖြစ်ပါတယ်လို့ ရပ်စကင်းက ထပ်အမိပ္ပာယ်ဖွင့်ပြန်ပါတယ်။

ရပ်စကင်းဟာ ရသစာပေကို အလေးအနက် တန်ဖိုးထားသူဖြစ်တယ်။ သုတနဲ့ရသကို နှိုင်းယှဉ်တင်ပြရာမှာ "သုတကိုပေးတဲ့ စာများဟာ ကောင်းပါတယ်။ ဒါပေမဲ့ သိလည်းပြီးရော၊ သူ့အခန်းက ကုန်သွားပါတယ်။ အသိကိုပေးတဲ့စာဟာ နာရီပိုင်းသာခံပြီး ရသ(သို့) အတွေးအခေါ်ကိုပေးတဲ့ စာများသာ ခေတ်တိုင်းခံပါတယ်" လို့ ရပ်စကင်း တင်ပြခဲ့ပါတယ်။

ကျောက်စာ၊ အုတ်ခွက်စာ၊ ပေစာစတဲ့ မှိုင်တိုင်ခရီးစဉ်ကို ဖြတ်သန်းခဲ့ရတဲ့ ကျွန်ုပ်တို့ စာအုပ်စာပေများရဲ့ အခြေအနေကော မည်သို့ရှိပါသနည်း။ပေစာသည် အနောက်သီဟိုဠ်နှင့် မဇ္ဈိမဒေသများကနေ မြန်မာနိုင်ငံသို့ ပင်လယ်ကူးပြီး ရေကြောင်းခရီးနဲ့ ရောက်ခဲ့ပါတယ်။ကျွန်တော်တို့ မြန်မာစာပေသမိုင်းကို ပြန်ကြည့်လျှင် ပေဖူးလွှာရဲ့ ကျေးဇူးမကင်းကြောင်း တွေ့ရပါတယ်။

မြန်မာတို့ဟာ ခေတ်အဆက်ဆက် ပေဖူးလွှာ သယ်ယူခေါ်ဆောင်လာတဲ့ ဗုဒ္ဓပိဋကတ်များ၊ စာပေ အက္ခရာအရေးအသား၊ ဓလေ့ထုံးစံ၊ ဂီတ၊ ပျို့ကဗျာ လင်္ကာနှင့် ထီးမှုနန်းရာတို့ပြင် အုပ်ချုပ်ရေးနှင့် စစ်ရေးဆိုင်ရာ အလေ့အထခြင်းရာ တို့ကိုပါ ရရှိခဲ့ပါတယ်။ ယဉ်ကျေးထည်ဝါသော လူမျိုးကြီးတစ်မျိုးအဖြစ် ခေါင်းမော့နေထိုင်ခဲ့ရကြောင်း သမိုင်းအထောက်အထားများ ရှိခဲ့ပါတယ်။

ကုန်းဘောင်ခေတ်အတွင်းမှာ ခရစ်ယာန်သာသနာပြု ဆရာများ မြန်မာပြည်ရောက်ရှိလာပြီး သူတို့နဲ့အတူ ပုံနှိပ်စက်များ ပါလာကြရာက စပြီး ခဲစာလုံးပုံနှိပ်စာအုပ် ပေါ်လာတယ်လို့ သမိုင်းစာမျက်နှာများမှာ တွေ့ရပါတယ်။

ပုံနှိပ်စက်ပေါ်လာသော်လည်း ပေလွှာမျက်နှာမငယ်ပါ။ မင်းတုန်းမင်းနှင့် သီပေါမင်းခေတ်၌ နန်းတွင်းအမှုထမ်းများတွင် ပေလုပ်မျဉ်းကိုင် ၁၁ ယောက်ခန့်ထားကြောင်း လုပ်ခငွေ ၁၁၅ကျပ် သနားတော်မူကြောင်း သိရပါတယ်။

ထိုခေတ်အခါက ငွေကြေးပမာဏဟာ ယခုခေတ်အခါနှင့် နှိုင်းယှဉ်လျှင် များစွာတန်ဖိုးရှိလှပါတယ်။ ၁၁၅ကျပ်ဆိုတာ ၁၁၅ဒေါ်လာတောင် ကမယ်မထင်ပါဘူး။ ငါတို့စာပေလုပ်သားများဟာ ဘယ်ခေလို့တုန်းဟု ဇာတိပုညဂုဏ်မာနကလေး အူကြွစရာပါပဲ။ ဒါတင်လား မကသေးပါ။

**"ပိဋကတ်တော် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး၊ ပေလုပ်မျဉ်းကိုင် ဖွဲ့စည်းထမ်းရွက်စေသည့် လူတို့ကို အရပ်ရပ်မြို့ရွာသူကြီး၊ စုထိမ်းစုအုပ်တို့က စစ်လက်နက်ကိုင်မှုမစေ၍ မင်းမှုမင်းခင်း စရိတ်ကြေးငွေ အသေးအဖွဲ၊ အခွဲအခန့်၊ အတောင်းအခံ မရှိစေနှင့်။ အခြားအစုသို့ စာရင်းဖွဲ့ရာပါလျှင် စာရင်းကို နုတ်သိမ်း၍ ပိဋကတ်အစုမှာ ငြိမ်ဝပ်စွာ ထမ်းရွက်စေ"**

ဟု ပေဖူးလွှာဝိုင်းတော်သား စာပေလုပ်သားများကို မင်းတိုင်းအမျိုးမျိုးမှ ကင်းလွတ်ခွင့်ပေးခဲ့ပါတယ်။

အဲဒီအမိန့်စာတွေ့ရတဲ့အခါ ကျွန်တော့်ဇာတိ ကျေးလက်က ရွာသူရွာသားအများကို သတိရမိပါတယ်။ ဘာကိစ္စ၊ ကင်းကိစ္စ စသည် စသည်ဖြင့်

ကိစ္စများမြောင် လူတို့ဘောင်ဝယ် အထက်ပါ ဘုရင့်အမိန့် စာဖတ်မိပါက ပေလွှာလုပ်သားဖြစ်ရန် ကြိုးစားကြမည်လားမသိ။

စာအုပ်စာပေ၏ အတိတ်ဖြတ်သန်းမှုကို ငုံ့စောင်းကြည့်ရင်းက ပေလွှာလုပ်သားများကို အားကျမိခြင်းပါပဲ။ ပေခေတ်သည် ထုတ်လုပ်မှု အားနည်းပါလိမ့်မည်။ ဖြန့်ချိမှုအပိုင်းတွင် တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ထိန်းသိမ်း ကူးပွားလုပ်ခဲ့မည်ဖြစ်သည်။ ထုတ်လုပ်မှု၊ ဖြန့်ချိမှုသည် ယနေ့ခေတ်လို မကျယ်ပြန့်သေးသော်လည်း စာပေအပေါ် အလေးအနက်ထားမှု မြတ်နိုးခုံမင် ထိန်းသိမ်းစောင့်ရှောက်မှုအားသည် ယနေ့ခေတ်ကာလထက် မလျော့ဟုထင်မိသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်အဆက်ဆက် မြန်မာစာပေသမိုင်းကို လေ့လာကြည့်လျှင် အထင်အရှားပင်ဖြစ်ပါ၏။

ကျောက်စာ၊ အုတ်ခွက်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ထန်းဖူး ထန်းရွက်စာ အဆင့်ဆင့်ဖြတ်သန်းခဲ့ပြီး ပုံနှိပ်ခေတ်သို့ ရောက်လာရပေသည်။ ထုတ်လုပ်ပြန့်ကျယ် ခေတ်မီလာမှုအပိုင်းနှင့် အနှစ်သာရပိုင်းထပ်တူ ဖြစ်မဖြစ် ဆန်းစစ်ကြည့်သင့်ပေသည်။

[၂]

***"မြန်မာစာကို စာစီရသည့်အလုပ်မှာ မလွယ်ပါ။ အက္ခရာ ၃၃ လုံးသာရှိသော်လည်း စာစီခွက်တွင်မူ စာလုံးပေါင်းရာချီရှိပါသည်။ စီရသည့် ခဲစာလုံးကလည်း ပြောင်းပြန်ဖြစ်ပါသည်။ မှန်ထဲတွင် စာဖတ်ရသည့် သဘောဖြစ်ပါသည်"***

ဦးတင်မောင်

(ပြည်သူတို့၏ စကားပြန်စာအုပ်)

"စာပေသည်ခေတ်၏ကြေးမုံ" ဆိုသည့် အဆိုတစ်ရပ်ရှိပါသည်။ မှန်ထဲတွင်ဖတ်ရသည့်သဘော ပြောင်းပြန်စီရသည့် ခဲစာလုံး၊ ပုံနှိပ်စာလုံးများသည် အနှစ်သာရအားဖြင့် အတည့်ဖြစ်ပါရဲ့လား။ စာတစ်အုပ်၏ ခရီးစဉ်သည် စာအုပ်စာပေ၏ သမိုင်းစဉ်မှ အစိတ်အပိုင်းငယ်တစ်ခုဖြစ်ပါသည်။

ခဲစာလုံးစာပေလောက အခြေအနေကို ဆန်းစစ်ကြည့်မိသည့်အခါတွင် ပုံနှိပ်စက်ကို စတီထွင်ခဲ့သော ဂျာမနီပြည်၊ မိန်းမြို့သားကြီး ဂျွန်ဂူတင်ဘတ်သည် အောင့်သက်သက်ဖြစ်ပေလိမ့်မည်။

အော့ဖ်ဆက်၊ ကွန်ပျူတာခေတ် ရောက်လာသဖြင့် သူ့ကို ကျေးဇူးကန်းသည်ဟုများ ထင်လေမလားမသိ။

တကယ်တော့ ကျွန်တော်သည် ဂူတင်ဘတ်ကို ကျေးဇူးကန်းပြီး ဗွန်နူမန်(ကွန်ပျူတာစတင်တီထွင်သူ)ကို မျက်နှာလို မျက်နှာရ လုပ်လိုသူ မဟုတ်ပါ။ဂူတင်ဘတ်၏ ကျေးဇူးတရား၊ ဗွန်နူမန်၏ ကျေးဇူးတရားတို့ကို မမေ့စကောင်းပါ။ ကိုယ့်အခြေအနေနှင့်ကိုယ် ရှုပ်ထွေးနေသဖြင့် ဂူတင်ဘတ်ကို အပြစ်တင့်သလို ဖြစ်သွားရပါသည်။

ကျွန်တော်သည် စာစောင်ငယ်တစ်စောင်ကို အယ်ဒီတာလုပ်၍ စီစဉ်ဆောင်ရွက်လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ စာတစ်အုပ် ထုတ်လုပ်မှု ခရီးစဉ်တွင် အယ်ဒီတာ၊ ထုတ်ဝေသူ၊ စီစဉ်ဆောင်ရွက်သူများသည် စာတ်ဝင်ခန်းက ပါမြဲဖြစ်ပါသည်။

ကျွန်ုပ်တို့ခေတ် အယ်ဒီတာများသည် စာမူကို ရွေးချယ်စိစစ် တည်းဖြတ်ရုံသာမက စာတစ်အုပ်ဖြစ်မြောက်ရေး၊ ထုတ်ဝေဖြန့်ချိရေးအပိုင်းပါ ကကြီးမှအ အစုံလုပ်တတ်ကိုင်တတ် ရှိမှသာ ပြည့်စုံမည်ဟု ထင်မိပါသည်။ အစစအရာရာလည်း စိစစ်ဂရုစိုက် လုပ်ရပါသည်။

စာမူစိစစ်ရေး၊ ပန်းချီစိစစ်ရေး၊ ပုံနှိပ်စိစစ်ရေး၊ အဖုံးစိစစ်ရေး အော့ဖ်ဆက်စိစစ်ရေး၊ ရုံးတင်စိစစ်ရေး၊ ဖြန့်ချိစိစစ်ရေး စသည်ဖြင့် အစစအရာရာ အယိုအပေါက် မဖြစ်စေရန် စိစစ်ဆောင်ရွက် ကြရပါသည်။ ဤသို့မဆောင်ရွက်၍လည်းမဖြစ် စရိတ်စကက ကြီးလွန်းလှသည် မဟုတ်ပါလား။

ရေးသူရသည့် စာမူခက တစ်ပုဒ်နှစ်ရာ သုံးရာ။ ထိုစာမျက်နှာအတွက် ပြင်ဆင်မှု ကုန်ကျစရိတ်က တစ်ထောင်နှစ်ထောင်ဆိုသလို ဖြစ်နေ၏။ စောင်ရေများသူက ပန်းပန်နိုင်သော်လည်း စောင်ရေနည်းသေးသူက အရှုံးကို ဒွဲနှင့်တောင့်ခံကြရပါသည်။

အယ်ဒီတာသည် သူ့အိပ်မက်နယ်လေးထဲခွေပြီး အကောင်အထည်ဖော်ချင်၍မရ။ စာဖတ်ပရိသတ်ကိုငဲ့ရသည်။ စာစောင်အသက်ဆက် ရပ်တည်နိုင်ရေးကို ငဲ့ရသည်။ တကြောင့်ကြကြဖြင့် ဝါယမ စိုက်ထုတ်ကြိုးပမ်း ကြရပါသည်။ ယနေ့စာအုပ်စာပေ၏ အခြေအနေသည် အငှားဆိုင်ကို အားကိုးကြရသည်။ ထုတ်လုပ်သူနှင့် ဖတ်ရှုသူ တိုက်ရိုက် ဆက်ဆံမှု နည်းပါးလှသည်။ ထို့ကြောင့် ကြားခံအငှားဆိုင်များကို အမှီသဟဲပြုရသည်။ အငှားဆိုင်ပေါင်းကူးစာပေလောကကို ဖြတ်သန်းနေကြရသည်။

ကျွန်ုပ်တို့ သတင်းခေတ်၊ ဈေးကွက်စီးပွားရေးခေတ်တွင် ကျွန်ုပ်တို့မဂ္ဂဇင်းများလည်း အမျိုးအစား စုံလှပါသည်။ သတင်းမဂ္ဂဇင်း၊ လူမှုရေးမဂ္ဂဇင်း၊ စာပေမဂ္ဂဇင်း၊ ဘာသာရေးမဂ္ဂဇင်း၊ စီးပွားရေးမဂ္ဂဇင်း၊ ပညာရေးမဂ္ဂဇင်း၊ သိပ္ပံမဂ္ဂဇင်း၊ ဝတ္ထုမဂ္ဂဇင်း၊ ဟာသမဂ္ဂဇင်း၊ အားကစားမဂ္ဂဇင်း၊ စိတ်ပညာ

မဂ္ဂဇင်း၊ ဆေးမဂ္ဂဇင်း၊ ဗေဒင်မဂ္ဂဇင်း၊ ကြော်ငြာမဂ္ဂဇင်း၊ အမျိုးသမီးမဂ္ဂဇင်း၊ လူငယ်မဂ္ဂဇင်း၊ ကျောင်းမဂ္ဂဇင်း၊ အသင်းအဖွဲ့ဆိုင်ရာ မဂ္ဂဇင်း၊ ရုပ်ရှင်မဂ္ဂဇင်း၊ သဘင်မဂ္ဂဇင်း၊ ဂီတမဂ္ဂဇင်း၊ ပန်းချီမဂ္ဂဇင်း စသည် စသည်ဖြင့် အမျိုးအစားစုံစွာ ထွက်ရှိခဲ့ကြသည်။ အချို့လည်း သက်တမ်းရှည်၊ အချို့လည်း သက်တမ်းတိုကြကုန်၏။

အိမ်ထောင်ရေး၊ အချစ်ရေးလိုင်းအားပြု မဂ္ဂဇင်းကြီးတစ်စောင်မှ ကျွန်ုပ်တို့မိတ်ဆွေ အယ်ဒီတာကြီး တစ်ဦးအား–

"ဘယ့်နှယ်လဲဗျ၊ မဂ္ဂဇင်း လုပ်ရတာ ပျော်ရဲ့လား" ဟု မေးမိရာ သူကရွှံ့မဲ့ပြီး–"ဘယ်ကပျော်ရမှာလဲဗျာ၊ လူမောမောနေတယ်ဗျ၊ တစ်လတစ်လ အချိန်မီအောင် ရက်လုလုနေရတာ စိတ်ရောလူရော ပင်ပန်းသဗျာ"

ဟု အမော့ဆို့ရင်း ပြောရှာပါသည်။

စာအုပ်အငှားဆိုင်မှ အသိအမျိုးသမီး တစ်ဦးနှင့်တွေ့၍ စာအုပ်အငှား အခြေအနေကို စုံစမ်းကြည့်ရာ–

"စာဖတ်ပရိသတ်ကလည်း အဆင့်ရှိသူ နည်းပါတယ်ရှင်၊ တချို့များ ဘယ်လောက်ဆိုးသလဲဆိုရင် လိုချင်တဲ့ပုံ ၊ လိုချင်တဲ့စာကို ဆုတ်ဖြဲယူတတ်ကြတယ်။ ကျွန်မတို့ စာဖတ်ပရိသတ်ကို ယဉ်ကျေးမှုမြင့်မားလာအောင် အများကြီးပညာပေးရဦးမယ် ထင်ပါတယ်"ဟု သူ့ထင်မြင်ချက်ကို ပြောပြပါသည်။

မြန်မာစာနယ်ဇင်းသမိုင်းကို လေ့လာကြည့်သည့်အခါ "မဂ္ဂဇင်းတို့၏အစ မြန်မာ့မဂ္ဂဇိန်က"ဟူသော အဆိုတစ်ရပ်ကို တွေ့ရှိရပါသည်။ ၁၉၀၅ခုနှစ်တွင် မြန်မာ့မဂ္ဂဇိန် ထွက်ရှိခဲ့၍ ကြည့်မြင်တိုင် ဦးမောင်မောင် ဆေးတိုက်မှ ထုတ်ဝေကာ ဆေးခန်း၊ ဗေဒင်ခန်းများပါကြောင်း သုတေသီတို့ တင်ပြထားပါသည်။

ထိုခေတ်အခါက မလွတ်လပ်သေးသော ကာလလည်း ဖြစ်၍ တစ်ကြောင်း၊ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးမှု မရှိလှသေးသဖြင့်လည်းကောင်း အလွန်ခေတ်နောက်ကျ၊ အတွေးအခေါ် နောက်ကျနေလိမ့်မည်ဟု ယနေ့ ကွန်ပျူတာခေတ်၊ သတင်းခေတ်၊ ဈေးကွက်စီးပွားရေးခေတ်ကိုဖြတ်သန်းနေသော နှစ်ဆယ်ရာစု သူကောင်းသားကလေးကျွန်တော်သည် ခပ်တည်တည်ဖြင့် ဘိုးဘေးတို့ခေတ်ကာလဆီကို မှန်းမျှော်ကြည့်မိလိုက်ပါ၏။ ထိုအခါတွင် ဆရာဇော်ဂျီ၏ ကဗျာတစ်စက ကျွန်တော့်ရင်ဝကို ဆောင့်ကန်လိုက်ပါသည်။

"အိုအချင်း ကျူရိုးရှင်
သူ့မူရာ သူ့အတင်း မင်းဆိုခဲ့စဉ်

မင့်ကိုယ်လည်း မင်းပင်လျှင် ဘာထင်လို့လေလဲ"တဲ့

ဟုတ်ပါ၊ ဟုတ်ပါ၊ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်သည့်အခါ စာပေလောကအတွင်းဝယ် ယောင်ချာချာနှင့်-

**"မာနကလေးကလည်းရှိ၊**

**ဒဿနကလေးကလည်းငြိ၊**

**ဟိုကလိ သည်ကလော်**

**တော်ရာမလုပ်**

**ဝါသနာပျော်ရာရှာလုပ်တော့"**

ကျွန်တော်သည် ဝါသနာပျော်ရာရှာရင်း ရှာရင်းက မြန်မာမဂ္ဂဇင်းကလေးတစ်စောင်တွင် အယ်ဒီတာပေါက်စနတစ်ဦးဖြစ်လာပါသည်။ ယနေ့စာနယ်ဇင်းလောကတွင် မြန်မာမဂ္ဂဇင်းဂျာနယ်များ သူ့ထက်ငါ လုယက်ကာထွက်နေပါလျက် ဘာကြောင့်ခေတ်ဦး ဝေါဟာရ မဂ္ဂဇင်းကို သုံးရပါသနည်း။

ယနေ့ကွန်ပျူတာ၊ အော့ဖ်ဆက်ခေတ်တွင် ကျွန်ုပ်တို့ စာနယ်ဇင်းများသည် ခေတ်မီပါ၏။ အရုပ်အရောင်စုံပါ၏။ အမျိုးအစားစုံပါ၏။ ရှစ်ဖောင်၊ ၁၀ ဖောင်၊ ၁၅ ဖောင်၊ ဖောင် ၂၀၊ ၂၅၊ ၃၀ သူ့ထက်ငါထူးရန်၊ ထွက်ရက် စောရန် လုလုပ်နေကြရပါသည်။ ထိုအရောင်စုံ အသွေးစုံကြားထဲတွင်မှ ကျွန်တော်သည် ဘာသာရေး စာစောင် ရှစ်ဖောင်မဂ္ဂဇင်း အသေးစားလေးတစ်ခုကို စီစဉ်ဆောင်ရွက်နေရသည့် အယ်ဒီတာတစ်ဦး ဖြစ်နေပါ၏။

"အရုပ်အရောင်စုံပါ၏။

အမှားတွေလည်း ဗရပွနဲ့"

ဟု ဆရာမင်းသုဝဏ် ရေးသည့် ၁၂ ပိုက်ကား ကဗျာလေးကိုလည်း သတိရမိ၏။ထို့ကြောင့် ကျွန်တော်၏ မဂ္ဂဇင်းကလေးအား အမှားကင်းရန်၊ အရုပ် အရောင်လျှော့၍ အနှစ်အသားများများပေးနိုင်ရန် ရည်ရွယ်ချက်၊ ရည်မှန်းချက် အထွေထွေဖြင့် ပရိသတ်၏ ဟဒယနှလုံးတွင်း ထာဝစဉ် ချင်ခြင်းတပ်စေရန် ကြိုးပမ်းအံ့ဟု စီစဉ်လိုက်ရာ ယနေ့အထိ လိမ်ဖယ်ဖယ်နှင့် ရွှေအိုးစည်တီးနေ ရသလို ရှိပါ၏။ ထို့ကြောင့် ကျွန်တော် သည် အတိတ်ကာလ ဘာနယ်ဇင်းတို့၏ အရိပ်ကို တစေ့တစောင်း ပြန်လည်ငုံ့စောင်းကြည့်ရင်း သူတို့အသံကို နားစွင့်မိ ဖြစ်ပါသည်။

၁၉၃၃ ခုနှစ်တွင် လူငယ်များကြီးပွားရေး အသင်းက ဦးစီးပြီး ထုတ်ဝေသော "ကြီးပွားရေး မဂ္ဂဇင်း"ထွက်လာပါသည်။ အယ်ဒီတာမှာ သုထုဦးလှဖြစ်သည်။ ဦးခန့်၊ ဓနုဖြူဦးဓမောင်၊ ကုသ၊ သခင်ကိုယ်တော်မှိုင်း၊ မဟာဆွေ စသူတို့ ပါဝင်ရေးသားကြပါသည်။

ကြီးပွားရေးမဂ္ဂဇင်း၏ အသံမှာ–

"ကျွန်တော်တို့သည် ဒုက္ခိတများ မဟုတ်ကြပါ။ ထို့ကြောင့် အလွတ်မဲ့သက်သက် အသနားမခံလိုပါ။ ကျွန်တော်တို့ ပင်ပန်းကြီးစွာ ကြိုးစား၍ ထုတ်ဝေသော ၄ ပဲတန် မဂ္ဂဇင်းကလေးဖြစ်သော်လည်း အားမပေးထိုက်၊ မချီးမြှင့်ထိုက်ဟု ယူဆပါက မည်သို့မျှကြိုတ်၍ အပြစ် တင်မည်မဟုတ်ပါ။ သို့သော်စာများကို စစ်စစ်ဆေးဆေး ဖတ်ရှုတော်မူကြပြီးလျှင် သတင်းစာ မဂ္ဂဇင်းလုပ်ငန်းသည် မည်မျှအထက်တန်းကျသည် ထူးခြားသည် စသည်တို့ကို စစ်ဆေးပြီးနောက် အားပေးထိုက်သည်ဟု စိတ်၌ဖြစ်ပေါ်လာလျှင်ကား လက်မနှေးစေလိုပါ" တဲ့။

၁၉၄၂ ခုတွင် ဦးချစ်မောင်ဦးစီးသော "ဂျာနယ်ကျော်"ထွက်လာသည်။ ဂျပန်ခေတ်ဖြစ်၍ ဂျပန်များက ချုပ်ချယ်၊ လွတ်လပ်စွာ ရေးသားခွင့်မရ။ ထို့ကြောင့် သုံးနှစ်ခန့် ပိတ်ထားလိုက်ပြီးမှ ၁၉၄၅ခုတွင် တစ်ဖန် ပြန်ထွက်လာပါသည်။

"လောက၌ ရဲစွမ်းသတ္တိရှိသူသည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စကို ပြုရသည်ရှိသော် အဘယ်မှာလျှင် ဝန်လေးအံ့နည်း" ဟူ၍ ဂျာနယ်ကျော်အသံကို ကြားရပါသည်။

"ငါ၏ အသက်ရှင်နေခြင်းကား မြန်မာလူမျိုး ကိုးသန်းအတွက် သဘောထားနိုင်သူသည် လူမြတ်အာဇာနည်ဖြစ်၏"

ဟူသော ဂျာနယ်ကျော်၏ လှုံ့ဆော်ချက်သည် လူတိုင်းကိုနိုးကြားစေပါသည်။

မြန်မာဇာနယ်ဇင်းတို့တွင် သူရိယမဂ္ဂဇင်းမှာ သက်တမ်းအရှည်ဆုံးဟု ဆိုပါသည်။(၁၉၁၇–၁၉၄၁) ၂၄ နှစ်ကျော်သက်တမ်း ရှည်လာပြီးမှ ဘာကြောင့်ရပ်သွားရသလဲဟု စူးစမ်းကြည့်ရာ နယ်ချဲ့အစိုးရက မဂ္ဂဇင်းကို စက္ကူအချောဖြင့်သာ ရိုက်ရမည်၊ သတင်းစာစက္ကူဖြင့် မရိုက်ရဟု ကန့်သတ်သည်။ ထိုစဉ်က စက္ကူချောမှာ ဈေးကြီးလှပြီး လိုသလောက်လည်း မရ၍ မဂ္ဂဇင်းရပ်လိုက်ရပါသတဲ့။

ဒုတိယ သက်တမ်းအရှည်ဆုံးမှာ 'ဒဂုန်မဂ္ဂဇင်း' ဖြစ်သည်။ (၁၉၂၀–၁၉၄၀)သက်တမ်း ၂၀ ရှည်ခဲ့သည်။ နယ်ချဲ့အစိုးရက နှစ်ကြိမ် တိုင်တိုင် အာမခံငွေ တောင်းခဲ့သည်။ အမျိုးမျိုးကန့်သတ်မှုများ ပြုလုပ်သည်။ ထို့ကြောင့် ဒဂုန်မဂ္ဂဇင်းရပ်ခဲ့သည်။

ဂန္ထလောက၊ ကင်းစောင့်၊ ကြီးပွားရေး၊ တိုးတက်ရေး မဂ္ဂဇင်းတို့မှာ သူရိယနှင့် ဒဂုန်တို့လောက် သက်တမ်းမရှည်။ မြန်မာပြည်သို့ ဒုတိယ

ကမ္ဘာစစ်မီး ကူးစက်လာသဖြင့် ရပ်သွားရသည်ဟု သိရပါသည်။

မြန်မာမဂ္ဂဇင်းတို့တွင် ကျွန်တော်မှန်းကြည့်ရသလောက် ခေတ်ကာလအလျောက် ကိုယ့်စိတ်ကြိုက်လုပ်ဆောင်သွားခဲ့ပြီး လုပ်ရတာ ပျော်စရာကောင်းမည်ဟု ခန့်မှန်းရသော မဂ္ဂဇင်းမှာ စာပေသစ်ကြွေးကြော်သံဖြင့် ဒဂုန်တာရာ ထုတ်ဝေခဲ့သည့် တာရာမဂ္ဂဇင်းဖြစ်မည်ထင်သည်။ ဗန်းမော်တင်အောင် က သစ်လုပ်ငန်းလုပ်ကိုင်နေပြီး ငွေထုပ်ပိုက်ဆင်းလာကာ 'တာရာမှာ စိတ် ကြိုက်သုံးပါ'ဟု ပံ့ပေးကြောင်း 'ရုပ်ပုံလွှာ'စာအုပ်တွင် ဖတ်ရသည်။ ဆရာတို့၏ စာပေယုံကြည်စိတ်ကို ခံစားရပေသည်။ အလေးအမြတ် ထားမိပါ၏။ လင်း ယုန်ဂျာနယ်၊ ဂျာနယ်ကျော်၊ ကြီးပွားရေးမဂ္ဂဇင်းတို့လည်း စိတ်ကြိုက်လုပ်ရတာ ပျော်စရာကောင်းမည်ဟု ခန့်မှန်းကြည့်မိသည်။

ထိုခေတ်၊ ထိုအချိန်၊ ထိုဆရာတို့၏ စာပေစိတ်ဓာတ်၊ လုပ်ရည်ကိုင်ရည် ဖွဲ့နပဲတို့ကို ကျွန်တော်တို့ကား ရင်ထဲမှာ လွမ်းတမြမြ ခံစားကြရပေသည်။

[၃]

ကျွန်တော်သည် စာတစ်အုပ်ဖြတ်သန်းမှု ခရီးစဉ်ကို တစ္ဆေတစောင်းငုံ့စောင်းကြည့််ရင်းက ကျောက်စာခေတ်ကိုလည်းကောင်း၊ စာပေခေတ်ကိုလည်းကောင်း မြင်ရပြီး ခံစာလုံးပုံနှိပ်၊ ကွန်ပျူတာခေတ်တို့ကို ရင်ဆိုင်ရပေသည်။ မြန်မာဘုရင်ခေတ် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး၊ ပေလွှာလုပ်သားများအကြောင်း တွေးရင်း ကျွန်ုပ်တို့ခေတ်၏ ဖောင်တိန်ရေး၊ ဘောလ်ပင်ရေး၊ စာပေလုပ်သားများအကြောင်းကိုလည်း တွေးမိပေ၏။

ခေတ်ဟောင်းစာနယ်ဇင်းတို့၏ အသံကို ပြန်လည်ကြားယောင်ရင်း ကျွန်ုပ်တို့ခေတ် စာနယ်ဇင်းများ၏ အသံကိုလည်း နားစွင့်မိပေ၏။ နားစွင့်ရင်း ထိုအသံလှိုင်းထဲ၌ မိမိကိုယ်တိုင် ယောင်ချာချာပါဝင် နေပါသည်။

အသံလှိုင်းများကား ရောထွေးနေပါသည်။ကျွန်ရပ်စကင်း၏စံပြင့်တိုင်းတာကြည့်လိုက်သည့်အခါ ကျွန်ုပ်တို့ စာနယ်ဇင်းများသည် နာရီပိုင်းခံလော၊ ရက်ပိုင်းလပိုင်းလော၊ သို့တည်းမဟုတ် ထာဝစဉ်သိမ်းဆည်း အဲ-အဲ-အဲဒီအပိုင်းကိုတော့ ကျွန်တော့်၌ ဆုံးဖြတ်ခွင့်မရှိပါ။ ချစ်စွာသော စာဖတ်ပရိသတ်ကြီး၏ တာဝန်သာဟု . . . ။

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း။ ၁၉၉၆ ခု၊ ဧပြီလ)

# ဒေဝါမိုးလ၊ ဓနိယနှင့် မြို့ပြအိမ်မြှောင်

[၁]

*"ဒေဝါမိုးလ၊ မကျမီခင်*
*ပုံယင်များစွာ၊ လူ့ဘာသာဖြင့်*
*အိမ်ယာတဲအုံ၊ အလုံးစုံကို*
*လုံခြုံသေချာ၊ ပြင်အပ်ရာ၏ . . . "*

*(သြဝါဒထူး)*

ကျွန်တော်တို့ စတုတ္ထတန်းတွင် ပညာသင်ခဲ့စဉ်က ဦးဝန်၊ ဦးဘ ဖတ်စာအုပ်မှ ကဗျာလေးတစ်ပိုင်းတစ်စကို ယခုတိုင်အမှတ်ရနေမိပါ၏။ အထူးသဖြင့် တပေါင်းလနှောင်းပိုင်း၊ တန်ခူးကူးတော့မည့် ဝသန္တဥတုအခါတွင် "တပေါင်းတန်ခူး မိုးသားကျူး" ဆိုသည့်အတိုင်း မိုးသံ လေသံကလေးများ ကြားရစအချိန်၊ ကောင်းကင်တခို လေအဝေ့တွင် တရွှေ့ရွှေ့ တရိပ်ရိပ် မိုးရိပ်ကလေးများ မြင်ရတော့မည့်အချိန်တွင် အထက်ပါကဗျာကလေးကို ပို၍ သတိရမိ၏။

ဤသို့သော အချိန်မတိုင်မီကပင် ကျွန်ုပ်တို့၏ ကျေးတောသူ တောင်သားတို့သည် အနောက်ကွင်းတွင် သက်ငယ်ရိတ်သူရိတ်၊ သက်ငယ်ပေါ ရွက်သူရွက်၊ လှည်းနှင့်တိုက်သူတိုက်ရင်း တစ်မိုးခိုဖို့ရန် ကြိုတင်ကြိုးပမ်း နေကြရပြီ။

ပူလှသော နွေလတပေါင်းနေကို အန်တုရန် အိမ်ရှေ့ကွက်လပ်တွင် ဝါးလုံးတိုင်ယာယီစိုက်လျက် ကနားဖျင်းတဲထိုးတတ်ကြ၏။ အရိပ်လည်းရ၊ လေကလေး တဖြူးဖြူးတွင် ရွာအပျိုချောတို့ ဇောချင်း တညည်းညည်းဖြင့် သက်ငယ်ပစ်တတ်ကြ၏။

ညနေတိုင်ဆိုလျှင် အရှေ့ချောင်းသဲပြင် လက်ယက်တွင်းငယ်တွင် ရေချိုးခပ်ဆင်းကြသည်။ အရှေ့ပိုင်းရွာသူတို့ ချောင်းတာရိုးပေါ်မှ ချောင်းဝမ်းတွင်း သဲပြင်လက်ယက်တွင်းဆီ ခေါင်းခုပုဆိုးပိုင်း ပခုံးတင်၊ ရေအိုးခါးထစ်ခွင်လျက်၊ ဆံတောက်ဖားဖား၊ ပါးကွက်ကျားကိုယ်စီနှင့် ရေခပ်ဆင်းကြဟန်သည် ဆည်းဆာနေခြည်ထဲတွင် ပန်းချီကားဆန်နေ၏။ ကျွန်တော်တို့အဘိုး၊ အဘွား၊ အဖေအမေတို့ကတော့ သူတို့လယ်ယာကို ချစ်သည်။ တောရိပ်တောင်ရိပ်ကို ချစ်သည်။ ဒါကြောင့် သူတို့ဇာတိက သူတို့ဘယ်တော့မှ ဝေးဝေးကြာကြာ မသွားတတ်။ ကျွန်တော်တို့ ကာလသားပေါက်ကလေးများကတော့ သယ်ယာထက် ညနေဆည်းဆာချိန်ကို ပိုချစ်သည်။ အထူးသဖြင့် ရွာသူတွေ ရေခပ်ဆင်းချိန်ကို မျက်စိထဲကမထွက်။

ပလွေတိုတစ်ချောင်းနှင့် ချောင်းရိုးတာပေါ် ဆီးပင်ရိပ်က ကျူသံပေးသူလည်းရှိ၏။ ရိုးရိုးငေးလို့မကောင်း၊ ပလွေတိုကလေးနှင့်ဆိုတော့ မပြောသာ၊ ဟိုမှာ ညည်းလူကြီးဟု မကြားတကြား မေးငေါ့ပြောသံ ကြားရသည့်အခါ သူကောင်းသားကြီး ပီတိခွေ့ရင်း ပလွေကိုပို၍ပင် ကျူတော့သည်။

ထိုသို့အငေးကောင်းခိုက် ဒိန်းဒေါင်းဖျက်ဆိုသလိုပင် လယ်ကွင်းဆီမှ ဖခင်ကြီး၏ တကြော်ကြော်ခေါ်သံကို ကြားရသည်။ သက်ငယ်ပေါ်တွေ ရိတ်ပြီးနေပြီ၊ လှည်းပေါ်တင်ဖို့ အိမ်သို့တိုက်ပို့ဖို့ အဆူအကြိမ်းခံရတော့သည်။

"နင့်မေကလိန်း . . . မိုးကျတော့မယ်၊ သူများတွေ မိုးပြီးနေပြီ"တဲ့။

## ၂။

**"ခနိယ နွားကျောင်းသားဆို၏**
**ငါသည် ထမင်းချက်ပြီးပြီ**
**ဤမဟီမြစ်ကမ်းပါး၌**
**အပေါင်းအသင်းတို့နှင့်ငါနေ၏၊**
**တင်းကုပ်ကိုမိုးပြီးပြီ**
**ရွာလိုရွာလော့ . . . မိုးနတ်သား . . .။"**

(မင်းသုဝဏ်)

ခနိယသုတ်၌ ခနိယနွားကျောင်းသားနှင့် ဘုရားသခင် အပြန်အလှန်ဆိုဟန်မိန့်ဟန်ကို ဆရာမင်းသုဝဏ်က 'ရွာလိုရွာလော့ မိုးနတ်သား' ကဗျာဖွဲ့ခဲ့၏။ ကျွန်တော်သည် ကျေးလက်အရိပ်၊ မိဘအရိပ်၊ တောရိပ် တောင်ရိပ်၊ လယ်ရိပ်ချောင်းရိပ်အောက်တွင် တောသူတောင်သားတို့၏ ခလေ့စရိုက် လုပ်ငန်းသဘာဝအတိုင်း ကလေးဘဝ ဖြတ်သန်းခဲ့ရ၏။

လယ်ထွန်၊ နွားကျောင်း၊ ပျိုးနုတ်၊ ကောက်စိုက်၊ မိုးခါလယ်လုပ်၊ ဆောင်းနှင့်နွေခါ ပဲ၊ ခရမ်းစိုက်၊ တောတက်၊ ထင်းခုတ်၊ ဝါးခုတ်၊ သက်ငယ်ရိတ်၊ ထရံရက်ဖြင့် . . . ။

လက်ဆုံတွေချပါလို့
ဟန်ကျအောင်စီ၊
ရွှေနောင်သူ ပျိုအပေါင်းရယ်
မောင်းကျောက်ကိုချီ . . . ။

**(ကျေးလက်တေး)**

ဂျက်ကလိန်ချောင်းချင်း၊ ပြောင်းတလင်း
မောင်းနှင်းနေတဲ့ မကြေးမုံ။
အစိမ်းကွက်ဆန်း၊ ဂျိမ်းယက္ကန်း
ချိန်းရက်မှန်းတဲ့ မကြေးမုံ . . . . ။

ခေတ်တွေဖြတ်သန်းလာခဲ့ကြပြီ။ တောသူတောင်သားတို့သည် တစ်နွေလုံး၊ တစ်မိုးလုံး အလုပ်နှင့်လက်ပြတ်သည်မရှိ။ စားရေး၊ ဝတ်ရေး၊ နေရေး အရေးသုံးပါးလုံးအတွက် ကျွမ်းကျင်စွာ ဝီရိယရှိစွာ လုပ်ကြရသည်။ စပါးကိုယ်တိုင်စိုက်၊ ဆန်ကိုယ်တိုင်ဖွပ်၊ အဝတ်ကိုယ်တိုင်ရက်၊ အမိုးအကာ နေစရာအိမ် ကိုယ်တိုင်ဆောက်လုပ်ကြသည်။

အဘိုးအဘွားတို့ခေတ်က လက်ဆုံတွေချလို့ မောင်းကျောက်ချီခဲ့ကြသည့် ကျေးလက်သူတို့သည် နောက်ပိုင်းခေတ် အညာဒေသတွင် ဂျက်ကလိန်ချောင်းချင်းအသံနှင့် မောင်းနှင်းကြရပြန်သည်။

ကျေးလက်အရိပ်၊ မိဘအရိပ်တွင် နေခဲ့စဉ်က စားစရာ၊ ဝတ်စရာ၊ နေစရာမပူရ။

ကျေးလက်ရိပ်ကခွာ၊ မိဘရိပ်ကထွက်၊ ပညာမစုံခင် ကြင်ယာစုံခဲ့ရသည့် သူကောင်းသားသည် မြို့ပြမှာ ယောင်လည်လည်နှင့် တတ်သည့် ပညာမနေသာဘဲ သားကျွေးမှု၊ မယားကျွေးမှု ရှာရတော့သည်။

ကျွန်ုပ်တို့၏ မြို့ပြလူနေမှုကို စဉ်းစားလိုက်သည့်အခါ ခံတော်မောင်ကျာဘမ်း၏ သူငယ်ဘဝ ပြောဆိုကြသည့်စကားကလေးများကို သတိရမိတော့သည်။ အိမ်မြှောင်ကလေးကို ကျောင်းမှာတွေ့ရသဖြင့် ကျောင်းမြှောင်ဟု ငြင်းခုံကြရာ လက်နှင့်ဖမ်း၍ အဆုံးအဖြတ်ခံကာမှ အိမ်မြှောင်သည် လက်မြှောင်ဖြစ်သွားရ၏။ ယခု ကျွန်ုပ်တို့၏ မြို့ပြလူနေမှု ဘဝသည်လည်း ဆင်ခြေဖုံး၏ အစွန်ဆုံးနေရာမှ မြို့မြှောင်ဘဝ ကျံကြရ၏။

မြို့ပြရောက် သူကောင်းသားသည် အမှုထမ်းလခကလေးနှင့် အိမ်ငှား၊ အခန်းကျဉ်းသော်လည်း လင်ကိုယ်မယားနှစ်ယောက်ထဲပဲ ကိစ္စမရှိ၊ ခြေသိမ့်၏။ ဆန်နို့ဆီဘူးနှစ်လုံး၊ ပုန်းရည်ကြီးသုပ်၊ ငါးပိချက် ကလေးတစ်ခွက်နှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၊ ထမင်းမြိန်လှ၏။ဝတ်ရေးလား၊ ဘာပူရမတုံး၊ ရုံးသွားတစ်စုံ၊ အိမ်နေတစ်စုံ၊ နှစ်စုံရှိက လုံလောက်၏။

သို့သော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်းကပင် ဘယ်လိုကဘယ်လို သမီးသားတို့ ပွားတိုးလာသည်မသိ။ ဆန်တစ်ပြည် ခြောက်ဆယ့်ငါးပြားကနေ ဘယ်လိုကဘယ်လို ကျပ်နှစ်ဆယ်အစိတ်၊ ကျပ်ခြောက်ဆယ်၊ ရှစ်ဆယ်ဖြစ်လာသည်မသိ။ ဆီတစ်ဆယ်ကျပ်သား၊ ဆယ့်ငါးပြားကနေ ဘယ်လိုကဘယ်လို ဆယ့်ငါးကျပ်၊ ဆယ့်ခြောက်ကျပ် ဖြစ်လာသည်မသိ။ ဒါတောင် အေးသည့်ရာသီခဲ၊ ပူသည့်ရာသီကျဲသည့် စားအုန်းဆီဖြစ်၏။

ထိုအခါတွင် ကျေးလက်ကို ပြန်လွမ်းမိသည်။ ဟိုစဉ်က အဘိုးဆီဆုံပဲဆီစစ်စစ်ကို မြို့ပြတွင် သုံးနိုင်ဖို့အရေး အဝေးကြီး ဝေးတော့၏။

တစ်ခုတော့ ကျွန်ုပ်တို့ခေတ်က သာတာရှိသည်၊ ဝတ်ရေး။ ဟိုစဉ်က ရက်ကန်းစင်က အကွက်ဆန်းကလေး၊ ပဆစ်အိမ်ကွက်စုံခင်းကလေးကို ဝတ်ခဲ့ကြရသည်။ ပင်နီဖျင်ကြမ်း တိုက်ပုံနှင့်။ ကျွန်ုပ်တို့ခေတ် မြို့ပြတွင် ကောဇ္ဇမ္ဗူရာဇ်တိုင်းဖြစ် အဝတ်အထည်စုံလှသည်။ ဂါဝန်ဖားဖားကြီး ကြိုက်သလား၊ တစ်ခေတ်က စတိုင်ကျရှိုးထုတ်ခံဖြစ်ခဲ့သည့် ကုတ်အင်္ကျီသက္ကလတ် တစ်ပတ်ရစ်တွေ ကြိုက်သလား၊ ကျားဝတ်၊ မဝတ် တော်ရာကိုရွေးပေတော့။ လေဘေးထည်အစုံရမတဲ့။ တကယ်တော့ စား-ဝတ်-နေရေးသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေသည့် အမွှာညီနောင်များဖြစ်နေ၏။

ကျွန်ုပ်တို့လူသားများသည် ထိုအမွှာညီနောင်များနှင့် နပန်းလုံးနေကြရသည်သာ ဖြစ်၏။ ဂူနေလူအဆင့်တွင်ပင် သဘာဝဂူကိုရှာရ၊ ထွင်းရ၊ တည်ဆောက်ရသေးသည်။ သဘာဝရေမြေတောတောင်ကိုသာမက ကျေးငှက်တိရစ္ဆာန်များဆီကပါ လေ့လာအတုယူ သင်ကြားခဲ့သည်။

စာကလေးများ အသိုက်ဆောက်သည်ကို စောင့်ကြည့်ဖူးပါသလား၊ ဦးခေါင်းမွဲပြာ၊ ရင်အုပ်နက်နှင့် ခြောက်လက်မခန့်ရှည်သည့် စာကလေးများကို ပူအိုက်သော နွေရာသီတွင် ဆူညံစွာ တစ်ကောင့်တစ်ကောင် နှိုးဆော်နေသည်ကို တွေ့ရသည်။ မြစ်ချောင်းအနီး တံငါတဲများ၊ အခေါင်းပေါက်တစ်ခုခု၊ အိမ်ခေါင် ကျီးပိတ်တို့တွင် ကောက်ရိုးစကလေးချီလာလိုက်၊ မြက်ခြောက်ကလေး၊ အဝတ်စ၊ အမွေးအမှင်၊ အမှိုက်စ၊ မြက်တံမြက်စည်းအမွေး စသည်များဖြင့် အသိုက်ဆောက်သည်ကို တွေ့ကြရသည်။ သစ်တစ်ပင်ကောင်း၊ ငှက်တစ်

သောင်းနားဟု စကားပုံရှိသော်လည်း လေးသမားကို ကြောက်ရသေးသည်။ အသိုက်အမြုံဖျက်၊ စာဥနိုက်တတ်သည့် နွားကျောင်းသား၏ ရန်ကမသေး။

ထို့ကြောင့် ရေကြည်ရာ မြက်နုရာသို့ သတ္တဝါတို့ရှာတတ်ကြမြဲဖြစ်သည်။ ဝမ်းရေးကိုမှီ၍ နေရေးကို ကြံရသည်။ ကျီးနှင့်ခင်ပုပ်တို့ ရန်စစ်လုပ်ခဲ့ကြသည်။ ဈေးကွက်နယ်သစ်ရှာရဲ့ရင်း နယ်ချဲ့စစ်ပွဲများသမိုင်းတွင် ဖြစ်ပွားခဲ့ကြသည်။ သူ့ပိုင်နက် ကိုယ့်ပိုင်နက် အငြင်းပွားရင်း နယ်လုစစ်ပွဲများ ခင်းကျင်းခဲ့ကြသည်။ ကျေးလက်သဘာဝ ရေမြေတောတောင် လယ်ယာကိုင်းကျွန်း ဇာတိမြေကိုချစ်ခဲ့ကြသည့် အဘိုးအဘွားတို့သည် ဇာတိမြေမှာပင် စားရေး၊ ဝတ်ရေးကို ဖန်တီးနိုင်ခဲ့သည်။ထိုမှုမက လူမှုရေးတန်းရေး၊ ရပ်ရေးရွာရေးတို့ကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ ရပ်ရေးရွာရေး အများအကျိုးဟူသည် နိုင်ငံအရေးပင်ဖြစ်၏။

ဘိုးဘွားမိဘတို့ အရပ်ကချွာ၊ မြို့ကြီးပြကြီးမှာ တစ်အိုးတစ်အိမ်တစ်ခန်းနှင့် ပျော်ရာမနေရ တော်ရာမှာနေကြရသည့် ကျွန်ုပ်တို့ဘဝသည် အတ္တပရ မှုပါရဲ့လား။ တစ်ခါတစ်ခါ မိမိကိုယ်ကို စစ်တမ်းထုတ်ကြည့် မိ၏။ ထိုအခါ မနိယနွားကျောင်းသား၏ အသံကိုကြားယောင်လာမိ ပြန်သည်။

**"ထမင်းချက်ပြီးပြီ**
**တင်းကုပ်ကိုမိုးပြီးပြီ**
**မီးကိုညှိပြီးပြီ"**တဲ့။
**"ဤမဟီမြစ်ကမ်းပါး၌**
**အပေါင်းအသင်းတို့နှင့် ငါနေ၏"**တဲ့။

**"ရွာလိုရွာလော့ မိုးနတ်သား"**ဟု မနိယ နွားကျောင်းသားသည် မိုးကို စိန်ခေါ်ခဲ့သည်။ ကျွန်ုပ်တို့သည် မနိယနွားကျောင်းသားကဲ့သို့ မိုးကို စိန်ခေါ်ရဲပါသလား။

ကျွန်ုပ်သည် အိမ်ရှင်မကို မေးကြည့်၏။
"ရှင်မ ထမင်းချက်ပြီးပလား"
"..................."

ဆန်ဈေးတွေ တက်လာသတဲ့။ ငစိန်–ဆန်ကွဲရောတောင် တစ်ပြည် ငါးဆယ်ကျော်နေပြီတဲ့။ တစ်နေ့တစ်ရာကျပ် လုပ်ခရ၍ လက်မထောင်မည် စိတ်မကူးပါနှင့်။ မိသားစု မနက်ညဆန်ဖိုးပင်မပြည့်ဟု သတင်းပို့ချက် တက်လာသည်။ ကျွန်ုပ်သည် မနိယနွားကျောင်းသားအား မျက်နှာငယ်နှင့် ပြန်ကြည့်မိသည်။ မနိယနွားကျောင်းသားသည် မြို့ပြသား ကျွန်ုပ်အားကြင်နာစွာကြည့်၍အားပေးရှာ၏။ ဒုတိယမေးခွန်းကို မေးကြည့်ပါအုံးဟု တိုက်တွန်း၏။

"တင်းကုပ်(အဲ . . . အဲ . . . )အိမ်ခန်းကို မိုးပြီးပြီလား"

" . . . . . . . "

ရသည့်လခက မီးဖိုချောင်ဗေဒ လိုငွေပြနေသဖြင့် အိမ်လခမမှန်။ အိမ်လခကျန်သဖြင့် အိမ်ရှင်ကလည်း မိုးမပေးသေး။ ယခုတစ်လော အစစအရာရာ ဈေးတက်လာသဖြင့် အိမ်စပေါ်ထပ်တိုးပေးရမတဲ့။

အိမ်ရှင်အိမ်ငှားပြဿနာသည် ဘယ်ခေတ်က စခဲ့လေသနည်း။

သိုက်မြုံအပိုင်မရှိသည့် ဥသြငှက်သည် ကျီးသိုက်တွင်ဥခဲ့ရသည်။ ကျီးနှင့်ဥသြတို့၏ ပြဿနာသည် ကျွန်ုပ်တို့ခေတ်သို့ပင် တိုင်ခဲ့ပြီ။

ကျွန်ုပ်သည် မိမိ၏ နေရာဆင်ခြေဖုံးအရပ်မှ လည်ဆန့်၍ လမ်းမဘက်ဆီ မျှော်ကြည့်မိလိုက်သည်။ မိတ်ဆွေတချို့ မြေကွက်ရသတဲ့။ နတ်စင်၊ ဘုရားစင်၊ ထရံဟောင်း၊ အုန်းပင်ပေါက်၊ သစ်တိုပျဉ်စတွေနှင့် အိမ်ပြောင်းနေသည်ကိုတွေ့ရသည်။ ထိုအခါ၌ မုဒိတာပွားရသည်။

တော်သေးရဲ့၊ ကိုယ့်သိုက်မြုံ အနေကျပ်သော်လည်း သူ့သိုက်မြုံအဖြေတတ်ပေရဲ့ဟု နှလုံးသွင်းရင်း –

**"မျိုးဆက်ကာမြုံ**

**အိုးစွက်ပန်းကန်အစုံနှင့်**

**ပြေတစ္ဆင်သထုံ**

**ရောက်ရာကပဲ လွမ်းမိပါရဲ့ . . ."**

ဟု ဆရာကြီးမှိုင်းလွမ်းသလိုသာ လွမ်းလိုက်ချင်၏။

မြို့ပြရောက် သူကောင်းသားကြီးသည် ကျေးလက်က အမေ့မြေ အမေ့အိမ်ကိုပြန်လွမ်းမိ၏။ ခြံကျယ်ကြီးထဲ၌ သရက်ပင်ကြီးတွေလည်း ရှိသည်။ ငှက်ပျော၊ မာလကာ၊ ဩဇာပင်တို့ယည်းရှိသည်။

"အိမ်နောက်စိုက်ခင်း၊ စားမျိုးဟင်းနှင့်

အိမ်တွင်းသန့်စင်၊ လေနေဝင်နှင့်

အားအင်မျှတ၊ ဇန်းမလှလည်း

စိတ်ကမေတ္တာ၊ လက်မှာစာဂ

နှုတ်ကဖြောင့်ရိုး၊ အနေရိုး . . ."သည့် ကျေးလက်နေရေး ဘဝကို သားသမီးများအား ပြောပြသည့်အခါ "ရှေးတုန်းက၊ ရှေးတုန်းက"ဟု နောက်ကြသည်။ ထိုအခါ အိမ်ဦးနတ်ကြီး ကျွန်ုပ်သည် မခံချင်။ ကလေးများအား ဇာတိပုညဂုဏ်မာနရှိစေချင်သည့်စိတ်ဖြစ်ပေါ်လာသည်။ ထို့ကြောင့် တစ်နေ့တွင် သူတို့အဘိုးအဘွား၏ ရွာကျေးလက်ဆီသို့ တစ်ခါတစ်ခေါက် ခရီးဆန့်လိုက်မည်ဟု အားခဲထား၏။

ကျေးလက်ကို လွမ်းမိသည့်အခါ နွားကျောင်းဖက်ငယ်ပေါင်းများကို လည်း သတိရလာမိသည်။ ခနိယနွားကျောင်းသား ပေါ်လာပြန်၏။ ယခုအခါ တွင် သူကိုယ်တိုင်က ကျွန်ုပ်ကို မေးခွန်းမေးနေသည်။

"မိုးကိုညှိပြီးပြီလား . . ."

**[၃]**

"မိုးကိုညှိပြီးပြီလား . . ." ဆိုသည့်အသံ ကြားရသည့်အခါတွင် "လူဆိုတာ အနွေးရာကြတယ်" ဆိုသည့် ဂျာမန်ဝတ္ထုတို တစ်ပုဒ်ကို သတိရမိ သည်။ ခြေသလုံးအိမ်တိုင်သမားတစ်ဦး၊ မြို့ကြီးတွင် ဆောင်းရာသီအေးလှသ ဖြင့် မြို့ပြရုံးကြီးတစ်ရုံး အတွင်းဝယ် ရုံးသူရုံးသားတစ်ဦးလိုလိုဖြင့် ရေနွေးပိုက် အနီးတွင်နေလျက်၊ ရုံးခန်းအသီးသီး၊ ရုံးသူရုံးသားများကို ကြာတော့သိနေ မျက်မုန်းတန်းမိနေကာ အရာရှိတစ်ဦးက ရုံးသားတစ်ဦး နာရေးကူငွေ ကောက် ခိုင်းရာမှ နောက်ပိုင်းအကြံရပြီး မိမိဘာသာ သာရေးနာရေးဖန်တီးလျက် အလှူ ခံကာ ဝမ်းရေးဖြေရှင်းပုံဖြစ်သည်။ ဤသို့ဆိုသဖြင့် မြို့ကြီးပြကြီးတွင် ခြေ သလုံးအိမ်တိုင်သမားများ သင့်သလိုကျင်လည်နေသည်ဟု အမြဲမမှတ်စေလို ပါ။ မြို့ပြ၏ ဂုဏ်အင်္ဂါ ခေတ်မီတိုက်တာအဆောက်အအုံများကို ကျွန်ုပ်တို့ လျစ်လျူမရှုနိုင်ပါ။ ၁၉၈၉ ခုနှစ်လောက်က မန္တလေးရောက်ခိုက် ကတ္တရာ လမ်းဟောင်း ဖျက်၊ တိုက်တာသစ်တွေ ဆောက်နေသည်နှင့်တိုးရသည်။

**"လမ်းဖျက်သည့်စက်၊ ဒက်ဒက်ဒုတ်ဒုတ်**
**ထိုးစိုက်မြှုပ်နှစ်**
**ကသုတ်ကရက်၊ စက်ဘီးကားစီး**
**ချွေးစေးပြန်ရာ၊ ကတ္တရာညှော်**
**ခေါင်းဖော်အသက်ရှူ၊ ရှေ့တူရှုငေး**
**ပိုတိုဂရေးမှန်၊ စဥ့်အုတ်စံမီ**
**မိုးပျံတိုက်သစ်၊ မန်းသစ်လူသစ်**
**တစ်ဖြစ်ပြောင်းနေ . . ."**

သည့် မြို့ပြကို ကြုံခဲ့ရသည်။

မိုးမြင့်တိုက်တာကြီးများပေါ်မှ အောက်လမ်းမဆီ ငုံ့ကြည့်ရာ ကားပုတီးစေ့ကလေးများကို တွေ့ရကြောင်း၊ မြန်မာပြည်မှာလို မိတ်ဆွေချင်း စုဝေးကာ ရင်းနှီးချစ်ခင်စွာ စာစကားပေစကား မကြားရကြာသဖြင့် "တိုက်တာ တောကြမ်းအတွင်း၌" ဟု ကမ္ဘာ့နိုင်ငံကြီးတစ်နေရာမှ ကြည်အေးသည် မြို့ပြ ခံစားမှုကို ရေးခဲ့ဖူးသည်။

ဆရာဇော်ဂျီ၏ မောင်သစ်ဆင်းကဗျာစုတွင် စကားအလှ၊ စာပေအလှ၊ စွမ်းရည်အလှ၊ စွယ်စုံအလှ၊ ပစ္စည်းအလှ၊ ဂုဏ်အလှ၊ လုပ်အားအလှ အိမ်အလှ၊ ရပ်ရွာအလှတို့ကို တစ်ပုဒ်ချင်းနှစ်သက်စဖွယ် တင်ပြထားသည်။

**"သူ့ဝင်းသူ့အိမ်၊ သူ့ဂုဏ်ရှိန်နှင့်**
**ငါ့အိမ်ငါ့ဝင်း၊ ငါ့ဂုဏ်တင်း၏၊**
**ဝင်းအိမ်ဘယ်ညာ၊ နီးကြပါလည်း**
**မလာမသွား၊ မာန်စည်းတား၍**
**မကြားမမြင်၊ မခေါ်ချင်သည်**
**မခင်သောစေတ် ထိုအရပ် . . ."**

ထိုအရပ်မျိုးကို ဆရာဇော်ဂျီ ရှုတ်ချခဲ့သည်။ ကျွန်ုပ်တို့၏ ခေတ်မီမြို့ပြသည် မည်ကဲ့သို့ အရပ်မျိုးနည်း။

**"အိမ်ရှေ့ပန်းခင်း၊ စာပတင်းနှင့်**
**အိမ်တွင်းကော်ဇော၊ ဆိုဖာချောနှင့်**
**အံ့ဩရင်မ၊ ဗန်းပြလှလည်း**
**စိတ်က မောဟ၊ လက်က လောဘ**
**နှုတ်က မာန၊ ထားတတ်ကြမှု**
**အတ္တကိုယ်ကျိုး၊ ထိုအိမ်မျိုး . . ."**

ထိုအိမ်မျိုးကို ဆရာဇော်ဂျီ ရှုတ်ချခဲ့သည်။ ကျွန်ုပ်တို့ မြို့ပြ၏ မျက်နှာစာတွင် မည်သည့်အိမ်မျိုး လွှမ်းနေသနည်း။

**"သူ့အိမ်ကိစ္စ၊ ငါ့အိမ်ကတည့်**
**ငါ့ဝင်းကိစ္စ၊ သူ့ဝင်းကတည့်**
**ထိုမှရွာမှု၊ အရပ်မှုကို**
**ပေါင်းစုတိုင်ပင်၊ လုပ်ငန်းတွင်သည်**
**ခင်မင်လွတ်လပ် ထိုအရပ် . . ."**

ရပ်ရွာအလှကို ဆရာဇော်ဂျီ ညွှန်ပြခဲ့သည်။ ခင်မင်လွတ်လပ် ထိုအရပ်သည် နေချင့်စဖွယ်ဖြစ်၏။ ထိုအရပ်တွင် အိမ်ကြီး မကြီးကျယ်ချင်နေပါစေ "အိမ်တွင်းသန့်စင်၊ လေနေဝင်နှင့် အားအင်မျှတ"လျှင် ဗန်းပြမလှလည်း နေပျော်သည်ပင် ဖြစ်ပါ၏။

ထို့ကြောင့် ဆရာဇော်ဂျီ မေးခဲ့သည်။

**"ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း**
**မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်**
**ဘယ်ရပ်ရွာကို ကြိုက်သနည်း ...."**

မနိယန္တားကျောင်းသား၏ အမေးကို မဖြေနိုင်သူသည် ဆရာဇော်ဂျီ၏ အမေးကိုတော့ ဖြေနိုင်လိမ့်မည်ဟု ထင်မိ၏။

ထင်မိ၏။

ထင်မိ၏။

ထင်မိ၏။

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၆ ခု၊ မေလ)

# စာသင်ကျောင်းက ခေါင်းလောင်းသံ

[၁]

*"ပညာကို ဘယ်လူဆိုးကို့*
*ယူခိုးလို့ ပါပါ့မယ်၊*
*အတတ်ကယ် အလိမ္မာနှင့်*
*ဥစ္စာဝယ် ဘယ်တူကြလိမ့်*
*လောကလူ့ဝယ်"*

*(စဥ့်ပါဆရာတော်)*

ကျောင်းဖွင့်ချိန် ရောက်ပြီဆိုလျှင် ကျွန်တော်သည် ငယ်ငယ်က သင်ခဲ့ရဖူးသည့် 'စဥ့်ပါဆရာတော်၏ မွေနီတိချိုး'ကို ပြန်ပြန် အမှတ်ရတတ်ပါ၏။

မိမိကိုယ်တိုင်ကျောင်းသားဘဝတုန်းကတော့ ဖတ်စာအုပ်မှ ကျက်စာ-ကဗျာဖြစ်၍ ဆရာ့အလိုကျ ကျက်မှတ်ခဲ့ရသည်။ အချင်းချင်း သံပြိုင်ဟစ်အော်ခဲ့ကြသည်။ စာရတော့လည်း ပျော်စရာအကောင်းသား။ ကဗျာအဓိပ္ပာယ်ကို ဆရာကရှင်းပြပါ၏။ နားမဝင်။ နားဥကြားသော်လည်း ရင်၌မစွဲ၊ သဘောမပေါက်။ ကျောင်းသားအချင်းချင်း သူ့ထက်ငါ စာရသည်ဟူသော မာန်ဖြင့်သာ ပြိုင်အော်ရတာ အရသာရှိသည်။

ယခုအချိန်တွင်တော့ မိမိမှာ ကျောင်းသားမဟုတ်၊ ကျောင်းသားမိဘဖြစ်နေပြီ။ မွေနီတိချိုး ကဗျာကလေးကို ပြန်အမှတ်ရရင်းက သူ့အဓိပ္ပာယ်ရေးသူ ဆရာတော်ကြီး၏ စေတနာတို့ကို အောက်မေ့မိလာသည်။ နှုတ်ဝယ်ဖွဖွဆိုကြည့်ရင်းက အရသာတွေ့လာသည်။ ဆင်ခြင်တုံတရားဖြင့် ပညာကို

လေးမြတ်စိတ်၊ တန်ဖိုးထားစိတ်၊ ဆည်းပူးချင်စိတ်တို့ ပေါ်လာပြန်သည်။ ထိုသို့ပေါ်လာရင်းက ပညာရရာရကြောင်း စာအုပ်ကောင်းများကို ရှာဖွေစုဆောင်းမိပြန်သည်။ စုရင်း .... ထပ်စုရင်းဖြင့် သာ–တု–ပြု အဆင့် မရောက်နိုင်ဘဲ ရှိတော့သည်။ပညာကို မြတ်နိုးလိုချင်စိတ်ဖြင့် ရှာဖွေရာမှ စာအုပ်ဘီရို၊ စာအုပ်စင်၊ ထပ်ခိုးသဘော် ကြမ်းပေါ်၊ အိမ်ခန်းတွင်းကြမ်းပြင်ပေါ် စာအုပ်တွေပုံလာသည်။

**မျက်လုံးလည်းမွဲ၊**
**ခေါင်းလည်းခဲ၍**
**ဆံလည်းပန်းပွင့်၊ အချိန်လင့်ပေါ့**
**သင့်အသိဉာဏ်၊ သင်ဝေဖန်ကြည့်**
**ဘာတွေသိသလဲ**
**မရှိသွားဖြဲ၊ ရယ်ကြဲကြဲလေ။**

မိမိကိုယ်ကို ပြန်လည်စမ်းစစ်မိရင်းက ကိုယ့်ကိုယ်ကို လှောင်သည့် ကဗျာတစ်စ ရင်ထဲတိုးဝေ့လာ၏။

မိမိကိုယ်ကို ပြန်လည်ဆန်းစစ်မိသည်ဆို၍ အထင်မကြီးလိုက်ပါနှင့်။ စာအုပ်တွေစု၊ စာအုပ်ပုံထဲ ခေါင်းမြှုပ်၊ စာအုပ်နှင့် မျက်နှာအပ် . . . သည်အဖြစ် ရောက်လာသည့်အခါ အသံတစ်သံ ကြားရပါသည်။

**"ဒီလိုပဲ ကြည့်နေလို့သာ**
**ပြီးမှာလားမောင်ရေ"**တဲ့

ပထမတော့ သဘောမပေါက်။ တေးသံက ရှေ့ဆက်ဆို ပြန်ကြော့လာသည်။

**"ဒီလိုပဲ ကြည့်နေလို့သာ**
**ပြီးမှာလားတော်ရေ့"**တဲ့။

အလို . . . ဤအသံသည် စောစောက အသံထက် ပိုမြန်၊ ပိုမာလာသလိုပဲဟု စိတ်ထဲအောက်မေ့လိုက်မိ၏။ နားထောင်ရင်းက "နေပါဦး မောင်ရေ့လည်း မဟုတ်တော့ပါလား၊ တော်ရေ့ဖြစ်သွားပြီ" စိတ်ထဲကသာသို့ကလိစဉ်းစားမိသည်၊ မော့မကြည့်မိ။ အသံဆက် ကြားရသည်။

**"ကျောင်းသားတို့အဖေရေ့**
**ကြည့်လို့ပဲမဝနိုင်တော့ဘူးလား**
**စာလုံးတွေ–မျက်လုံးထဲဆန့်သေးရဲ့လား၊**
**ကိုယ်ကကျောင်းသားလုပ်ရမယ့်အချိန် မဟုတ်တော့ဘူး။ မိဘဖြစ်နေပြီရှင့် . . . ကလေးတွေကျောင်းအပ်ဖို့ သတိရ"**တဲ့။

ထိုအခါမှ စာသမားသူကောင်းသားသည် လူ့လောကထဲ ပြန်သတိလည်လာပြီး မျက်လုံးပြူးပြာလာချေ၏။

နှစ်ကိုယ်ကြင်စ၊ ဟိုကာလက ကမ္ဘာပေါ်တွင် အချိုသာဆုံးဟု မိမိထင်ခဲ့သောအသံသည် ယခုအခါ . . .။

နှစ်ကိုယ်ကြင်စ၊ ဟိုကာလက ကမ္ဘာပေါ်တွင် အလှပဆုံးဟု မိမိထင်ခဲ့သော သူ့အပြုံးသည် ယခုအခါ . . .။

နှစ်ကိုယ်ကြင်စ၊ဟိုကာလက ကမ္ဘာပေါ်တွင် အသိမ်မွေ့ဆုံးဟု မိမိထင်ခဲ့သော သူ့အမူအရာသည် ယခုအခါ. . .။

စာရှုသူမိတ်ဆွေများ၊ ယောကျ်ားသားများ အပြောင်းအလဲ မြန်တယ်လို့ မထင်လိုက်ပါနှင့်။ ပစ္စုပ္ပန်ဝတ္ထုကို မျက်မှောက်ပြုကြည့်လိုက်သည့် အခါ မိမိအိမ်ဦးနတ်ကြီးသည်လည်း ဟိုစဉ်ကလို အသားညိုတိုတို ဘိုကေ ကလေးနှင့် ကာလသားလေး မဟုတ်တော့။ အိမ်ရှင်မသည်လည်း ယဉ်စစ စလင်းဘော်ဒီလေးနှင့် ကျောင်းသူလေးမဟုတ်တော့။

တစ်မိသားနှင့် တစ်မိသား အကြောင်းပါ၊ ပထမနှစ်မှာ ဖရက်ရှာကလေးတွေပေါ့။ နှစ်ကိုယ်လက်တွဲ ပျော်မဆုံး လည်လိုက်ပတ်လိုက် မိဘအိမ်တက်စားလိုက်။ ဒုတိယနှစ် ပျော်တုန်းပျော်ဆဲ၊ သားဦးလေး ရသည်ကို ဂုဏ်ထူးရသည်ဟု ထင်ခဲ့၏။ တတိယနှစ် ဂုဏ်ထူး နှစ်ဘာသာ ဆက်ရသည်။ စတုတ္ထနှစ် ဂုဏ်ထူးတွေ တိုးဆဲ၊ ပဉ္စမနှစ်၊ ဆဋ္ဌမနှစ် . . . အို . . . ဂုဏ်ထူးတွေ များလွန်းတော့လည်း ပြုတ်စားလို့မရပါတကား။

စာအုပ်နှင့်သာ ပျော်မွေ့နေတတ်သော အိမ်ဦးနတ်ကြီးသည် ဘယ်လိုကဘယ်လို ကလေးတွေ တိုးပွားလာမှန်းမသိ။ တစ်ဦးချင်းတန်းစီ အမှတ်စဉ်မှတ်၊ ညာညီ၊ သတိဆွဲ၊ အဘောက်တန်းလုပ် စစ်ဆေးကြည့်တော့လည်း မှန်ပါသည်။ မိမိ၏ ပစ္စည်းများပါပဲ။ မိမိသည်သာ မူလဘူတပိုင်ရှင် အစစ်မှန်ပါပေ၏။ဘယ်သူမပြု မိမိမှုပေကပဲ။ ခေါင်းဆောင်သည် ခေါင်းရှောင်မရတော့။ ဓမ္မကြောင်း ခဏဘေးဖယ်၍ လောကကြောင်း စောင်းငဲ့ပေဦးမှကပဲဟု သို့ကလို စိတ်ထဲခဲလိုက်မိပြန်၏။

"ကျောင်းသားတို့အဖေ၊ မျက်လုံးပြူးကြည့်မနေနဲ့၊ ကလေးတွေ စာမေးပွဲအောင်သတဲ့၊ ဘယ်မှာလဲ ဝယ်ပေးမယ်ဆိုတဲ့ စက်ဘီး၊ စားပွဲတင်နာရီ၊ ဓာတ်ခဲ-တီဗွီဂိမ်း"

အိမ်ထောင်ဦးစီး အိမ်ဦးနတ်ကြီး ပိုမျက်လုံးပြူးရပြန်၏။ ကလေးများစာကြိုးစားစေရန် မိမိသည် မက်လုံးပေးခဲ့၏။ ကိုးတန်းသမား ပုဆာသည့် စက်ဘီး၊ ခုနစ်တန်းသမားပုဆာသည့် စားပွဲတင်နာရီ၊ ခြောက်တန်းသမား

ပူဆာသည့် မာတ်ခဲ တီဗွီဂိမ်းကစားစရာ။ ထိုစဥ်ကမူ အလွယ်တကူပင် အားလုံး အဆင်ပြေစေရမည်။ လိုချင်တာ ရရမည်ဟု ကတိလွယ်လွယ်ပေးခဲ့၏။ ကလေးများက လူကြီးပေးသည့် ကတိအရ မျှော်လင့်ချက်ကြီး ရင်ဝယ်ပိုက်လျက် စာကုန်းရုန်း ကြိုးစားကြသည်။ သုံးနှစ်သုံးမိုး အဲလေ–နှစ်ကုန်လို့ စာမေးပွဲကြီးများ အသီးသီးအောင်ကြပတဲ့။

သူတို့ တောင်းဆိုချက်–ဘယ်မှာ–

အင်–အင် နှင့် ငပုအိမ်က ခွေးကလေး လည်ပင်းလှည်းနင်းမိသလို ဖြစ်ရပြီ။

"ကျောင်းက ဘာဝေးလို့လဲ၊ စက်ဘီးဝယ်ပေး၊ ဖမ်းမိမှာ မဟုတ်ဘူး၊ သဝေထိုးနေမှာ"

"စားပွဲတင်နာရီသမား – ဖအေ့ လက်ပတ်နာရီ အပေါင်သဘောနဲ့ ခဏယူထား၊ နောက်ဝယ်ပေးမယ်"

"တီဗွီဂိမ်းသမား–ဝယ်ပေးလိုက်ရင် ကျောင်းစာထဲ ဘယ်မှာ စိတ်ရောက်တော့မှာလဲ" မိမိက ဘယ်လိုမှ မတတ်နိုင်သည့်အခါ လူကြီးပီပီ ဉာဏ်နီဉာဏ်နက်ထုတ်ရသည်။ ကလေးတွေကို ဖိဟောက်သင့်တာ ဟောက်ရတော့သည်။

ထိုအခါ ကျောင်းသားများ၏ မျက်နှာပေး၊ မျက်လုံးအကြည့်ကို ဖခင်ကြီးရင်ဆိုင်ရတော့သည်။ သူတို့မျက်လုံး အဓိပ္ပာယ်က "ကတိမတည်သည့်လူကြီး"ဆိုပါလား။ အိမ်ရှင်မကလည်း အကြည့်တစ်မျိုးဖြင့် ကြည့်သည်။ ထိုအကြည့်ကို အဓိပ္ပာယ်ဖော်ကြည့်တော့–

"မှောက်ချည်လှန်ချည် စကားအမျိုးမျိုး ပြောတတ်သူ"ဆိုပါလား။

သည်အတိုင်းဆိုလျှင်ဖြင့် အိမ်ဦးနတ်ကြီး၏ နိုင်ငံငယ်တွင် အခြေအနေတွေ တင်းမာကုန်ရှေ့မည်။ အောင်ဆုပန်းထိုးဆိုင် ကြော်ငြာဟောင်းကာတွန်းကလေး သတိရမိ၏။ အပြတ်ပြောလို့ မဖြစ်သေး။

"မင်းတို့လိုချင်တာ ဝယ်မပေးဘူးလို့ မထင်နဲ့၊ ရကိုရစေမယ်။ ဒါပေမဲ့ လောလောဆယ် ကျောင်းအပ်ရမယ်၊ စာအုပ်ဖိုး၊ ကျောင်းဝတ်စုံ၊ ထီး၊ ဖိနပ်၊ လွယ်အိတ်၊ ကျူရှင်–အင်–အင် . . . "ထိုအခါမှ အိမ်ရှင်မ မျက်နှာသား အနည်းငယ်ပြန်လျော့လာသည်။

"မင်းတို့အဖေ ပြောတာမှန်တယ် ကျောင်းစရိတ်က မနည်းဘူး"

ယခုနှစ်တွင် လပ်ကီးဆဲဗင်း၊ ခုနစ်တန်းသမားများ အထူးမျက်လုံးပြူးကြသည်။ ခုနစ်တန်း စာအုပ်များ အထူးဈေးကြီးနေပါ၏။ ဈေးကွက်စီးပွားရေးနယ်ထဲ ကျောင်းသုံးစာအုပ်လောက ဝင်လာပြီလားမသိ။

ကျောင်းသားများအား မိဘတို့ နှစ်သိမ့်နေရပါသည်။ ကျူရှင်ဟု လေသံဟပေးလိုက်သဖြင့် ကိုးတန်းအောင် ဆယ်တန်းသမားသည် ကျူရှင် ကြော်ငြာ ပန်းဖလက်များ တစ်ထပ်ကြီး တင်ပြရှာသည်။ စာမေးပွဲ အောင် စာရင်းကြည့်ပြီးအပြန် ကျောင်းကအထွက် ဝိုင်းပြီး လက်ကမ်းကြော်ငြာများ ဝေငှခြင်းခံရသတဲ့။ တစ်ချို့က လေယာဉ်ပျံပေါ်က စာကြဲသလို ကြဲချသတဲ့။

ကျောင်းသားပြသည့် ကြော်ငြာများ ယူကြည့်လိုက်သည့်အခါ-

"အထူး၊ ခြောက်လပြတ်၊ သုံးလပြတ်၊ ကျိန်းသေဂုဏ်ထူးရရမည်။ ထူးချွန်သူတို့ စုဝေးရာ။ စောမှနေရာရမည်။ ဝါရင့်ဆရာကြီးများသာ ဦးစီးသော ရိုးရိုးတန်း၊ အထူးတန်း၊ တစ်ပြည်လုံးဂုဏ်ထူးရှင်များ မွေးဖွားရာ။"

တချို့လမ်းညွှန်မြေပုံပါ ပါသည်။ အာမခံချက် ရှိသည်။ ကတိ ပေးချက် မက်လောက်သည်။ သားတော်မောင် မောင်ကျောင်းသားသည် သူ့သူငယ်ချင်းများနှင့် ဘယ်ကျူရှင်၊ ဘယ်ကျူရှင်တက်မည် စီမံကိန်းဆွဲထား ပြီး ဘယ်ကျူရှင်က ဘယ်လိုဟု ဖခင်အား လက်ချာရိုက်ချေတော့၏။

အဟောဝတ ကောင်းလေစွ၊ မိဘ၏ အခြေအနေမသုံးသပ်။

သို့သော် ကိစ္စမရှိ။ မိမိနှင့်ရင်းနှီးရာ ဆရာများထံ တန်ဖိုးကြီးသော ပညာကို အလှူခံရပေမည်။ ပညာကိုခိုးယူ၍ မရတတ်သော်လည်း အလှူ ရေစက် လက်နှင့်မကွာသော ကျွန်ုပ်တို့တိုင်းပြည်တွင် အလှူခံ၍ ရစကောင်း အံ့ဟု ယူဆမိ၏။

မှန်ပါပေ၏။ ကျောင်းသားသည် ကျောင်းသားကိစ္စကိုပဲ ခေါင်းပေး ရပေမပေါ့။ အင်း-ပညာလိုလား အမျိုးသားများအတွက် ခက်နေသည်က ကျောင်းသားများမဟုတ်၊ မိဘများဖြစ်၏။

ဆရာ၊ မိဘပူးပေါင်း ကလေးပညာကောင်းသတဲ့။

တစ်လောက ဆရာမတစ်ဦးထံမှ ညည်းသံကြားရသည်။

"အတန်းကြီးလာရင် ကိုယ့်ပင်ရင်းကျောင်းကြီးကို သိပ်စိတ်မဝင်စား တော့ဘူးရှင့်၊ အတန်းထဲမှာ မရှိကြဘူး၊ ကျူရှင်တွေပဲ ပြေးနေကြတယ် ထင်ပါရဲ့"

ထိုအချက်သည် စဉ်းစားစရာကောင်း၏။ ကျွန်ုပ်တို့၏ ပညာရေး စနစ်သည် မည်သို့ဖြစ်နေသနည်း။ စာသင်ကျောင်းဆီမှ ခေါင်းလောင်းသံကို နားစွင့်မိပြန်သည်။

"မေးခွန်းနံပါတ်(၆)သည် ကျောင်းသား၏ ပင်ကိုအရည်အသွေး ကို စိစစ်ဖော် ထုတ်သည့် 'စာစီစာကုံး'မေးခွန်းဖြစ်ပါသည်။ ပေးမှတ်အနေဖြင့် လည်း မေးခွန်းလွှာတစ်ခုလုံး၏ ငါးပုံတစ်ပုံဖြစ်သည်"

မြန်မာစာ စာစစ်မှူးချုပ်၏ စာစစ်အတွေ့အကြုံ တင်ပြချက်များကို ဖတ်ရပါသည်။

ကျောင်းသားများ၏ ဖြေဆိုပုံ ချို့ယွင်းချက်များကို မှတ်သားစဖွယ် ထောက်ပြထားပါသည်။ ဤသို့ဖြင့် အခြားဘာသာရပ်များလည်း စာစစ်မှူးများ၏ အတွေ့အကြုံများကို ပညာဂျာနယ်တွင် ဖတ်ရပါသည်။

ကျွန်ုပ်တို့ကျောင်းသားများ၏ အရည်အချင်းကို တစေ့တစောင်း အကဲခတ်ခွင့်ရပါ၏။

## [၂]

"အခု ကျွန်တော်တို့ တဖည့်ကျောင်းသားတွေဆို သာတောင်ဟန်သေးတယ်။ ကျောင်းက ဗလာစာအုပ်တစ်ဒါဇင်နဲ့ နှစ်ဒါဇင်လား ထုတ်ပေးတာ၊ အထုပ်တောင်မပျက်ဘူး၊ ဗလာစာအုပ် တစ်ဒါဇင်လောက်ရှိရင် ပြီးတယ်။ ဘာသာစုံ တစ်အုပ်တည်းမှာပဲ ရေးကြတာ။ ဒါတောင် စာအုပ်ကမကုန်ဘူး။ အတန်းထဲလည်း သိပ်ရောက်ဖြစ်ကြတာ မဟုတ်ဘဲကိုး"

**ခင်မောင်ညို(ဘောဂဗေဒ)**

(မင်းသားနဲ့ခေါင်းဆောင်၊ ရန့်သစ်-အမှတ်-၃၈)

'တက္ကသိုလ်ဆရာတစ်ဦး မှာဖူးသည့် နှုတ်ရည်တဲ့။ ဆရာ ခင်မောင်ညို၏ ကိုယ်တွေ့တင်ပြချက်များ ဖတ်ရပြန်ပါသည်။ ကျွန်တော်သည် ကျွန်တော့်ကလေး အလယ်တန်း အထက်တန်း ကျောင်းသားများအား နောင်တော်တက္ကသိုလ် ကျောင်းသားများဆီသို့ အားကျစေရန် လက်ညှိုးညွှန်မည် စိတ်ကူးလိုက်၏။

တက္ကသိုလ် မြကျွန်းသာဆိုသည်ကား ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့။

"မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း နယ်ပယ်နှင့် စီးပွားရေးပညာရပ်နယ်ပယ်၊ နယ်ပယ်နှစ်ရပ်တို့ ပေါင်းစပ်ဖို့ ကြိုးပမ်းနေကြသည်မှာ ကာလပြီ"

"စီးပွားရေးဖွံ့ဖြိုးမှ ပညာရေး တိုးတက်မလား၊ ပညာရေးတိုးတက်မှ စီးပွားရေး ဖွံ့ဖြိုးမလား"

(၁) သင်ရိုးညွှန်းတမ်း ဘယ်နှစ်က ထုတ်သလဲ ဦးစွာကြည့်၊ ကျွန်တော်တို့ဆီမှာ လွန်ခဲ့သည့်နှစ် တစ်ရာနှစ်ရာက စာအုပ်တွေကိုင်တုန်း။

(၂) ထူးချွန်တဲ့ဆရာတွေလိုအပ်။

(၃) လုပ်ငန်းနဲ့ ပညာနယ်ပယ် အပြန်အလှန်ဆက်သွယ်မှုရှိရမည်။
နောက်ဆုံးပေါ် ကမ္ဘာ့ဖြစ်ရပ်၊ ကမ္ဘာ့လုပ်ငန်းများ၊ ပြဿနာလေ့လာဖြေရှင်းပုံများ ရှိရမည်။

(၄) နိုင်ငံတကာ အတွေ့အကြုံရှိရန်လို၊ ဆရာသာမဟုတ်၊ ကျောင်းသားပါ လေ့လာဆည်းပူးခွင့် ရရမည်။

ကမ္ဘာ့တက္ကသိုလ်ကြီးတစ်ခုမှ ပါမောက္ခတစ်ဦးနှင့် ညွှန်ကြားရေးမှူးတစ်ဦးတို့၏ ဟောပြောပွဲမှ ကောက်နုတ်ချက်ကို ဆရာခင်မောင်ညို တင်ပြထားပါသည်။ မြန်မာပညာရှင်တို့ကလည်း ထိုအစီတ်အပိုင်း လေးခုကို စိတ်ဝင်စားကြပါသတဲ့။ သဘောတူညီကြပါသတဲ့။

ဟုတ်ကဲ့-ဟုတ်ကဲ့-ဟုတ်ကဲ့။

**[၃]**

**"ထမင်းစိမ်းဆတ်နှင့် မနပ်ကယ်အိုးတွင်**
**ခွက်ကြုတ်ကယ်ပန်းကန်သို့**
**တစ်ဖန်ရောက်ပြန်မှ၊**
**နပ်ရဖွယ်ဘယ်မှာရှိတယ်လို့**
**ကြားသိမမြင်"**

**(မွေနီတိချိုး)**

ကျွန်တော်သည် ပညာရေးနှင့် ပတ်သက်လာလျှင် စဥ့်ပါဆရာတော်ကို သတိရမိ၊ မွေနီတိချိုးကို သတိရမိဖြစ်ပါ၏။

"ဆရာကြီး ဦးဖေမောင်တင်ပြောဖူးတယ်။ ဆရာထက် တပည့်လက်စောင်းထက်ရမယ်တဲ့။ တော်တော် ကောင်းတဲ့စကားကွ။ တပည့်က ဆရာထက်တော်မှ၊ မိဘထက် သားသမီးကတော်မှ၊ ဒီလိုမှ မဟုတ်ဘဲ၊ ဆရာထက် တပည့်ကညံ့၊ သူ့သားသမီး မြေးမြစ်က တစ်ဆင့်ထက်တစ်ဆင့် ညံ့သွားကြမယ်ဆိုရင်တော့ ခွက်ကလေးရှေ့ချ၊ စည်းလေးဝါးလေးနဲ့ ဟော-သီရိမ္ဘာသောက-မဟာရာဇာ"

ရင်ပတ်ကလေးပုတ်၊ ကျောကလေးပုတ်၍ ဆရာဦးအောင်သင်း ဟောပြောလေ့ရှိသည်ကို အမှတ်ရမိ၏။

အိမ်ထောင်ဦးစီး၊ ကျောင်းသားဖခင်။

တစ်ဦးတည်း ရာထူးနှစ်ခုယူထားသူ အနေဖြင့် မိမိတာဝန်မကျေလျှင် အစစ်မဟုတ်ဘဲ အတုဖြစ်သွားပေမည်။ ကိုယ့်ခေါင်းကိုယ် ခေါက်ကြည့်ရာ ဒေါင်ဒေါင်မမည်သေး။

မိသားစုမီးဖိုချောင်ဗေဒ ညည်းသံကလေးကိုဘေးချိတ်၍ မောင်ကျောင်းသားတို့၏ ပညာရည်မြင့်မားရေး အစီအစဉ်နည်းဟန်တို့ကို စဥ်းစား (အဲ) လုပ်ဆောင်ပေးရပေလိမ့်မည်။ အထက်တန်းပညာရေးမှ တက္ကသိုလ်

ပညာရေးအထိ မျှော်မှန်းချက်များ ရင်ဝယ်ပိုက်ရပေလိမ့်မည်။ ဘွဲ့ဝတ်စုံများလည်း ဈေးတက်နေဆိုပဲ။

ကျွန်တော့် အလယ်တန်း၊ အထက်တန်း မောင်ကျောင်းသား တို့ကိုလည်း တစေ့တစောင်း အကဲခတ်ကြည့်မိ၏။ဆယ်တန်းကျောင်းသားက ကျူရှင်လက်ကမ်းကြော်ငြာ တစ်ထပ်ကြီးပိုက်လျက် ရင်မောနေသည်။ ကျူရှင်လှည့်တက်ရန် စက်ဘီးလိုသတဲ့။

ရှစ်တန်းကျောင်းသားက တက်ကြွပြီး ဘယ်လိုစာကြည့်လိုက်မည်ဟု အချိန်ဇယားတွေဆွဲကာ စားပွဲတင်နာရီ ပူဆာနေသည်။

*ခုနစ်တန်းကျောင်းသားက ပါဗိုဂိမ်း၊ မိဘက မာန်မဲထားသဖြင့်* နိုင်ငံခြားစာစောင်များ၊ ဂျာနယ်များမှ ရုပ်ပုံလှလှပါသော စာရွက်များ ဆွဲဖြုတ်နေသည်။ စာအုပ်ဖုံးမလို့ဆိုပဲ။

ကျွန်တော် မျက်လုံးပြူးသွားသည်။ တခုတ်တရ စုဆောင်းထားသည့် စာအုပ်ကလေးများ ပါသွားလေပလား။

"အလို–ဟိုမှာ ဆရာကြီး လီယိုတော်စတွိုင်းရဲ့ ဝတ္ထုပါတဲ့ စာမျက်နှာ၊ ဟိုမှာ ဘားနဒ်ရှောပုံနဲ့ သူ့ဆောင်းပါး၊ ဟိုမှာ ငန်းတို့ပျော်ရာ ရေကန်သာ၊ ဘဲလေးက ခေတ်ပုံတွေပါတဲ့ စာမျက်နှာပါလား၊ သွားပါပြီ–သွားပါပြီ"

"ပေး–ပေး–ပေး–ငါ့ရွှေခွက်ပေး၊ မပေး–ပေး–ပေး၊ ပေး–ပေး–ပေး–ငါ့ရွှေခွက်ပေး၊ ပေး–ပေး–ပေး၊ မပေး–ပေး–ပေး–ငါ့ရွှေခွက်ပေး"

အိမ်ဦးနတ်ကြီး သတိလက်လွတ်ဖြင့် ရွှေမန်းတင်မောင်၏ ရွှဲကုန်သည်ကဲ့သို့ ဟစ်မိသည်။

အိမ်ရှင်မသည် အံ့သြတကြီး မျက်လုံးပြူးကြည့်ချေ၏။ကလေးတွေကလည်း သူတို့အဖေကြီး ဉာဏ်များပြီး ရူးချင်ယောင်ဆောင်သည်ဟု မှတ်ပေတော့မည်။ အေပရယ်ဖူးလ်မှ မေဖူးလ်သို့ ဆက်ရမည်ထင်၏။

ဤသို့ဖြင့် ကျွန်တော်သည် –

ထိုသို့ဖြင့် ကျွန်ုပ်သည်–ဣတိတသွာ–ထို့ကြောင့် ကျွန်တော်၊ ကျွန်ုပ်တို့သည် ခြော်. . .အဟောဝတ ကောင်းလေစွ. . .ကောင်းလေစွ–။

✹

**(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၆ ခု၊ ဧပြီလ)**

# မြို့အိမ်ယောင်နှင့် ဈေးဗေဒ

[၁]

*“ထမင်းစိမ်းဆတ်နှင့် မနပ်ကယ်အိုးတွင်*
*ခွက်ကြုတ်ကယ်၊ ပန်းကန်သို့*
*တစ်ဖန်ရောက်ပြန်မှ*
*နပ်ရဖွယ်၊ ဘယ်မှာရှိတယ်လို့*
*ကြားသိမမြင် . . .”*

စဉ့်ပါဆရာတော်
(ဓမ္မနီတိချိုး)

တစ်ရက်က စာသမားမိတ်ဆွေတစ်ဦးနှင့် ဆုံမိကြပါသည်။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ဆိုသကဲ့သို့ နှစ်ဦးသား ယနေ့စာပေရေးရာ ပြဿနာများကို ဆွေးနွေးရင်းမှ “စာပေသည် ခေတ်၏ကြေးမုံဖြစ်ကြောင်း” ပြောမိကြရင်း ....

ယနေ့ခေတ်ကဲ့သို့ စီးပွားရေးလွတ်လပ်ခွင့် ကျယ်ပြန့်စွာဖြင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နေသောကာလတွင် မှောင်ခို ရှိ–မရှိ အငြင်းပွားမိကြပါသည်။ တော်တော်နှင့် မပြတ်နိုင်ပါ။ ထိုအခါ မိတ်ဆွေက ရွှေမန်းတင်မောင်၏ ဗုဒ္ဓဝင်လေးတင်ခန်းမှ လူရွှင်တော်စိန်မောင်းနှင့် ဖျောက်ဆိပ်တို့ သမီးတော်အတွက် ကန်တော့မင်္ဂလာ စိတ်ကူးနှင့် ဆောက်ရင်း အငြင်းပွားပုံကို သတိရကြောင်း ရယ်ရယ်မောမော ပြောပြပါသည်။

တစ်ယောက်က “အင်း . . . မင်းကကြက်မောက် မိုးစွေတွေ ပတ်ချာလှည့်ထားရင်၊ ငါက ထပ်တစ်ရာနဲ့ သဇင်၊ စံပယ် မျှောင်မကျွာ၊ အလယ်ခေါင်ကတော့ ချွေရွှေများနဲ့ အမှန်ပျော်ရွှင်စေဖို့ ဒီနေရာမှာ ကန်တော့မင်္ဂလာ

ဘူးမယ်ကွာ . . . .တဲ့။ အဲဒီတော့ တစ်ယောက်က "ကန်တော်မင်္ဂလာမှာ ဆေးအရုပ်တွေ ရုံပြီးတော့ လေးမုခ်ပျံဖြောင့်မတ်စွာတူး၊ စောင့်ကြပ်မယ့် ဘီလူးမုခ်ဝမှာ ထားမယ်"

အဲဒီအခါ လူရွှင်တော်စိန်မောင်းက" ဖြစ်ပါ့မလား သူငယ်ချင်းရေ၊ ဘီလူးရုပ်မုခ်ဝမှာတင်မှဖြင့် ရုပ်မလှတဲ့အသွင် မြင်တွေ့ရင် ကြောက်ကြလိမ့်မယ်၊ ငါတော့ ခြသေ့လောက်နဲ့ တော်လိမ့်မယ်ထင်တယ်"

ဖျောက်ဆိပ်ကလည်း မလျှော့၊"ဘီလူးကွာ"တဲ့။

စိန်မောင်းက"ခြသေ့ကွာ . . . . "တဲ့။

သူတို့နှစ်ဦး ဘီလူး၊ ခြသေ့နဲ့ အငြင်းပွားနေကြတာ တော်တော်နဲ့မပြီးဘူး။ တို့နှစ်ယောက်လည်း အဲဒီလိုဖြစ်နေပြီဟု မိတ်ဆွေက ရယ်မောပြောပါသည်။

ကဲသည်လိုဆိုလျှင်ဖြင့်၊ မောင်ခိုရို၊ မရို မပြီးပြတ်သေးတဲ့ကိစ္စ၊ ခေတ္တ ရပ်၍ နောက် Chapter (ကဏ္ဍ)တစ်ခု ရှုကြည့်ကြပါဦးစို့။

## ၂။

**'လာဘ်ပေးလာဘ်ယူမှု'သည် မကောင်းမှန်း လူတိုင်းသိသည်။ မကောင်းမှန်းသိ၍ လာဘ်ပေးလာဘ်ယူပြုကြလျှင် တိတ်တိတ်လုပ်ကြတာများသည်။ မဖုံးနိုင် မဖိနိုင်သည့်အခါများတွင်သာ ဟိုးလေးတကြော်ကြော် ဖြစ်ကာ ဘူးပေါ်သလို ပေါ်လာလေ့ရှိသည်။ ပြည်တွင်းကသိ၊ ပြည်ပကသိ ကမ္ဘာကျော်သွားသည့် အဖြစ်မျိုးကို မည်သူမျှ မလိုလားကြပါ။**

**. ခင်မောင်ညို(ဘောဂဗေဒ)**

**[စီးပွားရေးမျက်စိ–စာအုပ်]**

ကျွန်တော့်မိတ်ဆွေနှင့် ကျွန်တော် ယနေ့ကာလ မောင်ခိုရို့မရို ပြဿနာငြင်းခုံရင်း တန်းလန်းမပြီးပြတ်သေးဘဲ လာဘ်ပေးလာဘ်ယူကိစ္စ ဆက်ပြောဖြစ်ကြပြန်ပါသည်။

မောင်ခိုလုပ်ငန်းသည် တားမြစ်ကုန်ကို တရားမဝင် လျှို့ဝှက်ရောင်းဝယ်မှုပြုသဖြင့် မောင်ခိုလုပ်ငန်း ဖြစ်ရသည်။

လာဘ်ပေးလာဘ်ယူကိစ္စလည်း ထို့အတူပင် တရားဝင်ခွင့်ပြုခြင်းမရှိ။ သို့သော် ကိုလိုနီခေတ် မတိုင်ခင်ကပင် ရှိခဲ့ဖူးသည်။ မင်းဘကြီး၏ ဝတ္ထုတိုတစ်ပုဒ်၌ ရဲအုပ်ဖိုးထင်က နေ့ခင်းကြောင်တောင် ဧည့်ခန်းတွင် မီးအိမ်ထွန်းကာ ထိုခေတ်သုံး ငွေဒင်္ဂါးများကို တစ်ခုချင်း အ,မအ အသံမြည်အောင် ခေါက်ချ စစ်ဆေးပြီးမှ လာဘ်စားပုံ။ ထိုအဖြစ်အပျက်ကို ရုံးတင်ရာ ရုံးတော်မှ နေ့ခင်း

လည်းဖြစ်၊ မီးအိမ်လည်းထွန်း ဧည့်ခန်းတွင်း ဒဂ်ါးများခေါက်ပြီး လာဘ်စားသည် ဆိုသည်မှာ ယုတ္တိမရှိကြောင်း၊ လာဘ်စားသည်ဟူသည်မှာ တိုးတိုးတိတ်တိတ် လူမသိအောင် စားခြင်းဖြစ်ကြောင်း ဖော်ပြ၍ ဖိုးထင်အမှုကို ပလပ်ခဲ့ကြောင်း တင်ပြထားပါသည်။

"လာဘ်ပေးလာဘ်ယူ တို့ရန်သူ"

"ငွေပေးရန် မလို"

ဆိုဆိုင်းဘုတ်မျိုး တွေ့တတ်ကြရာ မိတ်ဆွေက "ငွေပေးရန်မလို" စာကြောင်းသည် "ငွေပေး . . . ရန်မလို" ဖြစ်ကြောင်း ရယ်မောပြောပြန်ပါသည်။

အချို့လုပ်ငန်းရှင်များက သူတို့လုပ်ငန်းအဆင်ပြေ ချောမွေ့စေ ရန် ပိုမိုကောင်းမွန်သော အစီအစဉ် တစ်ရပ်ဟု ထည့်သွင်းတွက်ချက်၍ လူမှုရေး မေတ္တာကြေးကို ဝန်ဆောင်စရိတ်ဟု တရားဝင်သတ်မှတ်၍ရလျှင် စာရင်းဇယား ပိုမိုတိကျစနစ်ကျပြီး ပိုမိုအဆင်ပြေလိမ့်မည်ဟု ထင်မြင်ကြောင်းပါ ပကာတိ အမြင်အတိုင်း ပြောပြကြောင်း မိတ်ဆွေက ဖောက်သည်ချပြန်သည်။

မိတ်ဆွေက သူ့အတွေ့အကြုံတစ်ခုကို တင်ပြပြန်၏။

"သူတို့ရပ်ကွက်မှာ မီးအား အလွန်နည်းလှသတဲ့။ ထို့ကြောင့် တချို့အိမ်များက မီးအားမြှင့်စက်ကို သုံးကြသတဲ့။ ထိုအခါ မီးအားမြှင့်စက် မရှိသည့်အိမ်က မူလလာအားထက် ပိုလျော့နည်းသွားပြီး မီးလုံးသည် ခရမ်းချဉ်သီးဘဝ ပြောင်းသွားသတဲ့"

ထို့ကြောင့် သူက မီးအားမြှင့်စက်သုံးခြင်းကို ကန့်ကွက်၍ သူ့တီထွင်ချက်ကို တင်ပြပါသည်။

သူ့နှစ်ပေမီးချောင်းတွင် လေးပေချုပ် တပ်ထားသတဲ့။ ထိုအခါမှ အံ့ဝင်ခွင်ကျဖြစ်ကာ မီးချောင်းလင်းသွားပါသတဲ့။

ကျွန်တော်က ထိုအံ့ဝင်ခွင်ကျသည် သဘာဝမဟုတ်ပါ။ သဘာဝကို ဆန့်ကျင်သဖြင့် အမှန်တရား မဟုတ်နိုင်။ အထင်သာဖြစ်သည်ဟု သူနှင့် ဆက်ငြင်းကြပြန်ပါသည်။သူက အထင်မဟုတ်၊ အမြင်လက်တွေ့ဖြစ်ကြောင်း၊ မယုံက သူတို့ရပ်ကွက်က သူ့အိမ်ကို လိုက်ကြည့်ရန်ပြောပါသည်။

ခက်နေသည်က သူပြောသည့်အချက်ကို ကျွန်တော်သံသယ မရှိပါ။ ကျွန်တော်တို့ရပ်ကွက်တွင်လည်း အလားတူ အဖြစ်မျိုးရှိပါသည်။ သို့သော် ကျွန်တော်သည် သဘာဝကို မြတ်နိုးသူဖြစ်၍ သဘာဝတရားဘက်မှ ခုခံကာကွယ်ချင်ပါသည်။ ထို့ကြောင့် ဓာဒက တက်ရပြန်၏။

ကောင်းပြီ၊ နှစ်ပေချောင်းကို လေးပေချုပ်နှင့် မီးလင်းရန် ထွန်းသည်။

မိးအားနည်းချိန်တော့ ပြဿနာမရှိ။ မိုးအားပြည့်လာချိန်တွင်ကော။ လေးပေ ချုပ်အားကို နှစ်ပေမိုးချောင်း မည်သို့ခံနိုင်မည်နည်း။ ထို့ကြောင့် သဘာဝ မဟုတ်သော အံဝင်ခွင်ကျမှုသည် အထင်သာဖြစ်ရမည်။

သူနှင့်ကျွန်တော် ဤကိစ္စတွင်လည်း အထင်အမြင်၊ အထင်အမြင်နှင့် နှစ်ယောက်သား ဆက်လက်ငြင်းခုံကြပြန်ပါသည်။

[၃]

**"ဈေးကြီးတွေမှာ မြူနီစပယ်က ရှိန်ခွင်တွေချိတ်ပြီး လူစောင့်ချိန်ပေး နေတယ်မဟုတ်လား၊ အပြည့်ရရောပေါ့လို့ ပြောစရာပါပဲ။ မြူနီစပယ်က အလေးနဲ့ချိန်ခွင်နဲ့ အလုပ်သမားတစ်ယောက် ထားပေးပြီး မသင်္ကာလို့ ချိန်ချင် တဲ့ဈေးဝယ်၊ ဘယ်သူမဆို ချိန်ပေးနေတဲ့နေရာ ရှိပါတယ်။**

**ဒါပေမဲ့ အဲဒီအလုပ်သမားရဲ့ အလေးကကိုပဲမပြည့်ဘူး။ ဈေးသည် တွေက မုန့်ဖိုးပဲဖိုးပေးထားတယ်ဆိုတဲ့ အသံမျိုးလည်း ကြားရဖူးပါတယ်။ ချိန်ပေးတဲ့ အလုပ်သမားက ဈေးစည်ချိန် လက်ဖက်ရည်သောက်ထွက်ရအောင် မုန့်ဖိုးပေးတဲ့လူ ရှိတယ်ဆိုတဲ့ စကားမျိုးလည်း ကြားရဖူးပါတယ်၊ မြို့ဈေးဟာ လည်သလိုစားကြတဲ့ နေရာကြီးပါပဲ"**

**လူထုဒေါ်အမာ**

**(ဈေး–ရွှေဒေါင်းတောင်ဆောင်းပါးများ စာအုပ်)**

မိတ်ဆွေနှင့် ကျွန်တော်တို့၏ စာပေဆွေးနွေးပွဲကလေး မပြီးပြတ် သော ငြင်းခုံပွဲကလေးအကြောင်းကို အိမ်ရှင်မအား ကျွန်တော် ပြန်ဖောက်သည် ချရင်း သူ့ထင်မြင်ချက်ကို တီးခေါက်ကြည့်မိပါသည်။ ထိုအခါ အိမ်ရှင်မက ဈေးကွက်စီးပွားရေးဆိုသည်ကို သူနေ့စဉ်ရင်ဆိုင်နေရသည့် မီးဖိုချောင်ဗေဒနှင့် သူသိသလို တွက်ချက်ပြပါသည်။ ကျွန်တော်သည် မိတ်ဆွေနှင့် ဈေးကွက် စီးပွားရေးအကြောင်း သိသလို မသိသလို ဆွေးနွေးငြင်းခုံခဲ့ရာမှ အိမ်ရှင်မ တင်ပြသည့် မီးဖိုချောင်နှင့် ဈေး၏ဆက်ဆံရေးကို စိတ်ဝင်စားမိပြန်သည်။

အိမ်ရှင်မက သူနေ့စဉ် ကြုံတွေ့လှုပ်ရှားနေရသည်ကို ပြောပြရင်း သူ အလွန်သဘောကျသည့် လူထုဒေါ်အမာ၏ "ဈေး" ဆောင်းပါးကို ယူပြပါသည်။ (ဈေးဆောင်းပါးသည် ၁၉၆၉ ခုနှစ်က မန္တလေးဝိဇ္ဇာသိပ္ပံ တက္ကသိုလ်မဂ္ဂဇင်းမှာ ရေးပြီးရွှေဒေါင်းတောင်စာအုပ်တွင် ပြန်လည်ဖော်ပြထားပါသည်။)

မန္တလေးသူများ ပုဂံဘက်ဘုရားဖူး သွားကြရင်း ပုဂံဈေးတွင် အလုအယက် ဈေးဝယ်ကြပုံ၊ ဈေးသည် ဈေးဝယ်တို့အကြောင်း အိမ်ရှင်မ

များရှုထောင့်မှ ကိုယ်တွေ့တင်ပြထားပါသည်။ ကျွန်တော့်အိမ်ရှင်မက လူထုဒေါ်အမာရဲ့ ရွှေဒေါင်းတောင် စာအုပ်ကို စာအုပ်စင်က ရှာယူလာပြီး သူကြိုက်သည့် "ဈေး"ဆောင်းပါးမှ သူအကြိုက်ဆုံးအပိုဒ်ကို ထောက်ပြပါသည်။

**"ကျွန်မတို့မြို့ကြီးတွေမှာ ဈေးဝယ်ရတယ်ဆိုတာက ကနေ့လူနေမှုရဲ့ အကြီးဆုံးဘဝတိုက်ပွဲ တစ်စိတ်တစ်ဒေသမဟုတ်လား။ ဈေးဆိုတာ ဆန်ပေးရင် ဆေးရတယ်ဆိုတဲ့ နေရာမျိုးမဟုတ်ပါဘူး။ ဉာဏ်ရှိသလောက် ပိုက်ဆံရှိသလောက် လည်သလို လှာစားကြတဲ့နေရာပါ။ ဒါကြောင့် မြို့နေအိမ်ရှင်မ တစ်ယောက် နိစ္စဓူဝ ဈေးဝယ်ရတဲ့ကိစ္စကို သာမန် အိမ်မှုကိစ္စတစ်ခုရယ်လို့ သဘောထားရင် မှားပါလိမ့်မယ်"**

**(ရွှေဒေါင်းတောင် စာ-၁၀၅)**

အိမ်ရှင်မက ထိုစာပိုဒ်ကလေး ထောက်ပြပြီး ကျွန်တော့်ကို အဓိပ္ပာယ်ပါပါကြည့်ပါသည်။

ထိုအကြည့်ကို ကျွန်တော်ရိပ်စားမိပါသည်။ ကြီးကြီးကျယ်ကျယ် ဆွေးနွေးငြင်းခုံမနေပါနဲ့။ မြို့ပြ အိမ်ရှင်မတစ်ယောက်ရဲ့ နေ့စဉ် မီးဖိုချောင်ဗေဒကို လေ့လာကြည့်ပါဦး ဆိုသည့်သဘော၊ တစ်ခါလောက် ကိုယ့်ဝင်ငွေလေးနဲ့ တစ်လစာချိန်ပြီး လက်တွေ့ ဈေးဆင်းဝယ်ကြည့်ပါဟု စိန်ခေါ်သည့်သဘောတွေ ပါပါသည်။ ထို့ကြောင့် မိသားစုစားအုပ်နှင့် ရသည့်ဝင်ငွေမျှပါ၊ ထို့ထက် တိုး၍ တိုး၍ လုံ့လဝီရိယ အားစိုက်ရှာဖွေရန် လိုမြဲလိုနေပါလိမ့်မည်ဟု ဆိုလိုဟန်ရှိပါသည်။

ကျွန်တော်သည် မိတ်ဆွေနှင့် စကားဝိုင်းမှ သီဝရီထုတ် အမှန်တရား၏ ဘက်တော်သားကြီးပမာ အာပေါင်အာရင်း သန်သန် ဆွေးနွေးငြင်းခုံခဲ့သလောက် မိမိအိမ်ရှင်မနှင့် ဆွေးနွေးပွဲတွင် ဘာမှမပြောနိုင်ဘဲ ငိုင်လျက်ငေါ်လျက် လေသံပျော့ကလေးဖြင့် -

"အေးကွ၊ မင်းပြမှ သတိထားကြည့်မိတယ်။ ဒေါ်ဒေါ် 'ဈေး'က ဆောင်းပါးဆိုပေမယ့် တကယ့်ရသအက်ဆေးလေးတစ်ပုဒ်ပါပဲ"ဟု ကိုယ့်ထင်မြင်ချက် ပြောမိပြောရာ ပြောလိုက်ပါသည်။

အိမ်ရှင်မကား ကျွန်တော့်ကို ခေါင်းယမ်းရင်း မီးဖိုချောင်ဝင်ပါသည်။ ကျွန်တော့်အဖို့ကား အိမ်ရှင်မ၏ ပညာပေးမှုကို ငုတ်တုတ်ခံလိုက်ရသည်ဟု သဘောပေါက်လိုက်မိပါသည်။ တစ်ခုတော့ရှိသည်၊ ကျွန်တော့်မိတ်ဆွေနှင့် ထပ်တွေ့ဆုံကြလျှင် နောက်ထပ်ဆွေးနွေးစရာ အကြောင်းအချက် တစ်ရပ်ထပ်တိုးလာပုံကို ဆက်ဆွေးနွေးရပါလိမ့်ဦးမည်၊

ကျွန်တော်တို့အတွက် ဆွေးနွေးစရာ အချက်အလက်များများရ ထိုအချက်အလက်များကို ဆန်းစစ်၊ ဆန်းစစ်ရင်း ငြင်းခုံ၊ ငြင်းခုံရင်း ထပ်ရှာဖွေ၊ ထပ်ရှာဖွေရင်း ထပ်စုဆောင်း၊ ထပ်စုဆောင်းမှ အချက်အလက်ရ၊ အချက်အလက်ရမှ ဆွေးနွေးစရာပေါ်၊ ဆွေးနွေးစရာပေါ်မှ ငြင်းခုံ၊ ငြင်းခုံရင်းထပ်ရှာဖွေ၊ ဤသို့ ဤသို့ဖြင့် အမြုတေရှာပုံတော်ဖွင့်ရင်းမှ အမှန်တရားသည် ဘွားဘွားကြီးပေါ်လာလိမ့်မည်ဟု ယုံကြည်မိ၏။

ထပ်၍ ဆန်းစစ်ပါဦးမည်။ စာပေသည် ခေတ်၏ကြေးမုံ၊ ကြေးမုံထဲမှ ဒိုချင်းသစ်ကဗျာ၊ ထိုကဗျာသည် ခေတ်ရေစီးမှ မှောင်ခိုမလေး၏ သရုပ်ကို ဖော်ပြ၊ ထိုမှသည် ဤသို့ပြောင်းလာ။ ထို့ကြောင့် စီးပွားရေး ဈေးကွက်ကာလ မှောင်ခိုရှိ မရှိ . . . ။

ထိုပြဿနာ မပြေလည်သေးလျှင် ခေတ္တထား၊ လာဘ်ပေးလာဘ်ယူ တို့ရန်သူကိစ္စ၊ လာဘ်ကိစ္စသည် ဝန်ဆောင်မှုဖြစ်ထိုက် မဖြစ်ထိုက်၊ ထိုပြဿနာ မပြေလည်သေးလျှင် ခေတ္တထား။

မီးဖိုချောင်နှင့် ဈေးတို့၏ ဆက်ဆံရေး၊ အပေးအယူမျှမမျှ၊ ကျားကြီး ခြေရာသေး၊ မိသားစုများ ဝင်ငွေနည်း၊ ဝယ်အားနှင့်တက်ဈေး၊ တက်ဈေးနှင့် ဝင်ငွေ၊ ထိုပြဿနာလည်း ခေါင်းခဲရဆဲ။

ကျွန်တော်သည် စာမိတ်ဆွေနှင့် ထိုထိုကိစ္စရပ်များ ဆွေးနွေးငြင်းခုံနေရင်း 'မပြေလည်သော ထူးမောင်' ဆိုသည့် ကာတွန်းကွက်ကလေး ကို သတိရမိတော့သည်။

ကျွန်တော့် မိတ်ဆွေက ခေါင်းကုတ်ရင်းအစမှ ပြန်ဆွေးနွေးမည်ဟုဆို၏။ စာပေသည် ခေတ်၏ကြေးမုံလော။

ကျွန်တော်တို့၏ ဆွေးနွေးပွဲ၊ ငြင်းခုံပွဲကိုကြည့်၍ စဥ့်ပါဆရာတော်သည် ခေါင်းယမ်းချေ၏။ သူ၏ ဓမ္မနီတိချိုးကလေးဖြင့် အဖြေရှာကြည့်ရန် တိုက်တွန်းသယောင်ထင်ရပါ၏။

**"ထမင်းစိမ်းဆတ်နှင့် မနပ်ကယ်အိုးတွင်**
**ခွက်ကြုတ်ကယ် ပန်းကန်သို့**
**တစ်ဖန်ရောက်ပြန်မှ**
**နပ်ရဖွယ် ဘယ်မှာရှိတယ်လို့**
**ကြားသိမမြင်"တဲ့။** ■

✹

**(ကြော်ငြာနှင့်ဈေးဝယ်ဂမ်းညွှန်မဂ္ဂဇင်း။ ၁၉၉၆ ခု၊ ဇူလိုင်လ)**

# ငွေသွင် တိမ်ရိပ် ကူးသတည်း

*"ငွေတန်ဖိုးကို ကုန်ပစ္စည်းများ၏ ဈေးနှုန်းများနှင့် ချိန်ထိုးကြည့်လျှင် ကုန်ပစ္စည်းများဈေးနှုန်းတက်နေသည့်အခါ ငွေတန်ဖိုးကျနေ၍ ကုန်ပစ္စည်း ဈေးနှုန်းကျဆင်းနေသည့်အခါ ငွေတန်ဖိုးတက်သည်ဟု မှတ်ယူကြရလေသည်။"*

*မောင်စူးစမ်း*

*(ဘောဂဗေဒ ကကြီးခကွေး)*

ယခုတစ်လော၌ ကျွန်တော်သည် ရောင်းရေးဝယ်တာ ကိစ္စများကို စိတ်ဝင်စားနေမိသည်။ ယခုတစ်လောဟု သုံးရခြင်း၌ တကယ့်ကို ယခုတစ်လောဖြစ်ပါသည်။ မူလကရောင်းရေးဝယ်တာ ကိစ္စများကို စိတ်ဝင်စားရကောင်းမှန်းမသိ။ ရသစာပေကိုသာ ခေါင်းမြှုပ်ထားမိသည်။ ရသစာပေမှ ခေါင်းထောင်ကြည့်ဖြစ်အောင် နေ့စဉ်အသံလှိုင်းများက ကျွန်တော့် အားဆွဲဆောင်နေကြပြန်ပါသည်။

ဈေးကွက်စီးပွားရေးနှင့် မီးပိုချောင်အသံလှိုင်းများ . . . ။ ဤနှစ်ချက်၌ ဈေးကွက်စီးပွားရေးသည် ကျွန်တော်တို့ဆင်ခြေဖုံး ရပ်ကွက်နှင့် အနည်းငယ်လှမ်းနေပါသေးသည်။ မီးပိုချောင်အသံလှိုင်းများကတော့ နေ့စဉ် နေ့ည ရိုက်ခတ်လျက်ရှိပါ၏။

တစ်ခုတော့ရှိသည်။ မီးပိုချောင်နှင့်ဈေးကွက် စီးပွားရေးကတော့ ပတ်သက်မှုရှိနေသည်။ ထို့ကြောင့် ကျွန်တော်တို့နှင့် ဈေးကွက်စီးပွားရေးသည်. . . . ။

ဤအကြောင်းများကို ကျွန်တော်နှင့် ကျွန်တော့်တူမလေး တစ်ဦးတို့ စကားစပ်မိရင်း တစ်နေ့ပြောဖြစ်ကြ၏။ တူမလေးသည် ဘွဲ့ရပြီး ဖြစ်၍ တစ်လ

ငါးထောင်ကျပ်ရသည့် လုပ်ငန်းတစ်ခုကို မကိုက်ဟု စွန့်ပယ်ကာ ကိုယ်ပိုင်ဆန်ဆိုင်ဖွင့်နေသည်။ မပြောမဆိုဘဲ အလုပ်မှ ထွက်ပစ်လိုက်သောအခါ ကျွန်တော်က အပြစ်တင်၏။ သူက "တစ်လ ငါးထောင်ဘာလုပ်လို့ရမှာလဲ ဦးရယ် . . . "ဟု ဆိုသောအခါ ကျွန်တော် မျက်လုံးပြူးသွားပါသည်။

ကျွန်တော်သည် မဂ္ဂဇိန်အပါးလေး တစ်စောင်တွင် အယ်ဒီတာ လုပ်နေ၏။ သူ့လောက်ပင် လခမရပါ။ နောက် တူမလေးကလူလွတ်၊ ကျွန်တော်က ကလေးတစ်ပြုံကြွေးတစ်အုံနှင့်။

ကျွန်တော်သည် ယနေ့လူငယ်များကို လိုက်မီရန် ကြိုးစားနေပါသည်။ ထို့ကြောင့် ရသစာပေမှ ခေါင်းထောင်မိခြင်းဖြစ်၏။ လိုက်မီရန်ကြိုးစားဆဲ . . . တူမလေးနှင့် စတင်ဆွေးနွေးမိသောအခါ လိုက်မီရန် အဆင့်ကို ဒုတိယထား . . . သူတို့ကို နားလည်နိုင်ရန် သိရန်ပင် ပထမ ကြိုးစားရပေဦးမည်။

"ဦးက စီးပွားရေးသမားမဟုတ်တော့ . . ."

ဈေးကွက်စီးပွားရေး အကြောင်းပြောရင်း ကျွန်တော်က ဤသို့စကားစလိုက်သည့်အခါ စကားမဆုံးခင်ပင် တူမလေးက ပြုံးပြီး . . .

"ဦးက ခက်တာပဲ။ ဟိုတုန်းကလည်း ခက်၊ အခုလည်းခက်တုန်းပဲ၊ စီးပွားရေးသမား မဟုတ်ဘူးဆိုတာကို ဦးကဂုဏ်ယူစရာလို့ ယူဆတုန်းပဲလား၊ ဒါပေမဲ့ စီးပွားရေးတော့ သိရမယ်နော်။ စီးပွားရေးနဲ့ ယဉ်ကျေးမှုဆက်စပ်နေတာတော့ ဦးကတူမတို့ထက် ပိုသိမှာပါ"

ကျွန်တော်ထိုနေ့က ရှုံးပါသည်။

မိမိကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို ပြန်လည်ဝေဖန်ရေး လုပ်နေမိ၏။ စာအုပ်စင်ရှေ့ ထိုင်သည့်အခါ ကျည်းကန်ရှင်ကြီးအသံကို ကြားရသည်။

"စီးပွားပျောက်တိမ်၍ ဂုဏ်သိမ်မထွန်းလျှင် လူစွမ်းညံ့ရာရောက်သည်"

တူမလေးနှင့် ဆွေးနွေးပွဲကအပြန် မအီမလည်နှင့် မိမိအားကိုးရာ ရသစာပေဘက် ပြန်ငဲ့စောင်းသည့်အခါ ကျွန်တော်ကြည်ညိုသော ကျည်းကန်ရှင်ကြီးအသံ ကြားလိုက်ရပါသည်။

တကယ်တော့ .... မိသားစု တစ်စုအတွင်း၌ဖြစ်စေ၊ တိုင်းနိုင်ငံတစ်ခု၌ဖြစ်စေ . . . . မပြေလည်ခြင်း၊ ဆင်းရဲခြင်း . . . . ဟူသည် ဂုဏ်ယူစရာ မဟုတ်ပါ။ တိုးတက်ခြင်း၊ ကြီးပွားခြင်းသည်သာ ဂုဏ်ယူစရာဖြစ်ပါ၏။

ဤနိယာမကို ပင်မဆုပ်ကိုင်ကြသောအခါ အချို့လည်းအစစ် အမှန်၊ အချို့လည်းအတုအယောင် . . . ။

"တစ်ရပ်ကွက်တည်း အတူနေတာပဲ မသိဘဲရှိပါ့မလား ဒေါ်လေးရယ် . . .။ အိမ်နံဘေးက ဒေါ်ဘုမ ပြောပါတယ်။ ကန်စွန်းရွက် စည်းတွေကြား ကြက်ခြေထောက်နှစ်ချောင်း စိုက်လာတယ်။ တခြားလူတွေကတော့ ကြက်ကောင်လုံး ဝယ်စားနိုင်တယ်လို့ ထင်မှာပေါ့လေ။ ကျွန်မတို့က ဒါတွေ နောကျေနေပြီ။ သူမလုပ်ခင် စောစောကြီးတည်းက ဟိုကားလေ ဒေါ်လေး ကြည့်ခဲ့ရမှာပေါ့။ 'ချစ်သောချစ်သူရယ်'လား . .။ 'မဟိုဒင်း'လား၊ ကောလိပ်ဂျင် နေဝင်းနဲ့ သန်းနွဲ့ပါတယ်လေ။ ဟိုစာရေးဆရာလား၊ အယ်ဒီတာလား၊ ကောလိပ်ဂျင်နေဝင်းက . . . ဟီဟိ"

"ဗုဒ္ဓေါ . . . "

တနင်္ဂနွေ အားရက်တစ်ရက်တွင် ကျွန်တော်အိမ်မှာ စာရေးနေခိုက် ရပ်ကွက်ထဲမှ အိမ်နီးချင်းမိန်းကလေးတစ်ဦးက စာရေးသူ၏ အိမ်ရှင်မကို လာပြောနေခြင်းဖြစ်သည်။ သူတို့ကတော့ သူတို့ချင်း တစ်ဦးကိစ္စ၊ တစ်ဦး အကြောင်း၊ ရပ်ကွက်သတင်း၊ ရပ်ကွက်အတင်း.... ပြောကြခြင်းပါပဲ ...။ သို့သော် တိုက်ရိုက်မဟုတ်တောင် သွယ်ဝိုက်ပြီး ကိုယ်နှင့်ပတ်သက်လာသည်။

ထိုမိန်းကလေးပြောသော ရုပ်ရှင်ကားကို ကျွန်တော်လည်း ကြည့်ခဲ့ရဖူးသည်။ မပြေလည်သော စာရေးဆရာ လူပျိုကြီးဘဝနှင့် ပျော်သနော ထားသောကား။ တစ်ဖက်အိမ်က အပျိုပေါက်မကလေးလည်း ရှိသည်။ ထို့ကြောင့် မိမိဆရာကို အလင်သေးမစံချင်သည့် တပည့်က ဈေးခြင်းထဲ ဟင်းရွက်ဖုံးကာ အပေါ်ကလူမြင်အောင် ကြက်ခြေထောက်နှစ်ချောင်း စိုက်လာ သည်။ ဆွဲနုတ်လိုက်တော့ ကိုယ်ပါမလာ။ ကြက်ကောင်လုံးမဟုတ်။ ပကတိ ခြေနှစ်ချောင်းသာ။

ကျွန်တော်သည် တုမလေးနှင့် ဆွေးနွေးပြီးနောက် တတ်နိုင်သမျှ နားမျက်စိဖွင့်၊ စီးပွားရေးကိုလည်း သိအောင်ကြိုးစားမည်ဟု အားခဲပြီး အိမ်ရှင်မအားလည်း မီးဖိုချောင်နေ့စဉ် ဈေးဝယ်စာရင်း အတိအကျမှတ်ခိုင်းပြီး နေ့စဉ်စစ်ဆေးဖြစ်တော့သည်။

"တို့က ပိုတောင်ကြိုက်သေး၊ အဲဒါမှအိမ်ရှင်မဒုက္ခသိမယ်။ ကိုယ်ဆေး တဲ့လခနဲ့ အိမ်မှုကိစ္စ၊ အဲ . . . .အိမ်မှုကိစ္စ၊ လူမှုရေးကိစ္စထားပါဦး။ မီးဖိုချောင် တောင် ပြည့်စုံရဲ့လား။ အယ်ဒီတာကြီး ပိုသိလာရမှာပေါ့။ မဆိုးဘူး၊ ဖအေကြီး လူ့လောကထဲ ပြန်ရောက်စပြုပြီ"

ကဲ . . . .ကောင်းပါလေရော။ မိမိကတော့ ကိုယ့် ကိုယ်ကို ငါဟ ဆိုပြီး နိုင်ငံတော်ဈေးကွက်စီးပွားရေး၊ ကြီးပွားရေး၊ တရားမျှတရေး၊ လူမှုရေး ကြီးကြီးကျယ်ကျယ် လုပ်နေသည်။ အိမ်ရှင်မအမြင်က ယခုမှ လူ့လောကထဲ

ပြန်ရောက်စပြုပြီတဲ့။ အမှန်မှာတော့ ကျွန်တော်သည် အတိအလင်း ဝန်ခံရပါလျှင် ယခင်က အိမ်ရှင်မများကိစ္စ၊ အိမ်ရှင်မများအကြောင်း သိပ်မသိ။

"ထမင်းဘယ်က ရောက်၊ မိန်းမချက်လို့ ရောက်"

ထိုမျှသာ သိခဲ့သည်။ ကိုယ့်ကိစ္စက ကိုယ့်လခကလေး မိန်းမဆီ မှန်မှန်ပြန်အပ် ပြီးပြီဟု ထင်ခဲ့သည်။

အမှန်တော့ . . . အိမ်ရှင်မများကို စိတ်ဝင်စားခဲ့သည်မှာ လူထုဒေါ်အမာ၏"ဈေး"ဆောင်းပါး ဖတ်ပြီးမှ ဖြစ်ပါသည်။

"ရွှေဒေါင်းတောင်"စာအုပ်၌ ပြန်လည်ဖော်ပြထားပါသည်။

**"မြို့ဈေး ယောက္ခမ မသိစေနဲ့ဆိုတဲ့ ပုံနိုင်းရှိပါတယ်။ မြို့ဈေးမှာ ကုန်ပစ္စည်းဟာ ကနေ့ ၂ ကျပ်ဈေးရောင်းပေမယ့် နက်ဖြန်ခါတော့ ပစ္စည်းမကျလို့ဆိုပြီး ၄ ကျပ်ဖြစ်ချင်ဖြစ်နေတာ၊ အဲဒီတော့ မနေ့က ၂ ကျပ်ပဲ ပေးရတယ်။ ကနေ့ ၄ ကျပ်ပြောရမလားလို့ ယောက္ခမလုပ်တဲ့လူက မယုံကြည်ပေဘူး။ သူ့ကို အကုန်အသီမပေးနဲ့လို့ သတိပေးတဲ့ ပုံနိုင်းပေါ့"**

လူထုဒေါ်အမာ

(ဈေး–ဆောင်းပါး)

ထိုဆောင်းပါး မဖတ်ရခင်က အိမ်ရှင်မနှင့်အိမ်ဦးနတ်တို့၏ ဆက်ဆံရေးသည် အတော်တင်းမာခဲ့ပါ၏။ ဒေါ်ဒေါ့်ဆောင်းပါး ဖတ်ရမှပင် အိမ်ရှင်မတစ်ယောက်၏ ဒုက္ခကို စာနာမိပါသည်။ ကိုယ့်ဝယ်အားကလေးနှင့် ကိုယ်ဝယ်ချင်သည့် ပစ္စည်းအမယ် ချိန်ဆ ချိန်ဆရင်း ဟိုဟာလျှော့၊ ဒီဟာလျှော့ရ၊ အလေးကမပြည့် . . . .။ ဈေးသည်နှင့် ဈေးဝယ်တို့ ဉာဏ်ကစားရပုံ ဆက်ဆံရေးစသည်ဖြင့် ထောင့်စေ့အောင် တင်ပြထားပါသည်။

ကျွန်တော်သည် မီးဖိုချောင်အသံလှိုင်းများကို နားစွင့်ရင်း အိမ်ရှင်မဆီမှ တက်ဈေး၊ တက်ဈေးကုန်ဈေးနှုန်းများနှင့် ပဋိပက္ခ၊ ရသည့်ပစ္စည်းနှင့်ပေးရသည့် တန်ဖိုး . . . မမျှတမှု၊ အတုအစစ်ပြဿနာတို့ကို နေ့စဉ်ကြားနေရ၏။

တစ်လောဆီက ကျွန်တော်ကိုယ်တိုင် ကလေးတိုက်ရန် ဘီပီအိုင်ထုတ် ဗစ်တာဖုန် အရည်ပုလင်းသွားဝယ်ပါသည်။ လွန်ခဲ့သည့် နှစ်ပတ်ခန့်က ၉၅ ကျပ် ပုလင်းသည် နောက်တစ်ခါ ဝယ်သည့်အခါ ကျပ် ၁၅၀ ဖြစ်နေသည်။ တစ်ပြားမှ မလျှော့ပါ။

ထိုအခါ ဝယ်သူကိုယ်တိုင် သံသယဖြစ်လာသည်။

"ဆရာ . . . .အရင်တစ်ခါဝယ်တာ အတုဖြစ်မှာပေါ့ . . ."

ဟုဆိုင်ရှင်က ခပ်ငေါ့ငေါ့ပြောလိုက်သည်။ကျွန်တော် ယခင်ဝယ်ခဲ့သည့် ဆိုင်ကို

ပြန်ပြောတော့ ဆရာ ကံကောင်းသတဲ့။ ယခင်က ပစ္စည်းလက်ကျန်မို့ ယခင်ဈေးနှင့်ရသတဲ့။ သူ့ပဲပြန်ကျေးဇူးတင်ခဲ့ရသေးသည်။

သည့်ပြင်ပစ္စည်းတော့ ကိစ္စမရှိ။ ဆေး . . . ကျတော့ ပြဿနာ၊ ဈေးကြီးရင်ကြီးပါစေ။ အစစ်အမှန် ပေးပါဟု ကိုယ့်ဘက်က တစ်ထစ်လျှော့ရတော့သည်။ သောက်သုံးရသည့် ကလေးကိုလည်း ပြန်ကြည့်ရသည်။ အော့ခြင်း၊ အန်ခြင်း ဖြစ်သလား၊ အတုမိပါက ဒုက္ခ၊ သံသယတွေပွား၊ ဒေါသတွေဖြစ်ရ . . .။

တန်ကြေးပေး၍ တန်ရာရရဲ့လား။

ရောင်းဈေးနှင့်ရောင်းကုန် မျှတပါရဲ့လား။

ငွေတန်ဖိုးနှင့် ပစ္စည်း၏အရည်အသွေး။

ဝယ်သူနှင့်ရောင်းသူ၊ စားသုံးသူနှင့်ထုတ်လုပ်သူ။

ဝယ်အားနှင့်ရောင်းအား။ ကုန်ထုတ်လုပ်မှု၊ ဖြန့်ချိရေးနှင့် ဈေးကွက်အနေအထား။

တရားဓမ္မ အားထုတ်သူများက တရားရှာ ကိုယ်မှာတွေ့ . . .။ လောကကြီးတစ်ခွင်၊ စကြဝဠာတွင် ဖြစ်ပျက်နေသမျှ အားလုံး မိမိကိုယ်ခန္ဓာတွင်စိုက်ပြီး ရှုကြည့်ပါဟု တိုက်တွန်းဖူးကြသည်။

ယခုလည်း မီးဖိုချောင်ဗေဒမှ မှတ်ကျောက်ယူ၍ တင်ကြည့်သည့်အခါ ကွန်တိုဇယားများ၏ အနိမ့်အမြင့် အပြန့်အကျယ်ကို တွေ့လာရလေသည်။

တကယ်တော့ ဈေးကွက်စီးပွားရေးသည် ကျွန်တော်တို့နှင့် မဝေးပါ။

သို့သော် . . . သို့သော် . . . ။

ဤ"သို့သော်"ကို မည်သို့ဆက်ရမည်နည်း . . . ။

ဆင်ခြေဖုံး၏ အစွန်ဆုံးနေရာ၌ ကျွန်တော်တို့နေပါသည်။ အများစုသည် လက်လုပ်လက်စား အလုပ်သမားများ ဖြစ်ကြ၏။ ဈေးသည်များလည်းရှိ၏။ နေရာကျယ်ကျယ်ယူကာ တံတိုင်းခတ်လျက်နေသော လုပ်ငန်းရှင်ကြီး အနည်းငယ်လည်းရှိ၏။

ကျွန်တော်သည် နေ့စဉ်အိမ်ရှင်မ၏ မီးဖိုချောင်ဗေဒကို ဆန်းစစ်ကြည့်ရင်း စည့်ခန်းနှင့်မီးဖို၏ ဆက်ဆံရေး၊ ဆက်သွယ်ရေးကို မြင်လာရ၏။ ဆန်ကုန်သည် တူမလေးနှင့် တွေ့ဆုံစကားပြောဖြစ်ရင်း ဝယ်သူနှင့်ရောင်းသူ၊ ဝယ်အားနှင့်ရောင်းအား ဈေး၏မာယာကို မြင်လာရ၏။

ရောင်းရေးဝယ်တာဆိုသည် . . . မည်သို့ပါလဲ။

လုပ်သားက သူ့လုပ်အားကို ငွေကြေးနှင့်ဖလှယ်သည်။ အလုပ်ရှင်ကလည်း သူ့ထုတ်ကုန်ပစ္စည်းကို ဖြန့်ဖြူးပြီး ဖလှယ်သည်။ ဈေးသည်ကလည်း မိမိကုန်စည်ကို ရောင်းပြီးဖလှယ်၊ ရောင်းရန်ပြန်ဝယ်။ အဆုံးအစမရှိသော ကွင်းဆက်တို့ လည်ပတ်နေကြသည်။ ကျွမ်းကျင်ရာအလိုက် ခွဲခြားလုပ်ခြင်းကပင် ဖလှယ်မှု၏ မူလဘူတဖြစ်၏။

တကယ်တော့ ဈေးကွက်စီးပွားရေးဟူသည် ဖလှယ်မှုကို ဖွံ့ဖြိုးအောင်ပြုလုပ်ခြင်းပင်ဖြစ်၏။

"ဖလှယ်မှုမရှိသော ကျွမ်းကျင်ရာအလိုက် အလုပ်ခွဲခြားလုပ်မှု သည် မိုက်မဲရာကျသည်" ဟု ဘောဂဗေဒပါရဂူ ဘိုလ်ဒင်က ဆိုခဲ့သည်။

ဖလှယ်မှုများသည် အဆင့်ဆင့်ဖွံ့ဖြိုးလာခဲ့၏။

ရှေးက ကုန်ပစ္စည်းချင်းဖလှယ်သည်။ တန်သည်ထင်လျှင် ထည်ချင်းလဲကြသည်။ ပြဿနာမရှိ။ ပိုက်ဆံပေါ်လာသည့်အခါ ပိုက်ဆံသည် အလယ်ဗဟိုက ဘုံကိန်းဖြစ်လာသည်။ ဖလှယ်မှုနှစ်ဆင့်ကွဲသွားသည်။ အဝယ်၊ အမြတ်၊ အရောင်း။ အရောင်း . . . အဝယ် . . . လုံးချာ လိုက်လာတော့သည်။

ကျွန်တော်၏ အိမ်ရှင်မသည် ရသည့်ဝင်ငွေ၊ ဝယ်ရသည့်ငွေကြေးနှင့် ရသည့်ပစ္စည်းအသုံးမမျှကြောင်း၊ လိုငွေအမြဲပြနေကြောင်း၊ မလုံလောက်ကြောင်း၊ အမြဲသတင်းပို့နေ၏။

"ကိုယ်ရတဲ့လခက နည်းတယ်။ တူမလေးသင်းသင်းတို့တောင် အလုပ်ထွက်ပြီး ဆန်အရောင်းအဝယ်လုပ်နေတယ်။ ကိုယ်ပြောခဲ့တဲ့စကား မေ့ပြီလား၊ စီးပွားကိုလိုသော် ကုန်သွယ်ဆိုတာလေ"

အိမ်ရှင်မ၏ သွေးတိုးစမ်းတင်ပြချက်ကို ကျွန်တော့်စာအုပ်စင်မှ ပညာရှင်ကြီးများသည် ထောက်ခံကြ၏။ ပေါက္ကံမောင်ချိုလား၊ ကျည်းကန်ရှင်ကြီးလား၊ ကန်တော်မင်းကျောင်းဆရာတော်တို့ ပါမည်ထင်သည်။ အိမ်ရှင်မကို ထောက်ခံကြကုန်၏။

ကိုယ်ကလည်း ကိုယ့်လခနည်းသည်ဟု ပြောတော့မခံချင်၊ ပေးရသည့်အချိန်၊ သုံးရသည့်လုပ်အား၊ ရသည့်ဝင်ငွေလခ၊ ခေတ်ကာလ ကုန်ဈေးနှုန်း၊ စားသုံးသူဦးရေမိသားစု၊ လုပ်သူဦးရေ၊ ဝင်အားထိန်းရသည့် အိမ်ထောင်နိုင်ငံငယ် . . . ။ အို . . . လုံးချာလိုက်လာပြန်သည်။

"မင်းက ငါ့လခနည်းတယ်ပြောတယ်၊ အဝေးရောက်မင်း ဦးအောင်ကြီး၊ လခ ကျပ် ၅၀ ပဲရတယ်ကွ၊ တတော်ဖတ်ဘဝက ကျပ် ၆၀ ရ သေးတယ်။ ရာထူးတိုးတော့ နည်းသွားတယ်။ ဒါပေမဲ့ အဝေးရောက်မင်း ဩဇာတယ်ကြီး

ဆိုပဲ။ ဘုရင့်ထံဆက်တဲ့ လက်ဆောင်ဆယ်ဖို့ တစ်ဖို့ရသတဲ့။ သီပေါမင်း ပါတော်မူတော့ စစ်ဗိုလ်ကြီး စလေဒင်နဲ့ ခြောက်လလောက် လိုက်နေရဆိုပဲ။ အေးလေ . . .။ သူ့လခ ဘယ်ဂရု စိုက်တော့မလဲ . . . "

ကျွန်တော်သည် အဝေးရောက်မင်းကြီး ဇာတိမာန်ထက်သန်ပုံကို ဆက်ပြောနေမိ၏။ အိမ်ရှင်မက "သူ့ပြော ဒါမျိုးချည်းပဲ"ဆိုသည့်ပုံစံဖြင့် ကျော နိုင်းသွားသည်။

ကျွန်တော်နှင့်အိမ်ရှင်မ၏ ဆက်ဆံရေးကြားထဲ၌ ကုန်ဈေးနှုန်း သည် ကန့်လန့်ခံနေ၏။

နီးမလိုလိုနှင့် နားလည်မှုမရဘဲ ဖြစ်နေသည်။

ခုံတော်မောင်ကျာဘမ်း ဖြတ်ထုံး၌ ညောင်ဦးက ပွဲစားမောင်သော် တာဆီမှ ပခုက္ကူလှေသူကြီး မောင်ရွှေဝက ငွေချေးသည်။ ချေးငွေ ငွေဒင်္ဂါး ၇၀၀ကို ယခုတစ်ခေါက် ပြန်လာလျှင် လှေပါကုန်ကို ချိန်တွယ်၍ နှိမ်ယူပါ . . . ဟုဆိုသဖြင့် လှေပါ ပါသည်ဟု ပွဲစားမောင်သော်တာက ညစ်သည်။ ပခုက္ကူလှေသူကြီး မဖြေရှင်းတတ်၍ ခုံတော်မောင်ကျာဘမ်းနှင့် တိုင်ပင်မှ လှေပါကုန်ဟု ဆိုသဖြင့် တစ်ဖက်က ပြောသည့်အတိုင်း လှေပါရပါမည်။ သို့သော် "ချိန်တွယ်၍"ဆိုသည့်စာပါသဖြင့် ချိန်တွယ်ယူရပါမည်။ လှေသည် ရေတွင်ကျက်စားရာ ပစ္စည်းဖြစ်သဖြင့် ရေတွင်ပင်ချိန်ရမည်ဟု ပြန်တရား ဆိုင်သည့်အခါတွင်မှ ပြေလည်သွားတော့သတဲ့ . . .။

ကျွန်တော်နှင့် ကုန်လုပ်ဆက်ဆံရေး။

ကျွန်တော်နှင့်အိမ်ရှင်မ။

ကျွန်တော်နှင့်ကုန်ဈေးနှုန်း။

ကျွန်တော်နှင့်ဆန်သည်တူမလေး၏ ဆွေးနွေးချက်။

ကျွန်တော်နှင့်မီးဖိုချောင်ဗေဒ။

ကျွန်တော်နှင့်ဈေးကွက်စီးပွားရေး။

ဝင်ငွေနှင့်ဝယ်အား၊ ဝယ်အားနှင့်ရောင်းကုန်။

ရောင်းကုန်နှင့်ဈေးနှုန်း၊ ဈေးနှုန်းနှင့်ငွေကြေး . . . ။

ဤပြဿနာများသည် ကျွန်တော့်အား ခေါင်းခဲစေ၏။

အထက်မှ ဖော်ပြခဲ့သည့် ဘောဂဗေဒသိဝရီသည် ဖြေရှင်းနိုင်မည် လား။ မှန်းဆကြည့်မိ၏။ သိဝရီက မဖြေရှင်းနိုင်လျှင် လှေသူကြီး မောင်ရွှေဝ ကဲ့သို့ ခုံတော်မောင်ကျာဘမ်းနှင့် တိုင်ပင် ရပေလိမ့်မည်။ ယခုအချိန်တွင် ခုံတော်မောင်ကျာဘမ်း ဘယ်အရပ်မှာ ရောက်နေသနည်း။ အင်းဝမှာလော၊ ဟံသာဝတီမှာလော၊ ရာဇဝင်မှာ ပြန်ရှာကြည့်ရလိမ့်မည်။

ခုံတော်မောင်ကျဘမ်းနှင့်တွေ့လျှင် ကျွန်တော်ငယ်ငယ်က အလွတ်ကျက်ခဲ့ရသည့် ဆရာမင်းသုဝဏ်၏ "ဂျနီဗာကန်ရိုး၌"ဆိုသော ကဗျာကလေးကိုပါ တင်ပြရလိမ့်မည်ဟု ယူဆမိ၏။ သို့မှသာ ကျွန်ုပ်တို့၏ အမှုအသွားအလာကို သဘောပေါက်ပေလိမ့်မည်။

တန်ကြေးပေး၍ တန်ရာရပါသလား။

**"တောင်မိုးနှင့်တိမ်၊**
**ရောယှက်လိမ်လျက်**
**တိမ်နှင့်တောင်မိုး၊**
**တောင်ကိုမိုး၍။**
**မိုးကိုမမြင်၊**
**ကန်ရေပြင်တွင် ငွေသွင်တိမ်ရိပ်ကူး သတည်း . . ."။**

❋

**(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၆ ခု၊ ဩဂုတ်လ)**

# အင်္ဂတေသင်္ခါရနယ်မှ အတွေးစများ

[၁]

*"မိုးရပ်ထိလု၊ သစ္စညုဟု*
*ထုကြီးထည်ကြီး၊ မြင်းမိုရ်နီးဟု*
*ချီးကျူးစရာ၊ ရှေးမြန်မာဟု*
*ပြောလာသလော၊ မင့်အပြောတွင်*
*အံ့သြအစံ၊ စိတ်ထက်သန်သည်*
*ပုဂံပြန်တို့ ထုံးစံပေါ့ . . . ။"*

**ဇော်ဂျီ**
**(ပုဂံကချာစု)**

ကျွန်တော်တို့၏ ဗိသုကာလက်ရာများ အဆောက်အအုံများ အကြောင်း တွေးလိုက်လျှင် ပုဂံကို မေ့ထား၍မရ၊ ပုဂံတွင် ကျွန်ုပ်တို့ပြစရာ ပြောစရာများစွာ ရှိသည်။

ပန်းရန်ပညာသည် ပုဂံမတည်မီကပင် ရှိပြီးဖြစ်၏။ မြန်မာလူမျိုးဟူ၍ ပေါ်ပေါက်လာချိန်တွင် ပန်းရန်အတတ်ပညာရှင်တို့သည် ဗိသုကာပညာနှင့် တွဲဖက်လျက် ပကာသနဖြစ်အောင် တင့်တင့်တယ်တယ် ဖန်တီးတည် ဆောက်လာခဲ့ကြသည်။

ပုဂံတွင် ရှေးအကျဆုံး ဖူးဘုရားစေတီသည် အထက်ပိုင်းရှူး၍ ချွန်သော်လည်း ဖောင်းရစ်မပါ၊ အောက်ခြေ၌ စိန်တောင်များ၊ အာလိန်ဆင့်များ ဆင်ယင်ထားသည်မှာ ရေဆိပ်အနားဖြစ်၍ အောက်ခြေခိုင်ခံ့စေရန် ရည်ရွယ်သည်ဟု ပညာရှင်သုတေသီတို့ ယူဆကြ၏။ စနစ်ကျနမှု၏ သရုပ်ကို မြင်ရပေသည်။

အနော်ရထာခေတ် လောကနန္ဒာနှင့် မြင်းကပါစေတီတို့မှာ အလယ်ပိုင်းတွင် သရေခေတ္တရာစေတီများကဲ့သို့ဖြစ်၍ အနော်ရထာ၏ ပုဂံရွှေဆံတော်စေတီပုံမှာ ပုဂံပန်းရန် အနုပညာနှင့် ဗိသုကာသဘောများ ပါဝင်လာလျက် စေတီတော်ဖိနပ်တွင် ပစ္စယာခံခြင်း၊ အထက်သို့နတ်လှေကားတပ်ဆင်ခြင်း၊ စေတီလုံး၌ ဖောင်းရစ်များထည့်ခြင်းတို့ဖြင့် တိုးတက်လာသည်ကို တွေ့ရသည်ဟု သုတေသီတို့ တင်ပြကြ၏။

ပုဂံခေတ်ကုန်လောက်အထိ သစ်ကြီးဝါးကြီးဖြင့် ဆောက်လုပ်သည့် ဗိသုကာပညာရပ် ထွန်းကားမှုမရှိခဲ့သော်လည်း အုတ်၊ အင်္ဂတေ၊ ကျောက်တို့ဖြင့် တည်ဆောက်ခဲ့သော ကုလားကျောင်း၊ ဇရပ်၊ တင်းကုပ်၊ တရားအိမ်စသော အဆောက်အအုံများနှင့်တကွ စေတီ၊ ဂူကျောင်း၊ ပုထိုးများ ယခုတိုင်ရှိပေ၏။

ရာဇဝင်အရ ပင်းယခေတ်လောက်မှစ၍ စံကားသားဖြင့် တည်ဆောက်သည့် စံကားခုနစ်ကျောင်းနှင့်တကွ သစ်ဝါးအရန် ကျောင်းသုံးရာ တည်ဆောက်သည်ဟု ဆိုပါသည်။ ထို့နောက်မှ ကုန်းဘောင်ခေတ်တစ်လျှောက်တွင် သစ်ကြီးဝါးကြီးတို့ဖြင့် အဆောက်အအုံများ ဆောက်လုပ်ခဲ့ကြကြောင်း သိရှိရသည်။

စေတီ၊ ပုထိုး၊ အဆောက်အအုံတို့၏ အနေအထားအခြေအနေကို သုံးသပ်၍ ထိုခေတ်ထိုကာလ၏ တိုင်းပြည်အခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးစသည်ဖြင့် ပညာရှင်များ ခန့်မှန်းသုံးသပ်ကြသည်။ အောက်ခြေခိုင်ခံ့မှ အထက်အဆောက်အအုံခိုင်ခံ့သည်။ပုဂံစေတီ၊ ပုထိုးတို့၏ စနစ်ပုံများက များစွာသက်သေခံနေပေ၏။

တကောင်းအဘိရာဇာခေတ် . . . ကံရာဇာကြီး၊ ကံရာဇာငယ်တို့ တဲနန်း အပြိုင်ဆောက်ကြရာ တကယ်သစ်ကြီးဝါးကြီးဖြင့် အမှန်အကန်ဆောက်သည့် ကံရာဇာကြီးက ရှုံးပြီး ကလိမ်ကကျစ်ဖြင့် ရုပ်ပြသာ ဝါးသေးသစ်သေးဖြင့် ဆောက်လုပ်သည့် ကံရာဇာငယ် အနိုင်ရရှိကြောင်း ကြားဖူးကြပေလိမ့်မည်။

သရေခေတ္တရာခေတ်ကလည်း ရှိခဲ့ဖူး၏။

သရေခေတ္တရာမင်းဆက် ၂၇ ဆက်မြောက်တွင် သရေခေတ္တရာပျက်သည်။ ပျူ၊ ကမ်းယံ၊ မြန်မာ သုံးစုကွဲကြရာ ပျူနှင့်ကမ်းယံတို့ စစ်ဖြစ်ကြသည်။ ဒိုလ်ပါများသူ နိုင်စတမ်းကတိထားပြီး နောက်လိုက်များကြောင်းပြရန် ပုထိုးအပြိုင် တည်ဆောက်ကြသည်။ အလျင်ပြီးသူက နိုင်စတမ်း။

ပျူတို့က သရေခေတ္တရာ၏ အနောက်ဘက်၊ ကမ်းယံတို့က မြောက်ဘက်မှာတည်ကြသည်။ ကမ်းယံတို့က ပုထိုးကို အုတ်၊ အင်္ဂတေတို့ဖြင့်

အပီအပြင် တည်ဆောက်သည်။ ဤသည်ကို ပျူတို့သိပြီး အမြန်ပြီးစီးကြောင်း ပြရန် ပုထိုးအတုတည်သည်။ ပုဆိုးအဖြူရစ်ပတ်ပြီး ထီးတင်ကြသည်။ ထိုပုထိုးအတုကို ကမ်းယံတို့မြင်ပြီး ပုထိုးအစစ်ထင်ကာ မိမိတို့ရှုံးပြီဟု ယူဆပြီး ထွက်ပြေးကြကြောင်း "ရာဇဝံသ ဇာလိနီကျမ်း"တွင် တွေ့ရသည်ဟု ဆရာကြီး ဒဂုန်နတ်ရှင် ဖော်ထုတ်ခဲ့ဖူးပေသည်။

၂။

"ကောက်ရိုးလည်း အနိစ္စတရားနှင့်မကင်း
သံလည်း အနိစ္စတရားနှင့်မကင်း၊
သို့ရာတွင်
မကင်းခြင်း တူကြပါသော်လည်း
ကောက်ရိုးသည် အပျက်လွယ်သည်
သံသည် တာရှည်ခံသည် . . .။"

ဇော်ဂျီ

(ခရီးသည်စာအုပ်မှ)

အင်္ဂလိပ်ခေတ်၊ ဖ-ဆ-ပ-လ ခေတ်တစ်လျှောက်၌ အနောက်သို့ ခရီးသွားသူတို့ တင်းကျမ်းဖြစ်ခဲ့ကြသည်။ ၁၉၃၈ခုနှစ်တွင် ဆရာဇော်ဂျီသည် ဘိလပ် နိုင်ငံသို့ ပညာတော်သင် သွားရောက်ခဲ့ဖူးသည်။

နှစ်နှစ်တာကြာခဲ့ပါ၏။ မြန်မာနိုင်ငံသို့ပြန်ရောက်သည့်အခါ ဘိလပ် နိုင်ငံအကြောင်း ဝိုင်းမေးကြသည်။ အချို့က စစ်အကြောင်း၊ အချို့က ဘိလပ် ဓလေ့ထုံးစံ၊ အချို့က ဘိလပ်အပျော်အရွှင်၊ အချို့က ဘိလပ်ပေါင်းသင်း ဆက်ဆံမှု စသည်ဖြင့်စုံစမ်းကြသဖြင့် ဆရာသည် အခါအားလျော်စွာ ထိုခေတ် စာနယ်ဇင်းများတွင် ခရီးသွားအတွေ့အကြုံတို့ကို ရေးသားခဲ့သည်။

ထိုရေးသားချက်များမှ ဘိလပ်နိုင်ငံ၏ အနေအထား နိုင်ငံသားတို့၏ သဘောသဘာဝ စသည်တို့ကို ဆရာရေးပြခဲ့သည်။ ဆရာ၏ "ကောက်ရိုး သခ်ါရ၊ သံ သခ်ါရ"ဆောင်းပါးသည် သူတို့နိုင်ငံ၏ အတုယူဖွယ်တို့ကို စေတနာရှေ့ထား၍ ဆရာတင်ပြခဲ့ခြင်းဖြစ်ပါသည်။ မဖွံ့ဖြိုး မတိုးတက်သေး သော ထိုခေတ်ထိုအခါ လွတ်လပ်ရေးပင် မရသေးသော ထိုခေတ်ထိုအခါက မြန်မာနိုင်ငံ၏ အခြေအနေသည် ရှာငယ်ဇနပုဒ် မီးကလေးမှိတ်တုတ် အခြေ အနေပင် ဖြစ်ပေလိမ့်မည်ဟု မှန်းဆကြည့်ရ၏။

ထိုအချိန်က ကျွန်တော်တို့ပင် လူမဖြစ်ကြသေး၊ ကျွန်တော်တို့ကား လွတ်လပ်ရေးမရခင် ဗိုလ်ချုပ်တို့ကျဆုံးပြီးမှ လူဖြစ်လာကြသော လူကြီး လူကောင်းများဖြစ်ကြပါ၏။

ထိုအချိန်က ကျွန်တော်တို့၏ ဝန်းကျင်သည် ဆရာဇော်ဂျီပြောသည့် ကောက်ရိုးသခ်ါရဝန်းကျင်သာဖြစ်ပါသေး၏။

ယနေ့ကာလတွင်ကား မိုးမြင့်တိုက်တာ အဆောက်အအုံများကို မြင်တွေ့နေရပြီ။ အများနှင့်သက်ဆိုင်သော ပုဂ္ဂလိကဘဏ်တိုက်၊ တိုက်ဟောင်း အဆွေး ရှေ့သိုတက်ကို ဖြိုဖျက်၍ မြေအုတ်တို့ပြိုလေရာ စဥ့်အုတ်၊ စက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက်သော တိုက်တာများ၊ ဓနိမိုး၊ သက်ငယ်မိုး၊ သွပ်မိုး၊ လမ်းမ လမ်းသွယ် အသွယ်သွယ်ဆင်ခြေဖုံးတို့အား ပြောင်းရွှေ့ဖြိုဖျက် အစားထိုး၊ ဆေးပေးဆန်ယူ၊ ဆန်ကွဲပေးဖွဲရ၊ သားမက်ပေးသမီးရ၊ ကန်ထရိုက် တိုက်တာအသစ်များ၊ ကာရာအိုကေယဉ်ကျေးမှု လှိုင်လှိုင်ဝေသော ခေတ်မီဟိုတယ်မိုတယ်များ၊ ကော်ပြောဗျူဟာ ဆိုင်းဘုတ်ကြီးများ၊ ဂြိုဟ်တုစလောင်းကြီးများ၊ စူပါမတ်ကက်၊ မီနီမတ်ကက်၊ရောင်စုံနီယွန်များ၊ ဖက်စပ်ကုမ္ပဏီများ၊ စီးပွားရေးဈေးကွက်၊ ဈေးကွက် စီးပွားရေး အဆင်းလှလှ မီးနှစ်ဝဖြင့် နည်းကျအောင် မြိုင်မြိုင်ထွန်းပါပြီ။ ဆွမ်းဘောဇဉ် စုံစွာအရှိကို ဘုဉ္စာဟိကြရန်သာ ဖြစ်ပေတော့၏။

ဆရာဇော်ဂျီ မျှော်မှန်းခဲ့သည့် သံသခ်ါရနယ်သို့ ဝင်လာလေပြီလားဟု ကျွန်တော်သည် မှန်းဆကြည့်မိ၏။

တကယ်တော့ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီကတည်းက ရန်ကုန်မြို့တွင် ထုတ်လုပ်ရောင်းချခဲ့သော ကုန်ပဒေသာ တိုက်ဆိုင်ကြီးများ ရှိပြီးဖြစ်၏။ ထိုတိုက်ဆိုင်ကြီးများအနက် ရိုးကုမ္ပဏီ၊ ပို့က်တဝေးနှင့် ဝပ်ဆင်အင်ဆန်းလီမိတက် အစရှိသော တိုက်ဆိုင်ကြီးများမှာ မြန်မာပြည်တွင် အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး ဖြစ်သည်ဟုဆို၏။

ပို့က်တဝေးကုမ္ပဏီကြီးမှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ သီသီကလေးအလိုတွင် ပိတ်လိုက်ရပြီး ယနေ့အထိ ပြန်မဖွင့်နိုင်တော့။

ဒုတိယကမ္ဘာစစ် ဖြစ်ပွားပြီးစ ၁၉၄၁ ခု၊ ဒီဇင်ဘာ ၂၃ ရက် ဂျပန်လေယာဉ်ပျံများ ရန်ကုန်မြို့ ဖုံးကြံတိုက်ခိုက်ရာ ဝပ်ဆင်အင်ဆန်း ကုန်ပဒေသာတိုက်ရှိ သူဌေးဇနီးမောင်နှံ စက်သေနတ် ထိမှန်သေဆုံးခဲ့သည်။ ထိုအချိန်မှစ၍ ဝပ်ဆင်အင်ဆန်းလီမိတက်ကုမ္ပဏီလည်း ပြန်မဖွင့်နိုင်ခဲ့။

ဒုတိယကမ္ဘာစစ်ပြီးနောက် ကုမ္ပဏီတိုက်ဆိုင်ကြီးများ ပြန်ဖွင့်သော်လည်း အရှုံးပေါ်သည်ဟုဆိုကာ မြန်မာတိုင်းရင်းသားအချို့ကို အပြီးအပြတ် ရောင်းချလိုက်သည်ဟု ကြားသိရ၏။ ရန်ကုန်မြို့၊ ပန်းဆိုးတန်းရှိ ယခင် ဝပ်ဆင်အင်ဆန်းတိုက်နေရာတွင် မြန်မာအမျိုးသားထဲမှ "ဦးထွန်းစိန်" ဆိုသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးက "စိန်ဘရားသား"ဟူသောအမည်ဖြင့် အလွန်

ကြီးကျယ်ခမ်းနားလှသော မြန်မာအမျိုးသားပိုင် ကုန်ပဒေသာ တိုက်ကြီးတစ်တိုက်ကို ဖွင့်လှစ်ထားခဲ့လေသည်။

ဤကား ကျွန်ုပ်တို့ မြန်မာပြည်တွင် အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးနှင့် ကုန်ပစ္စည်းအမျိုးပေါင်း အစုံလင်ဆုံးသော ကုန်ပဒေသာ တိုက်ဆိုင်ကြီးပင်ဖြစ်ကြောင်း ရှေးမီနောက်မီပုဂ္ဂိုလ်ကြီးတစ်ဦးက ပြောပြခဲ့ပေ၏။

ကျွန်တော်သည် သရေခေတ္တရာခေတ်၊ ပုဂံခေတ်ဆီ မှန်းဆကြည့်လိုက်၊ ဒုတိယကမ္ဘာစစ်မတိုင်မီ ရန်ကုန်မြို့၏အနေအထား ကြားဖူးနားဝဖြင့် စိတ်ကူးကြည့်လိုက်ရင်း ယနေ့ ပြုဆဲ၊ ပြုပြီး၊ ပြုစ တိုက်မြင့်မြို့ပြမြင်ကွင်းဆီ ငေးမိပြန်သည်။

ကျွန်တော်တို့ ဖြတ်သန်းဆဲအခါ၌ ဤမျှပြုလာသည်ဆိုလျှင် ကျွန်ုပ်တို့၏ နောင်လာနောက်သားတို့ကား သံသရာ၌ ရ လူကြီးလူကောင်းများ ဖြစ်ကြပေတော့မည်ဟု တစ်ဖန် ပီတိပြုမိပြန်ပါသည်။

အဆောက်အအုံကာလကို ဖြတ်သန်းနေဆဲ၌ ကျွန်ုပ်တို့မြို့ပြ၏ မြင်ကွင်းသည် မိုးထိုးသေတ္တာကြီးများ ထောင်လျက်တချို့၊ တွဲလျက်တချို့၊ ဆင်တူဆင်ကွဲ အခန်းခန်း အဆောင်ဆောင် အကောင်အထည်ပေါ်သည်လည်းရှိ၊ မပေါ်သေးသည်လည်းရှိ၊ တချို့လည်းတည်ဆောက်နေဆဲ၊ တချို့လည်း ကန်ထရိုက်အဖြစ် ဆောက်၍ မပြီးမီ ပြိုလေသောသတင်း၊ တချို့လည်း ဘေးပတ်လည် သွပ်ပြား ဝိုင်းခတ်လျက် အပေါ်ထပ်အဆောက်အအုံကြီး နိုင်ခံ့စေရန် အုတ်မြစ်ချရမည့် အောက်ခြေချိုင့်ဝှမ်းကြီးများကို မြင်တွေ့နေရ၏။ လည်လွန်းသော ကမ္ဘာလုံးကြီး အရှိန်ကြောင့် အချိန်ကြာလာသည့်အခါ ဘဲဥပုံသဏ္ဌာန် ရှည်မျောမျောဖြစ်သကဲ့သို့ မဆလာမွှေစက်ကြီးများ၊ ကောင်းကင်ယံမှာငါကွဆို ဟစ်ကြွေးနေသည့် ဝန်ချီစက်ကြီးများလည်း တွေ့နေရ၏။ မိုးခြိမ်းသံကို စိန်ခေါ်လျက် တဂျိုင်းဂျိုင်း မြည်နေသော ဆောင့်စက် ဖိစက်ကြီးများ အသံကိုလည်းကြားနေရ၏။

အဆောက်အအုံဟောင်းကြီးများကို ဖြိုဖျက်ရာအတွင်းမှ အနှာတော်မီ သံထည်ကြီးများကို တအံ့တသြ ငေးမိသူတွေလည်းတွေ့ရ၏။ နောက်ထပ်ဆောက်မည့် အတွင်းသံထည်သည် အဟောင်းလောက် ကောင်းပါ့မလားဟု စိုးရိမ်ကြောင့်ကြသူတွေကိုလည်း တွေ့ရ၏။ ရေကန်ကျယ်ကြီးတမျှ အောက်ခြေချိုင့်ဝှမ်းကြီးတွေ ဘယ်တော့ပြည့်ပါ့မလဲဟု မျှော်မောသူတွေကိုလည်း တွေ့ရ၏။ အုတ်မြစ်အောက်ခြေ ချိုင့်ဝှမ်းနက်ကျယ်ကြီးထဲမှ မှုန်ရွှရွ ကျား/ မ လုပ်သား ပုရွက်ဆိတ်ကလေးများကို ကားပေါ်မှ လှမ်းမြင်ရသည့်အခါ ဂျက်လန်ဒန်၏ "ချောက်ကမ်းပါးကြီးထဲမှ လူသားများ"ကို သတိရမိပေ၏။

သူတို့ကား အပေါ်ထပ် အဆောက်အအုံကြီး ခိုင်ခံ့ရန်အတွက် ကြိုးပမ်းလုပ်ဆောင်နေကြသော မြို့ပြဇာတ်ဝင်ခန်းမှ ဇာတ်ဆောင်များ ဖြစ်ကြပေသည်။

**"ရွှရွှပုသေး၊ အောက်အဝေး၌**
**တိုးပြေးဖြတ်သွား၊ ကားပုတီးစေ့**
**သီကုံးကွေ့ဝေ့၊ ရွေ့လျားဟန်ကို**
**မိုးပျံတိုက်မြင့်၊ နှစ်ဆယ်ဆင့်မှ**
**ခဏ်သင့်ယှဲ့နှမ်း၊ စိတ်မောပန်းလျ . . ."**

ကျွန်တော်တို့က တည်ဆောက်ဆဲအခြေပြုစ အောက်ခြေရိုင့်ဝှမ်းထဲမှ ပုရွက်ဆိတ်လုပ်သားများကို မြင်နေရချိန်တွင် တော်တော်စောစောပိုင်းကတည်းက ကဗျာဆရာမ ကြည်အေးသည် နိုင်ငံရပ်ခြား မြို့ကြီးတစ်မြို့၏ မိုးထိုးတိုက်မြင့်ကြီး ပေါ်ရောက်နေခဲ့၏။ မိုးထိုးတိုက်မြင့်ကြီးပေါ်ဝယ် အထီးကျန်ခံစားနေရဟန်၊ ကားတန်းကြီးကို ပုတီးစေ့ကလေးများ သီထားဟန်၊ လူများကို ပုရွသေးသေးမြင်ရဟန် ပထမအမြင်ကို ဖွဲ့ခဲ့သည်။

တကယ်တော့ ကျွန်တော်တို့သည် ကျွန်တော်တို့မြို့ပြ၏ မျက်မှောက်အနေအထားအရ အပေါ်ထပ်အဆောက်အအုံခိုင်ခံ့ဖို့ အောက်ခြေနက်ရှိုင်းချောက်ကြီးထဲမှ လူသားများမြင်ကွင်းကိုသာ မြင်နေရသည်မဟုတ်၊ တည်ဆောက်ဆဲ ရုပ်လုံးပီပြင်လာသော မိုးပျံတိုက်မြင့်ကြီး၏ အထက်ပိုင်းဆီမှ ပုရွလုပ်သားပုရွက်ဆိတ်များကိုလည်း တိုက်ကြီးငြမ်းများပေါ်ဝယ် သက်စွန့်ဆံဖျားအိုဘယ့်လူသားအဖြစ် တွေ့မြင်ရပေ၏။ပတ်ရုံလျက် ကာကွယ်ပိုက်များကိုလည်း တွေ့ရ၏။ မြင်ကွင်းများမှာ အံ့သြဘနန်း အသည်းတယားယားဖြစ်ရ၏။ အချို့အဆောက် အအုံကြီးများကား ပီပြင်နေပေပြီ။ ရောင်စုံမီးများကာရာအိုကေ တီးလုံးများ မြိုင်ဆိုင်နေကြပြီ။ ရယ်သံမောသံ၊ ဖွန်းသံ၊ ပန်းကန်သံ၊ ဝိုင်းဖွဲ့ဟန်များ . . .။

ကျွန်တော်တို့၏ မြို့ပြသရုပ်သည် အင်္ဂတေသင်္ခါရနယ်ဏ် ခြေလှမ်းဆဲပင်ဖြစ်သော်လည်း သံသင်္ခါရ မြို့ပြကြီးဆီမှ ခံစားချက်ကိုလည်း ကဗျာဆရာမ ကြည်အေးဖော်ထုတ်ခဲ့သေး၏။

**"လမ်းမ ညပ်ရှုပ်၊**
**နှစ်မြုပ်နှင်းကြား၊ စားသွားရှုဟန်**
**အဖုံးလန်ဖွာ၊ တံဆိပ်ပြာနှင့်**
**ဘီယာဘူးခွံ၊ နှင်းတောကျွံခဲ့**
**မြရွှန်ပြတ်ဖန်၊ ပုလင်းမှန်ကွဲ**
**ထိပ်ပြဲဖိနပ်၊ ဆင်းရဲရုပ်ကွက်**

ရောဂါပျက်ထူ၊ ရုပ်ဆိုးမှုမှ
ရယ်ဆူလူသံ၊ တစ်ပွဲညံတတ်
သန်းတန်ကလပ်၊ လူမကပ်ဝံ့
အမြတ်ဆုံးဟူသည်၊ ဒေါ်လာမည်၏ . . ."

ကြည်အေး

ကျွန်တော်သည် ကျွန်ုပ်တို့မြို့ပြ၏ တည်ဆောက်ဆဲ မြင်ကွင်း နှစ်ရပ်ကို တစ်လှည့်စီ ငေးကောင်းနေခိုက် ထိပ်ပြဖိနပ်စီးရသည့် ဆင်းရဲရပ်ကွက်နှင့် ရယ်ဆူလူသံတို့ဝေလျက် သာမန်လူတို့မကပ်ဝံ့၊ မင်းကြိုက်စိုးကြိုက်၊ ကာလသားများနှင့် လားလားမျှ မထိုက်သည့် သန်းတန်ကလပ်ကို လှပ်ပြလိုက်သည့်အခါ တုန်လှုပ်သွားမိပေ၏။

"တရားမဲ့ကင်း၊ ညစ်ပတ်ခြင်းကို
နှင်းခင်းဖုံးကွယ်၊ နိုင်ငံကျယ်စွ
ကြွယ်ဟန်ဆောင်သည်
နှင်းမှောင်ကန္တာရတကား . . ."

ဟု ကဗျာဆရာမသည် ညည်းလိုက်သည်။

[၃]

ကျွန်တော်သည် ကျွန်တော်တို့၏ မျက်မြင်မြို့ပြ မြင်ကွင်းများနှင့် ဘိုးဘွားဘီဘင်တို့ခေတ်အခါ ဒုတိယကမ္ဘာစစ်မတိုင်မီ မြင်ကွင်း . . .။ မြို့ကြီးပြကြီးအဝေးဆီက ခံစားချက်များကို တစ်သီကြီးနှိုင်းယှဉ်ကြည့်မိသည့်အခါ သံသခ်ါရ နယ်ထဲမှ ကောက်ရိုးသင်္ခါရ၊ ကုဋ္ဌာရုံအပေါ်ယံမြင်ကွင်း၏နောက်မှ အနိဋ္ဌာရုံမြင် ကွင်းများ . . .၊ ကံရာဇာကြီး၊ ကံရာဇာငယ်တို့၏ သင်ခန်းစာ၊ ပျူနှင့်ကမ်းယံတို့၏ ရာဇဝင်စာမျက်နှာ၊ အသီးသီးမြင်လာရသည့်အခါ ရင်တွင်းမေးခွန်းများ ထပ်လာသည် . . .။

ကံရာဇာကြီးလော၊
ကံရာဇာငယ်လော . . .။
ပျူလော၊ ကမ်းယံလော . . .။
ကောက်ရိုးသင်္ခါရလော၊
သံသခ်ါရလော . . .။

အင်္ဂတေ သင်္ခါရနယ်မှ လူသားတစ်ယောက်၏ ခြေဖျားထောက်မှုကို ကျွန်ုပ်တို့၏ နောင်လာနောက်သားများသည် မည်ကဲ့သို့သုံးသပ်ကြမည်နည်း။

✹

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း။ ၁၉၉၆ ခု၊ စက်တင်ဘာလ)

## သစ်ပင် သစ်တောနှင့် ချစ်သောငယ်ဘဝ

*"ကျွန်သားကိုယ်၊ ပန်းပြားပင်ခန့်မျှ မလိမ္မာချေ၊*
*သစ်ပင်ကြီးကဲ့သို့ကျင့်၍ ဤသို့ဖြစ်ရချေသည် . . ."*

**အမတ်ကြီး ရာဇသင်္ကြံ**

မားမတ်သော သစ်ပင်ကြီးများကိုတွေ့လျှင် ပုဂံခေတ်မှ အမတ်ကြီး ရာဇသင်္ကြံ၏ သံဝေဂကို သတိရမိပေ၏။ ဆင်ခြင်တုံတရား၊ သတိနှင့် ယှဉ်သောသံဝေဂသည် နှောင်တမဟုတ်ချေ။

ဤပုဂံရာဇဝင်တစ်ကွက်ကို ကြားဖူးသူ၊ ဖတ်ဖူးသူများကြပါလိမ့်မည်။

သီဟသူကိုနန်းချ၍နရသီဟပတေ့မင်းသားကို အမတ်ကြီးရာဇသင်္ကြံ နန်းတင်ခဲ့သည်။ နရသီဟပတေ့သည် မင်းအဖြစ်ကိုရလျှင် မေ့လျော့ပြီး အမတ်ကြီးကို မပြုမစုဘဲနေသည်။ အမတ်ကြီး ရာဇသင်္ကြံနှစ်စိတ်နာ၍ တစ်နေ့တွင် ပန်းကပ်ပဲ့(ကွမ်းကလပ်အပဲ့)ကို ကိုင်၍ နန်းတော်သို့ဝင်သည်။ "အဘိုး- အဘယ်ကြောင့် ပန်းကပ်ပဲ့ကို စားသနည်း"ဟု နရသီဟပတေ့မင်းမေးလျှင် "အရှင့်သားပန်းပွတ်သည် သားမြေးတို့ သူကောင်းဖြစ်၍ ပွတ်ပါမည့်သူ မရှိသောကြောင့် ပန်းကပ်ပဲ့ကို စားရသည်"ဟု လျှောက်လေ၏။

နရသီဟပတေ့မင်းလည်း အမတ်ကြီးစကား ကြားရသောအခါ နှလုံးနာတော်မူ၏။ ထို့ကြောင့် "ဂူထွတ်ကို တင်သည့်အခါ ဘယ်သို့ပြုသနည်း"၊ "ငြမ်းဆင်ရသည်"ရာဇသင်္ကြံဖြေ၏။ "ဂူထွတ်အထက်ရောက်ပြီး ဘယ်သို့ပြုသနည်း" "ငြမ်းကိုဖျက်ရသည်" အမတ်ကြီးဖြေသော် "ရာဇသင်္ကြံကား ငြမ်းနှင့်တူသည်၊ နရသီဟပတေ့သည် ဂူထွတ်နှင့်တူသည်၊ ငါမင်းအဖြစ်ရောက်ပြီ၊ ငြမ်းနှင့်တူသော ရာဇသင်္ကြံကို ဖျက်မှဂူထွတ်တင့်တယ်မည်"ဟု ဆို၍ အမတ်ကြီး၏စည်းစိမ်တို့ကို ရုပ်သိမ်းကာ ဒလမြို့သို့ပို့စေ၏။

လမ်းခရီး၌ လေပြင်းကြီးတိုက်၍ သစ်ပင်ကြီးများ ကျိုးပဲ့ကုန်၏။ ပန်းပြားပင်များမှာ ဟိုသည်ယိမ်း၍ မကျိုးမပဲ့ . . . ။

ဤအဖြစ်ကိုမြင်၍ အမတ်ကြီးရာဇသင်္ကြံ သံဝေဂယူခြင်းဖြစ်သည်။

အမတ်ကြီးမရှိပြီကြား၍ နောက်ပိုင်းမဏ္ဍဂီရိစားတို့ ပုန်ကန်သောင်းကျန်း၏။ မုတ္တမစား ငနွယ်မြေးငရွှေလည်း ခြားနားရိုင်းပျ၏။

ထိုအခါ နရသီဟပတေ့မင်းကြီးမှာ တိုင်ပင်ဖော်ပညာရှိ အမတ်မရှိ။ မိဖုရားစော၏ အကြံပေးချက်အရ ရာဇသင်္ကြံကို ပြန်ခေါ်ရသည်။ မိမိကို အမြင့်တင်ပေးစဉ်က မာန်ရှိန်တက်ခဲ့သော နရသီဟပတေ့ ခလုတ်ထိမှ အမိတဆိုသကဲ့သို့ အရေးရောက်မှ ပညာရှိကို ဆည်းကပ်ခေါ်တော်မူရသည်။

ပုဂံခေတ် ဤရာဇဝင်တစ်ကွက်သည် ကျွန်တော့်စိတ်၌ စွဲထင်နေ၏။ သူ့ကိုယ်သူ ပန်းပြားပင်ခန့်မျှ မလိမ္မာဟု သံဝေဂယူသော်လည်း အမတ်ကြီးသည် ပန်းပြားပင်ကဲ့သို့ ကျင့်မည့်သူမဟုတ်ကြောင်း ထင်ရှားပေသည်။ လေပြင်းမုန်တိုင်းတို့၏ သဘော၊ သစ်ပင်ကြီးတို့၏ ဖြစ်တတ်ပုံ၊ ပန်းပြားပင်၏ သရုပ်တို့သည် ရာဇဝင်၌ စာတင်ခဲ့ပေ၏။

ဤ၌စဉ်းစားစရာဖြစ်လာသည်မှာ ပန်းပြားပင်သည် နှစ်ရှည်ခံပင်လောဟူသော ပြဿနာဖြစ်၏။ လေပြင်းမုန်တိုင်း တိုက်ချိန်၌ အလိုက်သင့်လေယူရာယိမ်း၍ မကျိုးမပဲ့ရှိသည်မှာ ပန်းပြားပင်၏ သရုပ်သကန်ဖြစ်၏။ သို့သော် သူ့သက်တမ်း မည်မျှရှည်သနည်း။ ရုက္ခဗေဒ၌ ပန်းပြားပင်သည် သက်တမ်းရှည်မျိုးဖြစ်သည်ပင် ဆိုစေဦး သူ့သမိုင်းကား ပန်းပြားပင်သမိုင်းသာ ဖြစ်ချေ၏။

ပန်းပြားပင်၏ သမိုင်းကြောင်းနှင့် မားမတ်သစ်ပင်ကြီးတို့၏ ကွဲပြားသော သမိုင်းနှစ်ရပ်၌ ကျွန်တော်တို့သည် မည်သည့်စီးကြောင်းမှာ မျောပါနေဘိသနည်း။

မနှစ်က အမေ့ရွာအပြန်တွင် အမေ့ခြံ၌ အုန်းပင်၊ သရက်ပင်၊ ပိန္နဲပင်တို့ ထီးထီးမားမား တွေ့ရ၏။ သီးချိန်ပေါ်ချိန်၌ သူ့အသီးအပွင့်ကို စားသုံးရ၏။ ပိုလျှံ၍ ရောင်းချရ၏။ ဤအပင်တို့ကို အမေ့၏ ဖခင်၊ ကျွန်တော်တို့၏ အဘိုးစိုက်ခဲ့သည် ဆို၏။ ပိန္နဲသီးကြီး ကြီးလှချိုလှ၍ အားပါးတရ ပြောမိသည့်အခါ အမေသည် အဘိုးစိုက်ခဲ့ကြောင်း ဂုဏ်ယူပြောပြသည်။

"နင်တို့အဘိုး စိုက်ခဲ့လို့ ငါတို့လက်ထက်၊ နင်တို့လက်ထက် ကောင်းကောင်းစားရတာပေါ့၊ အဲဒီအပင်ကြီး စိုက်တုန်းက မှတ်မိသေးတယ်။ ငါနဲ့တစ်ရွယ်၊ ငါက ခရမ်းချဉ်စိုက်မလို့ မြောင်းဖော်ပြီးပြီ။ အဖေက မျိုးကောင်းလွန်းလို့ဆိုပြီး သူ့အပင်ကြီး အတင်းစိုက်တာ။ အခုတော့လည်း တို့စားနေရတာပေါ့ကွာ

ကျွန်တော်သည် ပိန္နဲသီးကိုလည်း ကြိုက်၏။ ခရမ်းချဉ်သီး၏ အသုံးဝင်ပုံကိုလည်း သတိပြုမိ၏။ ထို့ကြောင့် အမေ့ကို စောဒကတက်မိသည်။

"အဲဒီတော့ . . . ခရမ်းချဉ်သီး မစိုက်ရတော့ဘူးလားအမေ . . . "

"စိုက်တော့စိုက်ရတာပေါ့ကွာ၊ ဒါပေမဲ့ ခရမ်းချဉ်က ရာသီပင် ဆိုတော့ နွေဘက်ကိုင်းပေါ်ချိန် ကွင်းထဲမှာစိုက်ရတာပေါ့။ သူ့နေရာနဲ့သူ၊ သူ့အချိန် နဲ့သူပေါ့ . . ."

အမေ့ဆီမှ စဉ်းစားစရာများစွာ ရလိုက်ပါသည်။ ပုဂံရာဇဝင်၏ သစ်ပင်ကြီး၊ ပန်းပြားပင်တို့သဘောနှင့် အမေ့ပိန္နဲ၊ ခရမ်းချဉ်တို့၏ သဘာဝကို ကျွန်တော်နှိုင်းယှဉ်စဉ်းစားမိ၏။ ထိုအကြောင်းကို ဆရာတစ်ဦးနှင့် စကားစ ဖြစ်ရာ– "မင်းဆိုချင်တာက ပန်းပြားပင်ဟာ ရာသီပင်ရဲ့သဘောလို့ ဆိုချင် သလား။ မှန်တိုင်းရဲ့အချိန်ကာလကရော . . . .။ အဆိုတစ်ရပ်ရှိတယ်ကွ၊ သစ်ပင်တစ်ပင်ချင်းကိုလည်း ကြည့်ပါ။ သစ်တောကြီးကိုလည်း ကြည့်ပါတဲ့"

## ၂။

**"သစ်တောက ချစ်စရာမှောင်မည်း**
**နက်ရှိုင်းလှသနဲ့ . . .။**
**ဒါပေမယ့်ငါ့မှာ ကတိပေးထားတာလေးတွေ**
**ရှိသေးတယ်။**
**နောက်ပြီး ငါမအိပ်ခင် မိုင်ပေါင်းများစွာ**
**သွားရဦးမှာပါကလား . . . "**

**ရောဘတ်ဖရော့(စ်)**

သစ်တောကြီးအကြောင်း စဉ်းစားလိုက်တိုင်း ရောဘတ်ဖရော့(စ်)၏ ကဗျာတစ်ပုဒ်ကို သတိရမိ၏။ မှောင်မည်းနက်ရှိုင်းနေသော သစ်တောကို ချစ်စရာဟု ကဗျာဆရာက သုံးထားသည်။

ဘာကြောင့် သုံးထားပါသလဲ၊ ဤသည်ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အဖြေရှာကြည့်ချင်မိသည်။ ရှေးမြန်မာမင်းများလက်ထက်အခါက တိုင်း တစ်ပါးနှင့် ကူးသန်းရောင်းဝယ်မှု နည်းခဲ့ကြသည်။ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို ကြိုးပမ်းထုတ်လုပ်မှု မရှိသလောက်ပင်ဖြစ်ခဲ့သည်။

ဘုရင်မင်းများအတွက် ဘုန်းတန်ခိုးအလျောက် ရရှိသည်ဟု ယူဆ ကြသော ရွှေ၊ ငွေ၊ စိန်ကျောက်၊ ပတ္တမြား စသောတွင်းထွက်ရတနာ အချို့သာ လှူယ်ကူစွာသိမ်းဆည်းခဲ့ကြသည်၊ အိမ်နီးနားချင်းမင်းများနှင့် လက်ဆောင်ပဏ္ဏာ အလဲအလှယ် ပြုလုပ်လေ့ရှိခဲ့သည်။

ကုန်းဘောင်ခေတ်အစ အလောင်းဘုရား လက်ထက်တွင် သစ်တော များကို ဂရုပြုလာသည်။ အလောင်းဘုရားသည် ကျွန်းသစ်ကို တော်ဝင်သစ်ဟု သတ်မှတ်ပြီး အရမ်းမဲ့ခုတ်ယူခြင်းမှ တားမြစ်ခဲ့သည်။

နောက်မင်းများ လက်ထက်၌မူကား မြန်မာပြည်တစ်ဝက်ကို တိုင်းတစ်ပါးလက် အပ်လိုက်ရပေသည်။ ရှေးအခါက အေးချမ်းသာယာစွာ လယ်ယာကိုင်းကျွန်းကိုမှီ၍ လိုသလောက်ဝမ်းစာများကို စိုက်ပျိုးလုပ်ကိုင်နေထိုင်ခဲ့ကြသူများမှာ ရန်သူနီးကပ်နေပြီကို သိမြင်သဖြင့် ပြည်တွင်းဘဏ္ဍာများကို စုဆောင်းသိုမှီးကြရန် သတိဖြစ်ပေါ်လာကြ၏။ ရှေးကရရှိခဲ့သော တွင်းထွက်ရတနာတို့ကို ပိုမိုရရှိစေရန် ကြံဖန်လာကြ၏။ ထိုမှတစ်ပါးပကတိ သယံဇာတမြေပေါ်မှာ ပေါက်လျက်ရှိသည့် သစ်တောကြီးများကိုလည်း အလောင်းဘုရားပညတ်ချက်အတိုင်း ဂရုစိုက်တိုင်းထွာ သတ်မှတ်လာကြကုန်၏။အထူးသဖြင့် မင်းတုန်းမင်းလက်ထက်တွင် ကျွန်းသစ်ကို အနောက်တိုင်းတစ်ခွင်သို့ ထုတ်ယူရောင်းချခြင်းဖြင့် ပြည်တွင်းဘဏ္ဍာတို့ ပိုမိုလာစေခဲ့သည်။

မြန်မာပြည်၏ တောထွက်ရတနာ အမျိုးမျိုးမှာ သစ်၊ ဝါး၊ ကြိမ်၊ လျှော်၊ သစ်ဆီ၊ သစ်စေး၊ ထင်း၊ မီးသွေး၊ ပရဆေး၊ ဆိုးဆေးမှစ၍ စားသောက်ဖွယ် သစ်သီးဝလံအမျိုးမျိုးတို့ဖြစ်သည်။ ထိုမှတစ်ပါး တောထွက်ရတနာ အပါအဝင် တိရစ္ဆာန်တို့၏ အစွယ်၊ အရိုး၊ အဆီစသည်တို့လည်း ပါဝင်ပေသည်။

တောထွက်ရတနာများအကြောင်း ကောင်းကောင်းကြီး ရိပ်စားလာမိချိန်တွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ စီမံကိန်းများအတိုင်း တောထွက်ရတနာများကို တိုးချဲ့လုပ်ကိုင်ရန် စီမံစိုင်းပြင်းခဲ့သည်။

သို့သော် . . .ဘုံဘေဘားမား သစ်ကိစ္စပေါ်လာသည်။၁၂၄၇-ခုနှစ် ဝါဆိုလအတွင်း တောင်ငူမြို့တွင် မြန်မာမင်းခန့်ထားသည့် သစ်ခေါင်းကြီးများက ဘုရင့်ရွှေနားတော်ကြား လျှောက်ထားခဲ့ကြသည်။ဘုံဘေဘားမားကုမ္ပဏီသည် နှစ်နှစ်အတွင်း သစ်လုံးရေရှစ်သောင်း၊ နယ်ခြားသို့ထုတ်။ မြန်မာ့သစ်အခွန်တော်ရုံးတွင် သစ်လုံးရေ ငါးသောင်းကို ထိမ်ချန်ကွယ်ဝှက်ထားပါကြောင်း။

မြန်မာ့လွှတ်တော်မှ မြန်မာသစ်တော အကောက်တော်ရုံးသို့ စစ်ဆေးခဲ့ရာ သစ်လုံးရေ(ငါးသောင်းခြောက်ထောင်) လိမ်လည်ထုတ်ယူကြောင်း သိရ၊ ယင်းအမှုကို မြန်မာ့လွှတ်တော်မှ ဘုံဘေဘားမားကုမ္ပဏီအပေါ် စွဲချက်တင်ပြီးလျှင် သစ်တောအကောက်ခွန် နှစ်ဆဖြစ်သော ငွေ နှစ်သန်း၊ သုံးသိန်းကျော်ကို ဘုံဘေဘားမားကုမ္ပဏီက ပေးစေရန် ဆုံးဖြတ်ခဲ့သည်။

ဘုံဘောဘားမားကုမ္ပဏီက မကျေနပ်၍ အိန္ဒိယဘုရင်ခံချုပ်ထံ စာတင်သည်။ ဘုရင်ခံချုပ်က အင်္ဂလိပ်အရာရှိတစ်ဦးကို စေလွှတ်ကာ ခုံရုံး ပြုလုပ်၍ ဆုံးဖြတ်ရန် မြန်မာမင်းထံ စာပေးပို့။

မြန်မာမင်းက ထိုကိစ္စမှာ အင်္ဂလိပ်နှင့်မြန်မာတို့ ကိစ္စဖြစ်၍ အမှုဆုံးဖြတ်ရန် အင်္ဂလိပ်အရာရှိကို ခုံသမာဓိအဖြစ် မထားသင့်ကြောင်း၊ ကြားနိုင်ငံတစ်ခုခုက ပြုလုပ်လျှင် သင့်မည်ဖြစ်ကြောင်း ပြန်ကြား၍ ဘုံဘေဘားမားကုမ္ပဏီ၏ သစ်ဆွဲဆင်များနှင့် သစ်လုပ်ငန်း ကိရိယာများကို သိမ်းလိုက်သည်၊ ဤကိစ္စကြောင့် ကျွန်ုပ်တို့မှာ မှန်ကင်းအဖြစ်မှ ထင်းအဖြစ် ရောက်ခဲ့ရသည်။

မြန်မာ့ဘဏ္ဍာ ရတနာသစ်များဖြင့် တိုင်းတစ်ပါးတို့များစွာ အကျိုးဖြစ်ထွန်းသော်လည်း မြန်မာတို့မှာ စားကြွင်းမျှမခံစားခဲ့ကြရ။ မြန်မာပြည် မလွတ်လပ်မီက မြန်မာ့သစ်တောကို ခုတ်ယူအသုံးပြုသူတို့မှာ (၁)အစိုးရသစ်တောဌာန၊ (၂) သစ်တောဂရန်ပိုင် ခနရှင်များ၊ (၃) ခေတ္တလိုင်စင်ရ ကုန်သည်များဟူ၍ သုံးစားရှိပေသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်ပိုင်းအတွင်း နိုင်ငံခြားတင်ပို့ရောင်းချသဖြင့် ရရှိသော သစ်ဖိုးငွေမှာ သိန်း ၃၃၀ဖြစ်သည်။ ကျွန်းတစ်မျိုးတည်းမှ ရသော အကျိုး အမြတ်များသည် ထိုစဉ်က တိုင်းရင်းသား မြန်မာများနှင့် လားလားမျှ မဆိုင်၊ အာဏာပိုင်နှင့်ခနရှင်၊ နိုင်ငံခြားသားတို့ အသွေးအသားဖွံ့ဖြိုးစေရန် ယဇ်ပူဇော်ခြင်းမျှသာဖြစ်သည်ဟု ဆရာကြီးဒဂုန်နတ်ရှင် တင်ပြခဲ့ဖူးသည်။

ကျွန်တော်သည် သစ်ပင် တစ်ပင်ချင်းကိုသာမက သစ်တောကြီး တစ်ခုလုံးကိုပါ မျှော်ကြည့်သောအခါ ဤသို့တသီတတန်း မြင်ရပေသည်။ "သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားနိုင်သည်" ဆိုသည့် မြန်မာစကားပုံ တစ်ရပ်ရှိ၏။

သစ်တောကြီး တစ်ခုလုံးကောင်းရန်ကား . . . ။

✸

" ဤလောက၌ သစ်ပင်လေးမျိုးရှိ၏။ လူသည်လည်း လေးမျိုးရှိလေသည်။

ပထမသစ်ပင်မှာ အကာပင်ဖြစ်၍ အကာပင်အခြံအရံရှိသော သစ်ပင်။ ဒုတိယသစ်ပင်မှာ အကာပင်ဖြစ်၍ အနှစ်ပင် အခြံအရံရှိသော သစ်ပင်။ တတိယသစ်ပင်မှာ အနှစ်ပင်ဖြစ်၍ အကာပင် အခြံအရံရှိသော

သစ်ပင်။ စေတုတ္တသစ်ပင်မှာ အနုစိပင်ဖြစ်၍ အနုစိပင်အခြံအရံရှိသော သစ်ပင်။ ဤသို့လျှင် သစ်ပင်သည် လေးမျိုးလေးစားရှိလေသည်။

(အင်္ဂုတ္တရနိကာယ် ရုက္ခသုတ်)

မိတ်ဆွေ ဤသစ်ပင်လေးမျိုးတွင် သင်သည် မည်သည့်သစ်ပင်မျိုးကို နှစ်သက်ပါသနည်း။လူသည်လည်း လေးမျိုးရှိသည်ဟု ဆို၏။ သစ်ပင်နှင့်တူသောလူ၊ သင်ဘယ်လိုလူပေနည်း။ ဘယ်လိုလူဖြစ်ပါသနည်း။

ကျွန်တော်သည် ခပ်တည်တည်ဖြင့် မေးခွန်းများထုတ်နေမဥ် စာမိတ်ဆွေ ပေါက်ချလာပါသည်။ ကိုယ့်မေးခွန်းကို ကိုယ်ဖြေဆိုပါဟု တိုက်တွန်းပါလေ၏။သူများကိုကြည့်စဉ်က မလန့်၊ ကိုယ့်ကိုယ်ကို ပြန်ကြည့်ရမည်ဆိုသည့်အခါလန့်မိသည်။ မိမိ၏ ဘဝအဆစ်အပိုင်းများ၌ ငယ်ဘဝသည် အချိုမြိန်ခဲ့ဆုံးဟု ယူဆမိသည်။ ကျေးလက်သဘာဝ ပျော်ရွှင်ခဲ့ရသည်။

"ဝါဆိုဝါခေါင် ရေတွေကြီးလို့
သပြေသီးမှည့်ကောက်စို့ကွယ်
ဓရာဆူးချုံ ဟိုအထဲက
မျှော့နက်မည်းကြီး တွယ်လိမ့်မယ်၊
မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့
မြွေနဂါးတောင် ကြောက်ဖူးကွယ်"

ငယ်က ကဗျာလေးများ ပြန်လည်ချိုမြိန်လာမိသည်။ ကျွန်တော်တို့ရွာဘုန်းကြီးကျောင်းဝင်းကြီးထဲက သပြေပင်ကြီးမှာ အသီးတွေ ပြွတ်ခဲမှည့်ရွဲနေသည်။ သူငယ်ချင်းများနှင့် ပစ်ချလုယက်ကောက်စားကြသည်။ ချိုတို့ချဉ်ဖြုံ့ အရသာကို မမေ့နိုင်။ မူလတန်းအောင်၍ အလယ်တန်း ရောက်လာသည့်အခါ သပြေနှင့်တိုးရပြန်သည်။

"သူ့ခေါင်းမှာတဲ့ သပြေညို
ငါ့ခေါင်းမှာတဲ့ သပြေညို
တို့ပြေမှာ တို့မေ ကမ်းပါတဲ့
သပြေညို ရွှေဘိုပန်းဟာက
လန်းလျက်ပါကို . . ."တဲ့။

ဆရာမင်းသုဝဏ် ဖွဲ့ခဲ့သည်။ ထိုငယ်ဘဝကို ကျွန်တော်တို့ မည်သို့မမေ့နိုင်မည်နည်း။ အမတ်ကြီး ရာဇသင်္ကြံလည်း မမေ့နိုင်မည်မဟုတ်။

မိတ်ဆွေ သင့်ကော ငယ်ဘဝကို မလွမ်းသလော။ ။

✹

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၆ ခု၊ အောက်တိုဘာလ)

# မြန်မာရာဇဝင်ကို အငြင်းသန်ကြသည့် အခင်းမမှန်လှပြီ . . .

*"မြန်မာရာဇဝင်ကျမ်းအထွေထွေကိုလည်း ဤဘက်၌ သုံး၍မရပါ။ ကျမ်းပြုဆရာတို့သည် ဆိုင်ရာဒေသ၌ သွားရောက်လေ့လာခြင်းမပြုသည့်အပြင် အလျဉ်းသင့်သလို သမိုင်းမော်ကွန်းများ စုပေါင်းယူငင်လျက် ရေးသားခဲ့ဟန်ရှိရကား. . . ."*

*ပုဂံခေတ်မြန်မာပြည်*

*ပါမောက္ခ–ဒေါက်တာ ဂျီအိပ်ချ်လုစ်*

**[၁]**

ကျွန်ုပ်တို့မြန်မာပြည်သည် ဗြိတိသျှနယ်ချဲ့လက်အောက်ရောက်သွားခဲ့ပြီးနောက် ရှေးကိုလိုနီခေတ်အခါတွင် အချို့သော အင်္ဂလိပ်တို့သည် အုပ်ချုပ်ရေးအရာရှိအဖြစ် မြန်မာပြည်တွင် နှစ်ပေါင်းများစွာ နေထိုင်သွားကြ၏။

အချို့က ပညာရေးဌာန၊ အချို့က သစ်တော. . .စသည်ဖြင့် ဌာနအသီးသီးတွင် သူတို့ကြီးစိုးကြသည်။ အချို့ပုဂ္ဂိုလ်တို့သည် မြန်မာပြည်အကြောင်း မြန်မာ့ဓလေ့စရိုက်ထုံးတမ်းတို့ကို သူတို့အတွေ့အကြုံအရ ပြန်လည်ရေးသားတင်ပြခဲ့ကြ၏။

ဒီဂျီအီးဟောလ်၊ မောရစ်ကောလစ်၊ ဂျော့ချ်အော်ဝဲ၊ ဂျီအီးဟာဗေး၊ ဖီးလ်ဒင်းဟော၊ ဆာဂျော့စကော့ . . . စသည်စသည်ဖြင့် . . .။ အချို့ပုဂ္ဂိုလ်တို့သည် မြန်မာပြည်အပေါ် ချစ်ခင်ဒိတ်၊ မြန်မာလူမျိုးတို့အပေါ် ခင်မင်စိတ်

ဖြင့် သူတို့အတွေ့အကြုံများကို စိတ်ဝင်စားဖွယ် တင်ပြခဲ့ကြ၏။ အချို့သော ပုဂ္ဂိုလ်တို့ကား ဗြိတိသျှကိုလိုနီဝါဒကို ထောက်ခံအားပေးလျက် မြန်မာ့သမိုင်းကို တစ်မျိုးတစ်ဖုံ သရုပ်ပျက်အောင် ကြံဆောင်ကြချေ၏။

ထိုအကြောင်းများကို အစကမသိ၊ နောက်မှသိလာရခြင်းဖြစ်သည်။

အစကဆိုသည်မှာ ကျွန်တော်စာအုပ်သည် ဘဝကျင်လည်စဉ်က ဖြစ်ပါသည်။

ကျွန်တော်သည် စာအုပ်စာပေ၊ လူ့မိတ်ဆွေဆိုသည်ကိုပင် အားမရ။ မိမိမှာ အတ္တစိတ်၊ လောဘစိတ်၊ ပိုမိုကြီးထွားလာသည့်အခါ အများဆိုင်နာမ်ကို ကိုယ်ပိုင်နာမ်လုပ်ချင်လာသည်။ စာကို အငမ်းမရဖတ်ရင်းက သောက်သေ သောက်လေ ငတ်မပြေ၊ ပိုမိုမူးယစ်လာကာ ပြင်သစ်ပုံဝတ္ထု "မင်းသားလေး" ထဲက ကြယ်တွေကို ရေတွက်သည့် လူကြီးပမာ စာအုပ်မှန်သမျှ ကိုယ်ပိုင်ဖြစ်ချင်လာသည်။ ဤသို့ဖြင့် လောဘတကြီး စုဆောင်း၊ စုဆောင်းရာက ဘဝအခြေအနေအရ ပြန်ထုတ်၊ ပြန်ထုတ်ရောင်းရပြန်။ ဤသို့ဖြင့် စာအုပ်သည် ဖြစ်လာရပြန်၏။စာအုပ်သည် ဖြစ်လာသည့်အခါ ဗြိတိသျှ ကိုလိုနီဝါဒီ စာရေးဆရာ တွေနှင့်လည်း ပေါင်းရ၏။ ရုရှားဆိုရှယ်လစ်ဝါဒီ စာရေးဆရာ တွေနှင့်လည်း သိကျွမ်းရ၏။ လက်ဝဲလက်ယာ အစုံသိကျွမ်းလာရသည်။ သိပုံသိနည်းမှာ အတွင်းသိတော့မဟုတ်။ အပေါ်ယံမျှသာ ဖြစ်ပါ၏။

အခြားစာရေးဆရာများထက် မောရစ်ကောလစ်၊ ဂျော့ချ်အော်ဝဲ ... ကို ပိုမိုရင်းနှီးလာသည်။ အထူးသဖြင့် မြန်မာပြည်အကြောင်းရေးသော နိုင်ငံခြားစာရေးဆရာများကို မသိချင်၍မရ။ သူတို့က ပျောက်ကွယ်ရှောင်ဖယ် နေလျှင်တောင် ကိုယ်ကလိုက်ရှာရသည်။ ဘာကြောင့်နည်း။ စာအုပ်လိုင်း၌ ဘားမားနှင့်ပတ်သက်သည့် စာအုပ်များ ဈေးကောင်းရ၍ ဖြစ်သတည်း။

ထို့ကြောင့် ဆာဂျော့စကော့၊ ဖီးလ်ဒင်းဟော၊ ဂျီအီးဟာဗေးတို့ကို မသိချင်၍မရ။ သိနေရပါသည်။ သို့သော် ထိုစဉ်က ဈေးသည်တစ်ဦး၏အသိ ထက်မပိုပါ။ နောက်ပိုင်းအငြိမ်းစား ကျောင်းဆရာကြီးတစ်ဦးနှင့် ဆုံမိမှသာ သေချာကနသိလာရခြင်းဖြစ်သည်။

ဖြစ်ပုံက တစ်နေ့တွင် ကျွန်တော်သည် "၃၇မင်းနတ်" ရှာပုံတော် ဖွင့်မိ၏။ မြန်မာ၏ စီးပွားရေး၊ နိုင်ငံရေးတွေကို သေားချိတ်၍ ၃၇မင်းနတ်တို့နှင့် တွေ့ရန်သာ စိတ်စောနေပြီး မေးမြန်းစုံစမ်းရသည်။ ကိုကြီးကျော်ကတော့ ပခန်းမှာနေတယ်ပြောတယ်။ မြင်းဖြူရှင်ကတော့ အထက်အညာဘက်ကတဲ့

မောင်တင့်တယ်တို့က ပုပ္ပါးဘက်ကဆိုလား မယ်ဝဏ္ဏနဲ့သားနှစ်ပါးလည်း ရှိမယ်ထင်ပါ့။ ကိုးမြို့ရှင်နှင့် ပုလဲယဉ်တို့က ရှမ်းပြည်ဘက်ကဆိုပဲ။

ကျွန်တော်စမ်းတဝါးဝါးနှင့် ဟိုရှာရမလို၊ ဒီရှာရမလို ယောင်ချာချာဖြစ်နေစဉ် အိမ်ရှင်မနှင့် တိုင်ပင်မိ၏။

"အို . . . ဘာခက်တာလိုက်လို့တော်၊ သန်ဘက်ခါ ရှင်တွေ့ချင်တဲ့ နတ်တွေအားလုံးတွေ့ရမယ်။ ရပ်ကွက်ထဲက ဒေါ်သိန်းတို့အိမ်မှာ နတ်က,မယ်တဲ့"

"ဗုဒ္ဓေါ . . ."

ဩော်. . .ဒါကြောင့်လည်း ယောက်ျားကို စေသော်မပြီးနိုင်။ မိန်းမကို စေသော် မခံနိုင်ဆိုပြီး အဆိုရှိခဲ့ပေတာပဲဟု ကျွန်တော်နှလုံးသွင်းလိုက်မိသည်။ ထိုအခါမှ ကျွန်တော်လည်း နဖူးရိုက်၍ အဖြစ်မှန်ကို ရှင်းပြဖြစ်တော့၏။ ငွေတစ်သောင်းရမည်ဆို၍ ၃၇မင်းနတ်တို့ကို အပြင်းရှာဖွေရခြင်းဖြစ်သည်။ ရစ်ချဒ်တင်ပယ်ဆိုသည့် ပုဂ္ဂိုလ်ရေးသတဲ့။ မြန်မာပြည်တွင် နှစ်အုပ်သာရှိသတဲ့။

ထိုစဉ်က အနံ့ရရာ မွှေလောက်အောင်ရှာသည်မတွေ့။ စာအုပ်ပင် မမြင်ဘူးခဲ့။ သို့သော် ၃၇ မင်းနတ်ကို ရှာရင်း BURMA စာအုပ်များ စုဆောင်းထားသည့် အငြိမ်းစားကျောင်းအုပ်ဆရာကြီးတစ်ဦးနှင့်ဆုံဖြစ် ခဲ့သည်။

ထိုဆရာကြီးနှင့်ဆုံမှ ဖီးလ်ဒင်းဟောက ဘယ်လို၊ ဆာဂျော့စကော့က ဘယ်ပုံ၊ ဒေါက်တာမတ်က ဘယ်နည်းအစုံ သိရတော့သည်။ မြန်မာပြည်တွင် အမှုထမ်းဖူးသူများ၊ မြန်မာပြည်အကြောင်း ရေးသားကြသူများ၊ မြန်မာကို စိတ်ဝင်စားကြသူများအနက်မှ ဒေါက်တာလုစ်အကြောင်းပါ သိလာရ၏။ ပါမောက္ခလုစ်သည် များစွာကူညီခဲ့၏။ မျက်စိဖွင့်ပေးခဲ့၏။ သင်ပြပေးခဲ့၏။ မြန်မာကျောက်စာများအား လေ့လာရေး၊ မြန်မာ့သမိုင်းသုတေသနပြုရေးတို့ကို ဒေါက်တာလုစ်စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့သည်ဟု ထိုဆရာကြီးက ပြောပြပါသည်။ သမိုင်းကိုလိမ်လည်၍ မရ။ စနစ်တကျ စူးစမ်းလေ့လာ ဖော်ထုတ်သူ သုတေသီပုဂ္ဂိုလ်များနှင့် တွေ့ကြုံရလျှင်ကား အမှန်ပေါ်လာရမြဲ ဖြစ်ပေသည်။

၂။

"ယခုအချိန်ဆိုလျှင် ယုံနိုင်စရာမရှိသော အရာတို့မှာ ယခင်ကဆိုလျှင် သမိုင်းဆိုင်ရာ တကယ့်အဖြစ်အပျက်များပင် ဖြစ်ပေသည်။ သို့တစေလည်း ထိုအဖြစ်အပျက်တို့ ယခုအချိန်၌ မှတ်တမ်းတင်သူမှန်သမျှ ရန်လိုသည့်

ဝေဖန်ရေးသမားအဖြစ်သို့ ရောက်ရှိသွားပေတော့သည်။ လူသားတို့၏ မှတ်ဉာဏ် တည်တံ့သည့် ကာလမှာ တိုတောင်းလှပါဘိ။ အမျိုးသားစိတ် နိုးကြွားတက်ကြွလာမှုမှာ မြန်ဆန်လှပါဘိ။"

နိုင်ပန်းလှ(၇၃–ဂါးဒီးယန်းသတင်းစာ ဇွန် ၄)

မြန်မာ့သမိုင်းကို ဘယ်သူတွေ ပုံပန်းပျက်အောင် လုပ်နေသနည်း။ ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်က၊ ရန်ကုန်မြို့၊ ရာမာခရစ်ရှနာခန်းမ၌ ဒေါက်တာထင်အောင် (ကွယ်လွန်သူ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ အငြိမ်းစား) က 'ဂျီအီးဟာဗေး၊ နယ်ချဲ့ဝါဒီမှ သမိုင်းပညာရှင်အဖြစ်သို့' ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောချက်ဖြစ်ပါသည်။

ထို့နောက် လေးလအကြာက (၁၉၇၃ ခု၊ ဇွန်လ ၄ရက်နေ့)တွင် ရှေးဟောင်းသုတေသနမှ ပညာရှင်တစ်ဦး ဖြစ်သူဆရာနိုင်ပန်းလှ၏ဂါးဒီးယန်းသတင်းစာတွင် ဆရာထင်အောင်၏ ဟောပြောချက်ကို ထပ်မံကုပ့်သည့်သဘောကြောင့် အင်္ဂလိပ်လို ဆောင်းပါးတစ်စောင် ရေးခဲ့ပါသည်။

ဒေါက်တာထင်အောင်သည် သမိုင်းဘာသာရပ်ကို နှစ်သက်သော်လည်း ရန်ကုန်ယူနီဗာစီတီတွင်နေရစဉ်က သမိုင်းပါမောက္ခမှာ ဒီ၊ ဂျီ၊ အီးဟောလ်ဖြစ်၍ မတက်ဘဲနေခဲ့ကြောင်း၊ မစ္စတာလုစ်မှာ လေးစားဦးထိပ်ထားအပ်သော ဆရာဖြစ်ကြောင်း၊ ဟာဗေး၏စာအုပ်ကို သုံးသပ်ရာတွင် မှတ်သားဖွယ်ဖြစ်ကြောင်း ဆရာနိုင်ပန်းလှ၏ စာတမ်းတွင်ဖော်ပြထားပါသည်။

ဂျီအီးဟာဗေး၏ စာအုပ်မှာ မြန်မာ့သမိုင်း ရှေ့ပြေးကြိုးပမ်းမှုတစ်ရပ်ဖြစ်၍ သုတေသနပြုပုံ ကျယ်ပြန့်ကြောင်း၊ သူ့ကျမ်းကိုးကို အခြေခံ၍ အခြားသုတေသီများ ဟာဗေး၏ သုတေသနပြုချက်ကို ပြန်လှန်စိစစ်ကာ ဆောင်ရွက်သွားနိုင်ကြောင်း တင်ပြထားပေသည်။

ကျွန်တော်သည် ဟိုစဉ်ကစာအုပ်ဈေးကွက်ကိုသာကြည့်၍ BUR MA စာအုပ်များကို ဈေးကွက်စီးပွားရေးဆန်ဆန်သာ ရှာဖွေမိခဲ့သည်။ အငြိမ်းစားကျောင်းအုပ်ဆရာကြီးနှင့် တွေ့ရာမှ ထိုစာအုပ်များ၏ အတွင်းသဘောကို စောကြောခွင့်ရခဲ့ပါသည်။

ဒေါက်တာထင်အောင်၏စာတမ်းသုံးဆောင်ကို လည်းကောင်း၊ ဆရာနိုင်ပန်းလှ၏စာတမ်းကိုလည်းကောင်း ရှာဖွေဖတ်ရှုဖြစ်ခဲ့ပေသည်။ ထိုအခါတွင် နိုင်ငံခြားစာရေးဆရာတို့၏စေတနာ သူတို့၏ရပ်တည်ချက်ကို တစေ့တစောင်း လေ့လာခွင့်ရခဲ့၏။

ဒီ၊ ဂျီ၊ အီးဟောလ်၏ နယ်ချဲ့အင်ပါယာဝါဒကို ကျားကန်ထားသော ရေးသားချက်များကို ဖွင့်ချဝေဖန်သည့် ပါမောက္ခ ဆာကီးဇီယန့်ဖ် (အနောက်ဂျာမနီ၊ ဟိုဒင်ဘတ်တက္ကသိုလ်၊ အရှေ့တောင်အာရှ နိုင်ငံရေးသိပ္ပံပါမောက္ခ) သည် မြန်မာတို့ဘက်မှ ရပ်တည်၍ အင်္ဂလိပ်သမိုင်းပညာရှင်တို့၏ မဟုတ်မမှန် လုပ်ကြံရေးသားချက်များကို လူသိရှင်ကြား ကမ္ဘာကျော်အောင် ဖော်ထုတ်ဖွင့်ချခဲ့သည်။ ၁၉၇၃ခုနှစ် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ကျင်းပခဲ့သည့် သုတေသီများ၏ ညီလာခံကြီး၌ ဆာကီးဇီးယန့်ဖ်သည် "ဗြိတိသျှ အင်ပါယာ တည်ဆောက်မှုကို အပြစ်လွတ်ရန် အားပေးထောက်ခံသည့် သမိုင်းရေးသားချက်" ဟူ၍ ဖွင့်ချဖော်ထုတ်ခဲ့ပေသည်။

ထိုညီလာခံကြီးသို့ ဦးမောင်မောင်လေး(ပါရီ)လည်း အခွင့်ကြုံခိုက်တက်ရောက်ခဲ့သဖြင့် ဆာကီးဇီယန့်ဖ်ကို အားပေးထောက်ခံသည့် အရှေ့တိုင်းသုတေသီတို့၏ အားပေးလက်ခုပ်သံများကို ကိုယ်တိုင်ကြားခဲ့ရကြောင်း သိရ၏။ ထိုစာတမ်းကို လက်ဆောင်ရ၍ ဆရာဦးဟန်ဋ္ဌေးနှင့်နှစ်ဦး "မြန်မာ့သမိုင်းအတွင်းရေး"ဟူ၍ မြန်မာပြန်ခဲ့ပေသည်။ ဒီ၊ ဂျီ၊ အီး ဟောလ်တို့၊ ဂျီအီးဟာဗေးတို့ကဲ့သို့ မြန်မာ့သမိုင်းကို သရုပ်သကန်ပျက်အောင်ရေးသားသူများရှိသကဲ့သို့ မြန်မာတို့ကို စာနာနားလည်သော အင်္ဂလိပ်စာရေးဆရာများလည်းရှိပေသည်။ဂျော့ချ်အော်ဝဲ၏ "ဆင်ပစ်ထွက်ခြင်း" အက်ဆေးတစ်ပုဒ်တွင် မြန်မာကျေးလက်လူထုအလယ်၌ ဗြိတိသျှအရာရှိတစ်ဦး ရယ်ဖွယ်ဖြစ်ပုံကို ကိုယ်တွေ့ရေးသားခဲ့သည်။ နာမည်ကျော် အင်္ဂလိပ်ဝတ္ထုရေးဆရာ ဆမ်းမားဆက်မွန်သည် မြန်မာပြည်သို့ အလည်အပတ်ရောက်ရှိစဉ်က သူ၏ မိတ်ဆွေတစ်ဦး၏ ကိုယ်တွေ့အဖြစ်အပျက်ကို အာဇာနည်မြန်မာအမျိုးသမီးတစ်ဦးအကြောင်း ဝတ္ထုတိုတစ်ပုဒ် ရေးခဲ့ဖူး၏။ ကစ်ပလင်း၏ "ရာခေါင်းချရာ" ကဗျာမျိုးနှင့် စေတနာသိနိုင်းယှဉ် ကြည့်နိုင်ပေသည်။

**Smythies, B.E** တို့ကဲ့သို့ တကယ့်လေးစားလောက်ဖွယ် စိတ်ရင်းဖြင့် သုတေသနပြု ကြိုးပမ်းချက်ဖြစ်သော "မြန်မာပြည်ငှက်များ" စာအုပ်မျိုးလည်း တွေ့ရှိရပေသည်။

ကျွန်တော်သည် (၃၇)မင်းနတ်များကို ရှာဖွေရာမှ မြန်မာတို့အပေါ် သံယောဇဉ်ရှိသော မော်ရစ်ကော့လစ်လို ပုဂ္ဂိုလ်မျိုးလည်း တွေ့ခဲ့ရ၏။ "ဖီးလ်ဒင်းဟော၏ မြန်မာလူမျိုးအကြောင်း စာအုပ်သည် လွတ်လပ်စွာ ဆင်ခြင်စဉ်းစားခြင်းဖြင့် အမှန်တရားရှာဖွေမှုကို များစွာအထောက်အကူပြုခဲ့ကြောင်း၊

အာရုတိုက်သား ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် နှလုံးရည် ပိုမိုမြင့်မားကြောင်း" ပညာရှင်များ မှတ်ချက်ကိုလည်း နားဆင်ခဲ့ရ၏။

ဤသို့ဖြင့် ကျွန်တော်သည် "တစ်နံ့တစ်လျား ဘွတ်အွန်ဘားမား" ကို တစေ့တစောင်း လည်ဆန့်ကြည့်၊ ငေးကြည့်၊ မျက်လုံးပြူးပြဲ ကြည့်မိရင်းက မိမိအထွာကလေးဖြင့် ခွဲခြမ်းစိတ်ဖြာနေမိသည်။ ပညာရှင်များ၊ သုတေသီများအနေဖြင့် ဆက်လက်မျက်လုံးဖွင့်နိုင်ကြရန်၊ နားဖွင့်ထားရန် ပန်ကြားရပေသည်။ ဆက်လက်၍ နားစွင့်ကြည့်ရာ မှတ်ချက်တစ်ခု တွေ့ရပြန်သည်။

*"အနောက်တိုင်းသားတို့က မြန်မာတို့ကို ရုပ်တရက်ဒေါသအလွန် ပြင်းထန်သည်ဟု ယူဆပြီးလျှင် အိုင်ယာလန်ကျွန်းသားလူမျိုးများနှင့် တူသည်ဟု ပြောလေ့ပြောထရှိသည်။ မြန်မာတို့သည် မတရားမှုကို အလွန်ဒေါသဖြစ်တတ်သည်။*

*သို့သော် ဇွဲပမ္ဘိုဆိုရိုက်ရိုးတရား၏ အထိန်းအကွပ်ကြောင့် တာရှည်အမျက်မသိုတတ်ကြချေ။ အချို့က မေ့လွယ်ပျောက်လွယ်သည်ဟု ယူဆကြသည်။ စင်စစ်မေ့တတ်သော သဘောကြောင့်မဟုတ်။ ခွင့်လွှတ်တတ်သော စေတနာကြောင့် ဖြစ်သည်။"*

**"စာပေအကဲဖြတ်"ဆောင်းပါး၊မောင်ဝေဖန်၊စာပေလုပ်သားမဂ္ဂဇင်း ၂/၈၅**

ကျွန်တော်သည် ဘွတ်အွန်ဘားမားစာရေး ဆရာတို့အပေါ် ဒေါသဖြစ်လိုက်၊ အချို့ကိုနှစ်သက်ကြည်နူးလိုက်ဖြင့် မေတ္တာပို့လိုက်၊ ဒေါသထလိုက်ဖြစ်နေရာမှ မောင်ဝေဖန်၏ မှတ်ချက်ကို တွေ့လာရပေသည်။

ပါမောက္ခလုစ်၏ မြန်မာရာဇဝင်ကျမ်း အထွေထွေကို စနစ်တကျသုံးသပ်၍ သုတေသနပြု ဖော်ထုတ်ကာ တင်ပြရန်တိုက်တွန်းချက်ကိုလည်းကောင်း၊ ပါမောက္ခဆာကီးဖိုးယန့်စ်၏ ဝေဖန်ချက်ကိုလည်းကောင်း၊ မြန်မာပညာရှင်များ၏ ဝေဖန်ချက်၊ သုံးသပ်ချက်များကိုလည်းကောင်း၊ အလေးထားသုံးသပ်လျှင် သမိုင်းကို မည်သူတွေလိမ်လည်နေသနည်း။ ကပြောင်းကပြန် လုပ်နေသနည်း၊ လုပ်ခဲ့သနည်း . . . .ဆိုသည်ကို ဆန်းစစ်နိုင်ကောင်းအံ့ဟု ယူဆမိပါသည်။ဒေါက်တာသန်းထွန်းသည် *"အသစ်မြင်မြန်မာသမိုင်း"*၊ "နယ်လှည့် ရာဇဝင်" စသော လက်တွေ့ သုတေသနပြုချက်များဖြင့် စွမ်းစွမ်းတမံ ဆောင် ရွက်ချက်များကို တွေ့ရပေသည်။ သမိုင်းကို *ဘာကြောင့်လေ့လာသနည်း။ "မအ,အောင်လို့ . . . . "ဟူသော ဆရာ့အဖြေကို သဘောကျမိသည်။*

[၃]

ရှေ့တစ်ခေါ်မျှော်ကြည့်၊ နောက်တစ်လံ ပြန်ကြည့်ဟူသည့် အဆို တစ်ရပ်ရှိပေသည်။ ကျွန်တော်တို့သည် နောက်တစ်လံ ပြန်ကြည့်ရင်း ရှေ့တစ်ခေါ် မျှော်ကြည့်ရပါလိမ့်မည်။ ဆက်လက်စူးစမ်းရပါလိမ့်မည်။ ရှေ့တစ်ခေါ် မျှော် ကြည့်ရင်း ဆက်လက်စူးစမ်းသောအခါ ပါမောက္ခလုစ်၏ "ပုဂံခေတ် မြန်မာ ပြည်"မှ အဆိုတစ်ရပ်က နားထဲဝင်၍ ဝင်၍လာပြန်၏။

"ဤမျှရှည်လျားစွာ နိဒါန်းပျိုးပြီးနောက် သည်းခံလျက် အညံ့ဆုံး လမ်းပြဖြစ်သော ကျွန်တော်နှင့်အတူ အလယ်ခေတ်မြောက်ပိုင်း မြန်မာနိုင်ငံ သို့လိုက်ခဲ့ကြပါ . . . ."တဲ့။ ။

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း။ ၁၉၉၆-ခု၊ အောက်တိုဘာလ)

# အချိန်၏ သားကောင်နှင့် သံသရာရုပ်တု

[၁]

*"အချိန်ကို ကောင်းစွာအသုံးချတတ်လျှင် အချိန်သည် လူ့ဘဝ၏ အရာရာကို ဖြစ်စေနိုင်သော ကုန်ကြမ်းဖြစ်၏။ လူတိုင်းအတွက် တစ်နေ့တာ ၂၄နာရီကိုယ်စီရကြသည်။ ဘယ်သူမှ ပိုမရ။ ဘယ်သူမှ လိုမရ။ ဘယ်သူ့အချိန်ကိုမှ ဘယ်သူမှ ခိုးမရနိုင်၊ 'လူချမ်းသာ'လည်း နာရီပိုမရ၊ 'လူဆင်းရဲ'လည်း နာရီပိုမရပေ။"*

*ခင်ကြီးအောင*

*(၂၄ နာရီဆောင်းပါး)*

ကျွန်တော့်သား အလတ်ကောင်၏ စာကြည့်စားပွဲရှေ့နံရံတွင် အထက်ပါစာတမ်းကို ကပ်ထားပေးသည်။

သူကတော့ သူ့ရည်ရွယ်ချက်နှင့် သူရှာဖွေကပ်ထားခြင်း ဖြစ်မည်။ သူသည် အထက်တန်းကျောင်းသားတစ်ဦးဖြစ်၍ သူ့အလုပ်၊ သူ့တာဝန်အပေါ် အလေးအမြတ် ထားမိစေရန် သတိဖြစ်စေသည့် ဤစာတမ်းကို ကပ်ထားခြင်း ဖြစ်ပေမည်။ ယခင်က ကျွန်တော်သည် ကျွန်တော်တို့၏ ရှေးလူကြီးသူမများ၏ ဆုံးမသြဝါဒစကားကို နားဝယ်စွဲလျက် မိမိတစ်နေ့တာကို ပြန်သုံးသပ် ကြည့်မိသည့်အခါများ ရှိခဲ့ပါသည်။

တစ်နေ့တစ်နေ့တွင် ပညာ၊ ကုသိုလ်၊ ဥစ္စာ၊ တစ်ခုခုရရမည်။ ထိုသုံးခု တစ်ခုခုမှ မရလျှင် သင့်တစ်နေ့တာသည် အချည်းနှီးတည်းတဲ့။

ထိုအဆိုအမိန့်ကို ကျွန်တော်စဉ်းစားမိ၏။ ပညာဟူသည် အဘယ်နည်း။

သီလ၊ သမာဓိ၊ ပညာဟူသော ပညာဖြစ်တည်မှုသည် အလွယ်တကူနှင့် မရနိုင်။ လေ့ကျင့်ကြိုးစား၊ တည်ဆောက်ကာ အချိန်ယူ၍ ဖြည့်ဆည်းမှသာ ပညာဖြစ်တည်နိုင်ပေမည်။ ပုထုဇဉ်လူသားတို့၌ နေ့စဉ်စားဝတ်နေရေးနှင့် ရင်ဆိုင်လှုပ်ရှားနေကြရ၏။ ထိုရုန်းကန်လှုပ်ရှားနေကြရသော လှိုင်းကြားမှ ပညာရရာရကြောင်းကို စဉ်းစားကြရပေသည်။ အမြင့်ဆုံးမရနိုင်လျှင် အလတ်၊ အလတ်မရနိုင်လျှင် အောက်ခြေစသည် စသည်ဖြင့် စဉ်းစားပြီး အချိန်ကိုင်ကာ နောက်ဆုံးတော့တစ်နေ့ ငါးမိနစ်တာမျှ ဖြစ်စေ ပညာရရာရကြောင်း၊ ဗဟုသုတ တိုးပွားရာ တိုးပွားကြောင်း စာကလေးတစ်ပိုဒ်တစ်လေ ဖတ်နိုင်ဖို့ အနိုင်နိုင် ကြိုးစားရတော့၏။ ဒါတောင် အချည်းနှီးနေ့များရှိခဲ့ကြောင်း ဝန်ခံရပေမည်။

ကုသိုလ်မှု . . .။ ဤအချက်တွင်လည်း ဒါန၊ သီလ၊ ဘာဝနာ ဟူ၍ရှိရာ အသက်အရွယ်အရ သီလနှင့်ဘာဝနာ အဆင့်များကို မတည်ဆောက်နိုင်ဘဲ ဒါနနှင့်ကျေနပ်ရသည့် အခါများ၏။ ဤအတွက်တော့ ကျွန်ုပ်တို့ မြန်ပြည်သားများ မျက်နှာငယ်စရာမလို။ တစ်ကျပ်တစ်ပြား အမြတ်ထား၍ ဘတ်အားသမျှ လှူဒါန်းသွားကြပါဆိုသော အလှူခံတို့၏အသံများ နေ့စဉ် ကြားနေရဆဲ။ "တစ်ကျပ်နှင့်လည်း ဘုရားဒကာ၊ ကျောင်းဒကာမများ ဖြစ်နိုင်ကြပါတယ်ခင်ဗျ"ဆိုသည့်အခါ ကျေကျေနပ်နပ်နှင့် ရက်ရောစွာ လှူဒါန်းလိုက်ကြပေ၏။ ထိုမျှမက သူဌေးကြီးလေးဦးကဲ့သို့ ပေး၍မကုန်၊ လှူ၍မခန်း ဟူ၍လည်းကောင်း၊ နောက်ဘဝ ကိုယ့်နောက်ပါအောင် အထုပ်ကြီး ထုပ်လိုက်ကြပါဟု အယူအစွဲအပေါ် လောဘတပ် ပေးလိုက်သည့်အခါ ပို၍ပို၍ အလှူရေစက်လက်နှင့်မကွာ ဖြစ်ကြပါပေ၏။

ဥစ္စာအတွက်ကား လခစားဝန်ထမ်း၊ နေ့စားဝန်ထမ်းများအတွက် အထူးအထွေမရှိလှပါ။ မိမိလုပ်အား၊ မိမိအချိန်အတွက် လုပ်ခသည်ပင် စားဝတ်နေရေးအတွက် မဖုလုံကြ။ အပိုဝင်ငွေရရန် အိမ်တွင်းမှုလုပ်ငန်း၊ တစ်နိုင်လုပ်ငန်းကလေးများ ရှိသူများအတွက် အနည်းငယ် အသက်ရှုချောင်နိုင်ကြပေ၏။

လာဘ် . . . လာဘ . . .ဟိုး . . .ဟိုး . . .လာဘ်ပေးလာဘ်ယူတို့ရန်သူ ဆောင်ပုဒ်ရှိသည်။ သတိ၊ သတိ . . .။

အနည်းငယ်မျှသော ငွေကြေးသည် ဥစ္စာမည်ပါသလား။ ဤသည်လည်း စဉ်းစားဖွယ်ပင်ဖြစ်၏။

ဤသို့ဤသို့ဖြင့် ပညာ၊ ကုသိုလ်၊ ဥစ္စာ . . .ကိစ္စသည် ချာလည်လည်လျက် ကျွန်ုပ်တို့အတွက် အချည်းအနှီးနေ့ရက်များ များပြားလာခဲ့ရပေသည်။

တစ်နေ့တစ်နေ့ ကျွန်ုပ်တို့သည် မျက်စိနှစ်လုံးမှင့် . . . အလုပ်ခွင်သို့ခြေလှမ်း . . . ကားစောင့် . . . စောင့်၊ လူကျပ် . . . ငါးပိသိပ် ငါးချဉ်သိပ်တိုးတက် . . . လမ်းတွင် ကားပျက် . . . မှတ်တိုင်တွင် ကားစောင့်ရချိန်၊ ဘူတာရုံတွင် ရထားပျောက်နေသဖြင့် စောင့်ရချိန်တို့သည် ကျွန်ုပ်တို့အချိန်ကို ခိုးယူခံရခြင်းပင်ဖြစ်၏။

ပညာ၊ ကုသိုလ်၊ ဥစ္စာတို့ဖြင့် တစ်နေ့တာကို တိုင်းတာခြင်းသည် အနှစ်သာရကို ဆန်းစစ်ခြင်းဖြစ်၏။ အချိန်ကိုဆန်းစစ်ကြည့်လိုက်သောအခါတွင်ကား အနှစ်သာရကို ဖဲ့ခွဲခံရသည်များကို တွေ့လာရပေသည်။

ကျွန်တော်သည် ဝန်ထမ်းဘဝဖြင့် စက်ရုပ်တစ်ရုပ်ကဲ့သို့ ဆယ်စုနှစ်ကာလတစ်ခုကို ဖြတ်သန်းခဲ့ဖူးပါ၏။ "အချိန်ကာလသည် သံသရာ၏ ရုပ်တုတစ်ခုမျှသာဖြစ်သည်"ဆိုသည့် ဂရိပညာရှိ လာရိုယပ်၏ စကားကို သဘောပေါက်လာမိသည်။

[၂]

**အလွန်လျင်မြန်စွာ ရွေ့လျားနေတဲ့ စနစ်တခုထဲမှာ အချိန်ဟာ နှေးကွေးသွားတယ်။**

**အိုင်စတိုင်း(ရီလေတီဗတီသီအိုရီ)**

ကျွန်တော့်အသိ မိတ်ဆွေများထဲ၌ ကျောင်းဆရာ၊ စက်ရုံဝန်ထမ်း ရုံးဝန်ထမ်း၊ ဈေးသည်၊ ပွဲစား၊ ကုန်သည်၊ စီးပွားရေးသမားအရာရှိ စသည်ဖြင့် အသီးသီးရှိကြ၏။

သူတို့၏ တစ်နေ့တာ(သို့မဟုတ်) တစ်နှစ်တာသည် သူ့အမျိုးအစားအလိုက် တစ်ဦးနှင့်တစ်ဦး သိပ်မထူးလှပါ။

ကျွန်တော့်အသိ ကျောင်းဆရာမတစ်ဦးဆိုလျှင် မနက် ၅ နာရီ အိမ်ရာထကာ ပြင်ဆင်၊ ၆ နာရီ ကျောင်းရောက်စာသင်၊ နေ့လယ် ၁၂း၃၀ ကျောင်းဆင်း၊ ပုံနှိပ်တိုက်လာ၊ ပုံနှိပ်ကိစ္စ၊ စာရင်းဇယားကိစ္စ၊ ပရကိစ္စများနှင့် အလုပ်ရှုပ်၊ ညမိုးချုပ်မှ အိမ်ပြန်ရ၊ ရေမိုးချိုး၊ သတင်းစာခဏဖတ်ရင်း အိပ်ပျော်၊ ဤသို့ဖြင့်သာ သံသရာလည်နေရကြောင်း ဖွင့်ဟပေသည်။ ကျောင်းပိတ်ရက် အားရက်မျိုးတွင်လည်း အဖြေစာရွက်အမှတ်ခြစ်ရင်း အချိန်ကုန်၊ သို့မဟုတ် စာရင်းစာအုပ် တစ်ထပ်ကြီးနှင့် အချိန်ကုန်၊ ဝါသနာရှိရင်း စာရေး စာဖတ် ကလေးတောင် ကြာတော့မလုပ်နိုင်ကြောင်း ဖွင့်ဟပေသည်။ ကျွန်တော်က "ယောနသံစင်ရော်" ဝတ္ထုအကြောင်း ပြောပြရင်း "အစာရှာရင်းနဲ့ပဲ အချိန်ကုန်တော့မလား၊ အမြင့်ပျံဖို့ မကြိုးစားတော့ဘူးလား"

ဟု ပြောသည့်အခါ မျက်လုံး ကလေး ဝိုင်းနေရှာပေသည်။

*"လူ၌ စရိုက်နှစ်မျိုးရှိ၏။ တစ်မျိုးက ပင်ကိုစရိုက်၊ တစ်မျိုးက ပုံသွင်းထားသည့် စရိုက်ဖြစ်သည်"*

ဟု ဂျက်လန်ဒန်က "သံဖနောင့်" ဝတ္ထုတွင် ရေးခဲ့ဖူးသည်။

ကျွန်တော်တွေ့ဖူးသည့် ပုဂ္ဂိုလ်များ၊ ကျွန်တော့် အသိများတွင် အများအားဖြင့် အရာရှိ၊ ဝန်ထမ်း၊ ကျောင်းဆရာ စသည်တို့တွင် လုပ်ငန်းပုံသွင်းစရိုက်သာ လွှမ်းမိုးနေကြောင်းတွေ့ရပေသည်။ ပင်ကိုပျောက်နေ၏။ ကိုယ်ပိုင်အချိန်လည်း နည်းပါးကြပေသကိုး . . .။

ထို့ကြောင့်ပင် လူသည် လုပ်ငန်းပုံသွင်းစရိုက်လွှမ်း၍ စက်ရုပ်ဆန်လာကာ အချိန်၏သားကောင် ဖြစ်မှန်းမသိဖြစ်လာခဲ့ပေသည်။

တကယ်တော့ လူ့ဘဝနှင့် လုပ်ငန်းဘဝတွင် လုပ်ငန်းဘဝက လွှမ်းမိုးလာခဲ့ခြင်းဖြစ်၏။ အသိဆရာမတစ်ဦးက သူ့အားရက်ကလေးတွင် အဖြေစာရွက်ခြစ်၊ စာရင်းဇယားလုပ်ရင်း အချိန်ကုန်ကြောင်း တင်ပြခဲ့သဖြင့် အားလုံး ဤလိုချည်းဟုမမှတ်စေလိုပါ။ အခြားအသိ ဆရာမတစ်ဦးဆိုလျှင် သူ့ကျောင်းအားရက်တွင် ကဲ့ကော်ရွက်၊ ပျဉ်းမရွက် စသည်ဖြင့် သစ်ရွက်များနှင့်စုဆောင်းကာ ယတြာကိစ္စ ဆောင်ရွက်လေ့ရှိ၏။

ဤသို့ဖြင့် ခြင်းချက်အနေဖြင့် သူတို့ရုံးအားရက်တွင် စာရင်းဇယားနှင့် ကစားသူ၊ သစ်ရွက်များနှင့် ကစားသူ စသည်ဖြင့်တော့ ကွဲပြားတတ်ပေသေး၏။

ဤခြွင်းချက်ကလေးများကို ချန်လှပ်၍ တစ်နေ့လုံး၊ တစ်လလုံး၊ တစ်နှစ်လုံး ယေဘုယျလွှမ်းခြုံမှုကား စက်ရုပ်ဆန်သော လည်ပတ်မှုသာ ဖြစ်ပါ၏။

**[၃]**

**ဤကမ္ဘာ၏ခေတ်သည် သတင်းခေတ်ဖြစ်လာ၏၊ ကမ္ဘာ၏ ထုတ် လုပ်မှုကို ပညာရှင်သုခမိန်တို့က ခေတ်ကြီးသုံးခေတ်ဖြင့် အကြမ်းသဘော ခွဲခြားတတ်ကြသည်၊**

**(၁) လယ်ယာစိုက်ပျိုးရေးခေတ်**

**(၂) စက်မှုလက်မှုခေတ်**

**(၃) သတင်းခေတ် (၂၁ ရာစုကို သတင်းခေတ်ဖြစ်လိမ့်မည်ဟု ဟောကိန်းထုတ်ထား၏။ ယခုစတင်ရောက်နေပြီ။)**

**မောင်စူးစမ်း၊ "သတင်းခေတ်" ဆောင်းပါး**

**အတွေးအမြင်၊ ဖေဖော်ဝါရီ၊ ၈၅**

ကျွန်တော်သည် တလောက"သိပ္ပံမောင်ဝ"၏ "လှည်းသမား"ကို ပြန်ဖတ်မိ၏။ လှည်းသမားသည် သူ့လှည်းပေါ်၌ မည်သူမည်ဝါ ပါလာသည်ကို အမှုမထားမိ။ ဘုန်းကြီး၊ ရဟန်း၊ သက်ကြီးရွယ်အို၊ မိန်းမပျို မည်သူမည်ဝါပင် ပါလာသည်ဖြစ်စေ သူ့နွားနှစ်ကောင်၌သာ စိတ်စွဲလျက် ဆဲရေးကာ တိုင်းထွာကာ မောင်း၏။ ချိုင့်၊ ကျင်း၊ ကျောက်ဆောင်၊ ချုံပုတ်၊ တောင်စောင်းစသည်ဖြင့် လမ်းခရီးကို မြင်ရပေသည်။

ကျွန်တော်သည် 'လှည်းသမား'ကို ပြန်ဖတ်ရင်း ကျွန်ုပ်တို့ခေတ်၏ ကားစပယ်ယာကို သတိရမိပေ၏။ လှေခေတ်၊ လှည်းခေတ်နှင့် မော်တော်ကားခေတ် ပြောင်းလဲခဲ့သော်လည်း မပြောင်းလဲသည့် အချက်များလည်း ရှိနေပေသည်။ နောက်တစ်ဖန် ကျွန်တော်သည် ပင်ရင်းစကားပြေ လက်ရွေးစင်မှ ဆရာကြီးရွှေဥဒေါင်းရေးသည့် "ဇော်ဟိတ်နှင့် တိုင်းလုံးကျော်တို့၏ လက်ဖွဲ့ပွဲ" ကို ပြန်ဖတ်မိ၏။ အားပြိုင်မှုကြောင့် ပိုထက်သန်လာ၏။ တစ်ဦး၏အချက်ကို တစ်ဦးကစောင့်လျက် အားနည်းချက်၊ အားသာချက်ကို သက်လုံနှင့် ကျွမ်းကျင်မှုနှင့်ယှဉ်ကာ ထိုးသတ်ကြရသည့် မြန်မာ့လက်ဖွဲ့သဘာဝကို အသည်းတယားယားနှင့် ဖတ်ရ၏။ တိုင်းလုံးကျော်က ဟုတ်နိုင်သန်မာသော်လည်း သက်လုံမကောင်း၍ ကောက်ကျစ်ကာ ဇော်ဟိတ်၏ မအားကို ကန်သည့်အခါ ပရိသတ်သည် အော်ဟစ်ကန့်ကွက်ကြ၏။ ကျွန်တော်သည် ဆရာကြီးရွှေဥဒေါင်း၏ စူးနစ်သော အရေးအသား၏ဆွဲခေါ်ရာနောက် လိုက်ပါရင်း စာတစ်ပုဒ်၏ အသက်ဝင်မှုကို တွေ့လာရ၏။

ဆရာကြီးရွှေဥဒေါင်းစာကို ဖတ်ရင်း သားလတ်၏ ၂၄ နာရီ ကိုယ်စီရကြောင်း၊ အချိန်တန်ဖိုးအဆိုကိုသတိရမိပေ၏။ "ဇော်ဟိတ်နှင့် တိုင်းလုံးကျော်တို့၏လက်ဖွဲ့"ပွဲ၌လည်း အချိန်ကို တန်ဖိုးရှိရှိ အသုံးချပုံကို လေ့လာတွေ့ရှိရ၏။ ကျွန်တော်၏ သားလတ်၊ အထက်တန်း ကျောင်းသားသည် သူ့ကျောင်းစာအတွက် စိုးရိမ်စိတ်ရှိ၏။ သို့မဟုတ် ပိုမိုတိုးတက်ရန် သူ့ကိုယ်သူ သတိပေးနှိုးဆော်သည့်အနေဖြင့် အချိန်တန်ဖိုးအဆိုကို နံရံတွင်ကပ်ထား၏။

နောက် အဆိုအမိန့်တစ်ခုကို သူ့အတွက် ကျွန်တော်ကပ်ပေးလိုက်သည်။ **"ရှုံးနိမ့်မည့်အရေးကို သင်တွေးပြီး မကြောင့်ကြပါနှင့်။ နောင်ကြုံတွေ့ရမည့်အရေးကို တွေးတောကြောက်ရွံ့ကာ သို့လောသို့လောဖြင့် သူရဲဘောကြောင်ကာ မစွန့်စားဘဲနေခြင်းထက် ကျွန်ုပ်တို့ မျှော်လင့်ထားသော အဖြစ်ဆိုးများ၏ ထက်ဝက်ကို ရင်ဆိုင်ကြုံတွေ့ရန် ရဲဝံ့သောသတ္တိဖြင့် စွန့်စားလုပ်ကိုင်ခြင်းသည်သာ မြတ်၏"**

**ဟိရိုဒိုတပ်စ်(ဂရိပညာရှိ)**

ထိုအဆိုအမိန့်ကို ချရေးပြီးသောအခါ ကျွန်တော်သည် မိမိကိုယ်ကို သတိထားလိုက်မိပါသည်။

ကျွန်တော်သည် အခြားသူများ၏ တစ်နေ့တာ၊ တစ်နှစ်တာကို ဆန်းစစ်ရင်း မိမိကိုယ်တိုင်၏ နေ့စဉ်ဘဝကို ပြန်စစ်ဆေးကြည့်မိသည့်အခါ နှစ်ကုန်သည့်အခါ၌ သိန်းဖေမြင့်ဆိုသကဲ့သို့ တစ်နှစ်ကြီးလာပြီဟုသာ ဆိုရမလို ရှိတော့၏။

ထို့ကြောင့် မိမိကိုယ်ကို အားပေးရန် ဟီရိုဒိုတပ်စ်ကို အကူအညီယူရပေ၏။ ထိုအဆိုသည် သားအတွက်ရည်စူးသော်လည်း မိမိကိုယ်တိုင်အတွက်လည်း ဖြစ်နေပြန်သည်။

သုခမိန်တို့ ခွဲခြားစိတ်ဖြာသည့် လယ်ယာခေတ်၊ စက်မှုခေတ်၊ သတင်းခေတ် ခေတ်သုံးခေတ်တွင် ကျွန်တော်တို့သည် မည်သည့်ခေတ်ကို ဖြတ်သန်းနေကြပါသနည်း။ မည်သို့သော စရိုက်ဖြင့် ကျင်လည်နေကြပါသနည်း။

အချိန်ကာလသည် သံသရာ၏ ရုပ်တုတစ်ခုဖြစ်သကဲ့သို့ လူသည် အချိန်ကာလ၏ သားကောင်အဖြစ် ကျင်လည်နေကြရပါသလော။ အတ္တ၊ ပရ မျှတစွာဆောင်ရွက်နိုင်ကြပါ၏လော။

မိမိအရိပ်အား ပြန်လည်ငုံစောင်းကြည့်သည့်အခါ . . . ။

✸

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း။ ၁၉၉၇ ခု၊ ဇန်နဝါရီလ)

# ဒီရေစုန်ဆန်၊ အောက်ရပ်ဌာန် ချိန်မှန်ဘယ်ကြောင့် ဖြစ်သနည်း

[၁]

တစ်နေ့တွင် ကျွန်တော်သည် မိတ်ဆွေတစ်ဦးနှင့် ဆုံမိရင်း ရန်ကုန်မြို့တော် ဗိုလ်ချုပ်ပန်းခြံဘက်သို့ နှစ်ယောက်သား စကားတပြောပြောဖြင့် လမ်းလျှောက်လာခဲ့ကြပါသည်။

မိတ်ဆွေက ပန်းခြံဝင်ခပေးချေပြီး ဝင်ခဲ့ကြရာ ပန်းခြံအတွင်း ကန်တော်ကြီးကမ်းစပ်တစ်နေရာရှိ "လုံမလေးစားတော်ဆက်"သို့ ရောက်ခဲ့ကြသည်။ နေရာထိုင်ခင်းကလေး ကောင်းသဖြင့် နှစ်ယောက်သားဝင်ခဲ့ကြသည်။ ပဋ္ဌရူပနယားပုံက ဆီးကြိုနေဟန်တွေ့ရ၏။ ပျူငှာသော အပြုံးနှင့် ဆိုင်အမှုထမ်းတစ်ဦးက နေရာချထားပေးပါသည်။

ကျွန်တော်သည် မမျှော်လင့်ဘဲ ကန်တော်ကြီးအတွင်း လှေပြိုင်ပွဲနှင့် သွားတိုးတော့သည်။ ထိုအခါမှ မိတ်ဆွေက လှေပြိုင်ပွဲကို ကြည့်စေချင်၍ ခေါ်ခဲ့ကြောင်း ဖွင့်ဟပြောဆိုပါသည်။

"ဟီး . . . ဟော့ . . . ဟီးဟော့ . . ."

ကျွန်တော့်နားထဲ၌ ပြိုင်လှေများဆီမှ လှေထိုးသားများ၏ ညီညီညာညာ . . . ညာသံများကို လည်းကောင်း၊ ကမ်းပေါ်မှ ပွဲကြည့်ပရိသတ်များ၏ တက်ကြွအားပေးသံများကိုလည်းကောင်း ကြားနေရပါသည်။ လောင်းနှစ်လောင်း၏ အားပြိုင်မှုသည် ပရိသတ်၏စိတ်ကို နှိုးဆွပေးနေပါသည်။ ပရိသတ်များက ကိုယ်သန်ရာသန်ရာ ပြိုင်လှေကို အားပေး နေကြ၏။ တစ်ဦးနှင့်တစ်ဦး တူသည်လည်းရှိ၊ ကွဲပြားသည်လည်းရှိကြ၏။

–ကျိတ်ဝိုင်းအလောင်းအစားဖြင့် အားပေးသူများရှိက ထိုအားပေးမှုသည် မမှန်ကန်၊ အားကစားစိတ်ဓာတ်ကို မျက်ကွယ်ပြုရာ ရောက်သည်ဟု ယူဆမိ၏။

–တက်ရေးသာ၍ နိုင်ခြေရှိသူ၊ နာမည်ကျော်သူကို အားပေးသူများသည်လည်း တစ်ဖက်သတ်ဆန်လွန်းနေမည်လားဟု စဉ်းစားကြည့်မိ၏။

သို့ဆိုလျှင် ညှာတာစိတ်ဖြင့် တက်ရေးညံ့သူကို အားပေးလျှင်ကော မှန်ကန်ပါမလား။ ဤနေရာတွင်လည်း အခြေအနေအရ လက်ရည်မပေါ်နိုင်ဘဲ ပျော့ချက်မညီ ဖြစ်နေလျှင်လည်း ဖြစ်နေမည်။ သို့မဟုတ် ခေါက်ဆွဲစားထားမည်ဆိုလျှင်လည်း အားမပေးထိုက်ပြန်။

သို့ဆိုလျှင် နှစ်ဦးနှစ်ဖက် သန့်ရှင်းမှုရှိမရှိ၊ အားကစားစိတ်ဓါတ်သန့်သန့်ဖြင့် ယှဉ်ပြိုင်ခြင်းသာ အဓိကထားခြင်း ဟုတ်မဟုတ် စူးစမ်းရပေလိမ့်မည်။

ဤသို့မဟုတ်ဘဲ မည်သို့မျှ သို့လော၊ သို့လော တွေးတောဆန်းစစ် ဝေဖန်နေချိန်မရဘဲ တစ်ဖက်ဖက်မှ အားပေးနေမိတတ်သည့် လူ့သဘာဝအတိုင်း သတိလက်လွတ် ပြုမူနေမိသူတွေလည်း ရှိပေလိမ့်မည်။

ဤအချက်ကို စဉ်းစားမိသည့်အခါ ကျွန်တော်သည် "ဟာရီးနယ်လ်ဆင်"၏ "လေပြိုင်ပွဲ"ဆိုသည့် အက်ဆေးတစ်ပုဒ်ကို သတိရလာမိသည်။

ထိုအက်ဆေးတွင် ဟာရီးနယ်လ်ဆင်က သူသည်လေပြိုင်ပွဲတွေ့၍ ခေတ္တရပ်ကြည့်မိရာ ကိန်းဘရစ်တက္ကသိုလ်နှင့်၊ အောက်စဖို့တက္ကသိုလ်အသင်းတို့ ပြိုင်နေကြောင်းသိရကာ ကြည့်ရင်းကြည့်ရင်းနှင့် သူကိုယ်တိုင် အောက်စဖို့ တက္ကသိုလ်ဘက်မှ အားပေးနေမိကြောင်း သတိပြုမိလာသည်။ ထိုပြိုင်သင်းနှစ်ခုလုံးမှ ထိုးသားများနှင့် လုံးဝမသိ။ သို့စင်လျက် ဘာ့ကြောင့် အောက်စဖို့တက္ကသိုလ်ဘက်မှ အားပေးနေမိသနည်း။ သူ့ကိုယ်သူ ဆန်းစစ်ကြည့်သည့်အခါ သူအောက်စဖို့တွင်နေခဲ့ဖူးကြောင်း သတိရလာသတဲ့။

ထိုအခါ လူ့သဘာဝ ကိုယ်နေခဲ့ဖူးရာ အစွဲလေးကို စွဲတတ်ပုံ၊ ဒေသစွဲ၊ လူမျိုးစွဲရှိတတ်ပုံ၊ ထိုမှအသားအရောင်ခွဲခြားမှု၊ မျိုးချစ်စိတ် ဆိုသည်ကို ဆန်းစစ်ကြည့်မိပုံ၊ ဆင်းရဲချမ်းသာ၊ လူမှုအဆင့်အတန်း၊ အားကြီးသူ၊ အားနည်းသူ၊ ဖြောင့်မှန်သူ၊ မဖြောင့်မှန်သူ၊ မျှတသူ၊ မမျှတသူ၊ တရားသူ၊ မတရားသူ စသည်စသည်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီး ကမ္ဘာ့လူထုကြီး အခြေအနေအကြောင်းအရာများအထိ အကျယ်အပြန့် စဉ်းစားစရာများ တစ်သီကြီး ရေးပြထားပါသည်။

ထိုသို့ အက်ဆေးဆရာ၏ လွတ်လပ်ကျယ်ပြန့်စွာ တွေးခေါ်နိုင်မှုကို ကျွန်တော်နှစ်သက်လှ၏။

ကျွန်တော်တို့လှေပြိုင်ပွဲကို အားပေးနေသည့် ပရိသတ်များကော မည်ကဲ့သို့ အားပေးနေကြပါသနည်း။

"ဟီး . . .ဟော့ . . .ဟီးဟော့ . . ."

"သူတို့ကြွေးကြော်သံကို နားစိုက်ကြည့်၊ အားရှိလာတယ်ဗျ"

ကျွန်တော့်မိတ်ဆွေ၏ စကားသံကြားမှ ကျွန်တော်သည် အတွေးစဉ်လမ်းမှ လှေပြိုင်ပွဲဆီ ပြန်စောင်းငဲ့ နားစွင့်မိတော့သည်။

"ဟီး . . .ဟော့ . . .ယီးလေ့ . . ."

အတိုင်အဖောက်ညာသံကို ဆက်ကြားရသည်။ မိတ်ဆွေပြောသကဲ့သို့ အားရှိလာသည်မှာအမှန်။

**"ကျွန်တော်တို့သည် ယီးလေလေ့ဆို၍ ကိုယ့်ကိုလည်း ကိုယ်တင်းသည်။ သူတစ်ပါးကိုလည်း အားပေးသည်။ စု၍လည်း အားယူကြသည်။ ယီးလေးလေးဆို၍ တက်စုံလက်စုံ ညီညီညာညာနှင့် လှော်ပုံကာ ကျွန်တော်တို့ တစ်စုကျော်လွန်အောင်မြင်ခဲ့သော ခရီးကိုဆန့်လိုက်ရမည်ဆိုလျှင် ယှဉ်နာပေါင်းများစွာရှိပေလိမ့်မည်. . ."**

ဆရာမင်းသုဝဏ်၏ "ယီးလေလေး . . ."စာတမ်းကလေးကို သတိရမိပြန်၏။ ဆရာက ကျွန်တော်တို့မှာ ကြွေးကြော်သံအထူးမရှိ၊ ယီးလေလေ့သာရှိသည်။ ရှေးဟောင်းသမားရိုးကျ ကြွေးကြော်သံ၊ တော်သလင်း သီတင်းကျွတ်လများတွင် မြစ်ရိုးချောင်းရိုးတစ်လျှောက် လှေပြိုင်ကြသောအခါ ဤကြွေးကြော်သံကို နှစ်စဉ်ကြားရမြဲ။ ရေစုန်ရေဆန်၊ ရေဆန်လေစုန်၊ လေဆန် ရေဆန်၊ လေစုန်ရေစုန်၊ နေ့ခရီး ညခရီး . . . မည်သည့်ခရီးမျိုးဖြစ်စေ၊ ယီးလေလေ့ကြွေးကြော်သံဖြင့် အားယူအားတက်ခဲ့ကြောင်း တင်ပြထားသည်။

ယီးလေလေ့ကြွေးကြော်သံသည် ညီညွတ်မှုကို စေ့ဆော်ပေးရုံ၊ ကွဲပြားမှုကို ဖျောက်ဖျက်ပေးရုံသာမဟုတ်၊ အားနည်းလျှင် ဖြည့်တင်းပေးသည်။ ကြောက်လန့်လျှင် ရဲဆေးတင်ပေးသည်။ အချုပ်အားဖြင့်ဆိုသော် ယီးလေလေ့ဆိုသော တက်ခေါ်သံတွင် နယ်နိမိတ် သတ်မှတ်ပေး၍ ရကောင်းမည် မထင်ပါဟုတင်ပြကာ ငယ်စဉ်က ကျေးလက်အတွေ့အကြုံကို ကြည်နူးဖွယ် အားတက်ဖွယ်၊ နှစ်သက်ဖွယ် စာပန်းချီခြယ်ထားပေသည်။

ကျွန်တော်သည် ဆရာမင်းသုဝဏ်၏"ယီးလေးလေ့" စာတမ်းငယ်ကို ပြန်သတိရစဉ်အခိုက်တွင်ပင် ကျေးလက်ကို လွမ်းမိလာ၏။ မိမိကိုယ်တိုင် ကျေးလက်က တက်လာခဲ့သူ ဖြစ်သည်။ မိမိကိုယ်တိုင် ချောင်းရိုးမြစ်ရိုး

လှေပွဲတို့ကို ဘကြီး၊ ဘထွေးတို့နှင့် မြစ်ဝကျွန်းပေါ်ဘက်သွားရင်း ကြုံဖူးသည်ကို စားမြုံ့ပြန်ကြည်နူးမိ၏။

ဤသို့ကျေးလက်စိတ်ရောက်ရိုက် မိတ်ဆွေက တက်ကြွကာ လက်လာကုတ်၏။ လှေပြိုင်ပွဲ ဗိန်းမောင်းသံက နားထဲညံလာသည်။ အဆိုတီးဝိုင်းမှ ခေတ်သစ်လှေတော်သံ သီချင်းသံ၊ ဟီး . . ဟေ့ . . ၊ လုံးကြွလက်ဖျံ ဟေးဝါးကျိတ်လိုက် အားပေးသံများ နားထဲစုပြုံ တိုးလာသည်။

ကျေးလက်တုန်းက သဘာဝရေမြေတောတောင်၊ မြစ်ရိုး ချောင်းရိုး ရေရှင်အတွင်း ယှဉ်ပြိုင်မှု၊ သဘာဝအသံများ ကျေးလက် စရိုက်မြန်မာမှုကို မြင်ခဲ့ရသည်။

**"မုန်တိုင်းကထန်၊ ချောင်းကလျှံ**
**ဝဲသံကကြွေး၊ လှိုင်းကဖွေး**
**ယီးလေလှေ . . . ယီးလေလေး . . ."**

ကျေးလက်လှေပြိုင်ပွဲမှ အားမာန်ကို ကဗျာဖြင့် အရအမိ ဆရာမင်းသုဝဏ် ဖမ်းဆုပ်ခဲ့သည်။

ထိုခံစားမှုတို့ဖြင့် မြို့ပြ၊ ကန်တော်ကြီးရေသေ အတွင်းမှ လှေပြိုင်ပွဲကို ကျွန်တော်ခံစားကြည့်ရ၏။

✺

[၂]

**"လှေသူကြီးတို့အင်္ဂါသည်**
**ရေသာရေပြင်း၊ စီးဆင်းသောင်မြိတ်**
**လေရိပ် မိုးသက်၊ ရေတက်ရေကျ**
**တွေးဆနက်တိမ်၊ ကွေ့လိမ်ထွေလီ**
**သိနားလည်မှ ၊ တက်မနွဲ့ကိုင်ထိုက်**
**ပေသည်. . ."**တဲ့။

ကျည်းကန်ရှင်ကြီးဆိုခဲ့သည်။

ဘောက်တူ၊ လောင်းကိုယ်၊ တပါ၊ ပိန်းကော . . .ဟု အသုံးများသော လှေအမျိုးအစား လေးမျိုးရှိရာတွင် လောင်းကိုယ်သည် ပြိုင်လှေအမျိုးအစား ဖြစ်သည်။ ရေချိန်ကိုက်၍ လူ ၃၀ ကျော်အထိ စီးနိုင်ကြသည်။ ပြိုင်လှေတွင် တက်မကိုင်(ပဲ့နင်း)၊ တက်စီး၊ ဦးစီး . . .ဟူ၍ အဓိကအရေးပါသူ သုံးဦး ရှိပါသည်။ ဦးစီးသည် လှေဦးကထိုင်၍ တက်ရေးပြရသည်။ သူ့တက်ကျ တက်ရေးနှင့်အညီ လှော်သားများက လှော်ကြရပါသည်။

တက်စီးက အလယ်က ထိုင်ရသည်။ အချက်ပေးတိုင်သံပြုရသည်။ လှော်သားများ ညီညီညာညာ လှော်နိုင်အောင် သူက ရှေ့ဆောင်ပါသည်။ လှော်သားအားလုံးသည် တက်မြှောက်၊ တက်တန်း၊ တက်စောင့် သည့် တက်ရေး ၃၇ ချင်းကိုလည်း ကျွမ်းကျင်ရပါသည်။ တက်မကိုင်သည် လှေလမ်း ဖြောင့်အောင် ဘေးမချော်အောင် ထိန်းမတ်ပေးရသည်။ သူအရေးကြီးဆုံး ဖြစ်သည်။ ဦးစီးပန်းဆွတ်သူလည်း ကျွမ်းကျင်ဖို့ အများကြီးလိုပါသည်။ တကယ်တမ်း အားလုံး တက်ညီလက်ညီရှိမှသာ ပြိုင်လှေကို လှော်နိုင်ပါ လိမ့်မည်။ တစ်ဦးတစ်ယောက်က စိတ်ဓာတ်ကျလျှင်ဖြစ်စေ၊ ရေသာခိုလျှင် ဖြစ်စေ ထိုအသင်းသည် မုချရှုံးနိမ့်ရပေလိမ့်မည်။ စည်းလုံးညီညာမှ အောင် ကြောင်းဖြာနိုင်ပါသည်။

ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေတို့သည် လှေပြိုင်ပွဲနှင့် ပတ်သက် ၍ ရောက်တတ်ရာရာ ပြောဆိုလာကြပါသည်။

"ကျွန်တော်တော့ တက်ရေး ၃၇ ချင်းတော့ မသိဘူး။ နတ်ရေး ၃၇ မင်းတော့ သိသဗျ . . ."

ဟု မိတ်ဆွေက ရယ်မောပြောနေသည်။

"ကျည်းကန်ရှင်ကြီးပြောတဲ့ လှေသူကြီးအင်္ဂါကို ခင်ဗျားနှ ပြိုင်လှေ နှစ်ဘက်မှာ ဘယ်လိုသဘောရသလဲ" ဟု ကျွန်တော်က အတည်မေးသည့် အခါ ကျွန်တော့်မိတ်ဆွေ ရယ်မောနေရာမှ တွေသွားပါသည်။

"ခင်ဗျားကလည်း လူကို'ငို၍ရယ်၍မရသော မျက်နှာ' ဖြစ်အောင် လုပ်တာပဲ" ဟု သူကပြောဆိုပါသည်။

ထို့နောက်သူက ကျွန်တော်တကယ်မေးမှန်း သိသည့်အခါ ကန်၏ သဘာဝနှင့် မြစ်ချောင်းတို့၏ သဘာဝမတူပုံ၊ ရေသေရေရှင် ကွာခြားပုံများကို သူသိသမျှပြောပြပါသည်။

"ရေသေကန်ပေါင်အတွင်းမှာ ခင်ဗျားရွတ်ပြတဲ့ ကျည်းကန်ရှင် ကြီးရဲ့ ရေသာရေပြင်း၊ စီးဆင်းနက်တိမ်၊ ကွေ့လိမ်တွေလီတွေ ဘယ်သိနိုင် မလဲဗျ"

"ဟုတ်ပါ့မလား မောင်ကာလူရဲ့"

"အို . . .ဒါ့ထက်တောင် ဟုတ်သေးဗျာ . . ."

ဤတွင် သူနှင့်ကျွန်တော် အငြင်းပွားလာပါသည်။

"ကဲ . . .ကောင်းပြီ၊ သဘာဝမြစ်ချောင်းတို့ဟာ ရေရှင်ဖြစ်တော့ တော်သလင်းရေသင်ဖြူးခင်း၊ ရေမျက်နှာပြင် ညီညာနေမယ်၊ ရာသီဥတု သာယာနေတယ်ပေါ့ဗျာ . . ." ●

ထိုအခါသူက ကျွန်တော့်စကားဆုံးအောင် မစောင့်ဘဲ . . .

"အဲဒီလိုပဲ ကန်ရေပြင် ရေသေဟာလည်း အစဉ်ညီညာနေပါသဗျ။ အဲ . . . .ခဲပစ်ချသူမရှိရင်ပေါ့ဗျာ"

"ကဲ . . . ဒီလိုဆို ကန်ရေပြင်ညီညာပေမဲ့ အတွင်းကြမ်းပြင် ညီညာနေမယ်လို့ ပြောနိုင်ပါ့မလား . . . ကျင်း၊ ချိုင့်၊ ငုတ်၊ နွံ၊ ရေမှော်၊ ဒိုက် . . ."

"ဟိုး . . . ဆရာ . . .များလှချည်လား၊ အဲဒါတွေကျတော့ . . . အင်းအင်း . . . "

"ဒါကြောင့် ရေသေကန်အတွင်း ရေကူးရတာ လှေလှော်ရတာ ပိုအန္တရာယ်ကြီးတယ်လို့ ပြောတာပေါ့ဗျ"

"အဲဒါနဲ့ ကန်ရေမျက်နှာပြင်ပေါ်က တက်မကိုင်ရဲ့ အနေအထား ကကော ကျည်းကန်ရှင်ကြီးအဆိုအရ ဘယ်လိုဖြစ်နိုင်မလဲ . . ."

"ကျည်းကန်ရှင်ကြီးကတော့ သဘာဝမြစ်ရိုး၊ ချောင်းရိုး ရေကြောင်း သဘာဝနဲ့ ကျွမ်းကျင်မှုကို ပြောတာလို့ ယူဆတယ်ဗျ"

မိတ်ဆွေနှင့် ကျွန်တော်သည် လုံမလေး စားတော်ဆက်တွင် အအေး မှာသောက်ကာ ဗိုလ်ချုပ်ပန်းခြံမှဖြတ်လျက် ပြန်လျှောက်ခဲ့ကြ၏ ။စကားပြော ကောင်းကောင်းနှင့် နှစ်ယောက်သား အတန်ကြာ လျှောက်မိခဲ့ကြပါသည်။

ကျွန်တော်က ကျွန်တော်ဖတ်ဖူးသည့် ဟာရိုးနယ်လ်ဆင်၏ လှေပြိုင် ပွဲအကြောင်း၊ ဆရာမင်းသုဝဏ်၏ "ယိုးလေလေ့"ရသစာတမ်းတို့ကို ပြန်ပြော ပြသည့်အခါ သူ့မျက်နှာတွင် မျှော်ခေါ်တွေးတောရိပ်တို့ ဖြတ်သန်းကာ လေးနက် လာပါသည်။ ဆရာမင်းသုဝဏ်က "ယိုးလေးလေးသံ" ဟာ ကျွန် တော်တို့ကို ငေါက်ခနဲနေအောင် ဆွဲဆောင်သတဲ့။ အဲဒီအသံကြားရင် လက် မောင်းထဲမှာ အားသစ် ဝင်လာသတဲ့။ ကျောရိုးထဲမှာ အားသစ်တိုးလာတယ်လို့ ရေးဖူးတယ်။

"ဟိုတုန်းက မြန်မာဘုရင်တွေ လက်ထက်က လှေပြိုင်ပွဲတွေမှာတော့ စီးတိုးစီးတိုးဆို အတိုင်အဖောက်ဆိုရင်း လှော်ကြတယ်လို့ စာထဲမှာ ဖတ်ဖူး တယ်ဗျ"

"ဒါနဲ့နေပါဦး၊ ကျွန်တော်တို့ကြည့်ခဲ့တဲ့ လှေပြိုင်ပွဲမှာ ဘယ်လို ညာသံတိုင်တာကြားရသလဲ။ ခင်ဗျားနားထဲ . . ."

ကျွန်တော်က မိတ်ဆွေကို အကဲခတ်ရင်း ကျွန်တော့်အကြားနှင့် တူသလားဟု ညှိကြည့်ရန် မေးလိုက်ပါသည်။

"အင်း . . . အဲဒါမှ ဒုက္ခပဲ၊ ခင်ဗျားပြောမှ ပြန်နားစွင့်ကြည့်ရမလို ဖြစ်နေပြီ"

"ကဲ .... ဒါဆို ယီးလေလေ့လား"

မိတ်ဆွေက စဉ်းစားရင်း ခေါင်းယမ်းပြပါသည်။

"ကဲ .... ဒါဆို .... စီး .... တိုး၊ စီး .... တိုးလား"

"အဲ ... အဲဒီလိုများ ဖြစ်နေမလား"

ဤအခါတွင် ကျွန်တော်က ခေါင်းယမ်းပြလိုက်ပါသည်။ ထိုအခါ သူက မခံချင်စိတ်အသံဖြင့် ပြောပါသည်။

"ဟော့လူကြီး နားအကြားဆိုတာ လွဲနိုင်တယ်နော်၊ ကျွန်တော် တို့က တစ်တီတူး၊ တစ်တီတူးဆိုတာ အင်္ဂလိပ်က ဒစ်-ယူ-ဒူး၊ ဒစ်-ယူ-ဒူးလို့ ကြားသဗျ၊ ကဲ . . ."

"ခင်ဗျားနဲ့ကျွန်တော်က တိုင်းရင်းသားချင်းပဲဗျ၊ နောက်နှစ်ယောက် စလုံး အတူကြည့်ခဲ့၊ မြင်ခဲ့၊ ကြားခဲ့၊ မြင်ဆဲ၊ ကြားဆဲလို့တောင် ပြောလို့ရတယ်"

"ကဲ . . . ဒါဆို ခင်ဗျားက ဘယ်လိုကြားလဲ"

"ကျွန်တော်က ဟီး . . ဟော့၊ ဟီး . .ဟော့၊ လို့ကြားရသဗျ . . ."

ထိုအခါသူက ကျွန်တော့်ကို ခေါင်းယမ်းပြပြန်ပါသည်။ ထိုညနေက သူနှင့်ကျွန်တော် နှစ်ယောက်သား လမ်းတစ်လျှောက် တစ်ယောက်တစ်လဲ ခေါင်းယမ်းလာကြသည်ကို လမ်းသွားလမ်းလာများက အကြောင်းမသိဘဲ ပြုံးစိစိဖြစ်သွားကြမည်ထင်ပါသည်။

ကဲ . . .မိတ်ဆွေ . . .ထိုပြုံးစိစိပရိသတ်ထဲမှာ ခင်ဗျားလည်း ပါနေမယ်ဆိုရင် ကိုယ်တိုင်နားစွင့်ကြည့်စမ်းပါ၊ ခင်ဗျားလည်း ကြုံဖူး၊ တွေ့ဖူး၊ ကြားဖူးနေမှာပါ။

စီး . . တိုး . . .လား။

ယီး . . .လေးလေး . . .လား။

ဟီး . . .ဟော့ . . . လား။ ။

✹

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၇ ခု၊ ဖေဖော်ဝါရီလ)

## သက်န္တ၏ သင်္ကေတ

[၁]

တစ်ခါက သင်္ကြန်တစ်ခုတွင် ကြုံခဲ့ရသည်။

ထိုစဉ်က သူ့ထက်ငါအပြိုင် အက၊ အလှ၊ သဘာဝ၊ သံချပ်၊ သရုပ်ဖော်ယှဉ်ပြိုင်ကြသည်။ မဏ္ဍပ်ကြီးငယ်တို့ကလည်း နိုင်ဖွဲ့၍ ဆုနိုင်းအသီးသီး ချီးမြှင့်ကြသည်။

**ဆူးကြားမှဘူးခါး၊ သစ္စတ်ပင်က မီးတကျီကျီ၊ လှေလူးကြီးနှင့် လူရှုးတွေအပြည့်၊ ဘွာတိုင်မှာ လူတစ်ယောက်မကျန်၊ အပြာရဲ့အနီ၊ ရွှေဦးရင်ခုန်သံ** စသည်စသည်ဖြင့် အများအပြားပင်။

● အဖွဲ့တစ်ဖွဲ့မှ ပြကွက်တစ်ခုကို မှတ်မိနေပါသည်။

မည်သည့်အဖွဲ့မှန်းတော့မသိ။ ပိန်ရှည်ရှည် ယောကျ်ားလေးတစ်ယောက်က မိန်းကလေးလို ဝတ်ထားသည်။ ခေါင်းမှာ ပဝါစည်းထားသည်။ ထဘီတိုတို၊ အင်္ကျီဗိုက်သားပေါ် တိုနံ့နံ့နှင့်။ ကော့လန် ကော့လန်နှင့် လိမ်ဖည်ဖည် ဒိုးချက်နှင့် ထွက်လာသည်။ သူ့နောက်မှ ဂျင်းဘောင်းဘီနှင့် နေကာမျက်မှန်နှင့် ကင်မရာအစုတ်တစ်လုံးနှင့် အမျိုးသားတစ်ဦးက လိုက်လာသည်။ စတိတ်စင်ထောင့် တစ်နေရာတွင် ပဝါစည်းမိန်းမဟန် ကောင်လေးက ခေါင်းနောက်လက်ကလေးပစ်၍ ပရိသတ်ကို မဝံ့တရဲ့ကြည့်ကာ အမူအရာလုပ်သည်။ ကင်မရာမင်းက ပြင်ပေးသည်။ ချိန်သည်။ ထပ်ပြင်သည်။ ဟိုကိုင်ဒီကိုင်နှင့် တွန့်လိုက်ပြင်လိုက်၊ ဒိုးချက်နှင့်ပရိသတ်က တဝါးဝါးတသောသော ပွဲကျနေသည်။

နောက်မှ မိန်းမပျိုကောင်လေးက တစ်နေရာရွှေ့၊ ခါးလိမ်အမူအရာတစ်မျိုးလုပ်၊ ကင်မရာမင်းကလည်း အမျိုးမျိုးရွှေ့ချိန်ပြီး "ချပ်"ခနဲ ပါးစပ်ကအော်၊ ပထမခပ်နေးနေး၊ နောက်အမူအရာလုပ်သူကရော ဓာတ်ပုံ ရိုက်သူပါ

မြန်လာကြသည်။ ခါးကော့၊ ဇက်စောင်း၊ ခေါင်းငုံ့၊ ထိုင်လိုက်၊ ထလိုက်၊ မျက်လုံးပြူးလိုက်၊ မေးလိုက်၊ လက်မြှောက်လိုက်ချလိုက်၊ နောက်ပစ်လိုက်၊ ခါးထောက်လိုက်၊ အမျိုးမျိုးလုပ်သည်။ ကင်မရာမင်းကလည်း ကိုယ်ဟန်ပြသူ နီးပါး အမျိုးမျိုး ဟိုကလှည့်ချိန်၊ ဒီကလှည့်ချိန် ထောင့်ပြောင်း၊ ထိုင်ထ၊ ကုန်းကွ အမျိုးမျိုးရိုက်သည်။ ဒိုးချက်နှင့်အံကျ။

ဤသို့အတန်ကြာ သရုပ်ဆောင်နေစဉ်၊ ပရိသတ်ကလည်း တဝါးဝါး ပွဲကျနေစဉ် လူငယ်လေးတွေ၏ ထအော်သံကြားရသည်။ "မော်ဒယ်ကွ၊ မော်ဒယ်" ဓာတ်အကြာတွင် သံချပ်တိုင်သည့်အစု မိန်းမပုံတွေနှင့် ပြက္ခဒိန် အသီးသီးကိုင်ကာ ပြေးထွက်လာကြသည်။ "ပြက္ခဒိန် .... ပြက္ခဒိန်.... ရက်အချိန်တွေမှန်ရဲ့လားဟေ့"ဟစ်သည်။ နောက်တစ်စုက ပြက္ခဒိန်တွေ မြှောက်မြှောက်ပြပြီး "မှန်ပါ့ . . .မှန်ပါ့ . . "ဟု ညီညီညာညာ ယိမ်းကာ ဆိုသည်။ ဤသို့သံချပ်အတိုင်အဖောက်ဖြင့် ပြက္ခဒိန်မှစ၍ကာ တစ်ခုပြီးတစ်ခု အကြောင်းအရာ ပြောင်းတိုင်သည်။ နောက်တစ်စုက "မှန်ပါ့ .... မှန်ပါ့ ..." နှင့် ပြက္ခဒိန်တွေသာ မြှောက်ပြရင်း ဆိုသွားသည်။

ပရိသတ်ကတော့ ထိုအဖွဲ့ကို အတော်သဘောကျသည်။ ဆုချိတ် မချိတ်တော့ မသိ။

နောက်တစ်ဖွဲ့ မှတ်မိနေသည်။

"ခြင်းကြား တုတ်ထောက်" အဖွဲ့၊ ထိုအဖွဲ့က ကားသေးသေးပေါ်တွင် မြို့ရိုးဆင်ထားသည်။ ထိုမြို့ရိုးကားခေါင်းမိုးပေါ်တွင် ဘုရင်၊ စစ်သူကြီး၊ မောင်းနားတောင်းကြီးနှင့် ဝန်ကြီး၊ ပုဏ္ဏား . . .စုံသည်။ သူတို့ကားက လူအုံ နေသည့် ကားမှတ်တိုင်နား ထိုးရပ်သည်။ ဒိုးသံပေးပြီး ဘုရင်နှင့်အဖွဲ့ ထွက် လာသည်။ မြို့ရိုးပေါ် စကားပြောတိုင်ရှေ့ရပ်သည်။

ကားမှတ်တိုင်က ပရိသတ်ကို လက်ညှိုးထိုးပြီး ဘုရင်ကြီးက သံချပ် စတိုင်သည်။

"တို့ . . .တိုင်းပြည်ကြီး သာယာရဲ့လား . . ."

ကျန်မှူးမတ်များက "ဟုတ်ပါ့ဖုရား၊ မှန်ပါ့ဖုရား . . ."။ ထိုအခါ ဘုရင်ကြီးက "ပျော်တယ်ဟေ့ ပျော်တယ်ဟေ့" ဆိုပြီး စကားပြောခွက်တိုင်ဆီ လှည့်လာသည်။ ဘုရင်က တစ်ခုပြီးတစ်ခု ဆက်မေးသည်။

"မိုးလေဝသ မှန်ကန်ရဲ့လား . . ."

"ဟုတ်ပါ့ဖုရား၊ မှန်ပါ့ဖုရား . . ."

"ပျော်တယ်ဟေ့ . . ပျော်တယ်ဟေ့ . . "

"ခရီးလမ်းပန်း သာယာရဲ့လား"

"ဟုတ်ပါ့ဖုရား . . .မှန်ပါ့ဖုရား . . ."

"ပျော်တယ်ဟေ့ . . ပျော်တယ်ဟေ့ . . "

ထိုသို့ အတိုင်အဖောက်ဒိုးချက်နှင့် လှည့်ကရင်းကနေ ဘုရင်က တက်ကြွလာသည်။

စကားပြောခွက်နား ကပ်အော်သည်။

"ခွန်းခက်ရင်းတွေ . . . .သုံးသိန်းထုတ်မယ် . . ." ထိုအခါ မှူးမတ်များက "ပျော်တယ်ဟေ့ . . ပျော်တယ်ဟေ့ . . "ဆိုကာ ဘုရင်ကို လှည့်ကကြသည်။ "လေဘေးထည်တွေ များများသွင်းမယ်"။ "ပျော်တယ်ဟေ့ . . ပျော်တယ်ဟေ့ . . "နှင့် မြိုင်ဆိုင်နေသည်။ ထို့နောက် မိန်းမလျာလေးတစ်ယောက် တွန့်လိမ်တွန့်လိမ်နှင့် ဘုရင့်ရှေ့က ကိုယ်ဟန်ပြကာ ဖြတ်လျှောက်သွားသည်။ ရှင်ဘုရင်က လိုက်ငေးရင်း "ဘရာစီယာ သုံးသိန်း ထုတ်မယ်"ဟု ဒိုးချက်နှင့် အော်သည်။ မှူးမတ်များက ပထမဘုရင်ကို ကြောင်ကြည့်နေသည်။ ခဏကြာမှ သတိရကာ "ပျော်တယ်ဟေ့ . . ပျော်တယ်ဟေ့ . . "ဆိုကာ လှည့်ကကြသည်။ မိန်းမလျာကောင်လေးက ခေါက်တုံ့ခေါက်ပြန် လျှောက်ပြသည်။ ဘုရင်က ဘယာစီရာတွေ စွတ်ထုတ် နေသည်။ ပရိသတ်က "မော်ဒယ်၊ မော်ဒယ် . . " ဟု အော်ရင်း လက်ခုပ်သံ တဖြောင်းဖြောင်း . . .။

တစ်ခါက ဟာသကြိန်များအကြောင်း ပြန်တွေးရသည်ကပင် ပျော်စရာကောင်းသည်။ တစ်နှစ်လုံး ပြုပြင်ဖွယ်ကိစ္စများ၊ အမြီးအမောက် မတည့်သည့်ကိစ္စများ၊ လိုအပ်ချက်များ အားလုံးကို တင်ပြကြသည်။ သူ့နည်းသူ့ဟန်၊ သူ့သံချပ်နှင့်သူ၊ သူ့သရုပ်ပြကွက်နှင့်သူ၊ ဘတ်စ်ကားကိစ္စ၊ ဆေးရုံတွင် ဆေးမရှိသည့်ကိစ္စ၊ လာဘ်စားသည့်ကိစ္စ၊ မိန်းကလေးများ အဝတ်အဆင် ပြုပြင်ဖို့ကိစ္စ စုံနေတော့သည်။

ထိုစဉ်က "မော်ဒယ်ကွ၊ မော်ဒယ်" ဆိုသည့် စကားသံကို နားထဲ ကြားနေမိသည်။

ယခုလည်း မော်ဒယ်များ ခေတ်စားပြန်ကြလာချေပြီ။

တကယ်တော့ ပြက္ခဒိန်မော်ဒယ်သာမက ပန်းချီဆရာ၏ မော်ဒယ်၊ ကြော်ငြာမော်ဒယ်၊ ဓာတ်ပုံဆရာ၏ မော်ဒယ်၊ စာရေးဆရာ၏ မော်ဒယ် အမျိုးမျိုးရှိပေသည်။

[၂]

"ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်
မျိုးမျစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စမွှာ
လှမျိုးကြွယ်သား . . ."

ရှင်မဟာရဋ္ဌသာရ၏ တောင့်တဲတွန့်ရတုတွင် တွေ့ရသည်။ နဝဒေး၏ ရှင်နှောင်း၊ နတ်သျှင်နောင်၏ ဓာတုကလျာ၊ ပဒေသရာဇာ၏ သူဇာတို့သည် နာမည်ကျော် မော်ဒယ်များ ဖြစ်ကြ၏။

**"ဇမ္ဗူမင်းစံ၊ ရွှေပွတ်စံသို့**
**ရိုးတံရိုးဆစ်၊ ပြေပြစ်ချောမော**
**မြကြောစိမ်းစိမ်း၊ ရှိန်းရှိန်းစိုစို**
**လှသည့်ကိုယ်၌**
**ရှိုက်ဖိုကြီးငယ်၊ အသွယ်သွယ်မှု**
**တင့်တယ်စေမှု၊ သိကြားထုသို့. . ."**

မဟာမင်းလှမင်းခေါင်ဦးရွှန်းသည်လည်း ဥမ္မာဒန္တီ၏အလှကို စိတ်ကူးဖြင့် ဒေးမျှော်ခဲ့ဖူးပေသည်။

ခေတ်ကာလအလျောက် သူ့ခေတ်နှင့်သူ့မော်ဒယ်များ ရှိကြပေသည်။ ဂရိဟာယ်လင်နစ်ခေတ် ပန်းပုလက်ရာတစ်ခုဖြစ်သည့် ဗီးနပ်စ် အလှမယ်ရုပ်တုဆိုလျှင် လက်နှစ်ဖက်စလုံး ကျိုးပဲ့နေသည်။ မူလက ကာဒိုင်းကိုကိုင်ပြီး မိမိရုပ်သွင်ကို ကြည့်နေဟန်ဟု အဆိုရှိသည်။ ပြေပြစ်သောကိုယ်ဟန်သည် ရှေ့နောက်ဝဲယာ လှုပ်ရှားသော သဘောကို ဆောင်သည်။ ခါးစည်း၊ ဆံပင်တို့က ထိုလှုပ်ရှားမှုကို အသာအယာ ထိန်းထားသည်ဟု ပညာရှင်တို့ ဖွင့်ဆိုကြသည်။ သူ့ကိုယ်နေဟန်ထား အချိုးအဆစ်ကို ယခုတိုင်စံပြုနေရဆဲပင် ဖြစ်သည်။

ကမ္ဘာကျော်ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီ၏ "မိုနာလီဇာ" သည် အပြုံးကြောင့် ကျော်ကြားသည်။ လက်အနေအထား အကောင်းဆုံးဟုလည်း ဆိုကြသည်။ အီတလီပြည် ဖလောရင့်မြို့သူတစ်ဦး၏ ပုံတူဟု ဆို၏။ "မိုနာလီဇာ"သည် အပြုံးကြောင့် ကျော်ကြားသကဲ့သို့ လီယိုနာဒိုဗင်ချီ၏ လက်ရာပင်ဖြစ်သော "ဂျနီဗရာဗီဒါဗင်ချီ"ကားသည်လည်း တည်ကြည်ဟန်၊ သံယောဇဉ်ပြတ်ဟန်ကြောင့် ကျော်ကြားသည်။ ကဗျာဆရာကြီး ယိစ်က ဂျိနီဗရာဗီကားကို "ဘဝနှင့်သေခြင်းတရားကို ခပ်စိမ်းစိမ်းကြည့်နေသည်" ဟုဆိုခဲ့သည်။

တကယ်တော့ လူ့ဘဝတွင် သူ့အဆစ်အပိုင်းနှင့်သူ့မော်ဒယ် အသီးသီးရှိနေကြသည်။ ငယ်ရွယ်နုပျိုစဉ်က ဗီးနပ်စ်ကို တပ်မက်ခဲ့သူသည် အရွယ်လေးရောက်လာ၍ ဒဿနနယ်ကို စိတ်ဝင်စားလာသည့်အခါ သူ့စာအုပ်စင်တွင် သစ်ငုတ်လေးတစ်ခုပေါ်ထိုင်ကာ ခါးကိုင်းမေးထောက် စဉ်းစားတွေးခေါ်နေသည့် ရိုဒင်၏ "တွေးခေါ်ရှင်"ရုပ်တုကလေးကို တင်ထားဖြစ်လာပြန်သည်။ ထိုရုပ်တုသည် လူသားတို့၏ အသိဉာဏ်နှင့် ဆင်ခြင်တုံတရား

တို့ကို သရုပ်ဖော်သည်ဟု ဖွင့်ဆိုကြသည်။ အတွေးအမြင် စာစောင်က ထိုရုပ်တုလေးကို သူ့စာစောင်၏ မော်ဒယ်အဖြစ် ထားသည်မှာ လိုက်ဖက်လှပါ၏။

ဒဿနနယ်မှ ဘာသာရေးနယ်အကူးတွင်လည်း အချို့ပုဂ္ဂိုလ် တို့၏ မော်ဒယ်သည် စက်ဝိုင်းလေးဖြစ်လာပြန်သည်။

ဤသို့ဖြင့် လူ့ဘဝတွင် အချိန်အခါအလိုက် မော်ဒယ်ပြောင်းတတ်ကြပေ၏။

[၃]

တိုင်းပြည်နိုင်ငံအတွက် အရေးကြီးသော ပုဂ္ဂိုလ်ကြီး သုံးဦးအကြောင်း လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နီတိမဉ္ဇရီကျမ်းတွင် တွေ့ရသည်။

(၁) ရောဂါကုစား ဆေးသမားနှင့် အများဆရာ၊ ပြည်ရွာစိုးကွပ် မှူးနှင့်မတ်၊ သုံးရပ်ဤပုဂ္ဂိုလ်။

(၂) တိုင်းပြည်နိုင်ငံ၊ ပြုစီမံ ဝေဖန်များထိုထို။

(၃) ဆေးသမားလက်၊ ပြည့်အသက် ရောက်လျက် ရှိသလို။

(၄) ဆရာ့လက်မှာ၊ အလိမ္မာ ဆိုင်ရာမလွဲလို။

(၅) မှူးမတ်လက်မှာ၊ ပြည့်ချမ်းသာ ပြုရာဖြစ်မြဲကို။

(၆) အရေးကြီးလှ၊ ဤသုံးဝ ကျမ်းပြနီတိဆို။

ဤလင်္ကာလေးသည် တိုင်းပြည်နိုင်ငံ၌ အရေးကြီးသော ပုဂ္ဂိုလ်သုံးဦးကို ဖော်ပြနေပေသည်။

ဆေးဆရာဆိုသည်မှာ တိုင်းသူပြည်သားတို့၏ အသက် အန္တရာယ်၊ ရောဂါဥပဒ်တို့ကို ကာကွယ်ကုသနိုင်စွမ်းရှိ၏။

တတ်ကျွမ်းလိမ္မာခြင်းနှင့် စပ်လျဉ်းသော အရာတွင်ပညာဘက်နှင့်ဆိုင်သော ဆရာများသည် လွန်စွာအရေးကြီး၏။

မှူးမတ်တို့သည်လည်း တိုင်းပြည်နိုင်ငံမှာ ပစ္စည်းဘဏ္ဍာ တိုးတက်ကြောင်း၊ ဆုတ်ယုတ်ကြောင်းဖြစ်၍ အရေးကြီးလှ၏။

ကျွန်တော်သည် နီတိမဉ္ဇရီကျမ်း၌ ခေါင်းငုံ့ပြီး ခါးပြန်ဆန့်မိသည့်အခါ တစ်ခေတ်တစ်ခါက သကြီန်သံချပ်များကို ပြန်လည်ကြားယောင်လာမိ၏။

"ဆရာဝန်ဘာကြောင့်လုပ်သလဲ"
"ကျွန်တော်ကားစီးချင်လို့ပဲ"
"ဆရာဝန်ဘာကြောင့်လုပ်သလဲ"
"ကျွန်တော် တိုက်ဆောက်ချင်လို့ပဲ" စသောအသံများ . . . .။
"ပြည်သူ့ဆေးရုံတဲ့လားဟေ့ . . . ."
"ကုန်ပြီ၊ ကုန်ပြီ " . . . စသောအသံများ . . . ။
"တပည့်မရှား တစ်ပြားမရှိ"
"အား . . .အား"ဆိုသော အသံများ။
အသံများ . . . .
အသံများ . . . .
အသံများ . . . .ကို ကြားနေရပေသည်။

* * *

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များတွင် သင်္ကြန်ပွဲတော် လည်း ပါဝင်ပေသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသုတ်သင်၍ နှစ်သစ်သို့ ကူးပြောင်းခြင်း မင်္ဂလာပွဲတော်ဖြစ်ပေ၏။

ရှေးကတော့ သပြေခက်နှင့် နံ့သာရည်နှင့် ငွေဖလားဖြင့် ရေကစားကြသည်။ တဖြည်းဖြည်းနှင့် ခေတ်ကာလပြောင်းလာရာ နောက်ပိုင်း နောက်ပိုင်းခေတ်များတွင် ကာလရွှေ့လျော၍ မီးသတ်ပိုက်ဖြင့် ပက်ကြသည်။

"ပိုက်စုတ်ကြီးနဲ့ပက်တာလောက်တော့ ရယ်တာပေါ့ . . .ရယ်တာ ပေါ့ . . ."သံချပ်ထိုးကြသည်။

တစ်နှစ်တစ်ခါ မြူးပျော်ကြသည်။ ပိတောက်ပန်းတဝေဝေကို အမျှ တွေ့ ကမ်းသူတွေလည်းရှိသည်။ သင်္ကြန်မင်းသားတို့လည်း ရှုပိုးထိုးလာကြ၏။

နောက်ပိုင်းသင်္ကြန်အလှကား၊ သဘာဝကား၊ သံချပ်ပြိုင်ကားများ နည်းပါးသွားသည်။ ဤသို့နည်းပါးသွားသော်လည်း သင်္ကြန်စိတ်ဓာတ် မပျောက်။ တစ်နှစ်တာအတွင်း ပြုဖွယ်၊ ပြင်ဖွယ် အမြီးအမောက်မတည့်သည် များကို သံချပ်ဖြင့် ပြချင်ကြသည်။ တချို့က စီးရီးတိပ်ခွေသွင်းကြသည်။

"တူးပို့ တူးပို့"သင်္ကြန်ဒိုးသံသည် ချစ်စရာကောင်းသည့် သင်္ကြန် အမှတ်အသား ဖြစ်လာသည်။

ကျွန်တော်သည် သင်္ကြန်အကြောင်းတွေးရင်း လွမ်းစရာသင်္ကြန် ကာလများကို အမှတ်ရလာမိပေသည်။ မျက်စိထဲတွင် ဟိုစဉ်က သင်္ကြန်ပြိုင်ကား

များ ဖြတ်သန်းသွားနေကြသည်။ လေ့လူးကြီးနှင့် လူရှုးတွေအပြည့် ဘွာတိုင်မှာ တစ်ယောက်မကျန်၊ ခြင်းကြား . . . တုတ်ထောက် စသည်ဖြင့် . . .။

ထိုသို့ပြိုင်ကားများ မျက်စိထဲ ဖြတ်သန်းသွားကြသောအခါ သူတို့ဆီမှ အသံများလည်း ပါလာပေသည်။

"မိုးလေဝသ မှန်ကန်ရဲ့လား . . . ."

"ပျော်တယ်ဟေ့ . . . .ပျော်တယ်ဟေ့"

"........"

"ပျော်တယ်ဟေ့ . . . .ပျော်တယ်ဟေ့"

"........"

"ပျော်တယ်ဟေ့ . . . .ပျော်တယ်ဟေ့"

"........"

(ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၇ ခု၊ မတ်လ)

ကြည်နိုင်
၂၄ဖြ၊ နဝရတ်လမ်း၊
စဉ့်ငူရပ်ကွက်၊ အောင်ဆန်းမြို့။